၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၃၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၂၉ ၊ ၂၀၁၂)

## Cobra Gold စစ်ရေးလေ့ကျင့်မှုတွင် မြန်မာ့တပ်မတော်မှ လေ့လာသူသုံးဦးစေလွှတ်ခွင့်ရ

အားမာန်

ရန်ကုန်၊နိုဝင်ဘာ-၂၆

အမေရိကန်အပါအဝင် နိုင်ငံပေါင်းစုံမှ တပ်သားအင်အား တစ်သောင်းကျော်ပါဝင်သော Cobra Gold စုပေါင်းစစ်ရေးလေ့ကျင့်မှု အစီအစဉ်တွင် မြန်မာနိုင်ငံမှ လာမည့်နှစ်မှစ၍ သုံးကြိမ်ဆက် လေ့လာသူသုံးဦးစေလွှတ်ရန် ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိတွင် အမေရိကန်တပ်မတော်နှင့် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းရရှိသည်။ စာ(၃၀)သို့



မြန်မာကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့ကို ရင်းနှီးစွာတွေ့ရစဉ်

ဓာတ်ပုံ-အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး

## သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ထိပ်တန်းအတွေးအခေါ်ရှင် ၁၀၀စာရင်းတွင် နံပါတ်တစ် ပူးတွဲသတ်မှတ်ခံရ

နယူးယောက်၊
နိုဝင်ဘာ-၂၆

ယခုနှစ်ဒီဇင်ဘာလအတွက်ထုတ်ဝေမည့် အမေရိကန်၏ နိုင်ငံခြားရေးပေါ်လစီမဂ္ဂဇင်းကြီး Foreign Policy၏ ၂၀၁၂အတွက်ထိပ်တန်းကမ္ဘာ့အတွေးအခေါ်ရှင် ၁၀၀ စာရင်းကို ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား နံပါတ်တစ်စာရင်းတွင် ထည့်သွင်းထုတ်ပြန်ခဲ့သည်။

၎င်းတို့နှစ်ဦး၏ ပူးတွဲပန်းချီပုံကို စာရင်းတွင် အမည်ထိုး၍ နံပါတ်တစ်အဖြစ် ဖော်ပြပြီးနောက် မဂ္ဂဇင်းက မှတ်ချက်အဖြစ် "ကမ္ဘာပေါ်တွင် ဖိနှိပ်ခံရဆုံး တိုင်းပြည်များထဲမှတစ်ခု၌ပင် အပြောင်းအလဲကို နေရာတကာတွင် ဖြစ်ပေါ်စေနိုင်အောင် ပြသနိုင်ခဲ့သောကြောင့်" (For showing that change can happen anywhere, even in one of the world's most repressive states.) ဟု မှတ်ချက်ပေးဖော်ပြထားသည်။ ထို့နောက် ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်စပ်လျဉ်း၍ မဂ္ဂဇင်းက ၂၀၁၂တွင် အာရပ်နွေဦးမှာ ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းစစ်ပွဲအသွင်သို့ ပြောင်းလဲလျော့ကျသွားသကဲ့သို့ကျန်ရှိသော နိုင်ငံများမှာလည်း ၎င်းတို့၏အသစ်တွေ့ရှိထားသော လွတ်လပ်မှုကို ဒီမိုကရေစီစနစ်နှင့် ရှင်သန်အောင် ကြိုးစားရုန်းကန်နေခဲ့ရကြောင်း၊ သို့သော်ယနေ့ခေတ်၏ မှတ်သားလောက်ဖွယ်အကောင်းဆုံး၊ စာ(၁၂)သို့

## နှလုံးအတွင်း စက်ထည့်ထားရသော်လည်း ကျန်းမာရေးကောင်းမွန်ကြောင်း သမ္မတဦးသိန်းစိန် ပြောကြား

ငြိမ်းငြိမ်းနိုင်

ဖနွမ်းပင်၊နိုဝင်ဘာ-၂၁

နှလုံးခုန်နှုန်း နှေးနေခြင်းကြောင့် စက်ထည့်ထားရသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်က လက်ရှိကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကျန်းမာရေးအခြေအနေမှာ ထိန်းညှိစက်အပေါ် မူတည်ကြောင်း မီဒီယာများသို့ပြောကြားသည်။ စာ(၃၀)သို့

## ကြေးနီစီမံကိန်း ပြန်လည်ဆန်းစစ်ရန် လွှတ်တော်အတည်ပြုပြီး ရက်ပိုင်းအတွင်း ဒေါ်အောင်ဆန်းစုကြည် လက်ပန်းတောင်းတောင် သွားမည်

အိဖြူမွန်

ရန်ကုန်၊နိုဝင်ဘာ-၂၄

ပြည်သူ့လွှတ်တော်တွင် လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်း အကျိုးသက်ရောက်မှုကို ကော်မရှင်ဖွဲ့ပြီး ပြန်လည်ဆန်းစစ်ဆောင်ရွက်ရန် သမ္မတအား တိုက်တွန်းသည့်အဆို အတည်ပြုပြီး ရက်ပိုင်းအတွင်း ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယင်းဒေသသို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းအတွင်းရှိ ရွှေ့ပြောင်းရမည့် ဒေသခံများကို စာနာနားလည် အားပေးရန် နိုဝင်ဘာ ၂၉ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း စာ(၁၂)သို့



လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်း အတွင်းပိုင်းကို နိုဝင်ဘာ ၂၅ရက်ကတွေ့ရစဉ်

ဓာတ်ပုံ-မျိုးမင်းဦး



7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012



ပန်းပုဆိုင်ပိုင်ရှင်နှင့်လက်ဆွဲနှုတ်ဆက်နေသည့် သမ္မတအိုဘားမား

# ရွှေတိဂုံမှအပြန် သမ္မတအိုဘားမား စောင်းတန်းတွင် ဈေးဝယ်

**အောင်ခိုင်၊ ရန်မျိုးနိုင်**
**နိုဝင်ဘာ-၂၅**

အမေရိကန်သမ္မတ အိုဘားမားသည် ရန်ကုန်မြို့သို့ရောက်ရှိစဉ် ရွှေတိဂုံစေတီတော်မှအပြန်စောင်းတန်းတစ်ခု၌ မြန်မာ့ရိုးရာပန်းပုပစ္စည်းများကို ဝယ်ယူသွားခဲ့ကာ ပန်းပုဆိုင်ပိုင်ရှင်ကိုလည်းလက်ဆွဲနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

ဉာဏ်တော် ခုနစ်လက်မအရွယ် လာဘမုနိဆင်းတုတော်နှစ်ဆူကို မြောက်ဘက်စောင်းတန်းရှိ ဦးဝေထွန်းပန်းပုလုပ်ငန်းဆိုင်မှ ဝယ်ယူသွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဆိုင်ရှင်ကိုချစ်မင်းဇော်က ပြောကြားသည်။

သမ္မတအိုဘားမားက ဆိုင်ရှင်အား နာမည်မေးမြန်းခဲ့ပြီး လက်ဆွဲနှုတ်ဆက်ကာ သူ့ကိုယ်သူလည်း 'ဘားရက်' ဟုမိတ်ဆက်သွားခဲ့သည့်ရုပ်ပုံများကို ရိုက်ကူးထားသောဗီဒီယိုဖိုင်မှာလည်းအင်တာနက် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များတွင် ပျံ့နှံ့လျက်ရှိသည်။

သမ္မတအိုဘားမားက ဗုဒ္ဓဆင်းတုတော်များကိုဝယ်ယူခဲ့သော်လည်း ရွှေတိဂုံစေတီဂေါပကအဖွဲ့မှ တန်ဖိုးငွေကို ဆိုင်ရှင်သို့ပေးချေပြီး လက်ဆောင်အဖြစ် သမ္မတအားပေးအပ်ခဲ့သည်ဟုကိုချစ်မင်းဇော်ကဆက်ပြောပြသည်။

"သူ(အိုဘားမား)က လာဘမုနိ နှစ်ဆူကို သူ့ဟာသူရွေးထားတာ။ ဂေါပကအဖွဲ့ကလက်ဆောင်အဖြစ်ပေးလိုက်တာပါ" ဟု ဆိုသည်။

အမေရိကန်သမ္မတတစ်ဦးနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူမိကြောင်း၊ အင်တာနက်တွင် လွှင့်တင်ထားသော ရုပ်သံဖိုင်ကို မကြည့်ရသေးကြောင်း သမ္မတအိုဘားမားနှင့် လက်ဆွဲနှုတ်ဆက်စကားပြောခဲ့ရသူ အသက် ၂၀အရွယ် ကိုချစ်မင်းဇော်ကပြောသည်။

"မမျှော်လင့်ဘဲ ဗြုန်းခနဲ လက်ဆွဲနှုတ်ဆက်ခွင့်ရတာ အရမ်းဝမ်းသာပါတယ်။ မထင်မိဘူး။ အခုလိုစကားပြောခွင့်ရမယ်ဆိုတာ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ခြောက်နာရီခန့်သာကြာမြင့်သော သမ္မတအိုဘားမား၏ နိုဝင်ဘာ ၁၉ ရက် ခရီးစဉ်တွင် ရွှေတိဂုံစေတီတော်သို့ ဆယ်မိနစ်ခန့် တက်ရောက်ကြည်ညိုခဲ့ခြင်းဖြစ်သည်။

# အုပ်ချုပ်ရေးပိုင်းမပါဘဲ တရားရေးမဏ္ဍိုင်မတည့်မတ်နိုင်ဟုဆို

**မင်းဟိန်းကျော်**
**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်လာစေရန်အတွက် အုပ်ချုပ်ရေးပိုင်းမှ ကူညီမှသာ ထိရောက်နိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောကြားသည်။

မိမိတို့ကော်မတီသို့ ပြည်သူများထံမှ တိုင်ကြားစာ ၃,၀၀၀ ခန့်ရောက်ရှိနေပြီး ၇၀၀ ခန့်ကိုသာ ဖြေရှင်းနိုင်သေးကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။

ထို့အတူ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီထံသို့ တိုင်စာ ၂,၀၀၀ ခန့် ရောက်ရှိနေကြောင်း အဆိုပါကော်မတီဝင် ဦးသိန်းညွန့်က ပြောသည်။


"တရားရေးဘက်က အရေးယူဆောင်ရွက်မှုတွေဟာ ပွင့်လင်းမြင်သာမှုမရှိဘူး။ ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေမရှိဘူး။ အပြစ်လုပ်တဲ့သူတွေကိုပြင်းထန်စွာ သတိပေးတယ်ဆိုတာလောက်နဲ့ ပြီးသွားတယ်။ လွှတ်တော်ဆိုတာ အာဏာပိုင်အဖွဲ့အစည်းမဟုတ်တော့ အုပ်ချုပ်ရေးပိုင်းက မပါသမျှ တရားစီရင်ရေးမဏ္ဍိုင်ခိုင်မတ်လာဖို့ ခက်ခဲနေဦးမှာပဲ" ဟု ဦးအောင်ကိုကဆိုသည်။

လက်ရှိတွင် တရားသူကြီးများကို ကာကွယ်သည့်ဥပဒေများများပြားနေသည်ဟု ထင်မြင်မိကြောင်း၊ ယင်းကိုပြင်ဆင်ရန်လွှတ်တော်တွင် အဆိုတင်သွင်းသော်လည်း ရှုံးနိမ့်ခဲ့ကြောင်း၊ မတရားသဖြင့် စီရင်ထားသော အမှုအချို့ကို သက်သေထွက်ချက်အရ ပြင်ဆင်ရန်မရှိဟု အကြောင်းကြားလာခြင်းမျိုးရှိကြောင်း ဦးအောင်ကိုကဆက်လက်ပြောသည်။

"တရားသူကြီးတွေကပြည်သူ့ကိုယ်စားလှယ်တွေမဟုတ်တော့ ပြည်သူတွေကို မျက်နှာနာစရာမရှိဘူးလေ။ ကျွန်တော်တို့ကတော့ ပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့အတွက်ပြည်သူ့မျက်နှာကိုပဲကြည့်ရမှာပဲ။ ကျွန်တော်တို့ ကော်မတီကအန်တီစုတို့ ကော်မတီနဲ့ပူးပေါင်းပြီး တရားဥပဒေစိုးမိုးရေးတွေကိုဖြစ်အောင်ကိုလုပ်မယ်" ဟုဦးအောင်ကိုကဆိုသည်။

တရားဥပဒေစိုးမိုးရေးနှင့် တရားရေးမဏ္ဍိုင် ပြန်လည်တည့်မတ်လာစေရန်အတွက် အုပ်ချုပ်ရေးအဖွဲ့များသာမက ပြည်သူများပါပါဝင်စောင့်ကြည့်ရန် လိုပြီး၊ တရားစီရင်ရေးကိစ္စနှင့် အနီးကပ်ထိတွေ့ဆက်ဆံနေရသူများမှာ ပြည်သူများဖြစ်သဖြင့် တရားရေးနှင့် ပတ်သက်သည့် လာဘ်ပေးလာဘ်ယူမှုများကို ဖော်ထုတ်နိုင်သူများမှာ ပြည်သူများသာဖြစ်ကြောင်း ဦးသိန်းညွန့်ကပြောသည်။

"လာဘ်ပေးလာဘ်ယူမှုအပိုင်းကို အရေးယူနိုင်တာက အုပ်ချုပ်ရေးပိုင်းပဲဖြစ်တယ်။ သူတို့မပါဘဲနဲ့ တရားစီရင်ရေးမဏ္ဍိုင် ခိုင်မာအောင် လုပ်ဖို့မလွယ်ဘူး။ ဒါကြောင့် အုပ်ချုပ်ရေးပိုင်းကပါ ပါဝင်ဖို့ သမ္မတကြီးဆီ စာတင်ထားတယ်" ဟုၦင်းက ဆက်လက်ပြောကြားသည်။






7 DAY NEWS JOURNAL
Vol.11, No.38 · NOVEMBER 29 , 2012



# ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ကော်မတီ နေပြည်တော်တရားရုံးများကို စစ်ဆေး

**ထူးသန့်၊ အိဖြူလွင်၊ ကျော်ဇေယျ**
**နေပြည်တော်၊**
**နိုဝင်ဘာ-၂၆**

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သည့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသည် နေပြည်တော်ရှိ တရားရုံးများကို ယနေ့သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အခြားကော်မတီဝင်များဖြစ်သော ဦးဝင်းမြင့်၊ ဦးဇော်မြင့်မောင်၊ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ ဒေါ်ခင်စောဝေစသည့် အဖွဲ့ဝင်များသည် နေပြည်တော်ခရိုင်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ်တရားရုံးနှင့် ပျဉ်းမနားမြို့နယ်တရားရုံးများသို့ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ပျဉ်းမနားမြို့နယ် တရားရုံးသို့စစ်ဆေးရာတွင်မူဧည့်သည်နှင့် တွေ့ဆုံရန်ရှိသဖြင့် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခဲ့ခြင်းမရှိဘဲ အခြားကော်မတီဝင်များဖြင့် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ယင်းကော်မတီက ရန်ကုန်နှင့်မန္တလေးရှိတရားရုံးများသို့သွားရောက်စစ်ဆေး စုံစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် တရားရေးမဏ္ဍိုင်နှင့်ပတ်သက်သည့် တွေ့ရှိချက်များ ပါဝင်သော ကြားဖြတ်အစီရင်ခံစာကိုလွှတ်တော်သို့တင်သွင်းလိုက်သည်။

စွပ်စွဲခံရသူအား ညှဉ်းပန်းနှိပ်စက်ပြီး ရရှိသည့်ထွက်ချက်ဖြင့် တိုင်ချက်ဖွင့်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုများရှိနေခြင်း၊ တရားသူကြီးများ အုပ်ချုပ်ရေးပိုင်းကိုကြောက်နေရခြင်း၊ အုပ်ချုပ်ရေးပိုင်းက တရားစီရင်ရေးတွင် ဩဇာလွှမ်းမိုးမှုရှိနေခြင်းတို့ကို တွေ့ရှိရကြောင်း တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါကြားဖြတ်အစီရင်ခံစာတွင်ကော်မတီအနေဖြင့်တရားရုံးများသို့ သွားရောက်လေ့လာခြင်း၊ ဥပဒေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ရာမှ ရရှိသော တွေ့ရှိချက် (၁၂) ချက်နှင့် သုံးသပ်ချက်ငါးချက် ပါရှိသည်။



နေပြည်တော်တရားရုံးတစ်ခုမှပြန်ထွက်လာသည့်ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံ-ကျော်ဇေယျ

အစီရင်ခံစာ၏ သုံးသပ်ချက်အပိုင်းတွင် နိုင်ငံသူနိုင်ငံသားများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သော တရားရုံးများဖြစ်လာစေရန် အထူးတိုက်တွန်းသင့်ခြင်း၊ အများပြည်သူယုံကြည်ကိုးစားအားထားရသော တရားရုံးများဖြစ်လာရေးအတွက် လာဘ်ပေးလာဘ်ယူမှုများပပျောက်စေရန် အထူးကြိုးစားဆောင်ရွက်ရန်လိုအပ်ခြင်းစသဖြင့်ပါဝင်ကြောင်းလည်း သိရှိရသည်။

ယင်းအစီရင်ခံစာသည် တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ဩဂုတ်လ ၇ ရက်မှစ၍ ယခုအချိန်ထိ ကော်မတီ၏ ပထမဦးဆုံး အစီရင်ခံစာဖြစ်သည်။ ကော်မတီတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

ကြားဖြတ် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ဖတ်ကြားတင်သွင်းပြီး မိုးမိတ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းက ဆွေးနွေး၍ လွှတ်တော်တွင်အတည်ပြုလိုက်သည်။

## သွားလာရေးခက်ခဲသော ငလျင်ဒဏ်သင့်ဒေသများ အကူအညီရရှိမှု နည်းနေဆဲ

**မောင်တာ**
**မန္တလေး၊နိုဝင်ဘာ-၂၆**

နိုဝင်ဘာ ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသများအနက် သွားလာရေးခက်ခဲသော ငလျင်ဒဏ်သင့်ကျေးရွာများမှာ ကူညီထောက်ပံ့ရေးပစ္စည်းရရှိမှုနည်းပြီး အကူအညီများလိုအပ်နေဆဲဖြစ်ကြောင်း ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်လှူဒါန်းခဲ့သူများနှင့် ဒေသခံအချို့ထံမှ သတင်းရရှိသည်။

“လှူတော့လှူကြတယ်။ တချို့ရွာတွေက သွားလာရလွယ်ကူတဲ့ မြို့ပေါ်နဲ့ ရွာတွေလောက် အကူအညီမရကြသေးဘူး။ ကျောက်မြောင်းမြို့နားက ရွှေဂွန်ရွာဆိုရင် ငလျင်ဒဏ်ကြောင့် စဉ့်အိုးလုပ်ငန်းတွေ ပျက်စီးတယ်။ စဉ့်အိုးလုပ်သားတွေ အလုပ်မရှိတော့ဘူး။ စားဝတ်နေရေးအခက်အခဲဖြစ်ပြီး အကူအညီလိုနေတယ်”ဟု ရွှေဘို၊ ကျောက်မြောင်းဒေသ လူမှုကူညီရေးလုပ်ငန်းများဆောင်ရွက်နေသော ရွှေဘိုမြို့ အောင်ဇေယျာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းက ပြောသည်။

**စာ(၁၂)သို့**







7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

CRIME မှုခင်း သတင်း CORNER

## စဉ့်ကူးမြို့နယ်တွင် မိထွေးက သမီးငယ်နှစ်ဦးအား သတ်ဖြတ်မှုဖြစ်ပွား

မောင်တာ

မန္တလေး၊နိုဝင်ဘာ-၂၄

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျဉ်တောက်ပေါက်ရွာတွင်မိထွေးဖြစ်သူက အသက်ခြောက်နှစ်နှင့်သုံးနှစ်အရွယ်သမီးငယ်နှစ်ဦးအား သတ်ဖြတ်မှုနိုဝင်ဘာ၁၉ရက်ကဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

နိုဝင်ဘာ ၂၀ရက်နံနက်၁၀နာရီခွဲအချိန်ကစဉ့်ကူးမြို့နယ်ရှောက်ပင်ရိုးကျေးရွာအုပ်စု ကန်တောင်ရွာအသွားတောင်တက်လမ်းဘေးလျှိုအတွင်း ကလေးငယ်နှစ်ဦး သေဆုံးနေသည်ဟုသတင်းရသည့်အတွက်သက်ဆိုင်ရာက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မသဇင်ထွန်း(၆နှစ်)နှင့် မသဇင်ထွေး (၃ နှစ်)တို့ဖြစ်ကြောင်း သိရသည်။ ၎င်းတို့မှာ သပိတ်ကျင်းမြို့နေ မိဘနှစ်ပါး၏ သမီးငယ်များဖြစ်ကြောင်း သိရသည်။

ဖခင်၏ ဒုတိယဇနီးနေအိမ်တွင် ဖခင်ဖြစ်သူနှင့်အတူ နိုဝင်ဘာ၁၂ရက်မှစ၍ လိုက်နေရင်း နိုဝင်ဘာ၁၉ရက်က အသတ်ခံခဲ့ရခြင်းဖြစ်သည်။

မိထွေးဖြစ်သူကို စစ်ဆေးရာတွင် ပထမ မယားကြီးအား မကျေနပ်၍ ကလေးငယ်နှစ်ဦးအား အရိုးအသွား၁၁လက်မရှိ ထင်းလှီးစတီးဓားနှင့် လည်ပင်းအား ထိုးသတ်ခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ယင်းအမှုကို ဖခင်ဖြစ်သူက တိုင်တန်း၍ လက်ပံလှရဲစခန်းမှ (ပ) ၂၃၈/ ၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၂နှင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပဥ္စမပုံမှန်လွှတ်တော်အစည်းအဝေးများအတွင်း ဥပဒေ ၅ ခု အတည်ပြု

အိဖြူလွင်

ရန်ကုန်၊
နိုဝင်ဘာ-၂၅

ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေးတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် ဥပဒေ ၅ ခုကိုသာ အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-သီဟ

အစိုးရသစ် ပြောင်းလဲပြီးနောက် လွှတ်တော်အစည်းအဝေးများကို ပဥ္စမအကြိမ်အထိ ကျင်းပပြီးစီးခဲ့ပြီး ယခုတစ်လနှင့် ၅ ရက်ကြာ ပဥ္စမ ပုံမှန်အစည်းအဝေးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပါအဝင် ပြည်ထောင်စု နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ၊ မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုများအနေဖြင့် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်ဆေးရုံကြီးကို အဆင့်မြှင့်တင်နိုင်ရန် ဆွေးနွေးသည့်အဆိုများ၊စက်သုံးဆီကိုတရားမဝင်ခိုးသွင်းမှုကိစ္စများ စသည်တို့ကို ဆွေးနွေးနိုင်ခဲ့သည်မှာ အများပြည်သူနှင့်ဆိုင်သော ကိစ္စများဖြစ်သည့် အပြင် လွှတ်တော်တွင်းရှိ ပါတီပေါင်းစုံမှ ကိုယ်စားလှယ်များ၏ ဆောင်ရွက်နိုင်သော အားရဖွယ် အခြေအနေတစ်ခုဟု ထင်မြင်ကြောင်း ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ပြောသည်။

လွှတ်တော်သက်တမ်းတစ်ခုအတွင်း ဆောင်ရွက်ချက်များကို ပြည်သူက အားရသည်၊ အားမရသည် ဆိုသည်မှာ ဒီမိုကရေစီ အပြောင်းအလဲတွင် လူထုလိုလားသော ဥပဒေများကို မည်မျှပြဋ္ဌာန်းခဲ့ပြီးပြီလဲဆိုသည့်အချက်နှင့် ယေဘုယျတိုင်းတာနိုင်သည်ဟု ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောကြားသည်။

စီးပွားရေးနှင့်သက်ဆိုင်သော ကိစ္စများတွင်လည်း ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့နှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံနိုင်ခဲ့ခြင်း၊ နိုင်ငံတော်က ချေးယူထားသော ချေးငွေလက်ကျန်များ ရှင်းလင်းမည့်ကိစ္စများကိုလည်း ယခုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုဆောင်ရွက်ခဲ့သည်ဟု သိရှိရသည်။

ထို့ပြင်လွှတ်တော်က ဆွေးနွေးအတည်ပြုခဲ့သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥပဒေများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ခုံရုံးဥပဒေအား ပြင်ဆင်သည့် ဥပဒေများကိုလည်း နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ပေးပို့ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။ လွှတ်တော်က အတည်ပြုခဲ့သော ဥပဒေများကို ပြည်သူအနေဖြင့် နှစ်ခြိုက်သည်ဖြစ်စေ၊ မနှစ်ခြိုက်သည်ဖြစ်စေ ဥပဒေတစ်ခုသည် လိုအပ်ချက်အရ အတည်ပြုပြီးရန်နှင့် အတည်ပြုပြီးသော်လည်း အခြေအနေအချိန်အခါအလိုက် ပြောင်းလွယ်ပြင်လွယ်ရှိသော ဥပဒေမျိုးဖြစ်ရန်သာ အရေးကြီးကြောင်း ဒေါက်တာအေးမောင်ကပြောသည်။

လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ တင်ပြဆွေးနွေးနိုင်မှု အခြေအနေ၊ ဆွေးနွေးမှုများကို လွှတ်တော်၏ ငြင်းပယ်မှု၊ လက်ခံမှု၊ ကိုယ်စားလှယ်များ၏ မဲခွဲဆုံးဖြတ်မှု၊ အစိုးရအဖွဲ့၏ လိုက်လျောဆောင်ရွက်မှုစသည့် အခြေအနေများကိုသာ ပြည်သူက သုံးသပ်ခြင်းဖြစ်သည့် အတွက် လွှတ်တော်သက်တမ်းတစ်ခုတွင် အများနှင့်ဆိုင်သော ကိစ္စများဆောင်ရွက်နိုင်မှုမရှိပါက ပြည်သူက အားရကျေနပ်မည်ဟုမထင်မှတ်နိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

## ရိုးမဘဏ်က ဘဏ်လုပ်ငန်းဝန်ဆောင်မှု အပြည့်ပြန်ပေးမည်




သိမ့်သိမ့်စိုး

ရန်ကုန်၊
နိုဝင်ဘာ-၂၂

ရိုးမဘဏ်က ငွေချေးလုပ်ငန်းအပါအဝင် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအားလုံးကို မကြာမီ အပြည့်အဝ ပြန်ပေးတော့မည်ဖြစ်ကြောင်း FMI ကုမ္ပဏီ ဥက္ကဋ္ဌ ဦးသိမ်းဝေက ကုမ္ပဏီနှစ် ၂၀ပြည့် နှစ်ပတ်လည်ပွဲတွင် ပြောကြားသည်။

"ရိုးမဘဏ်ဟာ ဩဂုတ် ၁၆ ရက်မှာ ဘဏ်လုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်ခွင့်ရှိခဲ့ပြီဖြစ်ပြီး မဝေးတော့တဲ့ကာလမှာ ဘဏ်လုပ်ငန်းဝန်ဆောင်မှု အပြည့်အဝပေးနိုင်ဖို့အတွက် တက်ကြွစွာပြင်ဆင်နေပြီဖြစ်ပါတယ်" ဟုဦးသိမ်းဝေက ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ ပြောကြားသည်။

ရိုးမဘဏ်သည် လက်ရှိတွင် ပြည်တွင်းငွေလွှဲပို့ခြင်း လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်နေသော ဘဏ်ဖြစ်သည်။

ယင်းဘဏ်မှာ ၂၀၀၃ ခုနှစ်မှစ၍ ဘဏ်လုပ်ငန်း အပြည့်အဝ လုပ်ကိုင်ခွင့် ရပ်ဆိုင်းခြင်းခံထားရသည့်ဘဏ်ဖြစ်၍ လက်ရှိတွင် ငွေချေးကောင်တာများကိုပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ဘဏ်လုပ်ငန်းဆိုင်ရာများကို အပြည့်အဝပေးနိုင်ခြင်းမရှိသည်မှာ ကိုးနှစ်ရှိပြီဖြစ်သည့် ရိုးမဘဏ်သည် ငွေချေးဌာနကို ပြန်လည်ထူထောင်ကာ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား ချေးမည်ဖြစ်ပြီး အထူးသဖြင့် အလတ်စားနှင့် အသေးစားလုပ်ငန်းရှင်များကို အဓိကထားချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ချေးရာတွင် လုပ်ငန်းအပြင် အောင်မြင်မှုမရှိမရှိကိုပါ ကြည့်ပြီး လုပ်ဆောင်မည်ဖြစ်ရာ ရုံးလုပ်ငန်းများအတွက် သေချာတည်ဆောက်ပြီးမှသာ ဘဏ်လုပ်ငန်း အပြည့်အဝ ဝန်ဆောင်မှု ပြန်လည်စတင် မည်ဖြစ်ကြောင်း ဦးသိမ်းဝေက ပြောကြားသည်။

FMI ၏ လုပ်ငန်းများအနက် ရိုးမဘဏ်သည် ၂၀၀၃ ခုနှစ်အထိ ကုမ္ပဏီဝင်ငွေကို အများဆုံး ရှာပေးနိုင်ခဲ့ပြီး ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရိုးမဘဏ်မှ အသားတင်အမြတ်ငွေ ကျပ် ၃၅၅ သန်းထိရရှိခဲ့သည်ဟုဆိုသည်။

ပြီးခဲ့သည့်ခုနှစ်နှစ်တာကာလတွင်း ယင်းဘဏ်အပေါ်တွင် ကြီးမားသည့် စိန်ခေါ်မှုများ ကျရောက်ခဲ့သော်လည်း တစ်နှစ်မှ အရှုံးမပေါ်ခဲ့ဖူးသေးကြောင်း ထည့်သွင်းပြောကြားသွားသည်။

# ယာဉ်တိုက်ရာမှ မီးလောင်ပေါက်ကွဲပြီးလူနှစ်ဦး ပွဲချင်းပြီးသေ

**ကျော်ဇေယျ**

**ရန်ကုန်၊**
**နိုဝင်ဘာ-၂၄**

နေပြည်တော်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းကြို/ပို့ ယာဉ် T2000 ကားနှင့်မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ လိုက်ထရပ်ကားတို့ နိုဝင်ဘာ ၂၄ရက် ညနေတွင် တိုက်မိရာမှ လိုက်ထရပ်ကားပေါ်ပါလူနှစ်ဦး နေရာတွင် ပွဲချင်းပြီး မီးလောင်သေဆုံးခဲ့သည်။

ထိုနေ့ညနေ ၄နာရီ၁၅မိနစ်တွင် ပုပ္ပသီရိမြို့နယ်အစပ်နှင့် နေပြည်တော်ပျဉ်းမနားကြား၊ ရာဇဌာနီလမ်းမပေါ်တွင် နေပြည်တော်ဘက်မှလာသော လိုက်ထရပ်ကားမှာ အရှိန်ပြင်းပြင်းနှင့်မောင်းနှင်လာပြီး မီးပွိုင့်မီးနီကို ဖြတ်မောင်းရာတွင် ပုပ္ပသီရိမြို့နယ်ဘက်မှ နေပြည်တော်ပျဉ်းမနားဘက်အလာလမ်းဆုံတွင် ကားချင်းတိုက်မိခြင်းဖြစ်သည်။ လိုက်ထရပ်ကားမှာ အရှိန်မထိန်းနိုင်ဘဲ ပေနှစ်ဆယ်ခန့်လွင့်သွားကာ တစ်ပတ်လည်မှောက်သွားရာမှ ကားတစ်စီးလုံး မီးလောင်ပေါက်ကွဲသွားကြောင်း၊ ကားခေါင်းခန်းတွင်ပါသည့်လူနှစ်ဦးလုံးမီးလောင်ဒဏ်ရာဖြင့်သေဆုံးသွားကြောင်း ယာဉ်မှုစစ်မှ တာဝန်ရှိသူယာဉ်ထိန်းက ပြောသည်။



**ကားခေါင်းခန်းတွင် မီးလောင်ပေါက်ကွဲမှုကြောင့် မီးကျွမ်းသေဆုံးနေပြီဖြစ်သော အလောင်းနှစ်လောင်းနှင့်ကားအား မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များ**

ဓာတ်ပုံ-ကျော်ဇေယျ

အခင်းဖြစ်နေရာသို့ မီးသတ်ကားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးလောင်ပေါက်ကွဲခဲ့သောကားမှာ မီးငြိမ်းသွားခဲ့သည်။

လိုက်ထရပ်ယာဉ်ခေါင်းခန်းတွင် လိုက်ပါလာသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဦးသာထွန်းနှင့် အဆိုပါအသင်း ဒုဥက္ကဋ္ဌ ဦးထွန်းအောင်တို့မှာ မီးလောင်မှုကြောင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး ကားနောက်တွင်ပါရှိသော ငါးဦးအနက် သုံးဦးမှာ ဒဏ်ရာရရှိသွားကာနေပြည်တော်ခုတင်၁၀၀၀ ဆေးရုံသို့ပို့ဆောင်ထားပြီး တစ်ဦးမှာ စိုးရိမ်ရကြောင်း သတင်းရရှိသည်။

# လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်း၊ အဆိုများအား သက်ဆိုင်ရာဝန်ကြီးဌာနများဆောင်ရွက်မှု အားရဖွယ်မရှိ

**ရန်မျိုးနိုင်**

**ရန်ကုန်၊**
**နိုဝင်ဘာ-၂၂**

ပြီးခဲ့သည့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၏ ဆောင်ရွက်ပြီးစီးမှုမှာ အားရကျေနပ်ဖွယ်မရှိကြောင်း အမျိုးသားလွှတ်တော်သို့တင်သွင်းသော အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

မေးခွန်းများနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် စုစုပေါင်း ၂၀၃ ခုရှိသည့်အနက် ပြီးစီးမှုမှာ ၂၉ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး အဆိုတွင်လည်း စုစုပေါင်း ၂၈ ခုရှိသည့်အနက် ပြီးစီးမှု ၃၉ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

ယင်းသို့ ဝန်ကြီးဌာနများမှ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသော မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများ အားရကျေနပ်ဖွယ်မရှိခြင်းမှာ အစိုးရအဆက်ဆက်၌ ၎င်းတို့၏ လုပ်ငန်းများကိုထိန်းကျောင်းပေးသည့် အလေ့အထနည်းပါးခြင်းကြောင့်ဖြစ်သည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဖုန်းမြင့်အောင်က ပြောသည်။

"ဒီကိစ္စတွေအဆင်ပြေဖို့ကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကို တစ်ကြိမ်ပြီးတစ်ကြိမ် အစည်းအဝေးခေါ်ပြီး ညှိနှိုင်းရမယ်" ဟု အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းက ဆိုသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၁၅ ရက်တွင် အမျိုးသားလွှတ်တော် အစည်းအဝေးများ၌ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသည့် မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ဆွေးနွေးခဲ့ကြသည်။



# C B BANK

မြန်မာနိုင်ငံတွင် ပထမဦးဆုံး

Master Card / Mestro Card / Cirrus Card များဖြင့်

CB Bank ATM စက်များတွင် မြန်မာကျပ်ငွေထုတ်ယူခြင်းကို

(၁၅-၁၁-၂၀၁၂) ရက်နေ့မှ စတင်၍ ဝန်ဆောင်မှုပေးနေပြီဖြစ်ပါသည်။

MasterCard Maestro Cirrus

## CB Bank Applications

CB Bank iOS app

CB Bank Android app

Let's Win Win Together !

Website: www.cbbankmm.com
www.mastercard.com/global/atmlocations/index.html
E-mail: contact@cbbankmm.com
Facebook: www.facebook.com/CBBankmyanmar

# စက်သုံးဆီမှောင်ခိုမှုမှ တစ်နှစ်လျှင် အခွန်ငွေ ကျပ် ၆၀ ဘီလီယံခန့် နစ်နာဟုဆို

**သန်းထူး**

**နေပြည်တော်၊**
**နိုဝင်ဘာ-၂၁**

နိုင်ငံတော်အတွက် တစ်နှစ်လျှင် အခွန်ငွေကျပ်သန်းခြောက်သောင်းကျော် နစ်နာလျက်ရှိသည့် စက်သုံးဆီမှောင်ခိုတင်သွင်းနေမှုကို ပြည်ထောင်စုအဆင့်ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ထိထိရောက်ရောက်အရေးယူရေးအဆိုကို ယနေ့လွှတ်တော်က အတည်ပြုလိုက်သည်။

ယင်းအဆိုကိုလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်က ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် ၁၄ ရက်မြောက် အစီအစဉ်တွင် အဆိုတင်သွင်း၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

"စက်သုံးဆီ ကဏ္ဍတစ်ခုတည်းမှာပင် တစ်လတန်ချိန် ငါးသောင်းခန့်ရှိပါ၍ တစ်လကျပ်သိန်းငါးသောင်း၊ တစ်နှစ်လျှင်ကျပ်သန်းခြောက်သောင်းခန့် နစ်နာလျက်ရှိပါတယ်"ဟူ၍ နိုင်ငံတော်အတွက် အခွန်များစွာ နစ်နာလျက်ရှိခြင်းနှင့်ပတ်သက်ပြီး ဒေါက်တာဝင်းမြင့်က လွှတ်တော်၌တင်သွင်းဆွေးနွေးခဲ့သည်။

အခွန်တိမ်းရှောင်လိုခြင်းကြောင့် မှောင်ခိုတင်သွင်းမှုများတွင် ကံလင်းသူကုမ္ပဏီ၏ ရွှေမော်မြိုင်သင်္ဘောသည် ကော့သောင်းအကောက်ခွန်ဦးစီးဌာနတွင် တန် ၆၀သာ အခွန်ပေးဆောင်ခဲ့သော်လည်း ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းသို့ ရောက်ရှိချိန်၌ တန်ချိန် ၁၅၀၀ ခန့် ပါရှိသည်ကို တွေ့ရှိရကြောင်း၊ ၎င်းကုမ္ပဏီအနေဖြင့် ဒီဇယ်တန်ချိန် ၁၄၀ ကို လိုင်စင်ရယူပြီး တစ်ခေါက်လျှင် တန်ချိန် ၆၀အား တန်ချိန် ၁၅၀၀ တင်နိုင်သော သင်္ဘောဖြင့် သယ်ဆောင်ခဲ့သည်ဟုဖော်ပြခြင်းသည် ယုတ္တိမရှိသည့်အပြင် လက်တွေ့၌လည်း တန်ချိန် ၁၅၀၀ ဖြင့်ပင် ဆိပ်ကမ်းသို့ ရောက်ရှိလာသည်ကိုတွေ့ရကြောင်း ဒေါက်တာဝင်းမြင့်၏ တင်ပြချက်အရ သိရှိရသည်။

ထို့အပြင် နာမည်ကျော် ရွှေသံလွင်ကုမ္ပဏီကလည်း ယခုလ ပထမပတ်အတွင်းက ဂါလန်တစ်သိန်းခန့် သယ်ဆောင်နိုင်သော သင်္ဘောဖြင့် ဂါလန်သုံးသောင်း တရားမဝင် ပိုသယ်လာသည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါသင်္ဘောပေါ်တွင် စက်သုံးဆီ ဂါလန် ၅၅,၃၄၀ ဒသမ ၄၈ ပါရှိလာပြီး သွင်းကုန်လိုင်စင်ဖြင့် တရားဝင်သယ်ဆောင်သောပမာဏမှာ ၁၉၈၇၅ ဂါလန်ဖြစ်ကြောင်း၊ အရံမောင်းဆီမှာ ၅၄၆၅ ဒသမ ၄၈ ဂါလန်ဖြစ်ကြောင်း ယင်းကဆက်လက်၍ တင်သွင်းဆွေးနွေးခဲ့သည်။




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အချက်အလက်များနှင့် တကွတင်သွင်းခဲ့သော ၎င်းအဆိုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက "စက်သုံးဆီ ကဏ္ဍတစ်ခုတည်းမှာတင် သန်းပေါင်းခြောက်သောင်းဆိုရင် ကျန်တဲ့ကဏ္ဍတွေမှာ အခွန်ဘယ်လောက် လျော့နည်းသွားမလဲဆိုတာ အကြမ်းဖျင်းသုံးသပ်နိုင်ပါတယ်။ အဆိုရှင်ရဲ့ သတ္တိနဲ့ ရဲဝံ့မှုကို ဂုဏ်ယူရပါတယ်။ ဒီအဆိုကို သာမန်သတ္တိနဲ့တော့ တင်ရဲမယ်လို့ မထင်ပါဘူး" ဟု မှတ်ချက်ပေးပြောကြားခဲ့သည်။

ကံလင်းသူ ကုမ္ပဏီ၏ ရွှေမော်မြိုင်သင်္ဘောအား သတင်းရရှိစဉ်က သက်ဆိုင်ရာဌာနအသီးသီးသို့ ဆက်သွယ်သတင်းပို့ခဲ့သော်လည်း ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးအနေဖြင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ ဆီသယ်ယာဉ်များအား စစ်ဆေးခြင်းမပြုရဟု ညွှန်ကြားထားသည့်အတွက် ဆောင်ရွက်မပေးနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ပြည်နယ်နှင့် တိုင်းများသို့ ၂၀၀၉ ခုနှစ် အောက်တိုဘာလက ယခုကဲ့သို့ ညွှန်ကြားထားခြင်းဖြစ်ကြောင်း၊စက်သုံးဆီကိစ္စလုံးဝမဖမ်းရန်နှင့် ဖမ်းဆီးလိုပါက ဌာနသို့ တင်ပြ၍ ဆောင်ရွက်ရန် ညွှန်ကြားထားခြင်းဖြစ်ကြောင်း၊ ထိုစဉ်က ကုန်ပစ္စည်းများလွယ်ကူမြန်ဆန်စွာ သယ်ဆောင်နိုင်ရေးအတွက်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လက်ရှိ အခြေအနေတွင် ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အပေါ်ကအမိန့်နှင့် လုပ်ဆောင်ရမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

## ၂၀၁၂ နိုဝင်ဘာ ၂၈မှ ဒီဇင်ဘာ ၄ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင်တိမ်များအနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ သာယာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေထုမငြိမ်မသက်ဖြစ်မှုများ ဖြစ်ပေါ်နိုင်တယ်။ တောင်တရုတ်ပင်လယ် ပြင်တွင်လည်း လေထုမငြိမ်မသက် စတင်ဖြစ်ပေါ်နိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

တနင်္သာရီကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၁ပေ ခန့်ရှိနိုင်ပါတယ်။ ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၂-၃ ပေ ခန့်ရှိနိုင်ပါတယ်။

### မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

ကချင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ တိမ်အနည်းငယ်ဖြစ်ထွန်းပြီး မိုးအနည်းငယ်ရွာနိုင်သည်မှအပ တစ်ပြည်လုံးမှာ သာယာနိုင်ပါတယ်။ ရွာရန်ရာခိုင်နှုန်း ၂၀ ခန့်ရှိပါတယ်။ မိုးရေချိန် ၁-၂ မီလီမီတာခန့် ရွာသွန်းနိုင်ပါတယ်။

### မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ

တစ်ပြည်လုံးတွင် မိုးတိမ် တောင်ဖြစ်ပေါ်နိုင်မှု အလားအလာ လျော့နည်းနိုင်ပြီး ရာသီဥတုသာယာနိုင်ပါတယ်။

### ညအပူချိန်များအခြေအနေ

ကယားပြည်နယ်တွင် ညအပူချိန်များ မြင့်တက်နေနိုင်။ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ညအပူချိန်များ ပုံမှန်အောက်ကျဆင်းနိုင်၊ အထူးသဖြင့် ကချင်ပြည်နယ်မှာ သိသိသာသာ ကျဆင်းနိုင်ပြီး အရှေ့မြောက်ပိုင်းဒေသတွေ မှာ ညအပူချိန်များ ၁၀ ဒီဂရီစင်တီဂရိတ် အောက်ကျဆင်းနိုင်တယ်။ ကျန်တစ်ပြည်လုံးတွင် အပူရှိန်များ ပုံမှန်ခန့်ရှိနိုင်။

### တောင်တရုတ်ပင်လယ်ပြင်အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်အတွင်းမုန်တိုင်းများဆက်လက်ဖြစ်ပေါ်နိုင်ပါတယ်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းအတွင်း အရှေ့ဘက်မှ ဝင်ရောက်ရွေ့လျားလာသော လေပွေလှိုင်းဟာ ကပ္ပလီပင်လယ်ပြင်အတွင်းမှာ လေစိုင်ဝဲတစ်ခု ဖြစ်လာနိုင်ပါတယ်။

ဒေါက်တာထွန်းလွင်

# FMI ကုမ္ပဏီ ကိုယ်ပိုင်လေကြောင်း တည်ထောင်ရန် ပြင်ဆင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

FMIကုမ္ပဏီက ကိုယ်ပိုင်လေကြောင်းလိုင်း တည်ထောင်ကာ တစ်နိုင်ငံလုံးရှိ မြို့များသို့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကုမ္ပဏီနှစ်ပတ်လည်အစည်းအဝေးတွင် ကုမ္ပဏီဥက္ကဋ္ဌဦးသိမ်းဝေက ပြောကြားသည်။

"ကိုယ်ပိုင်လေကြောင်းတည်ထောင်ဖို့တင်ထားပါတယ်။ မူကြမ်းအရလည်း ခွင့်ပြုချက်ရပြီးသားဖြစ်ပါတယ်။ မကြာမီကာလမှာ အက်ဖ်အမ်အိုင် ကိုယ်ပိုင်လေကြောင်းအနေနဲ့ ဆက်လက်လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်" ဟု ဦးသိမ်းဝေကပြောသည်။

FMI Air Charter ကို စက်တင်ဘာ ၉ ရက်မှစတင်၍ မြန်မာ့လေကြောင်းမှလေယာဉ်ငှား၍ ရန်ကုန်-နေပြည်တော် ခရီးစဉ်အဖြစ် တစ်ရက်လျှင် သုံးကြိမ်နှုန်း ပျံသန်းနေသည်။

FMI Air Charterသည် SPA Myanmar ကုမ္ပဏီနှင့် ပူးပေါင်းတည်ထောင်ထားသော လုပ်ငန်းဖြစ်သည်။

"လက်ရှိကတော့ ပုံမှန်လေကြောင်းလိုင်းအနေနဲ့ ပျံသန်းပေးနေတာပါ။ နောက်ပိုင်းမှာ စင်းလုံးငှားအနေနဲ့ ပျံသန်းဖို့လည်း လုပ်နေပါတယ်"ဟု FMI Air Charter မှ ကိုသန့်စင်အောင်က ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ စင်းလုံးငှား လေကြောင်းလိုင်းအဖြစ် ပြေးဆွဲနေသည့် လေကြောင်းလိုင်းမှာ Sun Far နှင့် FMI Air Charter နှစ်ခုတည်းရှိသေးကြောင်း သိရသည်။

"Charter အနေနဲ့ ဘယ်မြို့တွေကို ပြေးတယ်ဆိုတာ မသတ်မှတ်ထားဘူး။ ငှားတဲ့ပေါ်မှာပဲ မူတည်ပြီး စင်းလုံးငှားအနေနဲ့ ပြေးပေးတာပါ"ဟု Sun Far မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# အမျိုးသမီးများ အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လမ်းလျှောက်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ဖြစ်သည့် နိုဝင်ဘာ ၂၅ရက်က ပြည်တွင်းရှိအမျိုးသမီးအခြေပြုအဖွဲ့အစည်းများမှ လူအင်အား ၂၀၀ ကျော်ပါဝင်သော လူထုလမ်းလျှောက်ပွဲကိုပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။




**ပါဝင်ချီတက်လမ်းလျှောက်ကြသူများ**

ဓာတ်ပုံ-ကျော်ဇင်သန်း

လမ်းလျှောက်သူ အမျိုးသမီးများသည် မြို့တော်ခန်းမမှ ဆူးလေဘုရားလမ်းအတိုင်းအောင်ဆန်းကွင်းနံဘေးမှ ဖြတ်၍ ကန်တော်ကြီးရှိ ဗိုလ်ချုပ်ကြေး ရုပ်ထုထိ လမ်းလျှောက်ခဲ့ကြောင်း သိရသည်။ ယင်းလမ်းလျှောက်ပွဲအတွက် စတင်လူစုချိန်ကပင် အမျိုးသားအယောက် ၂၀ ဝန်းကျင်နှင့်နိုင်ငံခြားသားအချို့လာရောက်ပူးပေါင်းခဲ့သည်ကိုလည်း တွေ့ရသည်။

"အမျိုးသမီးတွေကို အကြမ်းဖက်တာဟာ ဥပဒေနဲ့မညီဘူး။ ကိုယ့်အိမ်သားဖြစ်ပေမယ့် အမျိုးသမီးတွေကို အကြမ်းဖက်လို့ မရဘူး။ ကျွန်မတို့ နိုင်ငံက ပြည်တွင်းစစ်ဖြစ်နေတော့ ဒီနှစ်ဆောင်ပုဒ်ဖြစ်တဲ့ အိမ်တွင်းငြိမ်းချမ်းမှ ကမ္ဘာကြီးငြိမ်းချမ်းမယ်ဆိုသလိုပဲ ကမ္ဘာကြီးထဲမှာ အပါအဝင်ဖြစ်တဲ့ မြန်မာနိုင်ငံမှာလည်း ငြိမ်းချမ်းရေးကိုရဖို့ မှန်မှန်ကန်ကန်နဲ့ လျှောက်လှမ်းသွားမယ်ဆိုတဲ့ မက်ဆေ့လေးကို ဒီလမ်းလျှောက်ပွဲကနေ ပေးချင်ပါတယ်"ဟု အဆိုပါလမ်းလျှောက်ပွဲကို စီစဉ်သူများထဲက တစ်ဦးဖြစ်သည့် ဒေါ်ဆူဆန်နာလှလှစိုးကပြောသည်။

ယင်းလူထုလမ်းလျှောက်ပွဲသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးလူထုလှုပ်ရှားမှုများတွင် အမျိုးသားများအားဖြည့်ပါဝင်မှု တိုးတက်စေရန်နှင့် နိုင်ငံတကာ အသိအမှတ်ပြုသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ စည်းရုံးလှုပ်ရှားမှုကို အများပြည်သူသို့ အသိပညာ မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ကြောင်း သိရသည်။

ယခုလမ်းလျှောက်ပွဲသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များနေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသည့် ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အကြမ်းဖက်ခံနေရမှုများ လျော့နည်းပပျောက်စေရန် စည်းရုံးလှုံ့ဆော်သည့်လူထုအသိပညာပေးအစီအစဉ်သက်သက်ဖြစ်ပြီး တစ်စုံတစ်ရာကို ဆန္ဒပြတောင်းဆိုသည့်အစီအစဉ်လုံးဝမဟုတ်ဟု ဆိုသည်။

ယင်းသို့ အမျိုးသမီးများလမ်းလျှောက်ပွဲ ခရီးစဉ်ပြီးဆုံးသည့် ကန်တော်ကြီးဝင်းအတွင်း အဖွဲ့အစည်းအချို့မှ ပြခန်းများ ဖွင့်လှစ်ပြသခဲ့ပြီး အနုပညာရှင်များဖြစ်ကြသည့် ပုလဲဝင်း၊ ခင်ဘုဏ်း၊ တေးရေးမြင့်မိုးအောင်၊ ဆန်းထွန်းတို့က ပြည်သူလူထုသို့ ပါဝင်အားဖြည့်ဖျော်ဖြေခဲ့သည်ကို တွေ့ရသည်။

# မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသံတမန်အဖြစ် ဖြူဖြူကျော်သိန်းအား ခန့်အပ်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

အဆိုတော်ဆရာဝန်တစ်ဦးဖြစ်သူ ဖြူဖြူကျော်သိန်းအား မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ သံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ ဥက္ကဋ္ဌ အငြိမ်းစားရဲမှူးကြီးခင်မောင်ထွန်း(လမ်းမတော်)က ပြောသည်။

"အသင်းအဖွဲ့ဝင်အားလုံးရဲ့ သဘောတူညီချက်နဲ့ အဆိုတော်ဖြူဖြူကျော်သိန်းကို ကျွန်တော်တို့ သံတမန်ခန့်အပ်လိုက်ပါတယ်။ သူက နိုင်ငံကျော်အဆိုတော်လည်း ဖြစ်တယ်။ သူ့မှာလူငယ်ပရိသတ်အများကြီးရှိနိုင်တော့ ကျွန်တော်တို့အဓိကစည်းရုံးမယ့်လူငယ်တွေအတွက် အများကြီးအကျိုးရှိမယ်ထင်ပါတယ်"ဟုဂင်းကပြောသည်။

ဖြူဖြူကျော်သိန်းသည် ၂၀၀၈ ခုနှစ်ကလည်း MTV Exit Channel ၏ လူကုန်ကူးမှုတားဆီးဆန့်ကျင်ရေးသံသမန်အဖြစ် ခန့်အပ်ခြင်းခံထားရသူဖြစ်ပြီး ယခု မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ သံတမန်အဖြစ် ခန့်အပ်ခံရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း သူမကပြောသည်။

ဖြူဖြူကျော်သိန်းသည် ဆေးလိပ်၊ အရက် စသည့် မူးယစ်ဆေးဝါးဆိုင်ရာ ကြော်ငြာများ မရိုက်ကူးခဲ့ခြင်း၊ မိမိတစ်ကိုယ်တော်ဖျော်ဖြေပွဲများတွင် ဆေးလိပ်အရက်နှင့် သက်ဆိုင်သည့်ကုမ္ပဏီကြီးများ၏ စပွန်ဆာပံ့ပိုးကမ်းလှမ်းမှုများကို ရှောင်ရှားကာ ရပ်တည်ခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ အသိအမှတ်ပြု သံတမန်ခန့်အပ်ခံရခြင်းဖြစ်နိုင်ကြောင်း ဖြူဖြူကျော်သိန်းက ပြောသည်။

"ဖြူဖြူက တစ်လျှောက်လုံး ကိုယ့်နည်းကိုယ့်ဟန်နဲ့ မူးယစ်ဆေးဆန့်ကျင်သူတစ်ယောက်အနေနဲ့ ရပ်တည်ခဲ့တယ်။ ကိုယ်တိုင်လည်း မူးယစ်ဆေးကိုမသုံးစွဲဘူး။ သုံးစွဲအောင်လှုံ့ဆော်တဲ့အထဲလည်း မပါဝင်ခဲ့ဘူး။ ဖြူဖြူ့ဆီမှာ လူငယ်ပရိသတ်တွေ အများကြီးရှိတဲ့အတွက် ဖြူဖြူက တစ်လျှောက်လုံး Star Against Drug အဖြစ် တစိုက်မတ်မတ် ရပ်တည်ခဲ့တယ်"ဟု ဖြူဖြူကျော်သိန်းက ပြောသည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ သံတမန်တစ်ဦးအနေဖြင့် ဖြူဖြူကျော်သိန်းသည်လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာများ ဟောပြောခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ အသင်း၏ လှုပ်ရှားမှုများတွင် ရံဖန်ရံခါပါဝင်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး၊ သံတမန်အနေဖြင့်လည်း ဒီဇင်ဘာ ၁၆ ရက်တွင်ပြုလုပ်မည့်MTV Exit ၏ ဂီတဖျော်ဖြေပွဲ၌ အမေရိကန်နိုင်ငံမှ လာရောက်မည့် ကမ္ဘာကျော်ပေါ့ပ်အဆိုတော် ဂျေဆင်မရက်ဇ်နှင့်အတူ သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**အမြန်ငှါးမည်**

1.ဗဟန်း၊ရွှေဂုံတိုင်မှန် (25x35)Ph,Ac,2B GF 4.5သိန်း၊
2.ဗဟန်း၊ရေတာရှည်လမ်း၊(15x70)1Ac,2B 4F 2.5 သိန်း၊
3.ဗဟန်း၊ရွှေဂုံတိုင်လမ်း (23x75)1M,1B,3Ac 1F 12 သိန်း၊
4.ဗဟန်း၊ရွှေဂုံတိုင်တာဝါ (2500Sqft)5Ac,Ph 10 သိန်း၊
5.ဗဟန်း၊အေးရိပ်သာCondo(2000Sqft)2M,1B 15 သိန်း၊
6.ဗဟန်း၊ကမ္ဘာ့အေးရိပ်သာ (3000Sqft)1M,2B 2RC Us-1550
7.ခဂုံ၊နဝဒေးလမ်း (20x100)1Ac,2B,Fu 2F 12 သိန်း၊
8.ခဂုံ၊ပန်းကျားလမ်း (40x45)1B,Rc ••း GF 10 သိန်း၊
9.ကမာရွတ်၊Inya ViewCondo(1500Sqft)1M,2B 9 သိန်း၊
10.ကမာရွတ် ပြည်လမ်းမအနီး(45x50)1M,1B 2RC 15 သိန်း၊
11.မရမ်းကုန်း၊ပါရမီ (50x90)1M,4B,9Ac, 2RC 20 သိန်း၊
12.လမ်းမတော်၊Junctionအနီး၊(18x50)1M,2B 2RC 10 သိန်း၊

မြည့်ဝစေ အထွေထွေအကျိုးဆောင်ကုမ္ပဏီ
Ph - 01-503783 , 504298 , 09-5115593

Life
7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012



နိုဝင်ဘာ ၂၅ရက်ကတွေ့ရသည့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့မြင်ကွင်း
ဓာတ်ပုံ - ဈေမောင်မောင်(အမရပူရ)

# တကယ်မွေးမှာလား... ကံ့ကော်မြေ

ဥက္ကာကိုကို

**"ကန်ရေပြင်မြေနီလမ်း . . တို့နဲ့ဝေး . . စွယ်တော်ခုံပြာတန်းတို့နဲ့ဝေး . . ယုံပါကွာ အချစ်ဆုံးမင်းကို . တို့တော့ သတိရနေမှာပါ . . . "**

လွန်ခဲ့သည့် ဆယ်စုနှစ်များစွာက ကျောင်းဖွင့်ချိန် ဇွန်လများမှာ မိုးစက်များခပ်ဖွဲဖွဲရွာနေပေလိမ့်မည်။ စိန်ပန်းတွေလည်း ရဲရဲပွင့်နေလိမ့်မည်။ တရုတ်စကားပွင့်တွေလည်း ဖူးပွင့်နေပေလိမ့်မည်။ အဓိပတိလမ်းမကြီးတစ်လျှောက် ထီးရောင်စုံကိုယ်စီဖြင့် အဆင်အသွေးစုံ ကျောင်းသား၊ ကျောင်းသူများ ပျားပန်းခတ်နေလိမ့်မည်။ သည်လမ်းမကြီးကို ဂုဏ်ယူဝံ့ကြွားစွာခြေချခဲ့ကြပါလိမ့်မည်။

ပြီးတော့ ရန်ကုန်တက္ကသိုလ်ရင်ခွင်ကို ခိုလှုံဖူးသူတို့ ဘယ်တော့မှမေ့မရနိုင်သည့် သစ်ပုပ်ပင်ကြီး၊ အဓိပတိလမ်းကို ဝင်ဝင်ချင်း ဘယ်ဘက်ကမန္တလေးဆောင်ကြီး၊ ညာဘက်က ဗိုလ်အောင်ကျော်ကျောက်တိုင်ပုလေး၊ ဂျပ်ဆင်ဘုရားကျောင်း၊ ရွှေဘိုဆောင်၊ နာမည်ကျော်မာလာဆောင်၊ အင်းလျားဆောင်၊ ကိုအောင်ဆန်းနေဖူးသော ပဲခူးဆောင်စသည့် အဆောင်များအားလုံး၏ ပင်မဖြစ်သော ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၊ တက္ကသိုလ်စာကြည့်တိုက်ကြီး . . ပြီးတော့ . . ကံ့ကော်ပင်တွေ၊ ပိတောက်ပင်တွေ၊ တရုတ်စကားပွင့်လေးတွေ၊ သစ်တိုပင်လမ်းကလေး၊ ဦးချစ်လက်ဖက်ရည်ဆိုင်၊ ယမ်းဘီလူးဆိုင်၊ အင်းလျားကန်ပေါင်။

ရန်ကုန်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတို့အတွက် ဂုဏ်ယူစရာအထိမ်းအမှတ်နေရာများစွာက ခေတ်အဆက်ဆက် ရှင်သန်နေဆဲဖြစ်သည်။ ယခင်က တက္ကသိုလ်ကြီးထဲ ခြေချဖူးသူတို့၏ သတင်းစကားများ၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် စာရေးဆရာကြီးများ၏ ရေးသားဖော်ပြချက်များကိုသာ ယနေ့မှာတော့ ခေတ်လူငယ်တို့အတွက် ပုံပြင်တစ်ပုဒ်နှယ် ကြားသိခဲ့ရသည်။

တက္ကသိုလ်ကြီးအကြောင်း မည်သည့်အချိန်မှာပင် ကြားရစေတော့ ချက်ချင်းပင်ပြေးကြည့်၊ ပြေးတက်လိုက်ချင်သည့်စိတ်ကလည်း တဖွားဖွားပေါ်လာတတ်စမြဲ၊ သို့သော် ရန်ကုန်တက္ကသိုလ်ကြီးကိုယ်တိုင်ပင် သူ့ရင်သွေးများနှင့် ဝေးကွာခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။

အမိရင်ခွင်မှ အမှတ်တရများကိုတော့ ဘယ်သောအခါမျှ မမေ့နိုင်ကြ။

**အဓိပတိလမ်းထက်က ရွက်ကြွေများ**

"ကြင်နာသူရဲ့ ကံ့ကော်တန်း . . ခြေရာထင်ကျန်ဆဲ အဓိပတိလမ်း . . . ရင်မှာသံမှို့စွဲ နှလုံးအိမ်ထဲ . . . တို့တော့သတိရနေမှာပါ"

ရန်ကုန်တက္ကသိုလ်ပင်မဂိတ်ပေါက်မှ လှမ်းဝင်လိုက်သည်နှင့် အဓိပတိလမ်းမကြီးက ခန့်ထည်စွာ ဆီးကြိုပါလိမ့်မည်။ ယခုအခါ ပြန်လည်ပြင်ဆင်ထားသည့် အဓိပတိလမ်းသည် ဝဲယာတစ်ဖက်တစ်ချက်၌ မီးတိုင်သစ်များ၊ ပိုးထားသော ကတ္တရာသစ်များ၊ ပလက်ဖောင်းသစ်များ၊ မြက်ခင်းသစ်များဖြင့် ကြည့်ကောင်းနေပေသည်။ ဝင်ဝင်ချင်းညာဘက်သို့လှည့်ကြည့်ပါက ဗိုလ်အောင်ကျော်အထိမ်းအမှတ် ကျောက်တိုင်ငယ်လေး တွေ့ရပါမည်။

ဘယ်ဘက်သို့ လှမ်းကြည့်ပါက New Hall ဟုခေါ်ဆိုခဲ့ကြသော မန္တလေးဆောင်၊ အမရဆောင်၊ ရာမညဆောင်၊ တောင်ငူဆောင်စသည်တို့ကို တွေ့ရမည်ဖြစ်သည်။ အဓိပတိလမ်းမတစ်လျှောက်တွင် ငွေစာရင်းရုံး၊ ရွှေဘိုဆောင်၊ ဒဂုံဆောင်၊ တက္ကသိုလ်စာကြည့်တိုက်နှင့် သိပ္ပံ၊ ဝိဇ္ဇာစာသင်ဆောင်များရှိကြသည်။

ဗြိတိန်နိုင်ငံ၊ အောက်စဖို့ဒ်တက္ကသိုလ်ဖွဲ့စည်းပုံအတိုင်း တည်ထောင်ထားသော ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမကြီးသည် ယနေ့ထက်တိုင်ပင် သစ်ရွက်ခြောက်များ တဖွဲဖွဲကြွေကျဆဲ ဖြစ်သည်။ သူ့ရင်ခွင်ပေါ် နင်းဖြတ်လာမည့်ကျောင်းသား၊ ကျောင်းသူတို့၏ ခြေသံများကိုလည်း နားစွင့်နေဆဲဖြစ်ပါသည်။

**အထီးကျန်သော်လည်း အကျည်းမတန်သည့် ကျောင်းဆောင်များ**

ရန်ကုန်ကောလိပ်အဆောက်အအုံများကို ၁၉၀၀ ပြည့်နှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၂၀၊ ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ကြီးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

သထုံ၊ ပဲခူး၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်းကျောင်းဆောင်များသည် Central Hall ပင်မကျောင်းဆောင်များဖြစ်ပြီး ၁၉၂၈ ခုနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သည်။ ပြည်၊ တကောင်းနှင့် ပုဂံဆောင်များကို ၁၉၂၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ဝိဇ္ဇာနှင့်သိပ္ပံစာသင်ဆောင်များ အပါအဝင် ရွှေဘိုဆောင်၊ ဒဂုံဆောင်၊ သီရိဆောင်များကို ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။

New Hall ဟုခေါ်သည့် မန္တလေး၊ အမရ၊ ရာမည၊ တောင်ငူဆောင်များ၊ မာလာဆောင်၊ ရတနာဆောင်၊ အင်းလျားဆောင်တို့ကို လွတ်လပ်ရေးခေတ်ဦးကျမှ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ သထုံလမ်းဘက်တွင် ပညာရေးကျောင်းသူများ နေထိုင်သည့် တီတီစီကျောင်းဆောင် (နှင်းဆီကုန်း) လည်းရှိသည်။

လက်ရှိရန်ကုန်တက္ကသိုလ်နယ်မြေကြီးကို ၁၉၁၈ ခုနှစ် ဇွန်လမှစတင်ကာ ဧက ၇၀၀ နှင့် ၈၀၀ အကြား ကျယ်ဝန်းသည့် သရက်နှင့် မရမ်းခြံများကို ခုတ်ထွင်ရှင်းလင်း၍ ရန်ကုန်တက္ကသိုလ်အဆောက်အအုံများဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အင်္ဂလိပ်ခေတ်လက်ရာ အဆောက်အအုံနီနီကြီးများ၏ အခန်းငယ်များထဲမှ စာအံသံများ ထွက်ပေါ်ခဲ့ဖူးသည်။ ဂစ်တာသံများ၊ ပျော်ရွှင်စွာရယ်မောသံများ ပေါ်ထွက်ခဲ့ဖူးသည်။ တေးသီချင်းများဖြင့် အဆောင်သူတို့အိပ်မက်တွေ လှုပခဲ့ကြသည်။

ထင်ရှားသည့် နိုင်ငံ့ခေါင်းဆောင်အချို့သည် ထိုအဆောင်များထဲမှပင် ပေါ်ထွက်လာကြသည်။ အနုပညာရှင်များစွာသည် ထိုအဆောင်များထဲမှာ သန္ဓေတည်ခဲ့ကြသည်။ စာပေပညာရှင်များသည် ထိုအဆောင်များထဲမှာ ဉာဏ်ကွန့်မြူးခဲ့ကြသည်။ ပဲခူးဆောင်မှ ကိုအောင်ဆန်းနေထိုင်ခဲ့သည့် အခန်းငယ်လေးကိုတန်ဖိုးထားခဲ့ကြသည်။

မည်သို့မျှ မေ့ပျောက်မရနိုင်သော အဆောင်ဟောင်းကြီးများထဲမှာ ကြီးမားသော သမိုင်းကြောင်းတွေ ရှိသည်။ မြန်မာတစ်နိုင်ငံလုံး၏ အနာဂတ်အဆုံးအဖြတ်သည် ထိုအဆောင်ဟောင်းကြီးများထဲမှ ပေါ်ထွက်လာဖူးသည်။ ယခင်က စည်ကားသိုက်မြိုက်ခဲ့ဖူးသည့် အဆောင်ဟောင်းကြီးများသည် ယခုအခါ ခြောက်သွေ့နွမ်းလျနေပါသည်။ လူတွေကလည်း နေထိုင်သည်ဆိုရုံ၊ ရှိသည်ဆိုရုံမျှ။

ထိုသို့နှစ်ပေါင်းများစွာ အထီးကျန်နေခဲ့သော်လည်း အဆောင်များအားလုံး အကျည်းမတန်သေးပါ။ ခန့်ညားထည်ဝါလျက်ပင် ရှိပါသည်။ လက်ရှိတွင် ရန်ကုန်တက္ကသိုလ်ရှိ အဆောင်များကို ပြန်လည်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

**သမိုင်းကြောင်းကို ငုံ့ကြည့်နေသော သစ်ပုပ်ပင်ကြီး**

အဓိပတိလမ်းမထက်မှာ ရန်ကုန်တက္ကသိုလ်စတည်စဉ်ကတည်းက ရှိနေခဲ့သည့် သစ်ပုပ်ပင်ကြီးကို တွေ့ရပါမည်။ မလှမ်းမကမ်းမှာ ဘွဲ့နှင်းသဘင်ကြီးက ထည်ဝါစွာ ရပ်တည်လျက်ရှိသည်။ နှစ်ပေါင်းတစ်ရာကျော်လာပြီဖြစ်သည့် သစ်ပုပ်ပင်အိုကြီးသည် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံဆဲ။

တက္ကသိုလ်နယ်မြေမှ ကျောင်းသားကျောင်းသူတိုင်းသည် သစ်ပုပ်ပင်ကြီးနှင့် ထိတွေ့ရင်းနှီးခဲ့ကြသည်။ သူ့အရိပ်အောက်မှာ ခိုဝင်ခဲ့ကြသည်။ သူ့ပင်စည်မှာ စာထွင်း၍ တစ်သက်တာ အမှတ်တရများ ရေးခြစ်ခဲ့ကြသည်။

နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းရှိ သက်တမ်းရင့်သစ်ပင်ကြီးများစွာ ပြိုလဲခဲ့ရသည်။ ထိုစဉ်က ကျောင်းသားဟောင်းများသာမက ပြည်သူအများက သူတို့ချစ်သော သစ်ပုပ်ပင်ကြီးကို စိုးရိမ်တကြီးဖြစ်ခဲ့ရသည်။ ရန်ကုန်တက္ကသိုလ်နှင့် တွဲမြင်ရသည့် ကြီးမားသော ဂုဏ်ပုဒ်တစ်ရပ်ကြောင့် သစ်ပုပ်ပင်ကြီး အဆုံးသတ်သွားမှာကို စိုးထိတ်ခဲ့ကြသည်။ သစ်ပုပ်ပင်ကြီးရှိနေဆဲပါ။ ကြံ့ကြံ့ခံ၍ နာဂစ်ကို ဖြတ်သန်းနိုင်ခဲ့သည်။

စာ(၁၁)သို့




## ကြက်ဥဗာလချောင်ကြော်



ဒီတစ်ပတ်တော့ ဝိုက်ဖီက ခပ်စပ်စပ် အရန်ဟင်းလေးတစ်ခွက် ပြင်ဆင်ထားပါတယ်။ ကြက်ဥကို ပုံမှန်ကြော်စားနေကျ ကြက်သွန်နီလေးနဲ့အချိုကြော်၊ ခရမ်းချဉ်သီးလေးနဲ့ အချဉ်ကြော်မဟုတ်ဘဲ ဗာလချောင်ကြော်လေး ကြော်ထားတာပါ။

လိုအပ်တာတွေကတော့ ကြက်ဥသုံးလုံးနဲ့ ငရုတ်ခွဲခြမ်း အနည်းငယ်၊ ကြက်သွန်နီတို့ပဲ လိုအပ်ပါတယ်။

ပထမဆုံးကြက်ဥကို ခါတိုင်းကြော်သလိုပဲ အရသာထည့်မွှေပြီးမှ ချိုး(ဂျိုး)မကပ်အိုးထဲမှာ ပါးပါးလေး ကြော်ပါမယ်။ အချပ်လိုက် ပါးပါးလေးကြော်ပြီး ဆီစစ်ထားပါ။ ပြီးအရွယ်တော်သုံးမြှောင့်ချွန်လေးတွေဖြစ်အောင် ညှပ်ထားပါ။

အဲဒီနောက်မှာတော့ ကြက်သွန်အဖြူနဲ့အနီကို နန္နွင်းမှုန့်အနည်းငယ်နဲ့ ဆီသတ်ပါမယ်။ ပြီးရင် ငရုတ်သီးခွဲခြမ်းထည့်ပါမယ်။ ဆား၊ ဒါမှမဟုတ် ငံပြာရည်နည်းနည်းလေးထည့်မွှေလိုက်ပြီး ခုနလှီးထားတဲ့ ကြက်ဥကြော်လေးတွေ ထည့်လိုက်ရုံပါပဲ။

ဒါဆိုရင် အရသာရှိတဲ့ ကြက်ဥဗာလချောင်ကြော် အရန်ဟင်းတစ်ခွက်သုံးဆောင်လို့ရပြီပေါ့။

7 DAY NEWS JOURNAL
Vol.11, No.38 · NOVEMBER 29 , 2012

# တစ်လုံး၊ နှစ်လုံး အဖြေရှာသောအခါ...

**သတင်းအဖွဲ့**


"၃ ရက်တွင် ၉ လာမယ်၊ ၉ မထွက်ခဲ့ရင် လျှာဖြတ် ကုန်သမျှကို ၉ ကယ်မယ်" ယင်းစာစုလေးပါရှိသော လေးခေါက်ချိုးစာရွက်များက မြန်မာနိုင်ငံ တစ်နံ့တစ်လျားက ရပ်ကွက်ကျေးရွာများသို့ ရောက်သည်။

အိမ်နီးချင်းနိုင်ငံတွင် ဖြစ်ပေါ်နေသော ရှယ်ယာဈေးကွက်၏ နောက်ဆုံးဂဏန်းများကို ပါရမီရှင်ဆိုသူများက အတိအကျ ခန့်မှန်းကာ အတိတ်စိမ်းပေးသည်ဆိုသည်မှာ ယုတ္တိမတန်ဟု ဆိုနိုင်သော်လည်း ကိုးစားသူများစွာရှိသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းတွင် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် လောင်းကစားမှု ၉ ဒသမ ၃ မှုခန့် ဖမ်းဆီးအရေးယူခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားဝင်ထုတ်ပြန်သော စာရင်းများအရသိရသည်။ ၂၀၁၁ ခုနှစ်အတွင်း တွင် ဖမ်းဆီးအရေးယူမှုပြုလုပ်ခဲ့သော လောင်းကစားမှုမှာ ၃၄၀၅ မှုရှိခဲ့ပြီး အဆိုပါအရေအတွက်မှာ ၂၀၀၈ မှ ၂၀၁၁ အထိ လေးနှစ်တာ ကာလအတွင်း အမြင့်မားဆုံးအရေအတွက်လည်း ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇွန်လမှစ၍ လောင်းကစားမှု ပပျောက်ရေး စီမံချက်ရေးဆွဲပြီး လောင်းကစားမှုများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၂၀၁၂ ခုနှစ် ဩဂုတ်လအထိ လောင်းကစားမှုပေါင်း ၃၃၀၀ နီးပါး ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။ ဖမ်းဆီးခဲ့သည့် အဆိုပါ အမှုများတွင် နှစ်လုံးထီနှင့် ချဲထီလောင်းကစားမှုများမှာ အများဆုံးဖြစ်ပြီး စုစုပေါင်း အရေအတွက်၏ ၇၁ ရာခိုင်နှုန်းခန့် ဖြစ်သည်။

တနင်္လာမှ သောကြာနေ့အထိ တစ်ရက်လျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်ပတ်၁၀ကြိမ်အထိ လောင်းနိုင်သော နှစ်လုံးထီနှင့် တစ်လလျှင် နှစ်ကြိမ်အထိ လောင်းနိုင်သော ချဲထီလောင်းကစားဈေးကွက်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အဆိုပါ လောင်းကစားများအကြား နစ်မြုပ်နေသူဦးရေနှင့် ယင်းလုပ်ငန်းများအတွင်း စီးဝင်လှည့်ပတ်နေသည့် ငွေကြေးပမာဏ မည်မျှရှိမှန်း အတိအကျ ပြောဆိုရန် ခက်ခဲသော်လည်း လောင်းကစားကြောင့် စီးပွားပျက်ကာ မိသားစုပြိုကွဲမှုများအထိပင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များက နေ့စဉ်နှင့်အမျှလိုဖြစ်ပွားနေသည်။



**ချဲထီရောင်းချနေသူတစ်ဦး** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ယောကျ်ားက နိုင်ငံခြားသွားပြီးတော့ သင်္ဘောလိုက်နေရတဲ့ အချိန်မှာ ကျန်ခဲ့တဲ့ မိန်းမက လောင်းကစားလုပ်တော့ နောက်ဆုံး ယောကျ်ားပင်လယ်ပြင်မှာ ခက်ခက်ခဲခဲ ရှာဖွေထားတဲ့ အိမ်တွေ၊ ကားတွေ ကုန်သွားလို့ မိသားစုတွေ ပြိုကွဲသွားတဲ့ အထိ၊ ဘဝတွေ ပျက်သွားတဲ့အထိ ဖြစ်တာ တရားရုံးတွေမှာ တွေ့ဖူးတယ်" ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်၊ ရှေ့နေတစ်ဦးလည်းဖြစ်သူ ဦးသိန်းညွန့်ကပြောသည်။

ပေါက်ဂဏန်းနှင့် ထိုးသည့်နံပါတ်တိုက်ဆိုင်ပါက အဆ ၈၀ အထိ ရရှိနိုင်သည့် မက်လုံးပေးထားသော နှစ်လုံးထီလောင်းကစားကို လုပ်ကိုင်သူများသည် တစ်ရက်နှစ်ကြိမ်ထွက် ဂဏန်းများအတွက် နိမိတ်ပြအိပ်မက်များကို အတိတ်ကောက်ခြင်း၊ ပါရမီရှိသည်ဟု ဆိုသူများ၏ အတိတ်စိမ်းပေးစာများမှ အနက်ကောက်ခြင်းများဖြင့် နေ့စဉ်ဘဝများကို ဖြတ်သန်းနေကြသည်။ ၎င်းတို့ထဲတွင် နေ့စဉ်မိသားစုဘဝများကို မေ့လျော့နေသူများပင်ရှိ၏။

လောင်းကစားမှုများသည် စီးပွားရေး မကောင်းမှုများ၏ အကျိုးဆက်ကြောင့်ဖြစ်ကြောင်း ဦးသိန်းညွန့်က ပြောသည်။ ဆင်းရဲမွဲတေမှုနှင့်ကြုံတွေ့နေရသူများက မက်လောက်စရာ ဆွဲဆောင်မှုများဖြင့် ပြည့်နှက်နေသည့် လောင်းကစားကို ထွက်ပေါက်အဖြစ် အသုံးပြုမှုများလည်း ရှိသည်။ နောက်ပိုင်းတွင် ထွက်ပေါက်ရှာသူအဖြစ်မှ ဝါသနာရှင်အဆင့်သို့ကူးပြောင်းသွားပြီး ဘဝပျက်သည်အထိ ဖြစ်သွားကြသူများမှာ မရေမတွက်နိုင်အောင်ဖြစ်သည်။

နေ့စဉ်ထွက်သည့် နံပါတ်များကို နှစ်အလိုက် စနစ်တကျ သုတေသနပြုမှတ်သားထားသည်အထိ လောင်းကစား၏ ဆွဲဆောင်မှုကိုခံကြရသည်။

တစ်ရက်နှစ်ကြိမ်ထွက် နှစ်လုံးထီလောင်းကစား စနေနှင့် တနင်္ဂနွေနေ့များတွင် နားသော်လည်း မနားလိုသူတွေအတွက် တစ်လုံးရှိသေးသည်။

"ဈေးသည်တွေကျတော့ သုံးရက်လောက်ထိုးလို့မပေါက်ရင် နောက်နေ့ဈေးမထွက်နိုင်ကြတော့ဘူး။ ပိုက်ဆံချေးတဲ့သူတွေထဲမှာ နှစ်လုံး၊သုံးလုံးကိစ္စကြောင့် ပိုက်ဆံချေးသူက ၈၀ ရာခိုင်နှုန်းလောက်ပါနေတယ်" ဟု မြောက်ဥက္ကလာပမြို့နယ်တွင်းရှိငွေချေးစားသူ အမျိုးသမီးကြီးတစ်ဦးကပြောသည်။

"နှစ်လုံးထိုးလို့ ပိုက်ဆံချေးတဲ့သူအများစုက သူတို့က တစ်နေ့ကိုတစ်လုံးတည်းကိုပဲ ၅၀၀ဖိုးပတ်တယ်။ အဲဒါက အလုံး ၂၀လောက်ထိုးရတယ်။ မထွက်မချင်းဆတိုးပတ်ရင်းပတ်ရင်း တစ်လလောက်လည်းကြာကော လေး၊ငါးသိန်းလောက်အထိဖြစ်လာကော။ အဲဒီတော့ ချေးကြပြီး ပြန်မဆပ်နိုင်ရင် အိမ်ရှိရင်လည်း တစ်ကွက်ရဲ့တစ်စိတ်၊ တစ်စိတ်ကနေ အကုန်ထိုးဆပ်ကြရတာပဲ"ဟု ငွေတိုးချေးသူ အမျိုးသမီးတစ်ဦးကဆိုသည်။

ဥရောပတစ်လွှားရှိအင်္ဂလန်၊ ဂျာမနီ၊ စပိန်နှင့် အီတလီနိုင်ငံများမှ ဘောလုံးပွဲများကို လောင်းကြေးထပ်ခြင်းမှာ စိတ်လှုပ်ရှားမှုရော၊ ဘဝအတွက် အလှည့်အပြောင်းပါ ပေးစွမ်းနိုင်သော ကံစမ်းပွဲများ ဖြစ်သည်။ အနိုင်၊ အရှုံး ခန့်မှန်းမှု၌ လေးပွဲမှန်ကန်ပါက ၁၃ ဆ၊ ငါးပွဲမှန်ကန်ပါက ၂၃ ဆ၊ ခြောက်ပွဲမှန်ကန်ပါက ၃၃ ဆ၊ **တစ်ဖက်သို့**






## စာ-၁၀၊ အတိတ်စိမ်းနှင့် အပြေရှာသောအခါ မှ

ခုနစ်ပွဲမှန်ကန်ပါက အဆ ၆၀နှင့် ရှစ်ပွဲမှန်ကန်ပါက အဆ၁၁၀အထိ ရရှိနိုင်သည်ဟု မက်လုံးပေးထားသော ဘောလုံးပွဲ မောင်းခန့်မှန်းမှုများကြောင့် ဘဝပျက်သွားသူများလည်း အများအပြားဖြစ်သည်။

“ဘောပွဲလောင်းလို့ သူငယ်ချင်းတစ်ယောက် ဘဝပျက်သွားတယ်။ ရှိတဲ့စီးပွားရေး လုပ်ငန်းလည်း ပျက်။ ရှုံးကြွေးကို အကုန်ထိုးဆပ်လိုက်ရတယ်။ မိသားစုတစ်ခုလုံး ပျက်သွားတာပေါ့။ နှစ်လုံးလောင်းတဲ့ လူတွေထဲမှာ တိုက်ခန်းရောင်းလိုက်ရတာ လေးယောက်ရှိပြီ”ဟု ကမာရွတ်မြို့နယ် (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာတွင် နေထိုင်သူ ဦးစန်းမြင့်ကပြောသည်။

ရပ်ကွက်မြို့နယ်များအတွင်း ပျံ့နှံ့နေသည့်လောင်းကစားများ ပပျောက်စေရန် ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ လောင်းကစားမှုပပျောက်ရေးစီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်များ အရသိရသည်။ အစိုးရ၏ ရည်မှန်းချက်တစ်ခုဖြစ်သော Good Governance နှင့်Clean Government ကို နယ်မြေအသီးသီးတွင် ပျံ့နှံ့လျက်ရှိသည့် နှစ်လုံးထီ၊ သုံးလုံးထီ (ချဲထီ)နှင့် ဘောလုံးလောင်းကစားခြင်း အပါအဝင် အခြားလောင်းကစားခြင်းအားလုံးသည် အနှောင့်အယှက်ဖြစ်စေကြောင်း တွေ့ရှိရသည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စီမံချက်ရေးဆွဲပြီး လောင်းကစားမှုများအား ဖော်ထုတ်ဖမ်းဆီးမှုများ ပြုလုပ်နေပြီး လောင်းကစားသူများ တဖြည်းဖြည်း လျော့နည်းကျဆင်းလျက် ရှိသည်ဟုလည်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြ သည်။

ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အတိုင်း မြေပြင်အခြေအနေတွင်လည်း လောင်းကစားမှု ပပျောက်အောင် ဖမ်းဆီးမှုများ ယခုနှစ်ပိုင်းတွင် သိသိသာသာ စိပ်လာကြောင်း လှိုင်မြို့နယ်တွင် ဆယ်စုနှစ် တစ်ခုနီးပါး ကော်မရှင်စားအဖြစ် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်သူတစ်ဦးကပြောသည်။

“ရောင်းအားက အရင်လောက် မကောင်းတော့ဘူး။ မှေးပြီး လုပ်နေရတာ” ဟု ၎င်းကဆိုသည်။

လောင်းကစားမှုများ၏ ဂယက်သည် ကျေးလက်ဒေသနေသူများပါမကျန် ခံစားရသည်။ စိုက်ပျိုးရေးကို အခြေခံကာ အသက်မွေးကြသည့်ကျေးလက်ဒေသမှ တောင်သူများအတွက် အကျပ်အတည်းဖြစ်စေသည့်အရာများတွင် ရာသီဥတု မမှန်ခြင်း၊ ဈေးငွေများ အတိုးနှုန်းကြီးခြင်း၊ အထွက်နည်းခြင်းများသာမက လောင်းကစားသည်လည်းတစ်ခုအပါအဝင်ဖြစ်ကြောင်း လယ်သမားများ အရေးဆောင်ရွက်နေသူများက ပြောသည်။

“ပွဲတွေ သွားချင်လို့ နှမ်းတွေ ဘာတွေ မကောင်းတဲ့ နှစ်မျိုးဆိုပိုတောင်လုပ်ကြတယ်” ဟု မင်းဘူးမြို့နယ်မှ လယ်သမားများ အရေး ဆောင်ရွက်နေသူတစ်ဦးဖြစ်သူ ဦးသန့်ဇင်ကပြောသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်းလောင်းကစားမှုများ ပိုမိုဖြစ်ပွားနေပြီး ယခုနှစ်ဇန်နဝါရီမှနိုဝင်ဘာလတတိယပတ်အထိဖမ်းဆီးရမိသောလောင်းကစားမှုမှာ ၂၀၁၁ တစ်နှစ်လုံး ဖမ်းဆီးရမိသော လောင်းကစားမှုထက် ပိုမိုများပြားနေကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

စီမံချက်ချ၍ ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေသည်ဟု ဆိုသော်လည်း မန္တလေးမြို့ ရပ်ကွက်များတွင် ယခင်ကဲ့သို့ပင် လောင်းကစားမှုများ ပြုလုပ်နေကြဆဲဖြစ်ပြီး လောင်းကစားသူများနှင့် ဒိုင်များပါ ပုံမှန်လောင်းကစားပြုလုပ်နေကြကြောင်း မန္တလေးမြို့ခံအချို့ကဆိုသည်။

“ဒိုင်ကလည်း ပုံမှန်ရောင်းနေတာပဲ။ ထိုးသားတွေကလည်း ပုံမှန်ထိုးနေကြတာပဲ။ တချို့ဒိုင်တွေဆို ဒီနှစ်ပိုင်း ရောင်းကြေးတက်တယ်လို့တောင် ကြားတယ်” ဟု မန္တလေးမြို့နေ အသက် ၃၀ အရွယ်အိမ်ရှင်မတစ်ဦးကပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတစ်ဝန်း လောင်းကစားမှု ပပျောက်အောင်မပြုလုပ်နိုင်ပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်ပေါ်နေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

အခြားနိုင်ငံများတွင်လောင်းကစားများကို သတ်မှတ်ချက်များဖြင့် အခွန်ကောက်ကာ တရားဝင်ခွင့်ပြုလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် တရားမဝင်လုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။ တရားမဝင်လောင်းကစားလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေသော်လည်း မြန်မာနိုင်ငံတွင် အခြားနိုင်ငံများကဲ့သို့ တိုင်းပြည်အတွက် အခွန်ငွေမရရှိသည့်အပြင် မိသားစုဘဝ ပေါင်းများစွာသာ ပျက်ခဲ့ရသည်။

တရားမဝင် လောင်းကစားများပပျောက်ရန်အတွက်ဘာသာရေး၊ လူမှုရေး၊ ဥပဒေ၊ နိုင်ငံရေးစသည့် ရှုထောင့်ပေါင်းစုံက ချဉ်းကပ်ပြီး အသိပညာပေးလုပ်ငန်းများဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အဖွဲ့ဝင်လည်းဖြစ်သူ ဦးသိန်းညွန့်ကပြောသည်။

“ကံစမ်းမဲ ဖောက်ပြီး ဆွဲဆောင်နေတဲ့ ခေတ်မှာ လောင်းကစားမှုတွေ ရှိနေတာ။ လူတွေ လောင်းကစားမှုတွေ ပေါ်နေတာကတော့ ဘာမှ အံ့ဩစရာမရှိဘူး” ဟု ၎င်းကပင် မှတ်ချက်ပြုသည်။




## စာ-၉၊ တကယ်မွေးမှာလား... ကံ့ကော်မြေ မှ

**ဂျပ်ဆင်အိုနှင့်ဓမ္မာရုံ**

အမေရိကန် ဘက်ပတစ် သုနာပြုအဖွဲ့ ထူထောင်သော ဘက်ပတစ်ကောလိပ်သည် ၁၈၉၄ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည်။ အဆိုပါကောလိပ်ကို ယုဒသန်ကောလိပ်ဟူ၍ ၁၉၁၈ ခုနှစ်တွင် အမည်ပြောင်းလဲခဲ့သည်။ ယုဒသန်ဘုရားကျောင်းကိုလည်းတည်ဆောက်ခဲ့ပြီး နောက်ပိုင်းတွင် ဂျပ်ဆင်ခန်းမ၊ ဂျပ်ဆင်ဘုရားကျောင်းဟု ခေါ်ဝေါ်ခဲ့ကြသည်။ ၁၉၂၀ ရန်ကုန်တက္ကသိုလ် အက်ဥပဒေအရ ရန်ကုန်ကောလိပ်နှစ်ခုကိုပေါင်းစည်းကာ ရန်ကုန်တက္ကသိုလ်ဟူ၍ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ဂျပ်ဆင်ဘုရားရှိခိုးကျောင်းမှာ ယနေ့ထက်တိုင် တနင်္ဂနွေနေ့တိုင်း လူစည်ကားဆဲဖြစ်သည်။ အမေရိကန်အဖွဲ့က ဂျပ်ဆင်ဘုရားရှိခိုးကျောင်းကို တည်ဆောက်ခဲ့ကြသလို မြန်မာကျောင်းသားကြီးများကလည်း တက္ကသိုလ်ရိပ်သာလမ်းနှင့် လှည်းတန်းမီးပွိုင့်အနီး၌ တက္ကသိုလ်ဓမ္မာရုံကြီးကို၁၉၃၁-၃၂ ခုနှစ်တွင် တည်ဆောက်ပြုပြင်ခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းက ခရစ်ယာန် ဘုရားကျောင်းနှင့် ဗုဒ္ဓဘာသာ ဓမ္မာရုံကြီးတို့ နှစ်ခုစလုံးသည် ယခုအခါ အိုမင်းလာကြပြီဖြစ်သည်။ သမိုင်းဝင်နေရာများအဖြစ် တည်ရှိနေကြပြီဖြစ်သည်။ ဂျပ်ဆင်ဘုရားကျောင်းထိပ်မှာ လရိပ်ကတော့ သာဆဲပင်။

**ဇာတ်လိုက်ကျော်အင်းလျားနှင့် အတိတ်ဆိုးတံတားဖြူ**

*“အိမ်ပြန်ချိန် . . တို့ခွဲ . . တစ်လမ်းစီမို့ . . ပြန်လည်ဆုံဆည်းကြနိုင်ဖို့ . . ကံကိုသာ မျှော်လင့်ရင်းအဝေးက . . တို့ သတိရနေမှာပါ . . ”*

ရေပြင်သည် လေအသော့တွင် လှိုင်းကြက်ခွပ်လေးများ လှုပ်ကာလှုပ်ကာဖြင့် အမြင်တင့်နေဆဲ။ တက္ကသိုလ် ကျောင်းသားနှင့် တက္ကသိုလ်ကျောင်းသူတို့၏ ချစ်သူ့နယ်မြေဖြစ်သော အင်းလျားကန်ပေါင်သည် တစ်သက်တာလက်တွဲရမည့်အိမ်ထောင်ဖက်ကိုရွေးချယ်ပေးလိုက်လေ့ရှိသည်။ အင်းလျားကန်ပေါင်ထက်မှကျောင်းသား၊ ကျောင်းသူတို့၏ ခြေရာများမှာလည်း မေ့ပျောက်မရသည့် အမှတ်တရများထဲမှ တစ်ခုပင်ဖြစ်သည်။ အင်းလျားကန်ပေါင်အောက်ဘက် ပြည်လမ်းပေါ်မှ တံတားဖြူမှတ်တိုင်ကတော့စနစ်ဆိုးအောက်မှာ သွေးစက်တို့ဖုံးလွှမ်း၍ တံတားနီအဖြစ် အတိတ်ဆိုးတွင်ရစ်ခဲ့ရသည်။ ၁၉၈၈ မတ်လ ၁၆ ရက် (တံတားနီအရေးအခင်းနေ့)ကို တံတားဖြူမှတ်တိုင်နှင့် အင်းလျားရေပြင်ကြီးက ဘယ်တော့မှ မမေ့။

**အစဉ်အလာကြီးသော တက္ကသိုလ်**

တစ်ချိန်က ရန်ကုန်တက္ကသိုလ်သည် ပညာရေးနှင့် ပတ်သက်လျှင် အရှေ့တောင်အာရှတွင် အစဉ်အလာကြီးမားခဲ့ သည်။ ၁၉၆၀ မတိုင်မီအထိ နိုင်ငံရပ်ခြားအချို့မှ ကျောင်းသားကျောင်းသူများသည် ရန်ကုန်တက္ကသိုလ်တွင် လာရောက်ပညာသင်ကြားခဲ့ကြရသည်။

ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာလှစ်၊ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာတိုက်စိုး၊ ဒေါက်တာ သန်းထွန်း၊ ပါမောက္ခချုပ်ဒေါက်တာ ထင်အောင်၊ ဒေါက်တာသာလှ၊ ဒေါက်တာညီညီ၊ ဒေါက်တာမောင်မောင်ခတို့အပြင် အင်္ဂလိပ်စာဌာနမှဆရာကြီးဦးမျိုးမင်း၊ ဦးခင်မောင်လတ်၊ ဒဿနိကဗေဒပါမောက္ခဒေါက်တာခင်မောင်ဝင်း၊ ယခုနိုင်ငံတော်သမ္မတ အကြံပေး ဦးမြင့်(စီးပွားရေးတက္ကသိုလ်) တို့အထိ ပေါ်ထွန်းခဲ့ကြသည်။

**အပြောင်းအလဲများရဲ့အစ၊ ကျောင်းသားသမဂ္ဂနဲ့တိုက်ပွဲခေါ်သံ**

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ဒီဇင်ဘာလ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဖွင့်ဖွင့်ချင်းပင်ဆောက်နှင့်ထွင်းသလိုဖြစ်ခဲ့ရသည်။ ဖွင့်လှစ်လိုက်သည့် တက္ကသိုလ်နှင့်အတူ ပေါ်ထွက်လာခဲ့သည့် ကိုလိုနီနယ်ချဲ့အစိုးရ၏ ၁၉၂၀ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်သောအားဖြင့် ကျောင်းသား ၂၆ဦး ခေါင်းဆောင်၍ ပထမကျောင်းသားသပိတ်ကြီးကို၁၉၂၀ ဒီဇင်ဘာ ၅ ရက်နေ့(တန်ဆောင်မုန်းလဆုတ် ၁၀ ရက်)တွင် စတင်ဆင်နွှဲခဲ့ကြသည်။ ထိုသပိတ်ကြီး၏ နောက်ဆက်တွဲ အဖြစ် ယနေ့နိုင်ငံတော်က သတ်မှတ်ထားသော အမျိုးသားနေ့အဖြစ် ပေါ်ပေါက်လာခဲ့သည်။

၁၉၃၈ ဒီဇင်ဘာလ ၂၀ ရက် ဒုတိယကျောင်းသားသပိတ်တွင် အတွင်းဝန်များရုံးကို ကျောင်းသားများ ဝိုင်းဝန်းဆန္ဒပြခဲ့ကြရာမှ မြင်းစီးပုလိပ်များ၏ ရိုက်နှက်မှုကြောင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကျဆုံးခဲ့ရသည်။

ကိုနု၊ ကိုအောင်ဆန်း၊ ကိုသိန်းဖေ၊ ကိုသိန်းတင် (ညီမြ)၊ ကိုကျော်ငြိမ်းတို့သည် ကျောင်းသားသမဂ္ဂကို ဦးဆောင်၍ နယ်ချဲ့အား ဆန့်ကျင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ခေတ်တွင်လည်း ကျောင်းသားသမဂ္ဂနှင့် ကျောင်းသားခေါင်းဆောင်အသီးသီးသည် ကျောင်းသားအခွင့်အရေးသာမက ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အရေးတို့တွင် ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့ကြစမြဲ။

ဤသို့ဖြင့် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တွင် စစ်အာဏာရှင် နေဝင်း၏ တပ်များက သမိုင်းဝင်ကျောင်းသားသမဂ္ဂအဆောက်အအုံကို မိုင်းခွဲဖျက်ဆီးရုံသာမက ပစ်ခတ်မှုကြောင့် ကျောင်းသားကျောင်းသူပေါင်း ရာနှင့်ချီကျဆုံးခဲ့ရသည်။ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်းနှင့် ၁၉၇၆ ခုနှစ် မှိုင်းရာပြည့် အရေးတော်ပုံတို့တွင် ကျောင်းသားများရက်စက်စွာ သတ်ဖြတ်ခံကြရသော်လည်း ဦးကားမညွတ်။

၁၉၈၈ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် လုံထိန်းများ၏ လက်ချက်ဖြင့် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်၊ ကိုစိုးနိုင်တို့ ကျဆုံးခဲ့ရသည်။ ထိုမှစ၍ ကျောင်းသားလှုပ်ရှားမှုများ ဆက်တိုက် ဖြစ်ပွားလာခဲ့ပြီး ၁၉၉၆ တွင် ကျောင်းသားသပိတ်တစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။ နောက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ကိုပိတ်ပစ်ခဲ့ပြီး တက္ကသိုလ်သစ်များကို ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်များ၏ အပြင်ဘက်သို့တိုင် ပြောင်းရွှေ့တည်ဆောက်ကာ ကျောင်းသားကျောင်း သူများကို ဝေးလံစွာ တက်ရောက်စေခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။

ကျောင်းသားများသည် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး သံဃာ့အရေးအခင်းကြီးတွင်လည်း သံဃာထုနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။ မြန်မာ့နိုင်ငံရေးအပြောင်းအလဲများနှင့်ကြီးမားသော လှုပ်ရှားမှုတိုင်းတွင် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများကတိုင်းပြည်အတွက် အမြဲဦးဆောင်ပါဝင်ခဲ့ကြလေသည်။

**ရန်ကုန်တက္ကသိုလ် ပြန်လည် အသက်ဝင်လာတော့မည်လော**

*“လိုင်ဘရီလေးလည်း တို့နဲ့ဝေး . . အာစီလေးလည်း သတိရမိတယ် . . ရင်မှာလွမ်းလို့ ကျတဲ့ မျက်ရည် . . ဂျပ်ဆင်အိုကလေး . . ဘယ်မမေ့ဘူး . . . ”*

နှစ်များစွာကြာအောင် စွန့်ပစ်ခြင်းခံထားရသည့် ရန်ကုန်တက္ကသိုလ်နယ်မြေသည် သမ္မတဦးသိန်းစိန်ဦးဆောင်သော ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် ပြန်လည်အသက်ဝင်လာတော့မည့် သဏ္ဌာန်ကို ခပ်ရေးရေးတွေ့လာရသည်။ အမေရိကန် သမ္မတဘားရက်အိုဘားမား၏ နိုဝင်ဘာ ၁၉ ရက် ခရီးစဉ်တွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအတွင်း မိန့်ခွန်းပြောကြားပြီးနောက် ရန်ကုန်တက္ကသိုလ်အား ပြည်တွင်းပြည်ပမှပြန်လည်အာရုံစိုက်မိလာကြခြင်းသည် တက္ကသိုလ်နယ်မြေ၏ ပြန်လည်ရှင်သန်မှုအတွက် ရောင်နီဦးတစ်ရပ်ပင်ဖြစ်ပါသည်။

ပြင်ဆင်မှုများပြုလုပ်လာသည့် ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ၊ ဖွင့်လှစ်နေဆဲဖြစ်သော်လည်း အများစုသောကျောင်းဆောင်များကတော့ သော့ခတ်ထားဆဲ။

ထိုကျောင်းဆောင်များသည် တိုင်းပြည်အနာဂတ်ကို ဖန်တီးမည့်ကျောင်းသား၊ ကျောင်းသူများကို စောင့်ကြိုနေပါသည်။ အဓိပတိလမ်းကြီးသည်လည်းကောင်း၊ သစ်ပုပ်ပင်ကြီးသည်လည်းကောင်း၊ ဂျပ်ဆင်အိုကြီးသည်လည်းကောင်း၊ ဘွဲ့နှင်းသဘင်ကြီးသည်လည်းကောင်း တစ်ချိန်က အရှေ့တောင်အာရှတွင် လက်မထောင်နိုင်ခဲ့သည့် ပညာရေးစနစ်တစ်ရပ်နှင့် ပညာရည်နို့သောက်စို့ကြမည့် ရင်သွေးများကို မျှော်လင့်ကြိုဆိုနေပါသည်။

ကံ့ကော်ပန်းများ ပင်လုံးကျွတ် ဝေဝေဆာဆာပွင့်လာမည့် တစ်နေ့တွင် အဓိပတိလမ်းမကြီးပေါ်၌ တက်ကြွသော ခြေသံများနှင့် ချီလွှင်လတ်ဆတ်သော ရယ်သံများ ပျံ့လွင့်လာပါလိမ့်ဦးမည်။ ယခုတော့ လေတစ်ချက်ဝှေ့လိုက်တိုင်း ရွက်ခြောက်များ တရှဲရှဲအော်မြည်၍ တဖွေ့ဖွေ့ တဖွဲဖွဲ ကြွေကျနေဆဲ . . . . . ။

**မှတ်ချက်-တို့သတိရနေမှာပါသီချင်းကို လူမောင်(ဆေး-၁)ရေးဖွဲ့ခြင်းဖြစ်ပါသည်။**

## မျက်နှာဖုံး-ကြေးနီစီမံကိန်း ပြန်လည်ဆန်းစစ်ရန် လွှတ်တော်အတည်ပြုပြီး ရက်ပိုင်းအတွင်း ဒေါ်အောင်ဆန်းစုကြည် လက်ပန်းတောင်းတောင်သွားမည် မှ

ပြည်သူ့လွှတ်တော်တွင် ကြေးနီစီမံကိန်းကိစ္စ အဆိုတင်သွင်းခဲ့သည့် ပုလဲမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်က ပြောကြားသည်။

ဒေါ်ခင်စန်းလှိုင်က လက်ရှိလုပ်ဆောင်နေသော လက်ပန်းတောင်းတောင်၊ စံပယ်တောင် (တောင်ဘက်)၊ ကြေးစင်တောင် ကြေးနီစီမံကိန်းတို့၏ လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့်ပြည်သူအတွက် အကျိုးအမြတ်အခြေအနေများ ပါဝင်သော ကိစ္စရပ်များကို ကော်မရှင်တစ်ရပ်ဖွဲ့စည်းစစ်ဆေးပြီး ရလဒ်များကိုကြေညာ၍ လုပ်သင့်၊ မလုပ်သင့် ကိုင်တွယ်ဆန်းစစ်ရန် သမ္မတအားတိုက်တွန်းသည့်အဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

“လွှတ်တော်က နောက်ပိုင်းလုပ်သွားမှာ မဟုတ်ပါဘူး။ ကော်မရှင်က စစ်ဆေးထားတဲ့ ရလဒ်တွေကို ပြည်သူကို ချပြပြီး လုပ်ဆောင်သင့်၊ မသင့်ကို ကိုင်တွယ်ဆန်းစစ်ဖို့ သမ္မတကို တိုက်တွန်းတာပါ” ဟု ဒေါ်ခင်စန်းလှိုင်က ဆက်လက်ပြောကြားသည်။

လွှတ်တော်အတွင်း အဆိုတင်သွင်းမှုနှင့်ပတ်သက်ပြီးမြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံရုံးပြောရေးဆိုခွင့်ရှိသူက ယခုကဲ့သို့ တုံ့ပြန်ပြောဆိုသည်။ “လွှတ်တော်မှာဆွေးနွေးကြတာကို ကျွန်တော်အနီးကပ်နားစွင့်နေပါတယ်။ ဥပဒေမူဘောင်အောက်မှာသင့်လျော်တဲ့နည်းလမ်းတွေကတစ်ဆင့် ကွဲပြားခြားနားမှုတွေကို ညှိနှိုင်းဆွေးနွေးကြဖို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တောင်းဆိုမှုကို ကျွန်တော်တို့တန်ဖိုးထားပါတယ်။ မြန်မာပြည်သူတွေရဲ့ ကာလရှည်အကျိုးစီးပွားကိုသာမက မြန်မာ့ အနာဂတ်စီးပွားရေးပွင့်လင်းရေးအတွက်မရှိမဖြစ်လိုအပ်တဲ့တည်ငြိမ်ပြီးခန့်မှန်းတွက်ဆနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ဖန်တီးရေး ဆွေးနွေးဖို့ တောင်းဆိုမှုတွေကို တန်ဖိုးထားပါတယ်” ဟု ၎င်းက ပြောကြားသည်။

စီမံကိန်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သော မြန်မာဝမ်ပေါင်ကုမ္ပဏီ အုပ်ချုပ်ရေးမန်နေဂျာဦးမြင့်သိန်းက “ဒီစီမံကိန်းနှစ်ခုလုံးက အခုမှ လုပ်တာမဟုတ်ပါဘူး။ အိုင်ဗင်ဟိုးလက်ထက်ကတည်းက SIA နဲ့ EIA လုပ်ပြီးသားပါ။ လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကို လေးစားပါတယ်။ ဆန်းစစ်မယ်ဆိုရင်လည်း နိုင်ငံတကာအရည်အချင်းတွေနဲ့ ကိုက်ညီတဲ့ ပညာရှင်တွေ မျှမျှတတနဲ့ ဆောင်ရွက်ပေးမယ့်သူတွေကို ပါဝင်စေချင်ပါတယ်။ သမ္မတရဲ့ ဆုံးဖြတ်ချက်က မြစ်ဆုံလိုမျိုး ရပ်ဆိုင်းခဲ့ရင် ကုမ္ပဏီရဲ့ကြီးမားတဲ့ နစ်နာဆုံးရှုံးမှုကို မြန်မာပြည်ရဲ့ ဥပဒေအတိုင်း ဖြေရှင်းပေးပါလို့ ပြောချင်ပါတယ်”

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် ပတ်သက်၍ စီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနိုင်ငံတကာစံညွှန်းအတိုင်း အကောင်အထည်ဖော်သွားမှာဖြစ်ပြီး အများစိုးရိမ်နေသည့် ပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိကို စီမံကိန်းပြီးလျှင် သက်သေပြမှာဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက အောက်တိုဘာလလယ်က မီဒီယာများသို့ ပြောကြားခဲ့သည်။

“မုံရွာကြေးနီစီမံကိန်းကိုမြန်မာအစိုးရနဲ့ ပြည်သူအတွက် အကျိုးမရှိဘူးဆိုရင် တရုတ်အစိုးရက ထောက်ခံမှာ မဟုတ်ပါဘူး”ဟု တရုတ်သံအမတ်ကြီးကပြောသည်။

သဘောတူညီစာချုပ်ချုပ်ဆိုပြီး အကောင်အထည်ဖော်ဆဲစီမံကိန်းတစ်ခုကိုတစ်ဖက်သတ် ဖျက်မည်ဆိုပါက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုကျဆင်းနိုင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က မီဒီယာသို့ ပြောကြားခဲ့ကြောင်း Messenger News ဂျာနယ် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်။

“အစိုးရအနေနဲ့ပွင့်လင်းမြင်သာမှုရှိဖို့လိုတယ်။ အစကတည်းက ပွင့်လင်းမြင်သာမှုရှိခဲ့ရင် ဒီလိုပြဿနာတွေ မဖြစ်ဘူး။ အခုက ဒီမိုကရေစီမရခင်ချုပ်ခဲ့တဲ့ စာချုပ်တွေကို ဒီမိုကရေစီခေတ်မှာ ပြန်ရှင်းရတာဆိုတော့ နည်းနည်းတော့ အရှုပ်အရှင်းရှိတယ်။ ကိုယ့်ဘာသာကိုယ် လိုလိုချင်ချင်နဲ့ ပေးထားတဲ့ကတိ ကိုယ့်ဘာသာကိုယ် လိုလိုချင်ချင်နဲ့ လုပ်ထားတဲ့ အလုပ်တစ်ခုသဘောတူညီချက်တစ်ခုကို ဖျက်ဆိုတာကတော့ အင်မတန်မှ စဉ်းစားချင့်ချိန်ရမယ့် ကိစ္စပဲ”ဟု ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားခဲ့သည်။

ယခုနှစ်ဆန်းပိုင်းမှစပြီး ဒေသခံများက ကန့်ကွက်တောင်းဆိုမှုများကို တဖြည်းဖြည်း လုပ်ဆောင်လာခဲ့ကြရာ ယနေ့အချိန်ထိလည်း ရပ်ဆိုင်းပေးရန် သပိတ်စခန်းဖွင့်တောင်းဆိုမှုများ ပြုလုပ်နေကြဆဲဖြစ်သည်။

လွှတ်တော်တွင် လက်ပန်းတောင်းတောင်ကိစ္စ ပြန်လည်ဆန်းစစ်ရန် အဆိုအတည်ပြုခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည် သွားရောက်မည်ကို ကြိုဆိုကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောသည်။

“ရပ်တယ်၊ မရပ်ဘူးဆိုတာထက် အကျိုးအပြစ်ကို ကြည့်ရမယ်။ အကျိုးအပြစ်ကို ကြည့်ပြီး ဆုံးဖြတ်တဲ့အပေါ် အားလုံးကလည်း လိုက်နာဖို့လိုတယ်။ ငါ့ သဘောနဲ့မတူဘူးဆိုပြီး မလိုက်နာဘူးဆိုရင်တော့ မကောင်းဘူးပေ့ါ။ လွှတ်တော်က လုပ်တဲ့အတွက် ကြိုဆိုတယ်။ ဒေါ်စု သွားတာ ပိုလို့ကောင်းတယ်။ ဒေါ်စုရဲ့ ပညာဉာဏ်နဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာတွေ ပြည်သူတွေကို ပြောပြမယ်ထင်တယ်” ဟု Ecodev မှ ဦးဝင်းမျိုးသူကပြောသည်။

ယင်းစီမံကိန်းကို သတ္တုတွင်းဝန်ကြီးဌာနမှ ခွင့်ပြုမိန့် (၀၀၀၃/၂၀၁၀)ဖြင့် မြေငှားဂရန်ကိုမြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် wanbao သတ္တုကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နှစ်ခြောက်ဆယ် မြေငှားရမ်းဂရန် ရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က လွှတ်တော်တွင် ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုတွင် မြန်မာဝမ်ပေါင် ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၉၉၉ သန်း ပါဝင်ပြီး ရာနှုန်းပြည့် မြှုပ်နှံထားခြင်းဖြစ်သည်။

လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်း အကျိုးအမြတ်ခွဲဝေမှုတွင် နိုင်ငံတော်က ၁၆ ဒသမ ၈ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ၁၃ ဒသမ ၈ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီက ၁၃ ဒသမ ၃၃ ရာခိုင်နှုန်း ရရှိမည်ဖြစ်ကာ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ၅၆ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က လွှတ်တော်တွင်ပြောကြားခဲ့သည်။

## မျက်နှာဖုံး- သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ထိပ်တန်းအတွေးအခေါ်ရှင်၁၀၀စာရင်းတွင် နံပါတ်တစ် ပူးတွဲသတ်မှတ်ခံရ မှ

မမျှော်လင့်သည့် နိုင်ငံရေးလမ်းကြောင်း ချိုးကွေ့မှုမှာ ကမ္ဘာ့တစ်ဖက်ခြမ်းရှိ အာဏာရှင်စနစ်၏ အဖိနှိပ်ဆုံး တိုင်းပြည်များထဲမှ တစ်နိုင်ငံဖြစ်သောမြန်မာတွင်ဖြစ်ပေါ်လာခဲ့ကြောင်း နိဒါန်းပျိုးရေးသားထားသည်။

ထို့နောက်မဂ္ဂဇင်းက သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦး၏ ခေါင်းဆောင်မှုအောက်တွင် အပြောင်းအလဲမှာ စတင်ခဲ့ကြောင်း၊ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ်တွင်အရပ်သားအစိုးရအာဏာရလာချိန်မှစ၍ လွတ်လပ်စွာပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်း၊ တိုင်းပြည်၏ စီးပွားရေးအား ပွင့်လင်းအောင်ပြုလုပ်ခြင်းတို့အား ဆောင်ရွက်ခဲ့ပြီး ယခုနှစ် ၂၀၁၂ တွင်မူ အမေရိကန်နှင့် သံတမန်ဆက်ဆံရေးများ ပြန်လည်တည်ဆောက်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ ရာချီ၍ ပြန်လွှတ်ပေးခြင်း၊ မီဒီယာဆင်ဆာ ဖျက်သိမ်းခြင်းတို့ဖြင့် နိုင်ငံအပေါ် ပြည်ပမှ စီးပွားရေး ပိတ်ဆို့မှုများကို ဖြေလျှော့စေခဲ့ကြောင်း ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍လည်းမဂ္ဂဇင်းကဒေါ်စုသည်ဦးသိန်းစိန်အတွက် သိသာထင်ရှားသည့် မိတ်ဖက်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်တစ်ဦးအသွင် မမြင်ရသော်လည်း သူမကဲ့သို့သော နာမည်ကျော် နိုင်ငံရေးသမားများ အနည်းငယ်ခန့်သာ လုပ်နိုင်သောလက်တွေ့ကျသည့်နိုင်ငံရေးအလုပ်ကို ဖက်တွယ်လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြသည်။ မဂ္ဂဇင်းက မြန်မာကဲ့သို့ ကမ္ဘာ့အထီးကျန်ဆုံး နိုင်ငံတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်ကြီးဟောင်းသမ္မတ ဦးသိန်းစိန်တို့နှစ်ဦး၏ ကာလတို သဘောတူညီမှုရအောင်ကြိုးစားခဲ့မှုနှင့်ကာလရှည်ပေါင်းစည်းညီညွတ်ရေးကိုပါ ရရှိအောင် ဆန္ဒပြင်းပြမှုသည် ဂုဏ်ပြုစရာပင်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။ ထို့အပြင် မဂ္ဂဇင်းကြီးက ဒေါ်စုနှင့် ဦးသိန်းစိန်တို့၏ အပြောင်းအလဲဖြစ်ပေါ်အောင်ကြိုးပမ်းခဲ့မှုကိုလည်း ဒေါ်စု၏ နိုဗယ်ဆုလက်ခံမိန့်ခွန်းပါစာသားအချို့ကို ကိုးကား၍ နိဂုံးချုပ်တင်ပြထားသည်။ ဒေါ်စု၏ မိန့်ခွန်း၌ ပါခဲ့သော “အမေ့ခံရတာဟာ နည်းနည်းချင်း သေဆုံးရတာပါပဲ။ လူသားထုကြီးတစ်ရပ်လုံးနဲ့ ကျွန်မတို့ဆီ ဆက်သွယ်ထားတဲ့ အချိတ်အဆက်အချို့ ဆုံးရှုံးရတာပါပဲ”ဟူသော စကားကိုကိုးကား၍ ဤအချက်မှာ အလက်ပိုမှသည် ဟာဗားနား၊ ပြုံယမ်းမှသည် တီဟီရန်အထိ ခံစားနိုင်စွမ်းရှိသော ခံစားမှုပင်ဖြစ်နေဆဲဖြစ်ပြီး၊ ယင်းကို ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်တို့က ပြသခဲ့ကြောင်း နိဂုံးချုပ်ဖော်ပြထားသည်။

ယခုနှစ် ၂၀၁၂ အတွက် နိုင်ငံခြားရေးရာ မဂ္ဂဇင်းကြီး၏ ကမ္ဘာ့တွေးခေါ်ရှင် ၁၀၀ စာရင်းတွင် နံပါတ်တစ်နေရာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးသိန်းစိန် (ပူးတွဲ)၊ နံပါတ်နှစ်နေရာ၌ အာရပ်နွေဦး အယူအဆများ ရှင်သန်အောင် ထိန်းသိမ်းနေသူ တူနီးရှားသမ္မတမွန်ဆက်ဖ်မာဇော်ကီ၊ နံပါတ်သုံးနေရာတွင် ဘီလ်ကလင်တန်(ကန်သမ္မတဟောင်း)နှင့် ဟီလာရီကလင်တန်(ကန်နိုင်ငံခြားရေးဝန်ကြီး)တို့ ဇနီးမောင်နှံ၊ နံပါတ်လေးနေရာတွင် ဂူးဂဲလ်ကုမ္ပဏီနှင့် ပူးပေါင်း၍ မောင်းသူမဲ့ကားတီထွင်သူ စတန်းဖို့ဒ်တက္ကသိုလ်မှ ကွန်ပျူတာပညာရှင် ဆီဘတ်စတီယန်ထရန်၊ နံပါတ်ငါးနေရာတွင်ဘီလ်ဂိတ်နှင့်မယ်လင်ဒါဂိတ် ဇနီးမောင်နှံ၊ နံပါတ်ခြောက်နေရာတွင်ပါကစ္စတန်မှ အသက် ၁၅ နှစ်အရွယ် ကလေးသူငယ်ပညာ သင်ကြားရေးနှင့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူမာလာလာယူဆတ်ဇ်ဖိုင်၊ နံပါတ်ခုနစ်နေရာတွင် ကန်သမ္မတ အိုဘားမားတို့အား ပေးအပ်ထားခဲ့သည်။ *-Ref: Foreign Policy*

## စာ-၃၊ သွားလာရေးခက်ခဲသော ငလျင်ဒဏ်သင့်ဒေသများ အကူအညီရရှိမှု နည်းနေဆဲ မှ

ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းကဲ့သို့ တိုက်ရိုက်ပျက်စီးဆုံးရှုံးမှုများ မရှိသော်လည်း ငလျင်လှုပ်ခတ်မှုကြောင့် ရွှေတွင်းလုပ်ငန်းများ ရပ်နားထားရခြင်း၊ မြေအိုး၊ စဉ့်အိုးလုပ်ငန်းများရပ်နားထားရခြင်းတို့ကြောင့် ရွှေဘို၊ ကျောက်မြောင်း၊ သပိတ်ကျင်း၊ စဉ့်ကူးမြို့နယ်များအတွင်းရှိ ဒေသခံလက်လုပ်လက်စား အခြေခံလူတန်းစားများမှာ စားဝတ်နေရေး၊ စီးပွားရေးအတွက် အခက်အခဲကြုံနေရကြောင်း ၎င်းဒေသများတွင် လူမှုကူညီရေး လုပ်ဆောင်ပေးနေသူများကဆိုသည်။

“ရွာမှာက တောင်သူလုပ်တဲ့သူနဲ့ ရွှေလုပ်ငန်းလုပ်တဲ့သူ တစ်ဝက်စီလောက်ရှိတယ်။ ငလျင်ကြောင့် ရွှေလုပ်ငန်းတွေ ပြန်မလုပ်နိုင်သေးဘူး။ အိမ်ဆောက်ပစ္စည်းတွေလိုတယ်”ဟု စဉ့်ကူးမြို့နယ်၊ ခက်သင်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြဆွေကပြောသည်။

ခက်သင်ရွာရှိ တောင်ပေါ်ဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာနှင့် စာသင်ကျောင်းများ ပျက်စီးသွားခဲ့ကြောင်း၊ လတ်တလောစားသောက်နေထိုင်ရေးအတွက် ဆန်၊ အဝတ်အထည် စသည်များကိုလူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာမှ လာရောက်လှူဒါန်းမှုရှိကြောင်း ဦးမြဆွေကပြောသည်။

သပိတ်ကျင်းမြို့အနီး ရေဝတီမြစ်ရိုးတစ်လျှောက်ရှိ ငလျင်ဒဏ်ခံစားခဲ့ရသော ကျေးရွာများသို့မြို့ပေါ်သို့လာရောက်လှူဒါန်းသည့် အလှူပစ္စည်းများ ပြန်လည်ခွဲဝေ လှူဒါန်းပေးနေကြောင်း သပိတ်ကျင်းမြို့ပေါ် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ငလျင်ဒဏ်သင့်ဒေသများသို့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီသို့ နိုဝင်ဘာ ၂၅ ရက်အထိ စေတနာရှင်များမှ အလှူငွေကျပ် ၃၄,၂၉၅၀,၀၀၀၊ အမေရိကန်ဒေါ်လာ ၁၇၁,၀၀၀၊ FEC ၅၀,၀၀၀ လာရောက်လှူဒါန်းထားကြောင်း ၎င်းကော်မတီမှ ဦးသန်းဝင်း(မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဒုညွှန်မှူး) က ပြောကြားသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် အလှူငွေများစွာ လိုအပ်သေးကြောင်း၊ ရရှိလာသော အလှူငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ခွဲဝေသုံးစွဲမည်ဖြစ်ကြောင်း ဦးသန်းဝင်းကပြောသည်။

နိုင်ငံတော်အနေဖြင့် သဘာဝဘေးရန်ပုံငွေအဖြစ် ကျပ်ငွေ ၁၀၀ ဘီလီယံ လျာထားသုံးစွဲလျက်ရှိပြီး၊ ယခုငလျင်ဒဏ်သင့်ပြည်သူများအတွက် ကျပ်ငွေ တစ်ဘီလီယံကို သုံးစွဲသွားမည်ဟု နိုင်ငံတော်သမ္မတက နိုဝင်ဘာ ၂၅ ရက်တွင် ငလျင်ဒဏ်သင့်ပြည်သူများနှင့်သွားရောက်တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

**TRADEMARK CAUTION**

Calpis, Co., Ltd. a company incorporated in Japan at 4-1, Ebisu-Minami 2-chome, Shibuya-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademarks:-

**CALPIS**

Reg: 4/12158/2012

Reg: 4/12157/2012

In respect of : Int'l class 29 : Lactic Acid Bacteria beverage, Butter, Milk, Milk beverages, Yoghurt, and other milk products.

In respect of : Int'l class 32: Soft drinks; fruits drinks, Whey beverages.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myintadvocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 29.Nov.2012

Health
7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# ငရုတ်သီးမှုန့်နှင့် နနွင်းမှုန့်အချို့တွင် ကင်ဆာနှင့် မျိုးရိုးဗီဇကို ထိခိုက်စေနိုင်သည့် ဆိုးဆေးများတွေ့

**ဝတ်ရည်အောင်**

မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဈေးကွက်များအတွင်း ကင်ဆာဖြစ်စေပြီး မျိုးရိုးဗီဇကိုပါ ထိခိုက်စေနိုင်သည့် ဓာတုဆိုးဆေးများ အသုံးပြုထားသည့် ငရုတ်သီးမှုန့်များနှင့် နနွင်းမှုန့်များ စစ်ဆေးတွေ့ရှိရကြောင်း သတင်းရရှိသည်။

၂၀၁၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဈေးကွက်များအတွင်း ရောင်းချနေသည့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့် နမူနာပေါင်း ၁၀၀၀ နီးပါးအား ကောက်ယူကာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ပြီး ငရုတ်သီးမှုန့်အမှတ်တံဆိပ် ၂၀ နှင့် နနွင်းမှုန့်ထုတ်လုပ်သည့် အမှတ်တံဆိပ်နှစ်မျိုးတို့တွင် စားသုံးရန်မသင့်သည့် ဓာတုဆိုးဆေးများ အသုံးပြုထားကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

"ထုတ်လုပ်သူတွေဆီ အကြောင်းကြားထားတယ်။ ဥပဒေနဲ့အညီ အရေးယူသွားမှာပါ"ဟု မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သက်ဆိုင်ရာ ကြီးကြပ်စစ်ဆေးသည့် အဖွဲ့အစည်းကလည်း မကြာခဏ စားသုံးရန် မသင့်သည့် အစားအသောက် ဆေးဝါးများအား ထုတ်ပြန်ကြေညာလေ့ရှိသော်လည်း ဈေးကွက်အတွင်း စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေသည့်အရာများ လျော့နည်းပပျောက်မှုမရှိဘဲ တဖြည်းဖြည်းပိုမိုများပြားလာကြောင်း မှတ်ချက်ပြုပြောကြားသူများလည်းရှိသည်။

"ဥပဒေအရ အရေးယူတာတွေ ရှိခဲ့တယ်။ ဒါပေမဲ့ ပေါ့ပေါ့ပျက်ပျက်ပဲ အရေးယူခဲ့တာဖြစ်တဲ့အတွက် လျော့နည်းသွားတယ်ဆိုတာမျိုးမရှိဘဲ ဘာမှလုပ်မှာမဟုတ်ပါဘူးဆိုပြီး တဖြည်းဖြည်း ကမ်းတက်လာကြတော့ ဥပဒေက အကျိုးသက်ရောက်မှု မရှိဘူးဖြစ်နေတယ်"ဟု တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်းစိုးကပြောသည်။

အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)သည် ထောင်ဒဏ်သုံးနှစ်နှင့် ငွေဒဏ် ကျပ် သုံးသောင်း (သို့မဟုတ်) ထောင်ဒဏ်နှင့် ငွေဒဏ် နှစ်ရပ်လုံး ချမှတ်နိုင်ကြောင်း ဦးအောင်သန်းစိုးကပြောသည်။

စစ်ဆေးသည့် ငရုတ်သီးမှုန့်နမူနာ ငါးရာကျော်တွင် ၁၇၅ မျိုးမှာ စားသုံးသူအား ကင်ဆာဖြစ်စေနိုင်ပြီး မျိုးရိုးဗီဇကိုပါ ထိခိုက်စေနိုင်သည့် ဓာတုဆိုးဆေးများ သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရပြီး နနွင်းမှုန့်နမူနာ ၄၃၀ ကိုစစ်ဆေးရာ ၃၉ မျိုးတွင် စားသုံးရန်မသင့်သည့်ဓာတုဆိုးဆေးများ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း FDA ကထုတ်ပြန်ကြေညာထားသည်။

ထိုငရုတ်သီးမှုန့်များနှင့် နနွင်းမှုန့်များတွင် အစာအိမ်အူလမ်းကြောင်း ရောင်ရမ်းခြင်း၊ ပျို့အန်ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြော ထိုင်းမှိုင်းခြင်းနှင့် ရေရှည်စားသုံးပါက ကင်ဆာရောဂါများ ဖြစ်လာစေသည့် အနီရောင်ဆိုးဆေး Rhodamine B အမျိုးအစား ဓာတုပစ္စည်းနှင့် ရေရှည်တွင် အသည်းနှင့်ကျောက်ကပ်ရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်းနှင့် ကင်ဆာရောဂါတို့ကို ဖြစ်ပွားစေသည့် Auramine-O တို့ ပါဝင်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

"လူ့အသက်အန္တရာယ်တွေနဲ့ သက်ဆိုင်တဲ့အတွက် ပြင်းပြင်းထန်ထန် အရေးယူလို့ရတယ်။ လူတွေကို အစားအသောက်နဲ့ ပတ်သက်ပြီး အန္တရာယ်မဖြစ်အောင် ချမှတ်ထားတာဖြစ်တဲ့အတွက် ထိထိရောက်ရောက်တော့ လုပ်သင့်တယ်"ဟု တရားရုံးချုပ်ရှေ့နေက ဆက်လက်ပြောသည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အရောင်စိုပြည်မှုကိုသဘောကျနှစ်သက်သည့် စားသုံးသူများကြောင့် အစားအသောက်များတွင် ဆိုးဆေးများ အသုံးပြုမှုများပြားနေသည့်အကြောင်းအရာတစ်ခုလည်းဖြစ်ကြောင်း ရန်ကုန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"စားသုံးသူဘက်ကလည်း အန္တရာယ်ဖြစ်စေတဲ့ အရောင်တွေပါဝင်နေတယ်ဆိုတာကို လက်ခံပြီး ရှောင်မှ ဒီဆိုးဆေးပြဿနာက ဖြေရှင်းလို့ရမယ်လို့ထင်တယ်။ မဟုတ်လို့ စားတဲ့သူတွေက အရောင်လည်းမပါလို့ မကြိုက်လို့ မဝယ်ဘူးဆိုနေသမျှတော့ ဒီပြဿနာက သံသရာလည်နေဦးမှာပဲ"ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။

ဓာတုဆိုးဆေးများ အသုံးပြုထားကြောင်း တွေ့ရှိထားသည့် အမှတ်တံဆိပ်များမှာ ဝင်းမိုးငရုတ်သီးမှုန့်၊ မော်လမြိုင်ငရုတ်သီးမှုန့်၊ ရွှေမန်းဝန် ငရုတ်သီးမှုန့်၊ အိအိချို ငရုတ်သီးမှုန့်(အရောင်တင်မှုန့်)၊ စံပယ် ငရုတ်သီးမှုန့် (အရောင်တင်မှုန့်)၊ နှင်းပုလဲ ငရုတ်သီးမှုန့်(အရောင်တင်မှုန့်)၊ ဘုရင်ငရုတ်သီးမှုန့်၊ ညိုညို ငရုတ်သီးမှုန့် (အနုမှုန့်)၊ အောင်ကြည်သိန်း

**စာ(၃၀)သို့**



## ကိုယ်ဝန်ဆောင်များ အရက်သောက်ပါက ကလေးမှတ်ဉာဏ်ထိခိုက်နိုင်

**အောက်စဖို့ဒ်၊ နိုဝင်ဘာ - ၂၁**

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် ရက်သတ္တပတ် ခြောက်ပတ်လျှင် အသင့်အတင့်ပမာဏရှိသော ဘီယာခြောက်ခွက်(သို့) အရက်ခြောက်ပက်နှင့်အောက် သောက်လျှင်ပင် မွေးလာမည့် ကလေး၏မှတ်ဉာဏ်ကိုထိခိုက်နိုင်ကြောင်း ဗြိတိန်နိုင်ငံမှ သုတေသီများက ပြောသည်။

အောက်စဖို့ဒ်တက္ကသိုလ်မှ ဒေါက်တာရွှန်ဂရေးနှင့် လုပ်ဖော်ကိုင်ဖက်များသည် ၁၉၉၀ ခုနှစ်များအတွင်း မိခင်ပေါင်း ၄,၀၀၀ ကျော်နှင့် ၎င်းတို့၏ ကလေးငယ်များကိုလေ့လာခဲ့ပြီး ယင်းကလေးငယ်များနှင့်မိဘများ၏ ကျန်းမာရေးကို မျိုးဆက်တစ်ဆက်ကြာ လေ့လာခဲ့ သည်။

ယင်းသို့လေ့လာရာတွင် ကလေးရှစ်နှစ်အရွယ်၌ အရက်နှင့် ဆက်စပ်မှုရှိသော မျိုးဗီဇလေးမျိုးဖြစ်ထွန်းနေသည်ကို တွေ့ရှိရပြီး ၎င်းမျိုးဗီဇများနှင့် ကလေးများ၏ ဉာဏ်ရည်ထက်မြက်မှုညွှန်းကိန်း (IQ) နိမ့်ပါးမှု ဆက်စပ်နေခြင်းကို သုတေသီများကတွေ့ရှိခဲ့သည်။ ပျမ်းမျှအားဖြင့် ကလေး များ၏ အိုင်ကျူ ၂ မှတ်နိမ့်ပါးနေသည်ကို တွေ့ရသည်။

ကလေးများတွင် အိုင်ကျူနိမ့်ပါးသောအခြေအနေကိုအရက်အသင့်အတင့်သောက်သော မိခင်များ၏ ကလေးများ၌ တွေ့ရပြီး အရက်မသောက်သောမိခင်များ၏ ကလေးများတွင်ယင်းသို့မတွေ့ရှိရကြောင်း၊အမျိုးသမီးများအနေဖြင့်ကိုယ်ဝန်ရှိနေစဉ်အတွင်း အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းမှာ အကောင်းဆုံးဖြစ်ကြောင်းသုတေသီများက ၎င်းတို့၏စာတမ်းတွင် တင်ပြထားသည်။

—Ref: UPI






7 DAY NEWS JOURNAL
Vol.11, No.38 · NOVEMBER 29 , 2012

# ပန်းနာရင်ကြပ်ရောဂါ ကာကွယ်ရန် ကလေးငယ်များကို ငါးကျွေးသင့်

**ရော့တာဒမ်၊ နိုဝင်ဘာ - ၂၁**

အသက်တစ်နှစ်အောက် ကလေးငယ်များ၏ အစားအစာတွင် ငါးထည့်ကျွေးပါက ပန်းနာရင်ကြပ်ရောဂါဖြစ်နိုင်ခြေ အန္တရာယ်ကို လျှော့ချပေးနိုင်ကြောင်း နယ်သာလန်နိုင်ငံမှ သုတေသီများက ပြောကြားသည်။

အသက်ခြောက်လနှင့် တစ်နှစ်အတွင်း ငါးစားသုံးခဲ့ရသော ကလေးများမှာ နောက်ပိုင်းတွင် ပန်းနာရင်ကြပ်ဖြစ်နိုင် ခြေနည်းပါးကြောင်း ရော့တာဒမ်မြို့ Erasmus ဆေးပညာစင်တာမှ သုတေသီဂျက်စီကာက်ဖ်တီဒီဂျောင်နှင့် လုပ်ဖော်ကိုင်ဖက်များက ထုတ်ဖော်ပြောကြားသည်။ အသက်တစ်နှစ်ကျော်ကျမှငါးစားသောကလေးများတွင်မူ သက်ရောက်မှု မတွေ့ရှိရဟု သုတေသီများကဆိုသည်။

၂၀၀၂ မှ ၂၀၀၆ ခုနှစ်အတွင်းကလေးပေါင်း ၇၂၁၀ ဦးကို သုတေသီများက လေ့လာခဲ့ပြီး ယင်းတို့ထဲမှ ၁,၂၈၁ ဦးမှာ ခြောက်လသားအရွယ် မတိုင်မီ ငါးစားခဲ့ကြပြီး ၅,၄၉၈ ဦးမှ အသက်ခြောက်လမှတစ်နှစ်အတွင်း စားခွင့်ရသည်။ ၄၃၁ ဦးမှာအသက်တစ်နှစ်အရွယ်အထိ ငါးမစားရသေးချေ။

အမေရိကန်ကလေးအထူးကုဆရာဝန်များအဖွဲ့ကမူ ကလေးငယ်အသက်ငါးလ၊ ခြောက်လအထိမိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးသင့်သည်ဟုအကြံပေးထားသည်။ သို့သော်ကလေးသည် မွေးဖွားချိန် ၌ကိုယ်အလေးချိန်နှစ်ဆဖြစ်လာလျှင်လည်းကောင်း၊ ကုလားထိုင်တွင်ထိုင်နိုင်ပြီး ခေါင်းမတ်နိုင်လျှင်လည်းကောင်း၊ ဇွန်းဖြင့် ခွံ့ကျွေးပါကပါးစပ်ဟလာလျှင်သော်လည်းကောင်း၊ ပါးစပ်ထဲထည့်ပေးသောအစာကို မျိုချတတ်လျှင်သော်လည်းကောင်း မိခင်နို့အပြင် အခြားအစားအစာများစားရန်အဆင်သင့်ဖြစ်ပြီဟု အမေရိကန်ကလေးအထူးကုများအဖွဲ့က ပြောကြားသည်။

—Ref: UPI



# လူထုပါဝင်သည့် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်းအမှတ်ပွဲ ပထမဆုံးအကြိမ် ကျင်းပမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊နိုဝင်ဘာ-၂၄**

လူထုပါဝင်သည့်ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်းအမှတ်ပွဲအား ပထမဆုံးအကြိမ်အဖြစ် ပြည်သူ့ရင်ပြင်တွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အိတ်ချ်အိုင်ဗွီနှင့်ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်နေသည့် ကွန်ရက်ခုနစ်ခုမှ ပူးပေါင်းဆောင်ရွက်သည့် အဆိုပါအထိမ်းအမှတ်ပွဲတွင် HIV/AIDS ဆိုင်ရာ အသိပညာမြှင့်တင်ခြင်းနှင့် အနုပညာရှင်များ၏ ဖျော်ဖြေပွဲများပါ ထည့်သွင်းထားကြောင်း သိရသည်။

"အရင်က ရောဂါပိုးရှိသူတွေပဲ အချင်းချင်းစုပြီး လုပ်နေတာကနေ ဒီနှစ်မှာတော့ လူထုပါဝင်တဲ့ အထိမ်းအမှတ်ပွဲကို ပထမဆုံးအကြိမ်လုပ်မှာပါ"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

ရုပ်ရှင်ဂီတ အနုပညာရှင်များအပြင် အထူးဧည့်သည် နန်းခင်ဇေယျာ၏ အမှတ်တရစကားပြော အစီအစဉ်များ၊ အမေးအဖြေအစီအစဉ်များ၊ ပညာပေးတစ်ခန်းရပ်ပြဇာတ်များပါ ကျင်းပမည့် အဆိုပါ အထိမ်းအမှတ်ပွဲတွင် အနုပညာရှင်များမှလည်း ရောဂါပိုးကူးစက်ခံထားရသူများအား ခွဲခြားဆက်ဆံမှုမရှိဘဲ တစ်ပြေးညီရှိကြောင်း ဖော်ပြခြင်းအားဖြင့် လူထုအတွင်း ရောဂါကူးစက်ခံထားရသူများအား ခွဲခြားဆက်ဆံမှု လျော့ပါးသွားစေရန်လည်း မျှော်လင့်ထားကြောင်း ပါဝင်ကူညီသူ စာရေးဆရာမ ကံ့ကော်က ပြောသည်။

ရောဂါပိုးကူးစက်ခံထားရသူများအနေဖြင့်လည်း ခွဲခြားခံရမည်ကို ကြောက်ရွံ့ခြင်းကြောင့် ကြိတ်ပြီးကုသနေသည့် အခြေအနေမှ ထိုလှုပ်ရှားမှုများကိုမြင်တွေ့ခြင်းဖြင့် အိတ်ချ်အိုင်ဗီရောဂါဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆက်သွယ်လာနိုင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

လူထုပါဝင်လာခြင်းဖြင့် ရောဂါပိုးရှိသူများအား စာနာနားလည်ကြောင်း ပြသနိုင်သည့်အပြင် ရောဂါပိုး ကူးစက်ခံထားရသူများအား ကြောက်ရွံ့နေသည့် လူထုအနေဖြင့် ရောဂါကူးစက်၊ ကာကွယ်နိုင်သည့်နည်းလမ်းများအား သိရှိရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိသားစုများနှင့် လူငယ်များလာရောက်ရန် ပိုမိုမျှော်လင့်ထားပြီး ရရှိလာသော အလှူငွေများအားလုံးအား ကွန်ရက်အဖွဲ့ဝင်အဖွဲ့များ၏ လိုအပ်နေသော အဖွဲ့များ၊ ဆေးခန်းများနှင့်ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများထံသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့ရင်ပြင် စမ်းချောင်းသာမြက်ခင်းပြင်တွင် ဒီဇင်ဘာ ၂ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Myanmar Positive Group (MPG), National NGOs Network (HIV/AIDS) (3N), Myanmar Positive Women Network (MPWN), Myanmar Interfaith Network on AIDS (MINA), Myanmar MSM Network (MMN), Sexworker Networker in Myanmar (SWIM), National Drugusers Network Myanmar (NDNM) တို့မှ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

"ဟင့်အင်း"ကို ကျော်ဖြတ်ခြင်း
(စက်ခဲသောသူများနှင့် ညှိနှိုင်းခြင်း)
ဒေါ်အောင်ဆန်းစုကြည်

"အမျိုးသားတစ်ဦးကိုကျန်းမာစေခြင်းဖြင့် မိသားစုတစ်ခုလုံးချမ်းသာသုခဖြစ်စေနိုင်သည်။"
အောက်ပါရောဂါလက္ခဏာများသည်အမျိုးသားဆိုင်ရာဘာသာရပ်များအနေဖြင့် အချိန်မီဆရာဝန်ထံပြသသင့်ပါသနည်း။
"နောက်ဆုံးပေါ်အဆင့်မြင့်စက်ကိရိယာများဖြင့် အမျိုးသားရောဂါအမျိုးမျိုးနှင့်လိင်ပိုင်းဆိုင်ရာရောဂါများကိုကုသပေးသည်။"

ဆေးခန်းဖွင့်ချိန် - နံနက် (၈:၀၀) မှ ည (၈:၀၀) အထိ၊ ပိတ်ရက်မရှိ
APOLLO Medical Service Center Contact: ✆ 01-2301171,09-421155967

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်
GRACE MANAGEMENT & CONSULTANCY SERVICES PTE., LTD
SINGAPORE
အောင်ချမ်းမြေ့
(Open 7:00 am To 7:00 pm) ပိတ်ရက်မရှိပါ။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် သင်ကြားသည်။
"အောင်"ပြီး "ချမ်းမြေ့"မှုတွေရဖို့ "အောင်ချမ်းမြေ့"ကိုလာခဲ့ပါ။
(I)
(II) ◆
(III) (Fri, Sat, Sun, Mon, Tue)

| | | | |
|---|---|---|---|
| (I) | 07:00 am to 09:00 am | (IV) | 11:00 am to 02:00 pm |
| (II) | 08:00 am to 11:00 am | (V) | 01:00 pm to 04:00 pm |
| (III) | 09:00 am to 12:00 pm | (VI) | 05:30 pm to 07:30 pm |

Regional
7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# မူလကျောင်းတွင် ပညာပြန်သင်နိုင်ရေး တိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ကျောင်းသားများစောင့်ဆိုင်းမည်

**ညီညီဇော်**

**မန္တလေး၊နိုဝင်ဘာ-၂၄**

စစ်ကိုင်းရွာသစ်ကြီးရှိ တိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပြောင်းရွှေ့ခံရသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) မှ ကျောင်းသားများသည် မူလကျောင်းဟောင်းတွင် ပြန်လည်ပညာသင်ခွင့်ရရန် ၎င်းကျောင်းတွင်ပင် နေထိုင်စောင့်ဆိုင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက မူလကျောင်းတွင် ပြန်လည်ပညာသင်ကြားခွင့်ရရန် တောင်းဆိုနေသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး)မှ ကျောင်းသားများထံ နိုဝင်ဘာ ၂၄ ရက် နံနက်က လာရောက်ခဲ့ပြီး မူလကျောင်းသို့ ပြန်နေခွင့်ရရန်မှာ ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆုံးဖြတ်၍မရကြောင်း၊ သက်ဆိုင်ရာ အစိုးရနှင့် နိုင်ငံတော် သမ္မတတို့ပါ ပူးပေါင်းစဉ်းစား ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးအနေဖြင့် အကောင်းဆုံး လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ အချိန်ကာလအနေဖြင့် တစ်လခန့် ကြာမြင့်နိုင်ကြောင်း၊ ဒီ့ထက်လည်း စောနိုင်ကြောင်း၊ အမြန်ဆုံးနှင့် အကောင်းဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း မူလကျောင်းတွင်ပင် နေထိုင်စောင့်ဆိုင်းနိုင်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်ဟု ကျောင်းသားများက ပြောသည်။ "ဝန်ကြီးကိုလည်း ယုံကြည်ပါတယ်။ ကျွန်တော်တို့ဘက်မှာ အခွင့်အရေးများနေပါတယ်"ဟု ကျောင်းသားတစ်ဦးက ပြောသည်။

ကျောင်းသားများအနေဖြင့် တောင်းဆိုမှုများ ဆက်လက်မပြုလုပ်တော့ဘဲ အဆောင်အတွင်းမှာ ပင်ငြိမ်းချမ်းစွာနေသွားပြီး အဖြေထွက်မည့်ရက်ကို စောင့်ဆိုင်းကြရမည်ဖြစ်ကြောင်း အဆိုပါကျောင်းသားက ပြောသည်။

"ဟိုနေရာကို တောလို့ ကျွန်တော်တို့ မယူဆပါဘူးခင်ဗျ။ အဲဒီကျောင်းက ဆရာတွေကို မွေးထုတ်ပေးတဲ့ ကျောင်းပါ။ ကျွန်တော်တို့နဲ့ မတူပါဘူး။ ဟိုဘက်မှာထက် ဒီမှာ ပညာသင်တာက အခွင့်အလမ်းတွေ ပိုရှိပါတယ်။ အိုင်တီနည်းပညာကအစ အသိဉာဏ်ပညာ ပိုရပါတယ်။ ဒါမှသာလျှင် နောင်တစ်ချိန်မှာ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးဖို့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်တို့ကျောင်းသားအားလုံးက ယုံကြည်ပါတယ်"ဟုကျောင်းသားတစ်ဦးက ပြောသည်။



**တိုင်းရင်းသားလူမျိုးများစွမ်းရည်ဖွံ့ဖြိုးရေးကောလိပ်(မန္တလေး)မှ ကျောင်းသားများ မူလကျောင်းတွင်ပြန်လည်ပညာသင်ယူနိုင်ရန် တောင်းဆိုနေစဉ်**

ဓာတ်ပုံ -ညီညီဇော်

စစ်ကိုင်း ရွာသစ်ကြီးသို့ ပြောင်းရွှေ့ခံရသော ကျောင်းသား ၅၀၀ ကျော်သည် နိုဝင်ဘာ ၂၂ ရက် ညနေ ၆ နာရီမှစတင်ကာ စစ်ကိုင်း ရွာသစ်ကြီးကျောင်းမှ မိုင် ၃၀ ကျော် ကွာဝေးသော မူလကျောင်းဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပေါ် စွယ်တော်စေတီတော်အနီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး)သို့ အထုပ်အပိုးများဖြင့် ခြေလျင်ခရီးနှင်ကာ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီဝန်းကျင်ထိ ၂၂ နာရီကျော်ကြာ ကျောင်းပရိဝုဏ်အတွင်း ဂိတ်ဝတွင်ထိုင်ကာ မူလကျောင်း၌ ပညာသင်ကြားခွင့်ရရေး တောင်းဆိုခဲ့ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)ကို ၂၀၀၀ ပြည့်နှစ်ဇူလိုင် ၂၂ရက်မှစတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ရှမ်း၊ လီဆူး၊ မွန်၊ ကရင်၊ ကချင်၊ ချင်း၊ ဝ အစရှိသည့်မြန်မာနိုင်ငံတွင်းရှိတိုင်းရင်းသားလူမျိုးပေါင်း ၃၀ ကျော် လာရောက်ပညာသင်ကြားနေသော အမျိုးသားသီးသန့်ကျောင်း ဖြစ်သည်။ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကျောင်းရှိ ကျောင်းသားများအား ပညာသင်ကြားရေးစရိတ်နှင့် နေထိုင်စားသောက်စရိတ်ကို တာဝန်ယူပေးထားသော ကျောင်းတစ်ကျောင်းဖြစ်သည်။ ဝိဇ္ဇာ၊သိပ္ပံနှင့်အင်ဂျင်နီယာဘာသာရပ်များအား သင်ကြားပေးနေပြီး ကျောင်းပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည်ဖေဖော်ဝါရီ ၆ ရက်က ယင်းကောလိပ်ကျောင်းသို့ လာရောက်စဉ် ကျောင်းပြောင်းရွှေ့ ပညာသင်ကြားရမည့် အကြောင်းပြောကြားခဲ့ပြီး ကျောင်းသားများက နိုင်ငံတော်သမ္မတထံသို့ ၂၀၁၂ အောက်တိုဘာ ၅ ရက်တွင် တစ်ကြိမ်၊ ၁၂ ရက်တွင် တစ်ကြိမ် မူလကျောင်း၌ ပညာသင်ကြားနိုင်ရေး တင်ပြခဲ့ကြသော်လည်း မန္တလေး ဒီဂရီကောလိပ်ကျောင်းမှ စစ်ကိုင်း၊ ရွာသစ်ကြီး တက္ကသိုလ်သို့စက်တင်ဘာ ၇ ရက်တွင် စတင်ပြောင်းရွှေ့ပညာသင်ကြားခဲ့ရသည်။

# လျှင်ကြောင့် မြေခဲ့သော မန်းစွယ်တော်မြတ်စေတီ စိန်ဖူးတော် နိုင်ငံတော်က ပြန်လည်တင်လှူမည်

**မောင်တာ**

**မန္တလေး၊နိုဝင်ဘာ-၂၄**

ငလျင်ဒဏ်သင့်ကာ မြေခဲ့သော မန္တလေး စွယ်တော်မြတ်စေတီ စိန်ဖူးတော်အား ပုဂ္ဂလိကတင်လှူပူဇော်လိုသူရှိသော်လည်း ခွင့်မပြုဘဲ နိုင်ငံတော်အနေဖြင့်သာ ပြန်လည် တင်လှူပူဇော်မည် ဖြစ်ကြောင်း စွယ်တော်စေတီ ဂေါပကအဖွဲ့မှ သတင်းရရှိသည်။

"စွယ်တော်စေတီ စိန်ဖူးတော်ကို ပုဂ္ဂလိက တင်လှူပူဇော်ချင်တဲ့သူရှိတယ်။ အဲဒါကို နိုင်ငံတော်အဆင့် တာဝန်ရှိသူတွေလာတဲ့အခါပြောတော့ နိုင်ငံတော်ကပဲ လှူပါ့မယ်လို့ ပြောတယ်"ဟု စွယ်တော်မြတ်စေတီ ဂေါပကအဖွဲ့ဝင် ဦးဘိုလေးက ပြောသည်။

စိန်ဖူးတော်ပြန်လည်တင်လှူပူဇော်မည့် နေ့ရက်အတိအကျကို မူမသိရှိရသေးဟု ၎င်းကပင်ပြောသည်။ မန္တလေးစွယ်တော်မြတ်စေတီကို ၁၉၉၅ ခုနှစ် ဇူလိုင် ၆ ရက်တွင် မြေသန့်မင်္ဂလာ ပြုလုပ်ကာ စေတီစတင်တည်ထားခဲ့ပြီး ၁၉၉၆ ဒီဇင်ဘာ ၁၃ ရက်တွင် ရွှေထီးတော်တင်လှူ ပူဇော်နိုင်ခဲ့ကြောင်း မန္တလေးစွယ်တော်စေတီ သမိုင်းအရ သိရသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ ရွှေဘိုငလျင်ကြောင့် စွယ်တော်စေတီ၏ စိန်ဖူးတော် မြေခဲ့ပြီး စိန်ဖူးတော်မှစိန်ဖူးတော်ပတ်လည်တွင် စီခြယ်လှူဒါန်းထားသည့် ရတနာပစ္စည်းအသေး(၁၁)မျိုး ပျောက်ဆုံးခဲ့ကြောင်း၊ ထိုသို့ လွင့်စဉ်ပျောက်ဆုံးနေသော ရတနာပစ္စည်းများအား နိုဝင်ဘာ ၁၉ ရက်တွင် ဂေါပကအဖွဲ့၊ မြစ်ငယ် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များဖြင့် စုပေါင်းရှာဖွေခဲ့ရာ စိန်လေးလုံး အပါအဝင် ပျောက်ဆုံးနေသော စိန်ဖူးတော်မှ ရတနာပစ္စည်းများ ပြန်လည် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ မန်ကျည်းစေ့အရွယ်ကြီးခန့် ရှိမည်ဖြစ်ပြီး စိန်အစစ်ဟုယူဆရသော စိန်ဖူးတော်ထိပ်မှ ရတနာမှာမူ ပြန်လည်မတွေ့ရှိသေးကြောင်း မန္တလေးစွယ်တော်စေတီ ဂေါပကအဖွဲ့မှ သတင်းရရှိသည်။

## တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ပိသာချိန် ၆၀၀၀ ကျော် ဖမ်းမိ

**ရန်နိုင်ကျော်** **မုံရွာ၊ နိုဝင်ဘာ-၂၄**

မုံရွာမြို့ မုံရွာတောင်ရပ်ကွက်တွင် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများတင်ဆောင် မောင်းနှင်လာသည့် (ယူဒီ)ခြောက်ဘီးမော်တော်ယာဉ်အား သက်ဆိုင်ရာက ရပ်တန့်စစ်ဆေးခဲ့ရာ ကျောက်တုံးများထည့်ထား သော ဆာလာအိတ် ၁၆၅ အိတ်ကျော် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

မုံရွာတောင်ရပ်ကွက် မြစ်ကျော်တာဝါတိုင်အနီးချင်းတွင်းမြစ်ရေဆိပ်တွင် ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးများထည့်ထားသော ဆာလာအိတ်များကိုသယ်ဆောင်လာသည့်ခြောက်ဘီးကားပေါ်သို့တင်ဆောင်မောင်းနှင်လာစဉ် ဝပ်ကင်းစောင့်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါအမှုနှင့်ပတ်သက်၍ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးစုစုပေါင်းအလေးချိန်ပိဿာချိန် ၆,၀၀၀ ကျော်အား တရားမဝင် သယ်ဆောင်လာသူလေးဦးကို မုံရွာမြို့နယ် အမှတ်(၁) ရဲတပ်ဖွဲ့စခန်းက အမှုဖွင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.38 · NOVEMBER 29 , 2012

# စတည်းချောင်းရေလျှံမှုကြောင့် ပဲစိုက်ခင်းဧက ၅၀ ကျော် ရေလွှမ်း

ရန်နိုင်ကျော်

မုံရွာ၊ နိုဝင်ဘာ-၂၄


ရေလွှမ်းခဲ့သည့် ထွန်ယက်ပြီး လယ်မြေအချို့ ဓာတ်ပုံ-ရန်နိုင်ကျော်

မုံရွာမြို့ အိုးဘိုထောင်အင်း အတွင်းငါးမွေးမြူရေးကန်များ ရေသွင်းရာမှ စတည်းချောင်း ရေလျှံခြင်းကြောင့်ကုလားပဲစိုက်ခင်းဧက ၅၀ကျော်နှင့်စိုက်ပျိုးရန်ထွန်ယက်နေသော လယ်ယာမြေဧက ၈၀ ခန့် ရေလွှမ်းမိုးခဲ့ကြောင်း အဆိုပါကျေးရွာဒေသခံတောင်သူများက ပြောကြားသည်။

"စတည်းချောင်းရေက ဘုတလင် မြို့နယ်အတွင်းက မြစ်ရေတင်စီမံကိန်းက လာတဲ့ရေလို့လည်း ပြောတယ်။ မူးမြစ်က ဆည်ရေသွင်းတာလို့လည်း တချို့က ပြောတယ်။ သေချာတာက အိုးဘိုထောင်အင်းအတွင်း ငါးမွေးကန်ရေသွင်းဖို့ ရေလွှတ်ရာက စတည်းချောင်းရေလျှံပြီး စိုက်ခင်းတွေ ရေလွှမ်းသွားတာဖြစ်ပါတယ်"ဟု ရှင်ငါးဆယ် ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ချောင်းရေများသည် နိုဝင်ဘာ၁၉ရက်ကပင်စတက်လာခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် စိုက်ခင်းများအား ရေလွှမ်းသွားခဲ့ခြင်းဖြစ်သည်။

"ကုလားပဲခင်းကဧက ၅၀ ဂျုံစိုက်ခင်းက နှစ်ဧက ကျော်ကျော်လောက် ရေလွှမ်းသွားတယ်။ အချို့ကုလားပဲခင်းတွေက အခုမှ မျိုးချထားတုန်း ရေဝင်သွားတာ။ စိုက်ဖို့ပြင်နေတဲ့ ထွန်ထားတဲ့ အခင်းကဧက ၈၀ ကျော်တယ်။ ချောင်းတိမ်ကောနေလို့ ချောင်းရေလာတာနဲ့ လယ်ကွင်းတွေ ရေဖွေးနေတာပါ။ အများစုက ရှင်ငါးဆယ်၊ ကော်လပြ၊ ညောင်ခြေထောက်၊ ကျွဲရဲ၊ အလုံစတဲ့ ကျေးရွာတွေမှာ စိုက်ခင်းရေလွှမ်းသွားတာဖြစ်ပါတယ်" ဟု ညောင်ခြေထောက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းက ပြောသည်။

"စိုက်ခင်းတွေ ရေလွှမ်းသွားလို့ သက်ဆိုင်ရာကို အကြောင်းကြားခဲ့ပါတယ်။ စတည်းချောင်းရေက စိုက်ခင်းတွေ ရေပေးဝေနိုင်အောင် ရေပေးသွင်းတာဖြစ်တယ်လို့ သက်ဆိုင်ရာက ပြောတယ်။ စိုက်ခင်းတွေ ရေပေးသွင်းတာ စတည်းချောင်း တိမ်ကောနေတဲ့အတွက် မြေနိမ့်ပိုင်း မြေကွက်တွေ ရေလွှမ်းသွားတာ ဖြစ်ပါတယ်။ တောင်သူတော်တော်များများက စတည်းချောင်း တိမ်ကောနေလို့ အခုလို စိုက်ခင်းတွေ ပျက်စီးတာဖြစ်လို့ ချောင်းကိုပြန်ဆယ်ဖို့ လိုလားနေကြတယ်" ဟု ကော်လပြကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ဘုတလင်မြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်းများ စိုက်ပျိုး ရေပေးဝေရာမှ စတည်းချောင်းရေလျှံမှုကြောင့် ယခင်နှစ်ဧပြီလဆန်းပိုင်းက ကြက်သွန်နီစိုက်ခင်းဧက ရာပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့်နောက်ပိုင်း ယခုနှစ်တွင် ကုလားပဲ စိုက်ခင်းဧက ၅၀ ကျော် ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

# နွား ၃၁ ကောင်အား ကျပ်ရှစ်ဆယ့်ကိုးသိန်းကျော်ဖြင့် လေလံတင်ရောင်းချ

ရန်နိုင်ကျော်

မုံရွာ၊ နိုဝင်ဘာ-၂၄

မုံရွာခရိုင် အရာတော်မြို့နယ် တရားရုံးတွင်ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ထားသော နွားထီး ၃၁ ကောင်အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချရာ ကျပ် ၈၉ သိန်းကျော်ရရှိခဲ့ကြောင်း အရာတော်မြို့နယ်တရားရုံးမှ စုံစမ်းသိရသည်။

"လေလံကြေညာချက်မှာနွား ၂၁ကောင်လို့အသိပေးကြေညာထားပေမယ့် နွား ၃၁ ကောင် လေလံတင်ရောင်းချနိုင်ခဲ့တယ်။ လေလံဆွဲသူ ခုနစ်ဦးမှာ မြင်းမူမြို့က နွားဝယ်သူနဲ့ အရာတော်မြို့က နွားဝယ်သူနှစ်ဦးက လေလံအောင်သွားတယ်။ နွား ၃၁ ကောင်ကို ကျပ်ရှစ်ဆယ့်ကိုးသိန်းကိုးသောင်းကျော်နဲ့ အရောင်းအဝယ် ဖြစ်သွားတယ်"ဟု အရာတော်မြို့နယ်တရားရုံးတာဝန်ရှိသူတစ်ဦးကပြောသည်။

"နွားလေလံတော်တော်များများ မူလနွားပိုင်ရှင်တွေကသာ ဝယ်ယူရရှိတာများတယ်။ ဒီလေလံပွဲမှာလည်းဒီလိုပဲ။ ဒီလေလံပွဲမှာ မူလနွားပိုင်ရှင်တွေက ကြမ်းခင်းဈေးထက်သိပ်မပေးလို့ မူလနွားပိုင်ရှင်တွေပိုင်ဆိုင်ခွင့် မရခဲ့ဘူး။ အရာတော်နဲ့မြင်းမူမြို့နယ်က နွားကုန်သည်တွေသာ လေလံနိုင်သွားတယ်"ဟု အရာတော်မြို့နယ်တရားရုံးနွားလေလံပွဲသို့ သွားရောက်ကြည့်ရှုခဲ့သူ နွားကုန်သည်တစ်ဦးက ပြောသည်။









7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012



# စစ်တောင်းမြစ်ကမ်းပါးပြိုမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သူ လူ ၆၀၀ ကျော်ရှိ

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

မွန်ပြည်နယ် သိမ်ဇရပ်တိုက်နယ်ရှိကမ်းနားရပ်ကွက်နှစ်ခုတွင် စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုကြောင့်အိုးမဲ့အိမ်မဲ့ဖြစ်သူ လူဦးရေ၆၀၀ကျော်အတွက်ကူညီထောက်ပံ့မှုများ လိုအပ်နေကြောင်း သိမ်ဇရပ်ပရဟိတလူငယ်အသင်းမှ မြို့ခံတစ်ဦးက ပြောသည်။

ယခုနှစ်အောက်တိုဘာလမှစ၍ မကြာခဏဖြစ်ပေါ်နေသောကမ်း ပါးပြိုကျမှုသည် နှစ်ပေါင်း၃၀ အတွင်း ကြီးကြီးမားမားပြိုကျခြင်းဖြစ်ကြောင်း၊ ယခင်လများကအလုံးရေနည်းနည်းဖြင့် ပြိုကျလာရာမှ အိမ်အလုံးရေတဖြည်းဖြည်းများလာသောကြောင့် အန္တရာယ်ဦးစားပေးအဆင့် သတ်မှတ်ပြီးအိမ်အလုံးရေ၈၀ ကြိုဖြိုဖျက်ထားရကြောင်း သိရသည်။ ယခုလက်ရှိတွင် မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် နေအိမ်အလုံး သုံးဆယ်မျောပါခဲ့သည်ဟု အဆိုပါမြို့ခံက ပြောသည်။

"မြစ်ထဲကို ပါသွားတာ အိမ်သုံးဆယ်ဆိုပေမယ့် ကြိုဖျက်ထားရတဲ့ အိမ်တွေနဲ့ တွက်ရင် ၁၃၀ ရှိတယ်။ ဆိပ်ကမ်းသာရပ်ကွက်တင်ပဲ အိမ် ၁၁၀ ရှိတယ်။ ရွာမရပ်ကွက်မှာကအိမ် ၂၀ ရှိတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

စစ်တောင်းမြစ်ကမ်းပါးစပြိုသော အောက်တိုဘာလလအတွင်းက မွန်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်လာရောက် ကြည့်ရှုခဲ့သော်လည်း ယခုပြိုကျမှုတွင်သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းကပိုင်းဝန်းကူညီနေသည်ကလွဲ၍ မည်သည့် အဖွဲ့အစည်းမှ လာရောက်ခြင်းမရှိဘဲ အကူအညီမရသော အိမ်ထောင်စုများမှာဘေးလွတ်ရာနေရာများတွင် ရွက်ဖျင်တဲဆောက်၍ နေထိုင်ကြကာ အစားအသောက်နှင့် နေရာထိုင်ခင်းအခက်အခဲရှိနေကြောင်း မြန်မာလူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ ညှိနှိုင်းဆောင်ရွက်နေသူကိုနေမျိုးဇင်က ပြောသည်။

"အခု ကမ်းနားမှာ ပြိုနေတာပေ ၃၀ လောက်ရောက်နေပြီ" ဟု ကိုနေမျိုးဇင်က ပြောသည်။ ဒေသခံများအနေဖြင့် စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုသည် တဖြည်းဖြည်း ပြောင်းလဲလာသော မြစ်ကြောင်း ပြောင်းမှုကြောင့် ဖြစ်နိုင်ကြောင်း ယုံကြည်နေကြသည်။

# မရောင်းရသည့်ကျောက်မျက်ပွဲလက်ကျန် ကျောက်စိမ်းတုံးများ အချိန်မီပြန်မယူပါက နိုင်ငံပိုင်သိမ်းမည်

**ပြည်သိမ်း၊ မိုးညို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

နေပြည်တော် ကျောက်မျက်ရတနာပြပွဲများတွင် ဝင်ရောက်ပြသ၍ရောင်းချခဲ့ပြီး မရောင်းရဘဲကျန်ရှိနေသည့် ကျောက်စိမ်းအရိုင်းတုံးများကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ထုတ်ယူခြင်းမရှိပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်းထားမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက အသိပေးချက်ထုတ်ပြန်သည်။

"လာမထုတ်တဲ့ ကုမ္ပဏီတွေလာထုတ်အောင် ကြေညာလိုက်တဲ့သဘောပါ" ဟု သတ္တုတွင်းဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကဆိုသည်။

၁၉၉၄ မှ ၂၀၀၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချရခြင်းမရှိသည့် ကျောက်စိမ်းအတွဲများကို ပိုင်ရှင်များက ပြန်လည်ထုတ်ယူရန် အကြောင်းကြားခြင်း၊ ကြော်ငြာသင်ပုန်းများတွင် အသိပေးနိုးဆော်မှုများ ပြုလုပ်ခဲ့သော်လည်း ပြန်လည်ထုတ်ယူခြင်းမရှိကြောင်း ထုတ်ပြန်ချက်တွင် ပါဝင်သည်။

"တရုတ်က အဝယ်မရှိတော့ ကုမ္ပဏီတွေက နာမည်အပျက်ခံတယ်။ ပြန်မထုတ်တော့ဘူး။ ငွေသွင်းပြီး ပြန်ထုတ်ရမှာဆိုတော့ မလွယ်ဘူး" ဟု တရုတ်-မြန်မာနယ်စပ်မူဆယ်မြို့မှ ကျောက်စိမ်းကုန်သည်တစ်ဦးက ဆိုသည်။

တရုတ်နိုင်ငံသည်မြန်မာနိုင်ငံမှ တင်ပို့သည့် ကျောက်စိမ်းကို အခွန် ၃၀ ရာခိုင်နှုန်းကောက်ယူသဖြင့် တင်ပို့နိုင်ခြင်း မရှိကြပေ။ ထို့အပြင် တရုတ်နိုင်ငံအစိုးရက မြန်မာ့ ကျောက်စိမ်းကို ဝယ်ယူရန် တရုတ်ကုမ္ပဏီများအား ချေးငွေများ ထပ်မံမပေးခြင်းတို့ကြောင့် ယခုကဲ့သို့ဖြစ်ရကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

၂၀၁၂-၂၀၁၃ ခုနှစ် ၃ လတာ စာရင်းများအရ ပြည်ပပို့ကုန်များတွင် သဘာဝဓာတ်ငွေ့ပြီးလျှင် ကျောက်စိမ်းတင်ပို့မှုမှာ ဒုတိယအများဆုံးဖြစ်ကြောင်း ကုန်သွယ်ရေးစာရင်းများအရ သိရသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ကျောက်စိမ်းကီလို၄၈,၀၀၀ ကျော် ထုတ်လုပ်ပြီး ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင်ကျောက်စိမ်းကီလို ၅၂,၀၀၀ ကျော် ထိတိုး မြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီအစီရင်ခံစာမှ သိရသည်။

# မောင်တောနှင့် ဘင်္ဂလားဒေ့ရှ်သို့ နယ်စပ်ဖြတ်ကျော် သွားလာမှု နိုဝင်ဘာ ၁၉ ရက်မှစ၍ အကန့်အသတ်မရှိပိတ်ထား

**မောင်ကံ**

**မောင်တော၊နိုဝင်ဘာ-၂၀**

မောင်တောနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်သွားလာခွင့်ပြုထားသည့် တစ်ပိုင်တစ်နိုင်ကူးသန်းသွားလာသူများကို နိုဝင်ဘာ ၁၉ ရက်မှစ၍ အကန့်အသတ်မရှိ ပိတ်ထားလိုက်ကြောင်း တစ်ပိုင်တစ်နိုင် ကုန်သွယ်သူများ၏ ပြောကြားချက်အရသိရသည်။

"ဘာလို့ပိတ်လိုက်တယ်ဆိုတာတော့ မသိရပါဘူး။ ဒီဘက်က လူတွေလည်းမသွား၊ ဟိုဘက်က တစ်ပိုင်တစ်နိုင်သမားတွေလည်း မလာကြပါဘူး။ ကျွန်မအထင်ပြောရရင်တော့ ဒီလ ၆ ရက်က မောင်တောမြောက်ပိုင်းမှာခြံစည်းရိုးတည်ဆောက်နေသူတွေ ပြန်ပေးဆွဲခံရတာနဲ့ ဆက်စပ်နေမယ်ထင်ပါတယ်"ဟုကုန်သည်တစ်ဦးက ပြောသည်။ တစ်ပိုင်တစ်နိုင်နယ်စပ်ဖြတ်ကျော်သွားလာမှုများကို ရပ်နားလိုက်သော်လည်း မောင်တောနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှာ ရပ်နားခြင်းမရှိဘဲ ပုံမှန်အတိုင်း ကုန်စည်တင်ပို့/သွင်းခြင်းများလုပ်ကိုင်လျက်ရှိကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။ တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများ နယ်စပ်ဖြတ်ကျော်သွားလာခွင့် ရပ်နားလိုက်သည့်အတွက် မောင်တောနယ်စပ် တာကာငွေရောင်းဝယ်ရေးလုပ်ငန်းများမှာ နေးကွေးနေပြီး ကုန်စည်စီးဆင်းမှုမှာလည်း အနည်းငယ်လျော့နည်းသွားကြောင်း သိရသည်။

# မန်းတွင် အဆင့်မြင့်မီးပွိုင့်နစ်ခု အားဖြည့်တပ်ဆင်မည်

**မောင်တာ**

**မန္တလေး၊ နိုဝင်ဘာ - ၂၅**



မန္တလေးမြို့ရှိ ယာဉ်ကြောရှုပ်ထွေးရာ လမ်းဆုံတစ်နေရာကို တွေ့ရစဉ်

ဓာတ်ပုံ-ညီညီဇော်

မန္တလေးတွင် ယာဉ်ကြောရှုပ်ထွေးမှုများ သက်သာစေရန်အတွက်လွယ်ကူစေရန်အတွက် အဆင့်မြင့်နည်းပညာသုံး မီးပွိုင့်နှစ်ခုအား ကျပ်သိန်း၆၀၀ ကျော်အကုန်အကျခံ တပ်ဆင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

တရုတ်နည်းပညာသုံး အဆင့်မြင့် ဒစ်ဂျစ်တယ် မီးပွိုင့်နှစ်ခုကို မန္တလေးမြို့ ၆၂ လမ်းနှင့် ၂၆ လမ်းဆုံတွင် တစ်ခုနှင့် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် စစ်ကိုင်းလမ်းခွဲဆုံရာတွင် တစ်ခု တပ်ဆင်မည်ဖြစ်ကာ ၎င်းမီးပွိုင့်နှစ်ခုတပ်ဆင်မှုအတွက် ကျပ်သိန်း ၆၃၀ ကုန်ကျမည်ဖြစ်ပြီး ဒီဇင်ဘာထဲတွင် အပြီးသတ်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးပွိုင့်များကို K.Light ကုမ္ပဏီကတာဝန်ယူတပ်ဆင်မည်ဖြစ်ပြီး ကုန်ကျစရိတ်အား မန်းစည်ပင်အသုံးစရိတ်ထဲမှ ခွဲဝေသုံးစွဲခြင်းဖြစ်ပြီး ပထမဆင့် စမ်းသပ်တပ်ဆင်ခြင်းဖြစ်ကာ ယာဉ်ကြောရှုပ်ထွေးမှုသက်သာခြင်း၊ မော်တော်ယာဉ်စီးနင်းသူများအတွက် အဆင်ပြေလျှင် ယခုကဲ့သို့ အဆင့်မြင့် ဒစ်ဂျစ်တယ်သုံး မီးပွိုင့်များကို ရရှိသည့်ဝင်ငွေပေါ် မူတည်၍ ထပ်မံတပ်ဆင်ပေးမည်ဖြစ်ကြောင်း ၎င်းကပင်ပြောသည်။

မန္တလေးမြို့တွင် တပ်ဆင်ထားသော မီးပွိုင့် (၂၇) ခုရှိပြီး ၎င်းမီးပွိုင့်များ တပ်ဆင်ရာတွင် ယာဉ်ထိန်းရဲများနားနေသည့် အခန်း အပါအဝင် စုစုပေါင်း ကျပ်သိန်း ၁၀၀ ဝန်းကျင်သာ ကုန်ကျကြောင်းလည်း မန်းစည်ပင်မှ သိရသည်။ တရားမဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များ တရားဝင် မှတ်ပုံတင်လိုင်စင်ပြုလုပ်ပေးခြင်း အပါအဝင် မော်တော်များ ဖျက်သိမ်းအပ်နှံအစီအစဉ်များကြောင့် မန္တလေးမြို့တွင် မော်တော်ယာဉ် စီးရေများ တိုးပွားများပြားလျက်ရှိသောကြောင့် ယာဉ်များနှင့် လမ်း၊ မီး ပွိုင့်များမှာ ယာဉ်သွားလာမှုအတွက် ကောင်းစွာလုံလောက်မှု မရှိသောကြောင့် ယာဉ်ကြောရှုပ်ထွေးမှုများ ပိုမိုဆိုးရွားလာပြီး ယာဉ်တိုက်မှုများလည်း နေ့စဉ်ဖြစ်ပွားလျက်ရှိသည်။

ယာဉ်ကြောရှုပ်ထွေးမှုအပါအဝင် စည်းကမ်းမဲ့ ယာဉ်စီးနင်းမောင်းနှင်မှုများကြောင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိမန္တလေးခရိုင်ခုနစ်မြို့နယ်အတွင်း ယာဉ်တိုက်မှု ၄၄၁ မှုဖြစ်ပွားခဲ့ပြီး ၁၄၂ ဦးသေဆုံးကာ ၅၅၁ ဦး ဒဏ်ရာရရှိခဲ့သည်။

# သားမယားပြုကျင့်ရန် ကြံစည်သူအား ကြံခုတ်ဓားဖြင့် ခုတ်ရာမှ လူသေမှုဖြစ်

**စိုင်းလူမင်း**

**ကောလင်း၊နိုဝင်ဘာ-၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဆင်ဂေါင်းကျေးရွာတွင် သားမယားပြုကျင့်ရန် ကြံစည်သူတစ်ဦးအားအမျိုးသမီးက ကြံခုတ်ဓားဖြင့် ပြန်လည်ခုခံခုတ်ရာမှ လူသေမှု ယခုလ ၁၂ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါရက် ညနေ ၃ နာရီခွဲ အချိန်က ဆင်ဂေါင်းကျေးရွာနေလွင်မိုး (၂၀ နှစ်)မှာ လည်ပင်းတွင် နှစ်လက်မခန့် ပြတ်ရှဒဏ်ရာ၊ ညာလက်ပြင်လက်မဝက်ခန့် ပြတ်ရှဒဏ်ရာဖြင့် ကြံခင်းအတွင်းတွေ့ရှိခဲ့၍ တစ်ရွာတည်းနေဖိုးဆူးက လွင်မိုး၏ဖခင်ထံပို့ဆောင်ခဲ့ရာ တစ်ရွာတည်းနေ မဖြူဖွေးက ဓားဖြင့်ခုတ်ခဲ့ကြောင်း အဖြစ်အပျက်ကိုစကားမပြောနိုင်သဖြင့် လွင်မိုးကစာဖြင့်ရေးကာ ပြောကြားခဲ့သည်။ ည ၈ နာရီ ၄၅ မိနစ်တွင် ကောလင်းဆေးရုံ၌ လွင်မိုးသေဆုံးသွားသဖြင့် ကောလင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက လွင်မိုး မသေဆုံးမီက ကျေးရွာလူကြီးများရှေ့တွင် ရေးသားပြောပြခဲ့သော စာရွက်များအား သိမ်းဆည်းခြင်း၊ သက်သေစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီးမဖြူဖွေး (၁၈ နှစ်)အား ကောလင်းရဲစခန်းတွင် (ပ)၃၈၈/ ၂၀၁၂ ပြစ်မှုပုဒ်မ (၃၀၂) အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသူလွင်မိုးသည် မဖြူဖွေးရှိရာ ကြံခင်းသို့လာပြီး ကြံခုတ်ခိုင်းသဖြင့် ခုတ်ပေးနေစဉ် အနောက်မှနေ၍ သားမယားပြုကျင့်ရန် ကြံစည်၍ အရှက်ကိုခုခံကာကွယ်သည့်သဘောဖြင့်ကြံခုတ်ဓားဖြင့် ခုခံရာမှ ဒဏ်ရာရရှိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း တရားခံအမျိုးသမီး၏ထွက်ဆိုချက်အရ သိရသည်။

# သုံးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းသုံးခုတွင် ဒေသခံ ၅,ဝဝဝ ကျော်ကို မိုင်းအန္တရာယ်ကင်းရှင်းရေးပညာပေးဆောင်ရွက်ခဲ့

**မြတ်စုမွန်**
**နေပြည်တော်၊**
**နိုဝင်ဘာ-၉**

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် သုံးနှစ်အတွင်း ဒေသခံစုစုပေါင်း ငါးထောင်ကျော်အား မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အရှေ့တောင် ဖျားဒေသဖွံ့ဖြိုးမှု စီမံချက်မန်နေဂျာက ပြောသည်။

"အရင်က မိုင်းနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း လုပ်လို့မရခဲ့ဘူး။ အခုတော့ ကျွန်တော်တို့ ၂ဝ၁ဝ ကစပြီး မြို့နယ်ပေါင်း ၂၃ မြို့နယ်မှာ အသိပညာပေးအစီအစဉ်တွေ လုပ်နိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အသိပညာရပြီးသား ဒေသခံအချင်းချင်း နီးစပ်ရာ ရွာတွေမှာ Peer Education တွေလည်း ပေးခဲ့ပါတယ်" ဟု မြန်မာနိုင်ငံအရှေ့တောင်ဖျားဒေသဖွံ့ဖြိုးမှုစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာရဲမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် ယင်းစီမံချက်ကို ၂ဝ၁ဝ ပြည့်နှစ်မှ စတင်၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာပေါင်း ၈၈ ရွာတွင်လည်းကောင်း၊ ၂ဝ၁၁ တွင် ၇၅ ရွာကိုလည်းကောင်း၊ ၂ဝ၁၂ တွင် ၇၃ ရွာကို လည်းကောင်း၊ စုစုပေါင်း ၂၃၆ရွာ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မိုင်းအန္တရာယ်ကြောင့် ဆေးရုံ၊ ဆေးခန်းကုန်ကျစရိတ် အစစ်အမှန်အတိုင်း ကူညီပေးခဲ့ရတာ ၈၇ ဦးရှိခဲ့တယ်" ဟု ဒေါက်တာရဲမြင့်က ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR) က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကမ္ဘာ့ကုလသမဂ္ဂအကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့သည် ၂ဝဝ၉ ခုနှစ်တွင် လူသတ်မိုင်းအန္တရာယ်နှင့်ပတ်သက်၍ အထူးလေ့လာစောင့်ကြည့်သော အဖွဲ့ငယ်တစ်ခုကို ဖွဲ့စည်းခဲ့သော်လည်း လက်တွေ့တွင် လုပ်ဆောင်နိုင်ခွင့် မရှိခဲ့ခြင်းကြောင့် အသက်မဝင်ဖြစ်ခဲ့ရကြောင်း မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ(၂ဝ၁၂ခုနှစ်)တွင် ဖော်ပြထားသည်။

ထို့နောက် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးစကားဝိုင်းများ ဆောင်ရွက်လာပြီးနောက် ယင်းအဖွဲ့သည် ၂ဝ၁၂ ခုနှစ်တွင် မိုင်းအန္တရာယ်လျော့ပါးရေး ပညာပေးလုပ်ငန်းများအတွက် စတင်ရန်ဖြစ်နိုင်ခြေများ စတင်ရန်ဆုံးဖြတ်ခဲ့ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

## စာ(၂၅) ဂန္ဓလရာဇ် ခရီးသည်(၁) . . . မှ

ယခုတစ်ခါလည်း ပြတင်းပေါက်မှ ငေးခွင့်မသာပါ။ တရုတ်စံတော်ချိန်က မြန်မာထက် တစ်နာရီခွဲစောသည်မို့ မှောင်နေပါပြီ။ အမှောင်ထု ကတ္တီပါနက်ကြီးထဲတွင်သာ။ ဖြတ်သန်းခဲ့သော ရာဇဝင်ခေတ်များကိုစိတ်ကူးဖြန့်ကြက်ပြေးလွှားရှာဖွေနေမိတော့သည်။ တရုတ်-မြန်မာ ဆက်ဆံရေးခရီးရှည်ကြီး။ မှောင်တရီပြာတစ်လှည့် လင်းတစ်ခါ။ ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ကြောင်း ကြေညာလိုက်သောအခါ မြန်မာနိုင်ငံမှာ တရုတ်ပြည်သစ်ကိုပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်ခုဖြစ်လာသည်။ လက်ဝဲမဟုတ်သည့် ဒီမိုကရေစီနိုင်ငံထဲမှ ဆိုလျှင် ပထမဆုံးပင် ဖြစ်သည်။ ထို့နောက် ဝန်ကြီးချုပ်ဦးနုနှင့် ချိုအင်လိုင်းတို့၏ 'ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်'။ (သို့မဟုတ်)နိုင်ငံတကာ ဆက်ဆံရေး၏ ပဉ္စသီလ။ နောက်နှစ်နိုင်ငံနယ်စပ်အရေးငြိမ်းချမ်းစွာ အဖြေရှာနိုင်ခဲ့ခြင်း။

ဆိုရလျှင် ဤကာလမှာ အစိုးရချင်း ဆက်ဆံရေးသာမက ပြည်သူလူထုချင်း ဆက်ဆံရေးတွင်ပါ ရွှေခေတ်ဟု ဆိုနိုင်စရာများရှိပါသည်။ ၁၉၅ဝ ပေကျင်းမြို့တော်တွင် ကျင်းပခဲ့သော အာရှပစိဖိတ် ငြိမ်းချမ်းရေး ညီလာခံတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ရာ တရုတ်ဥက္ကဋ္ဌကြီးမော် ကိုယ်တိုင်က လက်ဆွဲနှုတ်ဆက်ကြိုဆိုခဲ့သည်။ ဤဖြစ်ရပ်ကို ဆရာကြီးကပင်ဂန္ဓာရီလေးချိုးကြီး တစ်ပုဒ်ဖြင့် မှတ်တမ်းတင်ခဲ့ဖူးသည်ကော။ အနှီစံရာ ဘေးမကင်းတကင်းအရောက်နော်မြန်းခဲ့သော်လည်း ပြည်ဂန္ဓာသွေးရင်းပေါက်ဖော်တို့ လွမ်းရာက . . . စသဖြင့်။

သို့နှင့်တိုင် နှစ်နိုင်ငံ ဂုဏ်တင်ပြောဆိုခဲ့ကြသော သွေးရင်းပေါက်ဖော်ဆက်ဆံရေးမှာ ၁၉၆၇ ခုနှစ်၆/၂၆အရေးအခင်း(ဇွန် ၂၆ တရုတ်-ဗမာအဓိကရုဏ်း)တွင် သံသယအမှောင်ထုတို့ လွှမ်းလာခဲ့ရသည်။ ထို့နောက် တရုတ်ကွန်မြူနစ်ပါတီနှင့် ဗမာကွန်မြူနစ်ပါတီတို့၏ ဆက်ဆံရေးရှေ့ရောက်လာခြင်း၊ ပေကျင်းအသံ၊ နောက်အရှေ့မြောက်စစ်ဒေသ. . ။မြန်မာလူထုထဲမှ အစိတ်အပိုင်းအချို့ကမူ တရုတ်ပြည်ကြီးကို မျှော်လင့်တကြီး အိပ်မက်မက်နေကြဆဲပင်။

၁၉၈ဝ ပြည့် လွန်နှစ်များရောက်တော့မှ ရွှေလမ်း၊ ငွေလမ်းပြန်ဖောက်နိုင်တော့သည်။ လက်တွေ့ ဝါဒီတန့်ရှောက်ပင်းက အစိုးရချင်း ဆက်ဆံရေးကို ပြန်လည်ဦးစားပေးလာသလို မြန်မာခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်တွေလည်း ပေါ်လာသည်။ တစ်ဖက်တွင်ကား ခန်းဆောင်နီထဲတွင် အိပ်မောကျနေသူများ နိုးတစ်ဝက် အိပ်မက်ဖြင့် တစ်ရေးနိုးစပြုလာသည်။ ၁၉၈၈ နောက်ပိုင်းတွင်မူ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးတစ်ကျော့လည်လာတော့သည်။ မြန်မာနိုင်ငံမှာ အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများဖြင့် ရင်ဆိုင်နေရချိန်။ တရုတ်ပြည်ကြီး၏ စီးပွားရေးကွန်ရက်များကလည်း ကမ္ဘာပတ်လာချိန်။ အစိုးရချင်း ပိုနီးလာသလို ရှိသည့်တိုင် နှစ်နိုင်ငံလူထုသည်ကား ပို၍ ပို၍ ဝေးရာဆီသို့ ရွေ့လာတော့သည်။

သည်လိုနှင့် မျက်မှောက်ခေတ်သို့ ရောက်လာသည်။ မြန်မာ့နွေဦးတွင် ပိတ်ဆို့မှုတို့ ပြေလျော့လာသလို မြန်မာလူထုအတွက်လည်း ဆယ်စုများစွာ မျှော်မောခဲ့ရသော နှင်းခဲပျော်ချိန်ရောက်လာသည်။ မြစ်ဆုံဒီဘိတ်။ သမ္မတသစ်၏ ဆုံးဖြတ်ချက် မကြာမတင် လာတော့မည့် အိုဘားမားခရီးစဉ်။ ဤအပြောင်းအလဲများကို တရုတ်တို့ ဘယ်လိုကြည့်မြင်ကြမည်နည်း။ ဘယ်လိုတုံ့ပြန်ကြမည်နည်း။ သမ္မတကြီး ဦးသိန်းစိန်ကမူ အရှေ့အနောက် မခွဲခြားသော နိုင်ငံခြားရေးပေါ်လစီကို တရားဝင်ထုတ်ဖော်ပြောကြားပြီး ဖြစ်သည်။

ကျွန်တော်တို့ခရီးစဉ်နှင့်ဆက်စပ်တန်ရာသော သမိုင်းခြေရာများကိုကောက်ရင်းမှာပင် ပေကျင်းလေဆိပ်သို့ ရောက်သွားတော့သည်။ ညဆယ်နာရီကျော်ကျော်၊ ဆယ့်တစ်နာရီဝန်းကျင်။

**ပထမအတွေ့**

ကျွန်တော်တို့ကို ဆီးကြိုနှင့်သူမှာ အသက် ၃ဝ ဝန်းကျင်လူငယ်တစ်ယောက်။ CNIE က Program Officer ပါဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ သူ့အမည်ကို ပြောသော်လည်း တရုတ်နာမည်တွေက နားမစွဲလှ။ ခေါ်ရခက်သည်။ ကျန်းယီဆိုလားပင်။ လူပုံက ထောင်ထောင်မောင်းမောင်း ခပ်ချောချောမို့ မြန်မာကိုယ်စားလှယ်များကမူ ချိန်ကွမ်းမိန် ဟု ချက်ချင်းကင်ပွန်းတတ်လိုက်သည်။ (ချိန်ကွမ်းမိန် ဆိုသည်က တရုတ်ဇာတ်လမ်းတွဲထဲမှ နာမည်ကြီးမင်းသား ထင်ပါရဲ့) အစ်မကြီးတစ်ဦးကမူ ဒါကို ကန့်ကွက်သည်။ "ဟယ် နေတိုးမှ နေတိုးပါကွယ်။ တို့ကတော့ နေတိုးပဲ ခေါ်မယ်။ နေတိုး. . . နေတိုး"(သူမကနေတိုးပရိသတ်ထင်ပါရဲ့)

'ချိန်ကွမ်းမိန်(သို့မဟုတ်) နေတိုး(သို့မဟုတ်)ကျန်းယီကပင် ကျွန်တော်တို့ကို ဗီအိုင်ပီခန်းထဲခေါ်သွားသည်။ တရုတ်လက်ဖက်ရည်ကြမ်း မွှေးမွှေးဖြင့် ဧည့်ခံသည်။ စံပယ်ရနံ့တသင်းသင်း။ သောက်လိုက်တော့ ရင်ထဲနွေးသွားသည်။ သို့တိုင်အောင် ချဉ်ခြင်းက မပြေ။ ဆေးလိပ်ဆာသည်။ ဆေးလိပ်မသောက်ရတာ လေးနာရီကျော်ရှိပြီလေ။ အိပ်ထဲမှာ ဆေးလိပ်ဘူးပါသော်လည်း မီးခြစ်က မရှိ၊ ကူမင်းလေဆိပ်က သိမ်းလိုက်ပြီ။ ဘာလုပ်ရပါ"

မယောင်မလည်နှင့် အပြင်ထွက်လိုက်တော့ ဗင်ကားကြီးတစ်စီး ကားရှေ့မှန်တွင် တူတံဇဉ် တံဆိပ်ကြီးနှင့် တရုတ်ကွန်မြူနစ်ပါတီမှကားပါကော။ ကားရှေ့ခန်း ဒရိုင်ဘာနေရာမှ မီးခိုးတလူလူထွက်နေတော့ ဝမ်းသာအားရပြေးသွားမိသည်။ ဒရိုင်ဘာဆရာကြီးမှာ စီးကရက်ကို အားရပါးရရှိုက်ဖွာလျက်။ စွဲမက်ဖွယ်ရနံ့ကနှာဝကို လာချူသည်။ ဘယ်လိုမှ မနေနိုင်တော့ စကားရောဖောရော လုပ်ရတော့သည်။

"မြန်မာပြည်ကစီးကရက်ပါ။ မြည်းစမ်းကြည့်ပါဦး"

သူ့အတွက် တစ်လိပ်လောကွတ်ပြုရင်း ကိုယ့်အတွက် တစ်လိပ်ထုတ်သည်။ ဆရာကြီးက အားရပါးရပြုံးရင်း လှမ်းယူသည်။ ကျွန်တော့်ဆေးလိပ်ကို မီးညှိပေးသည်။ "အားပါးပါး အရသာရှိလိုက်တာ" သည်လိုနှင့် အဖွဲ့ကျသွားကာ သူ့မီးခြစ်ကိုပင် အပိုင်ပေးလိုက်သည်။ ပေကျင်းသားကြီးကို ကျေးဇူးတင်လိုက်သည်မှာ ဆိုဖွယ်မရှိ။

အဆိုပါ ပေကျင်းသားကြီးကပင် ဆိုခဲ့ပါ ဗင်ကားကြီးနှင့် ကျွန်တော်တို့အဖွဲ့ကို တည်းခိုရမည့် ဟိုတယ်သို့ လိုက်ပို့သည်။ လေဆိပ်နှင့် ဟိုတယ်မှာ အတော်ဝေးရာ ပေကျင်းမြို့ကြီးကို အလျားလိုက် ဖြတ်ရသလို ရှိသည်။ ပေကျင်းမြို့တော်ကား သပ်ရပ်သည်။ ခန့်ညားသည်။ ဝင်းပသည်။ လမ်းတွေကကျယ်၊ တိုက်တွေကမြင့်၊ နီယွန်မီးရောင်စုံပြိုးပြက်။ သို့နှင့်တိုင် အံ့ဩစရာကောင်းလောက်အောင် တိတ်ဆိတ်လွန်းလှသည်။ လူအသွားအလာ မတွေ့။ ကားအသွားအလာပင် မရှိသလောက်။ လမ်းဘေးဝဲယာ လူနေတိုက်တာတွေ ကြည့်ပြန်တော့ မီးရောင်လင်းနေသည့်တိုင် လူရိပ်လူယောင်မတွေ့။ မှန်ပြတင်းပေါက်တွေကို ဖြတ်ကြည့်တော့လည်း အဝတ်အစားတစ်ထည်တလေလှမ်းထားသည်ပင်မတွေ့။ အဘယ်နည်း။

ကျွန်တော်တို့ တွေ့မှာ လူဦးရေ အများဆုံးတိုင်းပြည်ကြီး၏ လူနေအထူထပ်ဆုံး မြို့တော်ကြီးတွင် ရောက်ရှိနေသလော။ သို့တည်းမဟုတ် လာတော့မည့် ဒရာမာကြီးအတွက် စနစ်တကျပြင်ဆင်ထားသော ဆက်တင်ကြီးတစ်ခုထဲသို့ ဖြတ်သန်းနေရပါသလော။ ကျွန်တော့်မှာ ဇဝေဇဝါ မရေရာ။ ။

*(ဆက်လက်ဖော်ပြပါမည်)*

**TRADEMARK CAUTION**

Fonterra Brands (Singapore) Pte Limited, a company incorporated in Singapore, at 1 George Street, #08-01 One George Street, Singapore 049145 is the Owner and Sole Proprietors of the following Trade mark:-

**ANCHOR**

In respect of "Int'l Class 29: "Dairy products in this class; dairy based beverages and powders; milk; milk products; milk powder; milk protein; cream(dairy products); butter; edible oils; edible fats; cheese; whey; yoghurt; dessert products in this class (dairy products predominating).

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 29.Nov.2012

**နှာခေါင်းရောဂါအမျိုးမျိုးကို အထူးကုသပေးသည်၊**

လိပ်စာ - 998 ...

**စင်္ကာပူနိုင်ငံတွင်လုပ်ရန်**

1.Engineer (B.E- E.P/E.C) (၁၀)ဦး SS 2000 ~ 2500
2.Techanician(G.T.I- E.P/E.C) (၁၀)ဦး SS 800~1000+
B.A/B.Sc + City Guilds (E.P/E.C)
3. Instrument Fitter (၁၀ဦး) SS525~600+
Electrical
4. General Fitter (၁၅ဦး) SS450+
5. Machinery Fitter (၁၅ဦး)SS550~700+
G.T.I (M.P/M.T)B.A/B.Sc + City Guilds (M.P/M.T)

Licence No.022/2012
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

# ထိုင်းနိုင်ငံအတွင်း မြန်မာလုပ်သားများ မတရားခိုင်းစေခံရပါက ILO သို့ တိုင်ကြားနိုင်

**အေးမြတ်သူ**

**ရန်ကုန်၊**
**နိုဝင်ဘာ-၂၄**

ထိုင်းနိုင်ငံအတွင်း သွားရောက်လုပ်ကိုင်သော မြန်မာလုပ်သားများအပေါ် ထိုင်းအလုပ်ရှင်ဘက်မှ တရားမဝင် ဖမ်းဆီးချုပ်နှောင်ခိုင်းစေမှုမျိုးရှိပါက မြန်မာနိုင်ငံရှိ ILO ရုံးသို့တိုက်ရိုက် တိုင်ကြားနိုင်ကြောင်း ILO စေ့စပ်ညှိနှိုင်းရေး အရာရှိက ပြောကြားသည်။

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်နေထိုင်လုပ်ကိုင်နေသော မြန်မာလုပ်သားများအား နှစ်နိုင်ငံသဘောတူစာချုပ်ဖြင့် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိသည်။ သို့သော် ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများဖြစ်သော ငါးဖမ်းလုပ်ငန်းတို့အပြင် ထုတ်ကုန်လုပ်ငန်းတို့တွင် မြန်မာလုပ်သားများအား တရားမဝင်လှောင်ပိတ်ခိုင်းစေမှုများရှိသည့်အပြင် အချို့သော မြန်မာလုပ်သားများသည် ကိုယ်တိုင်အပြစ်ကျူးလွန်မှုရှိသလို အပြစ်မရှိဘဲ အကျဉ်းကျခံရသူများလည်း ရှိနေသည်။

"ဖမ်းဆီးချုပ်နှောင်ခိုင်းစေမှုမျိုးရှိလာခဲ့ရင် အဲဒီပြဿနာတွေကို ထိုင်းမှာရှိတဲ့ ILO ကို အကြောင်းကြားလိုက်ပါမယ်။ ဒီကိစ္စတွေကို စုံစမ်းပေးပါဆိုပြီး အနှိပ်စက်ခံမြန်မာလုပ်သားတွေရဲ့ကိုယ်စားသူတို့အနေနဲ့ ထိုင်းအာဏာပိုင်နဲ့ စကားပြောဆိုသွားပါမယ်" ဟု စေ့စပ်ညှိနှိုင်းရေးအရာရှိ မစ္စတာစတိဗ်မာရှယ်က ပြောသည်။

ဒုက္ခရောက်နေသောမြန်မာလုပ်သားများအနေဖြင့် ၎င်းတို့ကိုယ်တိုင် တိုင်ကြားရန်ခက်ခဲပါက ၎င်းတို့မိသားစုမှ တိုက်ရိုက်ဆက်သွယ်ခြင်း (သို့မဟုတ်) မြန်မာအစိုးရဘက်မှ အတူပူးပေါင်းလုပ်ဆောင်၍သော်လည်းကောင်း ထိုင်းနိုင်ငံရှိ အဖွဲ့များက လာရောက် အကြောင်းကြားမည်ဆိုပါက ILO အနေဖြင့် ယင်းကိစ္စရပ်များအပေါ် မှန်ကန်မှုရှိမရှိ ဆုံးဖြတ် အကြံပေးသွားမည်ဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

ထို့ပြင် တရားမဝင်ရေလုပ်ငန်းများတွင် မြန်မာလုပ်သားများအား မှတ်ပုံတင်ပြုလုပ်မပေးဘဲ တရားမဝင်ဆက်လက်ခိုင်းစေနေမည်ဆိုပါက ကုန်ပစ္စည်းထွက်ရှိသည့်နေရာ၊ ထုပ်ပိုးသည့်နေရာတို့အပြင် ပို့ကုန်ဈေးကွက်တွေအထိလိုက်လံ၍ ကန့်ကွက်ရလိမ့်မည်ဖြစ်ကြောင်း အလုပ်အကိုင်၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးမြင့်သိန်းက နိုဝင်ဘာ ၁၇ ရက်တွင်မီဒီယာများနှင့် တွေ့ဆုံခဲ့စဉ်က ပြောကြားခဲ့သည်။

"တရားမဝင်မှတ်ပုံမတင်ဘဲ ဆက်ပြီးခိုင်းနေမယ်ဆိုရင် သူတို့ထုတ်နေတဲ့ ထုတ်ကုန်တွေအားလုံးတို့သိသလို မင်းတို့လည်းသိတယ်။ နိုင်ငံတကာပို့နေတဲ့ နိုင်ငံတကာဈေးကွက်တွေအထိလိုက်ပြီး ကန့်ကွက်ရလိမ့်မယ်။ လိုအပ်ရင် ကန့်ကွက်ရလိမ့်မယ်" ဟု ဦးမြင့်သိန်းကပြောသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့်လည်း မြန်မာအစိုးရတို့ဖြင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများသည် ယခင်ကထက် တိုးတက်လာမှုများ ရှိလာခဲ့သော်လည်း အချို့သော ထိုင်းအလုပ်ရှင်ဘက်မှ လိုက်နာမှု အားနည်းနေသေးကြောင်း သိရသည်။

လက်ရှိ ထိုင်းနိုင်ငံအတွင်း သွားရောက်လုပ်ကိုင်သူဦးရေ ၂ သန်း နီးပါးခန့်ရှိပြီး ၁ ဒသမ ၂ သန်းကျော်သည် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကာ အချို့သောလုပ်သားများသည် မှတ်ပုံတင်လုပ်ထားသော်လည်း ထုတ်ယူခြင်းမရှိဘဲ ကျန်လူဦးရေ ငါးသိန်းခန့်သည် အထောက်အထား လုံးဝမရှိသေးပေ။

ထို့ပြင် ILO အနေဖြင့် ထိုင်းရောက်မြန်မာလုပ်သားကိစ္စနှင့် ပတ်သက်လျှင် ထိုင်းနိုင်ငံအတွင်း လက်ရှိအကျဉ်းကျသူများသည် ရာဇဝတ်မှုများကြောင့် ကျခံလျက်ရှိရာ ၎င်းကိစ္စနှင့်ပတ်သက်၍ အာဏာပိုင်အဖွဲ့အစည်းများဖြစ်များသော ရဲဝန်ထမ်းများကသာ ဖြေရှင်းဆောင်ရွက်သင့်ကြောင်း ILO မှ မစ္စတာစတိဗ်မာရှယ်က အကြံပြုပြောကြားခဲ့သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
လူမှုရေးအခြေပြုစီးပွားရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရန် အောက်ပါလူငယ်လူရွယ်များ အလိုရှိပါသည်။
၁။ Project Assistant (2) Posts
(အသက် ၂၀-၃၅ နှစ်ကြား၊ ၁၀ တန်းအောင်၊ဘွဲ့ရ၊လူထုအကျိုးပြုလုပ်ငန်းများကိုလူအများနှင့် ပူးပေါင်းဆောင်ရွက် နိုင်သူ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံတတ်ကျွမ်းသူ၊ စာရင်းဇယားပိုင်းဆိုင်ရာကျွမ်းကျင်သူ)
၂။ Sales Assistant (1) Post
(အသက် ၂၀-၃၅ နှစ်ကြား၊ ဘွဲ့ရ၊ လက်လီအရောင်းပိုင်း ဈေးကွက်ပိုင်းဆိုင်ရာကျွမ်းကျင်သူ၊ အခြေခံစာရင်းဇယား ပိုင်ဆိုင်ရာကျွမ်းကျင်သူ)
ဒီဇင်ဘာ (၁၅) ရက်နေ့အထိ နောက်ဆုံးထားလျှောက်ထားရန်။
**ဖုန်း - ၀၉-၅၀၀ ၄၀၆၀**
**တိုက် ၁။ အခန်း ၃၇၊ ၄ လွှာ၊ မြို့ပြအိမ်ရာ၊ ၈ မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Dream City
ကွန်ပျူတာ စာစီစာရိုက်ရန်အတွက် Page Maker Software ကျွမ်းကျင်သူ (၁) ဦး၊ ပညာသင်လိုသူ (၂) ဦး အလိုရှိသည်။။ **ဖုန်း - ၀၉-၇၃၀၅၂၄၃၃**
**အမှတ် ၂၈၅(ပ)ထပ်၊ လမ်း ၄၀ (အထက်) ကျောက်တံတားမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
T.V (ရန်ကုန်)ကားမောင်းသင်တန်း
- မော်တော်ယာဉ်မောင်းသင်တန်းဆရာ (ကျား) ၂၀ ဦး
(ခ) လိုင်စင် (၅) နှစ်သက်တမ်း/ လိုင်စင်အနီရှိသူ
- စာရေးဝန်ထမ်း (မ) ၁၀ ဦး
**အမှတ် (၂၆)၊ ဦးအောင်မြတ်လမ်း၊သိမ်ဖြူကွင်းအနီး၊ မင်္ဂလာတောင်ညွန့်။**

---

**ဝန်ထမ်းအလိုရှိသည်**
P-P Woven Bag Factory မှ အရောင်းဝန်ထမ်း (Sales and Marketing) ကျား /မ (၁) ဦး
(အသက် ၂၅-၃၀ နှစ်အတွင်း၊ ဘွဲ့ရလုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
**ဖုန်း - ၀၉-၅၁၃၀၅၁၂**

---

Vacancy Announcement
Assistance English Language teacher (1) Post Female.
လမ်းမတော်မြို့နယ်တွင် ဖွင့်လှစ်ထားသော English Language Center တွင် တာဝန်ထမ်းဆောင်ရန်။
**ဖုန်း-၀၁ ၂၂၁၆၇၇၊ ၀၉ ၅၀၇၉၈၉၆**

---

**ဝန်ထမ်းအလိုရှိသည်**
ဆိပ်ကမ်းစားသောက်ဆိုင်
၁။ Cashier ကျား (၃) ဦး
၂။ ခါးကိုင် ကျား (၂) ဦး
၃။ Waiter ကျား (၇) ဦး
၄။ သန့်ရှင်းရေး ကျား (၂) ဦး
၅။ ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၅) ဦး
၆။ ဂိတ်ကြေးကောက်စာရေး မ (၂) ဦး
**ဖုန်း - ၀၉၅၀-၉၃၈၇၀**
**အမှတ် (၆၄၇)၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
ငယ်ရွယ်၍ ဖျက်လက်ရှိုးသားသော (ကျား) ဝန်ထမ်းအလိုရှိသည်။
**အမှတ် (၁၂၄)၊ အခန်း ၁၅၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။**

---

**ဝန်ထမ်းအလိုရှိသည်**
တက္ကသိုလ်ဟန်မင်းဦး အနုပညာသင်တန်းကျောင်း
Photoshop, Editing ကျွမ်းကျင် မ (၅) ဦး
ပညာသင် ဝန်ထမ်း မ (၁၀) ဦး
(ခါတ်ပုံပညာသင်ကြားပေးမည်)
**ဖုန်း - ၂၂၇၁၉၉**
**အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းကျွမ်းကျင် ကျား (၃) ဦး
(အသက် ၂၅-၄၀ နှစ်အတွင်း)
ရုံးဝန်ထမ်း ကျား (၂) ဦး
(Computer Word, Excel ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ လုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်)
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
(နေစရာပေးမည်)
**အမှတ် ၄၃၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း - ၀၉-၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
Estate Myanmar Co.,Ltd
Sales & Marketing ကျား (၃) ဦး
Assistant Secretary မ (၂) ဦး
Computer စာစီစာရိုက်ကျွမ်းကျင် ကျား/မ (၂) ဦး
(မှတ်ချက် - Secretary ရာထူးအတွက် အင်္ဂလိပ်စကား အခြေခံကျွမ်းကျင်ရမည်)
**ဖုန်း - ၀၁-၅၁၂၀၂၉**
**အမှတ် (၁၈၃)၊ ဗဟိုလမ်းမ (ခိုင်ရွှေဝါလမ်းမ)၊ ကမာရွတ်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Electrum Co.,Ltd
Translator (English-Myanmar) ကျား (၁) ဦး
(English 4 Skills ကျွမ်းကျင်သူ၊ တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူ၊Computer Microsoft Office နှင့် အင်တာနက် အီးမေးလ် အသုံးပြုနိုင်ရမည်၊ အသက် ၂၅ နှင့် ၃၀ ကြား)
**ဖုန်း - ၆၅၆၆၅၂၊ ၆၅၆၆၅၃**
**အခန်း (၇၀၄)၊ မင်းဓမ္မကွန်ဒို (A)၊ မရမ်းကုန်းမြို့ နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Family Entertainment Group of Co.,Ltd
ယာဉ်မောင်း (၇) ဦး
(လိုင်စင်အနီ (သို့မဟုတ်) အနက်ကိုင်ဆောင်သူဖြစ်ရမည်။ မြို့တွင်း၊ မြို့ပြင်လမ်းများကျွမ်းကျင်ရမည်)
**အမှတ်(၃၄/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
ဘက်စုံကျွမ်းကျင် (ညှပ်/ဖြောင့်/ကောက်) မ (၃) ဦး
ခြေသည်း/ လက်သည်း (ကျွမ်းကျင်) မ (၁) ဦး
**ဖုန်း - ၀၁-၅၄၀၆၀၅**
**အမှတ် (၂၇)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Deluxe Formula Industrial Co.,Ltd
- Sale and Marketing Manager (2) M/F
- Sale and Marketing Supervisor (3) M/F
- Store Manager (2) M/F
- Sale and Marketing (5) M/F
- Injection စက်မောင်း (3) M
- ရောင်း/မောင်း ကျား (၅) ဦး
**အမှတ် (၂၉)၊ ပန်းတဉ်းဝန် ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းမြှင့်တင်ရေးဝန်ထမ်း မ (၅) ဦး
(အသက် ၁၈ - ၂၅ နှစ်အတွင်း၊ အနည်းဆုံးတက္ကသိုလ်ဝင်တန်းအဆင့်၊ အလှကုန်ပစ္စည်းစိတ်ဝင်စားသူ)
No.18(A), KohminKohchin Road, ShweGonDaing, Bahan Township, Yangon.
Ph: 01-04985260

---

**ဝန်ထမ်းအလိုရှိသည်**
1. Makreting & Sales Manager (5) M/F
2. Sale Staff (Medical-related Field) (5) M/F
3. Office Staff (3) F
**၃၃၈ (အေ)၊ ပြည်လမ်း၊ မဟာမြိုင်၊ စမ်းချောင်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
နှင်းတောင်အအေးခန်းစက်ရုံ
ယာဉ်မောင်း (၁၀) ဦး
အရောင်း မ (၁၀) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
**ဖုန်း - ၆၈၆၆၈၀၊ ၆၈၆၆၈၁**
**အမှတ် (၂၂)၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ပေကျင်းလမ်း၊ အင်းစိန်။ ဘုရင့်နောင်ပွဲရုံအနီး၊ ရိုးကြီးချောင်းအနီး။**

---

**ဝန်ထမ်းအလိုရှိသည်**
Vigen Myanmar ကျန်းမာရေးပရဟိတစင်တာတွင် တာဝန်ထမ်းဆောင်ရန်
ကိုရီးယားထမင်းချက် မ (၂) ဦး
သန့်ရှင်းရေး မ (၂) ဦး
(ပရဟိတစိတ်ဓာတ်ရှိရမည်။ ကျန်းမာသန်စွမ်းရမည်။ သန့်ရှင်းစွာလုပ်ကိုင်ရမည်။ အတွေ့အကြုံရှိရမည်။ အသက် (၂၅) နှင့် (၃၅) နှစ်ကြား)
**ဖုန်း - ၅၅၈၄၄၆**
**ယုဇနတာဝါ၊ အခန်း (၁၄၀၆)၊ ၁၃ လွှာ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာဒီဇိုင်နာ မ (၂) ဦး
(Photo Shop ကျွမ်းကျင်သူ၊ အသက် ၂၀-၃၀ နှစ်ကြား)
**ဖုန်း - ၀၉-၅၀၀၂၂၁၂**
**အမှတ်(၂၄)၊မင်းကျောင်းလမ်းနှင့်ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

---

**ဝန်ထမ်းအလိုရှိသည်**
Kyauk Sein Nwe Construction Co.,Ltd
1. Site Engineer
(AGTI (Civil), B.E (Civil) (3) M
AGTI (E.P), B.E (E.P) (2) M
2. Quantity Surveyor (1) F
3. Auto CAD, 3D Max & Sketchup Designer (2) M/F
4. Building Structural Designer (1) M/F
**အခန်းအမှတ်(၃၀၂)၊သုံးလွှာ၊တိုက်(ဘီ) ပညာဝတီရိပ်သာ၊ ရန်ကင်းမြို့နယ်။**
**ဖုန်း - ၀၁-၅၄၆၃၀၆**

---

**ဝန်ထမ်းအလိုရှိသည်**
1. Logistics Manager (1) M/F
2. Executive Secretary (1) F
3. Assistance Warehouse Manager (1) M/F
4. Warehouse Supervisor (1) M/F
5. Logistics & Operation Staff (1) M/F
6. Store Keeper (1) M
7. Driver (2) M
Operations.myanmar@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**
Logistic Officer (1) Female
(Yangon, As soon as possible, 25 years and above, 2 years of working experience)
info.74473@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**
King Group Construction Co.,Ltd
1. Site Engineer (B.E Civil, AGTI Civil) M/F (2) Post
2. Auto CAD (2D,3D) ကျွမ်းကျင် M/F (2) Post
3. Secretary (2) M/F
4. စာရင်းကိုင်ကျွမ်းကျင် (2) F
**ဖုန်း - ၀၉၅၀၉၅၅၁၂**
C39 ၊ဗိုလ်တောက်ဝါ (၉) လမ်း၊ FMI City၊ **လှိုင်သာယာမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Myanmar Golden Rock International Co., Ltd
(1) Sales and Marketing Assistant
( Female Age 20-30, Any Graduate (Preferably in sales and marketing), 1 year Experiecne in sales and Marketing, Fluent in spoken and written english)
6th floor, FJVCC, Botahtaung Township, Yangon

---

**ဝန်ထမ်းအလိုရှိသည်**
Marketing Execurive
(Feamle Only, At Least 2~3 years exp: in related field, communication and reporting skills, age between 25~30, must have knowledge of english language & unsing computer)
**09-421007001**
witt.hmone.2008@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (၁၀) ဦးအလိုရှိသည်။
SPA, FMI ကုမ္ပဏီအုပ်စုတွင် တာဝန်ထမ်းဆောင်ရန်
(အသက် ၂၃ မှ ၅၀ ထိ၊ ၁၀ တန်းနှင့် အထက်၊ ယာဉ်ငယ်၊ လတ်မောင်းနိုင်သူ၊ လစာကောင်းမည်)
**ဖုန်း - ၀၉၄၇၁၀၆၇၈၇**
**အမှတ် (၃၈၀)၊** FMI Center Level 10 & 11၊ **ဗိုလ်ချုပ်အောင်ဆန်းလမ်း**

---

**ဝန်ထမ်းအလိုရှိသည်**
Media & Advertising လုပ်ငန်းအတွက်
- Marketing (3) Female
- Graphic Designer (2) Male
- Office Staff (2) Male
**Ph: 01-202825**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



TIGER BALM
နာကျင်ရာ နာစမ်း . . . TIGER BALM®
Tiger Balm (White)
Reg No. 1308AA599
Tiger Balm (Red)
Reg No. 1402AA1320
Tiger Balm (Liniment)
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
TIGER BALM PLASTER
TIGER BALM PLASTER-RD
RD Warm
Reg No. 1407AA1734
Cool
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

## အမေရိကန်တက္ကသိုလ်ကိုးခု မြန်မာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**



အမေရိကန်သမ္မတအိုဘားမား၏ သမိုင်းဝင်မြန်မာခရီးစဉ်အပြီးတွင် အမေရိကန်တက္ကသိုလ် ကိုးခုသည်မြန်မာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့အဆင့်မြင့်ပညာရေး ပြန်လည်တည်ဆောက်ရာ၌ ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း Institute of International Education (IIE) က သတင်းထုတ်ပြန်သည်။

အမေရိကန်တက္ကသိုလ်၊ အရီဇိုးနားပြည်နယ်တက္ကသိုလ်၊ ဘောပြည်နယ်တက္ကသိုလ်၊ ဟာဝိုင်အီးပစိဖိတ်တက္ကသိုလ်၊ နောသစ်အီလင်နွိုက်တက္ကသိုလ်၊ နောသစ်အရီဇိုးနားတက္ကသိုလ်၊ ဆန်ဖို့တက္ကသိုလ်၊ မက်ဆာချူးဆက်တက္ကသိုလ် (လိုဝယ်)နှင့်ဝါရှင်တန်တက္ကသိုလ်တို့သည်မြန်မာတက္ကသိုလ်များနှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဒီဇင်ဘာလအတွင်း မြန်မာ့အဆင့်မြင့်ပညာရေးအကြောင်းကို နှစ်နိုင်ငံပူးတွဲအစည်းအဝေးများ အစဉ်လိုက်ကျင်းပသွားမည်ဖြစ်ပြီး အမေရိကန်ပညာရေးကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ၂၀၁၃ ဖေဖော်ဝါရီလတွင်မြန်မာနိုင်ငံသို့လာရောက်မည်ဖြစ်သည်။

အမေရိကန်ပညာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်စဉ်တွင် ရန်ကုန်နှင့်မန္တလေးမြို့တို့၌ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်မည့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး ပညာရေးအသိအမှတ်ပြုမှု၊ အရည်အသွေးထိန်းကွပ်မှု၊ သင်ကြားရေးဌာန ဖွံ့ဖြိုးမှု၊ ကျောင်းသားလေ့လာ သင်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားအကြောင်းအရာများကို ဆွေးနွေးဟောပြောသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင်မြန်မာတက္ကသိုလ်များမှ တာဝန်ရှိသူများအနေဖြင့် ၎င်းတို့၏ အဓိကလိုအပ်ချက်နှင့် ဦးစားပေးဆောင်ရွက်ရန် ကိစ္စများကို အမေရိကန်ပညာရေးကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း IIE က ကြေညာထားသည်။

IIE ၏ နှစ်စဉ်ထုတ်ပြန်မှုစစ်တမ်းအရ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မြန်မာကျောင်းသား ၇၉၆ ဦးသည် အမေရိကန်နိုင်ငံ၌ ပညာသင်ယူလျက်ရှိပြီး ယင်းမှာ ယခင်နှစ်ထက် ၁၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၏ ပွင့်လင်းလာမှုအခြေအနေများကြောင့် ကျောင်းသားဦးရေ ထပ်မံမြင့်တက်ဖွယ်ရှိကြောင်း ယင်းအဖွဲ့က သုံးသပ်ထားသည်။

## တက္ကသိုလ်များ အစိုးရဘဏ္ဍာအပြင် အခြားဝင်ငွေများဖြင့် လည်ပတ်ရန်လို

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

မြန်မာနိုင်ငံရှိ တက္ကသိုလ်များအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ရန်ပုံငွေလည်ပတ်မှု အသုံးစရိတ်များအား နိုင်ငံတော်၏ဘဏ္ဍာငွေခွင့်ပြုချက်အပြင် တက္ကသိုလ်၏ အထူးပြုပညာရပ်နယ်ပယ်နှင့် တည်ရှိရာဒေသတို့အပေါ် မူတည်ကာ ဝင်ငွေရလုပ်ငန်းများဆောင်ရွက်ရန် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အဆင့်မြင့်ပညာ ကဏ္ဍစာတမ်းတွင် သုံးသပ်ထားသည်။

လက်ရှိအချိန်တွင်ပညာရေးဆိုင်ရာ ကုန်ကျစရိတ်များ အားလုံးကို နိုင်ငံတော်ကသာ တာဝန်ယူဖြည့်ဆည်းပေးရမည်ဟူသော ယူဆချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ တက္ကသိုလ်များအနေဖြင့် ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ကာ သီးခြားရန်ပုံငွေစာရင်းဖွင့်လှစ်ပြီး တက္ကသိုလ်၏ စီမံခန့်ခွဲမှုဖြင့် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် သုံးစွဲရန် လိုအပ်နေကြောင်းယင်းစာတမ်းတွင်ထောက်ပြထားသည်။

"အစိုးရကပေးတဲ့ အသုံးစရိတ်အများစုက ပညာရေးဝန်ထမ်းတွေ၊ ဆရာ၊ ဆရာမတွေ လစာပေးတာနဲ့တင် တော်တော်ကုန်နေတယ်။ တခြားဖွံ့ဖြိုးရေးကိစ္စတွေ၊ သုတေသနတွေအတွက် အသုံးစရိတ်က ၁၀ ရာခိုင်နှုန်းတောင် မရှိဘူးဖြစ်နေတယ်" ဟု တက္ကသိုလ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေသော အဆင့်မြင့်ပညာရေးဝန်ထမ်းတစ်ဦးကပြောသည်။

လက်ရှိတက္ကသိုလ်၊ ကောလိပ်များသည် နိုင်ငံတော်အသုံးစရိတ်တစ်ခုတည်းဖြင့်သာ ရပ်တည်လည်ပတ်နေရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်နေပြီး တက္ကသိုလ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဘဏ္ဍာငွေသုံးစွဲခွင့်တို့အတွက် ပညာရှင်များက တောင်းဆိုနေကြသည်။

ပြည်တွင်းတက္ကသိုလ်များသည် နိုင်ငံတကာတက္ကသိုလ်များနှင့် တိုက်ရိုက်ချိတ်ဆက်မှု အားနည်းနေခြင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတော်နှင့်ပုဂ္ဂလိကတို့စနစ်တကျ ပူးပေါင်းရင်းနှီးမြှုပ်နှံသည့် ပညာရေးစနစ်ဖြစ်ထွန်းလာစေရန် လိုအပ်နေခြင်း၊ တက္ကသိုလ်များတွင် ပြည်တွင်းပြည်ပ ပညာရှင်များ တိုက်ရိုက်ခေါ်ယူခွင့်နှင့် နိုင်ငံခြားပညာ အခွင့်အလမ်းများ ပိုမိုများပြားလာစေရန် လိုအပ်နေခြင်း စသည့် အကန့်အသတ်များ ဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့အပြင် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများသည် သင်ယူခဲ့သော ပညာနှင့် သက်ဆိုင်သည့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကြောင့် တက္ကသိုလ်ပညာသင်ယူစဉ် ပညာရပ်အား တန်ဖိုးထား၍ လေးလေးနက်နက် တတ်မြောက်အောင်သင်ယူလိုစိတ်နည်းပါးနေကြောင်း အထက်ပါစာတမ်းက သုံးသပ်ထားသည်။

**ပညာရေးသတင်းတို**

### ဂျာမနီနိုင်ငံတွင် သတင်းစာပညာသင်ယူခွင့် လျှောက်ထားနိုင်

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

တရုတ်၊ တရုတ်(တိုင်ပေ)၊ မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ သတင်းသမားများ ဂျာမနီနိုင်ငံ၌ လာမည့်နှစ်မေနှင့်ဇွန်လတို့တွင်သွားရောက်၍ သတင်းစာပညာသင်ယူခွင့်အတွက် နိုဝင်ဘာလကုန် နောက်ဆုံး လျှောက်ထားရမည်ဖြစ်ကြောင်း ဂျာမန်သံရုံးမှ သတင်းထုတ်ပြန်ထားသည်။ သတင်းမီဒီယာလုပ်သက် ငါးနှစ်နှင့်အထက်ရှိရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား ရေလည်စွာပြောဆိုနိုင်ရမည်ကာ စိတ်ဝင်စားသူများအနေဖြင့် www.ijp.orgတွင် ဝင်ရောက်ကြည့်ရှုလေ့လာ လျှောက်ထားနိုင်သည်။

### ရန်ကုန်နှင့်မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပူးပေါင်း၍ ဆွေးနွေးပွဲပြုလုပ်မည်

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

နိုင်ငံခြားဘာသာ တက္ကသိုလ်များ၏ ပညာရည်မြင့်မားရေးအတွက် စာတမ်းခေါင်းစဉ် ၁၆ ခု ဖတ်ကြားမည့် ဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၉ နှင့် ၃၀ ရက်တို့တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ သင်ကြား၊ သင်ယူမှုစွမ်းရည်မြင့်မားရေးနှင့် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သောကွန်ရက်များ မြှင့်တင်ရေးဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်သော ဆွေးနွေးပွဲသို့ သက်ဆိုင်ရာပညာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

### တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေး ဒီပလိုမာ သင်တန်းဖွင့်မည်

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

လာမည့်နှစ်မှစ၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး ဒီပလိုမာ သင်တန်းကိုစတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသက် ၃၀ နှစ် အောက် သိပ္ပံဘွဲ့(သို့မဟုတ်)မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဘွဲ့ရရှိထားသော အမျိုးသားများ တက်ရောက်နိုင်မည်ဖြစ်သည်။ တစ်နှစ်ကြာမြင့်မည့် သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် နိုဝင်ဘာလကုန် နောက်ဆုံးထား၍ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ မွေးမြူရေးနှင့် ကုသရေးရုံးများတွင် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။


THE WORLD BANK

The World Bank is reengaging in Myanmar and we are seeking to employ high caliber professionals to join our new Myanmar Country Team.

We are recruiting staff to join our office located in Yangon for the position:

**Financial Sector Specialist – Vacancy #122712**

Details are available in the World Bank Careers website: www.worldbank.org/careers. All applications must be submitted through this website. We welcome applications from individuals who are fluent speakers in Myanmar and English languages. The World Bank is committed to achieving diversity in terms of gender, nationality, culture and educational background. Individuals with disability are equally encouraged to apply. **Please contact paniti@worldbank.org for questions regarding the application process.**

**Closing date is December 1, 2012**

Working For a World Free of Poverty

**English Composition Class**

ကမ္ဘာသုံးအင်္ဂလိပ်ဘာသာသင်တန်း

(Sentences construction) ... Clause/Phrase ...

www.kyelzineng.blogspot.com

**INSPIRATION**

ENGLISH LANGUAGE CENTER

1. Foundation English
2. General English(4Skills)
3. Business Communicative English

ကျောက်မြောင်း ရောက်ရင်လေ....

COUNTRY CLUB RESTAURANT ဆိုင်က

ဘဲကင် နှင့် ဆိတ်ပေါင်းစပ်

သားနဲ့သမီး အတွက်ကတော့....

COUNTRY CLUB BAKERY ဆိုင်က

BURGER နှင့် COFFEE RAISIN ROLL

ကို ဝယ်မြဲအောင် ဝယ်ခဲ့ပေးပါနော်!......

လတ်ဆတ်သန့်ရှင်းမှုကတော့ ဒို့ မိသားစုအကြိုက်ပါပေါ့....

COUNTRY CLUB RESTAURANT & BAKERY

No. 28, Thida Street Kyaukmyaung Tamwe

Yangon. Ph: 01-544269

7 DAY NEWS JOURNAL
Vol.11, No.38 · NOVEMBER 29 , 2012

# ကန်းဘရစ်ချ်တက္ကသိုလ်ပညာသင်ဆု ဒီဇင်ဘာ၄ရက် နောက်ဆုံးလျှောက်ရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

မြန်မာကျောင်းသားများအတွက် ယခုနှစ်တွင် စတင်ပေးအပ်မည့် ကန်းဘရစ်ချ်တက္ကသိုလ်ပညာသင်ဆု အစီအစဉ်ကို ဒီဇင်ဘာလ ၄ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း ဗြိတိသျှသံရုံးမှ သတင်းထုတ်ပြန်သည်။



ဗြိတိသျှအစိုးရသည် မြန်မာကျောင်းသားများအတွက် Chevening ပညာသင်ဆုအစီအစဉ်ကိုဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကန်းဘရစ်ချ်တက္ကသိုလ်တွင် ပညာသင်ယူခွင့်အတွက် မြန်မာကျောင်းသားနှစ်ဦးထိ ရွေးချယ်မည့်အစီအစဉ်သစ်တစ်ရပ်ကို ထပ်မံ ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

"ရန်ကုန် ဗြိတိသျှသံရုံးရဲ့ ပူး ပေါင်းဆောင်ရွက်မှုနဲ့ မြန်မာကျောင်းသားတွေ ကန်းဘရစ်ချ်တက္ကသိုလ်မှာပညာသင်ဖို့ Cambridge Commonwealth Trust က ထောက်ပံ့မှုပေးရတာကို ဝမ်းသာပါတယ်။ ဒီပညာသင်ဆုက ဘာသာရပ်နယ်ပယ်စုံအတွက် လျှောက်ထားနိုင်ပြီး အထူးချွန်ဆုံး မြန်မာကျောင်းသားတွေ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်မှာမဟာတွဲ့ ပညာသင်ယူခွင့်ရရှိကြမှာ ဖြစ်ပါတယ်"ဟု Cambridge Commonwealth Trust & Cambridge Overseas Trust ၏ ဖွံ့ဖြိုးတိုးတက်မှုမန်နေဂျာ Hilary Perrott ကဆိုသည်။

ကန်းဘရစ်ချ်ပညာသင်ဆု အစီအစဉ်အတွက် ကန်းဘရစ်ချ်တက္ကသိုလ်တွင် ကျောင်းဝင်ခွင့် လျှောက်ထားရန် လိုအပ်မည်ဖြစ်ပြီး http://www.admin.cam.ac.uk/students/gradadmissions/prospec/index.shtml တွင် ကျောင်းဝင်ခွင့် လျှောက်ထားမှု ပုံစံ ကြည့်ရှုနိုင်မည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားသူများအနေဖြင့် Chevening ပညာသင်ဆုနှင့် ကန်းဘရစ်ချ်တက္ကသိုလ်ပညာသင်ဆုတို့ကို တစ်ပြိုင်နက်တည်း လျှောက်ထားရမည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် Press.Officer@fco.gov.ukသို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

# တက္ကသိုလ်ကျောင်းသားများ အာရှတွင် ပညာသင်နိုင်ရန် ဩစတြေးလျစီစဉ်

**ဆစ်ဒနီ၊ နိုဝင်ဘာ - ၂၄**

ဩစတြေးလျနိုင်ငံအနေဖြင့် အာရှတွင် အခိုင်အမာ နေရာယူနိုင်ရန်အတွက် ၎င်းတို့၏ တက္ကသိုလ်ကျောင်းသားများအား အာရှနိုင်ငံများတွင် လာရောက်ပညာသင်ယူနိုင်ရန် စီစဉ်နေသည်။

ညွန့်ပေါင်းအစိုးရအဖွဲ့ စီမံကိန်းအရ ဩစတြေးလျကျောင်းသားများသည် အာရှတက္ကသိုလ်များနှင့် ကျောင်းသားဖလှယ်ရေးအစီအစဉ်တွင်ပါဝင်ကာ အာရှတွင် တစ်နှစ်ပညာသင်ကြားရမည်ဖြစ်သည်။ ယင်းအစီအစဉ်အကောင်အထည်ဖော်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မစ္စက်ဂျူလီဘစ်ရှော့သည်စင်ကာပူ၊ အင်ဒိုနီးရှား၊ ပါပူဝါနယူး ဂီနီနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ညွန့်ပေါင်းအစိုးရလက်ထက်တွင် အဆိုပါကျောင်းသားလဲလှယ်ရေးအစီအစဉ်အားကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ယခင်ဝန်ကြီးချုပ် ဟောဝပ်အစိုးရလက်ထက်ပညာရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ မစ္စက် ဂျူလီက ပြောသည်။

ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ပါက တစ်နှစ်လျှင် ကန်ဒေါ်လာ ၉ ဒသမ ၃ သန်းကုန်ကျနိုင်ပြီး ထိုအတွက် အာရှနှင့်ဩစတြေးလျ ကျောင်းသား ၂၅၀ ခန့်အတွက် နိုင်ငံရပ်ခြား၌ ပညာသင်ကြားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**အ.ထ.က(၁) အင်းစိန် အဌမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

အ. ထ. က(၁) အင်းစိန်၌ ၁၉၂၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား အဌမအကြိမ် အာစရိယပူဇော်ပွဲကို အ. ထ. က(၁)အင်းစိန် စရာခန်းမတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်၊ အဝေးရောက် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသူ၊ ကျောင်းသားဟောင်းများလည်း ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုပါက ...

အာစရိယပူဇော်ပွဲကြီးမြှောက်ရေးအဖွဲ့

# မြို့ပြအင်ဂျင်နီယာနည်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်မည်

**ရန်ကုန်၊နိုဝင်ဘာ-၂၂**

စင်ကာပူနိုင်ငံရောက်မြန်မာမြို့ပြအင်ဂျင်နီယာများအသင်း၏ နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးတင်ပြမှုနှင့် နှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာလ ၂၃ ရက်၊ နံနက် ၉ နာရီမှ ညနေ၅နာရီထိလမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံးချုပ်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် ဒေါက်တာစိုးသိမ်းက Marina Coastal Express Way Construction Work in Singapore ၊ ဦးတိုးတိုးအောင်၊ ဒေါ်စန်းစန်းတင်တို့က Technical Requirements for Deep Excavation in Singapore ၊ ဦးကျော်သက် ဦးက Large Diameter Pipe Jacking Work for Sewer Network ၊ ဦးစန်းနွယ် Principle and Practice of Quality Control in Highway Construction Projects၊ ဦးတင်မိုးလွင်က Contract Strategies နှင့် ဦးသန့်ဇော်အောင်က Workplace Safety in Singapore Construction Industry တို့အကြောင်း ရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

# IELTS စာမေးပွဲ အချိန်စာရင်းထုတ်ပြန်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ပြည်ပတွင်သွားရောက်ပညာသင်ယူရန် ပြင်ဆင်နေသူအများစုဝင်ရောက်ဖြေဆိုနေသော အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲ (IELTS) ၂၀၁၃ ခုနှစ်အတွက် စာမေးပွဲအချိန်စာရင်းများကို ဗြိတိသျှကောင်စီ (မြန်မာ)က ထုတ်ပြန်လိုက်သည်။

လစဉ်ကျောင်းသားသုံးရာနီးပါး ဝင်ရောက်ဖြေဆိုသော တစ်လ၊ တစ်ကြိမ်ဆောင်ရွက်နေခြင်းဖြစ်ပြီး စနေ သို့မဟုတ် ကြာသပေးနေ့တို့တွင် ကျင်းပစစ်ဆေးသွားမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုရန် ပတ်စ်ပို့အရွယ်ဓာတ်ပုံ နှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်မိတ္တူတစ်စုံတို့နှင့်အတူ ငွေကျပ်တစ်သိန်းသုံးသောင်းတို့ဖြင့် စာရင်းပေးသွင်းရမည်ဖြစ်သည်။ ယခင်က အမေရိကန်ဒေါ်လာ ၁၄၇ ဖြင့် စာမေးပွဲကြေးပေးသွင်းခဲ့ရသော်လည်း ငွေဈေးအပြောင်းလဲများကြောင့် ၂၀၁၂ ခုနှစ်မှစ၍ ကျပ်ငွေဖြင့် ပေးသွင်းရန် ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။

| စာရင်းသွင်းပိတ်ရက် | စာမေးပွဲရက် | ရလဒ်ထုတ်ပြန်ရက် |
|---|---|---|
| ၂၀၁၂ ဒီဇင်ဘာ ၇ | ဇန်နဝါရီ ၁၂ | ဇန်နဝါရီ ၂၅ |
| ၂၀၁၃ ဇန်နဝါရီ ၉ | ဖေဖော်ဝါရီ ၁၄ | ဖေဖော်ဝါရီ ၂၇ |
| ၂၀၁၃ ဖေဖော်ဝါရီ ၁၅ | မတ် ၂၃ | ဧပြီ ၅ |
| ၂၀၁၃ မတ် ၂၂ | ဧပြီ ၂၇ | မေ ၁၀ |
| ၂၀၁၃ ဧပြီ ၁၉ | မေ ၂၅ | ဇွန် ၇ |
| ၂၀၁၃ မေ ၁၇ | ဇွန် ၂၂ | ဇူလိုင် ၅ |
| ၂၀၁၃ ဇွန် ၂၀ | ဇူလိုင် ၂၇ | ဩဂုတ် ၉ |
| ၂၀၁၃ ဇူလိုင် ၂၄ | ဩဂုတ် ၂၉ | စက်တင်ဘာ ၁၁ |
| ၂၀၁၃ ဩဂုတ် ၁၆ | စက်တင်ဘာ ၂၁ | အောက်တိုဘာ ၄ |
| ၂၀၁၃ စက်တင်ဘာ ၆ | အောက်တိုဘာ ၁၂ | အောက်တိုဘာ ၂၅ |
| ၂၀၁၃ အောက်တိုဘာ ၁၄ | နိုဝင်ဘာ ၉ | နိုဝင်ဘာ ၂၂ |
| ၂၀၁၃ နိုဝင်ဘာ ၁ | ဒီဇင်ဘာ ၇ | ဒီဇင်ဘာ ၂၀ |

မဇ္ဈိမအဆောင်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နီလာ



Technology
7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# မိုဘိုင်းနှင့် အင်တာနက်သုံးစွဲခ ပြောင်းလဲကောက်ခံသည့်ပုံစံက အင်တာနက်သုံးစွဲသူများကို သက်သာစေမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

မိုဘိုင်းဖုန်းနှင့် အသုံးပြုသည့် အင်တာနက်သုံးခများကို အသုံးပြုသလောက် ပေးဆောင်ရမည့် Data Volume စနစ်သို့ပြောင်းလဲကောက်ခံရာတွင် 1 MB လျှင် ၂၀ ကျပ်သာ ကျသင့်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာနမှ အင်ဂျင်နီယာချုပ်က ပြောသည်။

နိုင်ငံတကာတွင် ကောက်ခံနေသော နှုန်းထားများကဲ့သို့ ဈေးနှုန်းချိုသာစေရန်အတွက် ယခုကဲ့သို့အင်တာနက်အသုံးပြုခကောက်ခံမှုပုံစံကို ပြောင်းလဲလိုက်ရခြင်းဖြစ်ကြောင်း အင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

ယခင်က ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများ၏ EDGE အင်တာနက်စနစ်အတွက် တစ်မိနစ်လျှင် နှစ်ကျပ်နှင့် စီဒီအမ်အေဖုန်းများ၏ EVDO အတွက် တစ်မိနစ်လေးကျပ်ကောက်ခံရာမှ အဆိုပါစနစ်နှစ်မျိုးလုံးကို Data Volume စနစ်သို့ပြောင်းလဲတော့မည်ဖြစ်သည်။



ဓာတ်ပုံ - SSTM

ထို့ကြောင့် ယခုလက်ရှိမိနစ်အလိုက်ပေးဆောင်ရသောပုံစံနှင့် အသုံးပြုနေရသည့် အင်တာနက်ဝန်ဆောင်မှုများကဲ့သို့ 3G Service ကို ON လိုက်သည်နှင့် ပိုက်ဆံဖြတ်တောက်ခံရတော့မည်မဟုတ်ဘဲ အင်တာနက်ပေါ်မှအချက်အလက်များ အသုံးပြုမှသာ ငွေကြေးကုန်ကျတော့မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဖုန်းအင်တာနက်အသုံးပြုခများကို မိနစ်အလိုက်ပေးဆောင်ရသည့်စနစ်မှ ယခုကဲ့သို့ဒေတာအလိုက်

**စာမျက်နှာ(၂၄)သို့ »**

# မိုဘိုင်းဖုန်းနံပါတ်အပူးများ ရောင်းချရာမှ ကျပ်သိန်း ၄,၀၀၀ ကျော်ရရှိ

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပထမဆုံးအကြိမ်ပြုလုပ်သည့် မိုဘိုင်းဖုန်းနံပါတ်အပူးများ လေလံတင်ပွဲအပြီးတွင် အမြတ်ငွေစုစုပေါင်း ကျပ်သိန်း လေးထောင့်သုံးရာကျော်ရရှိခဲ့ကြောင်း ယင်းလုပ်ငန်း၏ မိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

ဂျီအက်စ်အမ်နှင့် ဒဗလျူစီဒီအမ်အေမိုဘိုင်းဖုန်းနံပါတ်များ လေလံတင်ရောင်းချပွဲကို မန္တလေးနှင့် ရန်ကုန်မြို့များတွင် တစ်ကြိမ်စီ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မန္တလေးမြို့၌ ကနဦးကျင်းပခဲ့သည့် အဆိုပါ နံပါတ်အပူးများ လေလံတင်ရောင်းချသည့်ပွဲတွင် ရရှိသည့် အမြတ်ငွေမှာ ကျပ်သိန်းပေါင်း ၁,၇၀၀ ဖြစ်သည်။

ရန်ကုန်မြို့၌ ကျင်းပသည့် လေလံပွဲတွင်မြန်မာ့ဆက်သွယ်ရေးက စုစုပေါင်းရရှိခဲ့သည့် အမြတ်ငွေမှာ ကျပ် ၂၆၇၄ (နှစ်ထောင့်ခြောက်ရာခုနစ်ဆယ့်လေးသိန်း) ဖြစ်သည်ဟု သတင်းရရှိသည်။

ထို့ကြောင့် ဂျီအက်စ်အမ်နှင့် ဒဗလျူစီဒီအမ်အေ လိုင်းပေါင်းခြောက်ဆယ်ကျော်တို့ကို လေလံတင်ခြင်းဖြင့် ရောင်းချခဲ့သည့် အမြတ်ငွေစုစုပေါင်းမှာ ကျပ် လေးထောင့်သုံးရာနှစ်ဆယ့်လေးသိန်း ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးသည် အဆိုပါမိုဘိုင်းဖုန်း အမျိုးအစားနှစ်မျိုးအား လေလံတင်ရောင်းချပြီး အစိုးရအတွက် အမြတ်ငွေ ရှာဖွေပေးခြင်းသည် ယခုအကြိမ်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

သို့သော် ယခုလေလံတင်ရောင်းချပွဲတွင် နောက်ဆုံးအပူးဂဏန်းအလှများ လိုင်းပေါင်းများစွာ ကျန်ရှိနေခြင်းသည်လည်း စဉ်းစားစရာအချက်တစ်ခုဖြစ်ကြောင်း မိုဘိုင်းဖုန်းသုံးစွဲအချို့က ဆိုကြသည်။

"ဒီလိုနံပါတ်အလှတွေကို အစကတည်းက တမင်ချန်ထားလို့ ခုလိုအများကြီးလေလံတင်ရောင်းနိုင်တာလို့ထင်တယ်။ သုံးစွဲသူတွေကိုရော နိုင်ငံသားတိုင်းကိုရော တန်းတူညီမျှအခွင့်အရေးပေးသင့်တယ်လို့မြင်တယ်။ ပုံမှန်အတိုင်း ရောင်းချပေးမယ်ဆိုကံကောင်းတဲ့သူတွေကတော့ နှစ်သိန်းလောက်နဲ့ နံပါတ်လှလှရမှာပါပဲ။ လေလံတင်တာကလည်း အစိုးရလုပ်ပိုင်ခွင့်ပါ။ လေလံဆွဲတဲ့သူတွေကလည်း သူတို့လုပ်ပိုင်ခွင့်ပါ။ ဒါပေမဲ့ နှစ်သိန်းလောက် တတ်နိုင်သူတွေကတော့ သူတို့ပေးတာပေါ့" ရန်ကုန်မြို့နေ ပုဂ္ဂလိကဘဏ်ဝန်ထမ်းအမျိုးသမီး တစ်ဦးကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကမူ နိုင်ငံတော်ဝင်ငွေ တိုးတက်စေရန်အတွက် ယခုလတ်တလောကျင်းပပြုလုပ်ခဲ့သော မိုဘိုင်းဖုန်းနံပါတ်အလှများအား လေလံတင်ပွဲများကိုနောက်ပိုင်းတွင်လည်း ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

ယခုလတ်တလော ကျင်းပပြီးစီးသွားသည့် မိုဘိုင်းဖုန်းနံပါတ်ဂဏန်းအပူးများ လေလံတင်ပွဲတွင် လေလံအောင်မြင်ခဲ့သည့် ဂဏန်းများမှ ကျပ်သိန်းပေါင်း ခြောက်ဆယ်ကျော်အထိ ဈေးရရှိခဲ့ကြောင်း သိရသည်။

# ဆီးဂိမ်းကာလအတွင်း သုံးနိုင်ရန် ကာလတိုဖုန်းကတ်များ ရောင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEA Game) ကာလများအတွင်း နိုင်ငံခြားသားဧည့်သည်များအတွက် ကာလတိုဖုန်းကတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆင်းမ်ကတ်တန်ဖိုးကျပ်တစ်သောင်းကျော် နှုန်းထားရှိမည့် ဆယ့်ငါးဒေါ်လာခန့်ဖြင့် ရောင်းချနိုင်ရန် စီစဉ်နေပြီဖြစ်ပြီးကြိုတင်ငွေဖြည့်ကတ်စနစ်သုံးရမည့် ဝန်ဆောင်မှုတစ်ခုဖြစ်ကြောင်း ယင်းလုပ်ငန်းမှသိရသည်။

ကမ္ဘာလှည့်ခရီးသွားများနှင့် ဆီးဂိမ်းကျင်းပနေစဉ်ကာလအတွင်း ရောက်ရှိလာကြမည့် အားကစားသမားများအတွက် သီးသန့်ဝန်ဆောင်မှုပေးမည့် အဆိုပါဖုန်းကတ်များ၏ သုံးစွဲခွင့်သက်တမ်းကို သုံးလဝန်းကျင်သတ်မှတ်ထားပြီး ယင်းအားကစားပြိုင်ပွဲပြီးဆုံးသည့်အထိသာ ရောင်းချမည်ဖြစ်သည်ဟု အဆိုပါလုပ်ငန်း၏ အင်ဂျင်နီယာချုပ် ဦးဌေးဝင်းကပြောသည်။

မြန်မာ့ဆက်သွယ်ရေးက ဆီးဂိမ်းအတွက် ဆောင်ရွက်ပေးမည့် အဆိုပါဝန်ဆောင်မှုအသစ်သည် ကမ္ဘာလှည့်ခရီးသည်များအတွက် အဆင်ပြေသော်လည်း ဆက်သွယ်မှုကွန်ရက်များကောင်းမွန်ရေးကိုမူ အထူးဂရုပြုရန်လိုအပ်ကြောင်း ပြည်တွင်းမိုဘိုင်းဖုန်းသုံးစွဲသူများက အကြံပြုပြောဆိုသည်။

ယခုလက်ရှိပြည်တွင်းမိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍတွင် ဂျီအက်စ်အမ် ဖုန်းလိုင်းများ၏ကွန်ရက်များမှာ သိသိသာသာ တိုးတက်ကောင်းမွန်ခြင်း မရှိသေးဘဲ လိုင်းကျပ်ခြင်းများ မကြာခဏကြုံတွေ့နေရဆဲဖြစ်သည်။

Malteser International

**Public Tendering Announcement**

Malteser International is a German based non-governmental organisation providing humanitarian assistance and development aid for people in need in over 40 countries. Our main focus lies in the sector of health and water/sanitation.
Malteser International is currently running Health, Water and Sanitation projects in Wa Special Region II, Shan Special Region IV, Kyaing Tong and Tachileik Townships.
Malteser International requests tenders from contractors in order to construct.
Surviors Assembly Hall and House Hold contraction Nam Nor Per Coat village Lwei Mwe, Kyaing Tong
The requested tenders will consists of construction materials supply, transport, labor costs and the completion of construction works in accordance with Malteser approved designs, quality and standards for the construction of the Surviors Assembly hall and House Hold contraction in Kyaing Tong Townships.
Interested constructors can collect detailed information at our Project Offices in Kyaing Tong and/ or Tachileik, not later than 14th December 2012 or please contact the following offices;

**Kyaing Tong Office**
**159, Myo Thit Ward**
**Airport Road, Kyaing Tong**
**Eastern Shan State**
**Ph: +95 (0)84 222 46**

**Tachileik Office**
**No. 193, Par Lain (3) Street**
**Taw Kawt Ward, Tachileik**
**Eastern Shan State**
**Ph: +95 (0)9 495 886 71**



# Technology

## ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြု စာမေးပွဲများ ကျင်းပမည်

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက အသိအမှတ်ပြုစာမေးပွဲများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - mcpamyanmar.org

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းများရှိရာ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တစ်ပြိုင်နက် ကျင်းပစစ်ဆေးမည်ဖြစ်သည်။

စာမေးပွဲ အမျိုးအစားများအနေဖြင့် MCPA Certified Fundamental Software Engineer (FSF), MCPA Certified Network Associate (NA), MCPA Certified Network Professional (NP) တို့ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် နောက်ဆုံး စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ စာမေးပွဲများသည် ပရော်ဖက်ရှင်နယ် နယ်ပယ်သို့ စတင်ဝင်ရောက်ရန်အတွက်အဓိကလို အပ်သော အသိပညာများနှင့် ကျွမ်းကျင်မှုများကို ဦးတည်စစ်ဆေးသော စာမေးပွဲဖြစ်သည်။ စာမေးပွဲအောင်မြင်သူများအနေဖြင့် ပညာရှင်နယ်ပယ်တွင် ရပ်တည်နိုင်မည်ဖြစ်သည်။

စာမျက်နှာ(၂၃)မှ

## မိုဘိုင်းနှင့် အင်တာနက်သုံးစွဲခ ပြောင်းလဲကောက်ခံသည့်ပုံစံက အင်တာနက်သုံးစွဲသူများကို သက်သာစေမည်

ပေးဆောင်ရတော့မည့်စနစ်ကိုသုံးစွဲသူအများစုက ကြိုက်နှစ်သက်ကြကြောင်း သုံးစွဲသူအချို့က ပြောသည်။

သို့သော် ဆက်သွယ်ရေးလုပ်ငန်းက ဒေတာစနစ်ဖြင့် အင်တာနက်အသုံးပြုခများကောက်ခံမည့်စနစ်ကို သုံးစွဲသူများအတွက် မိမိဒေတာပမာဏမည်မျှသုံးစွဲမည်ကို ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်သည့် ဝန်ဆောင်မှုတစ်ခုကိုပါ ပူးတွဲဝန်ဆောင်မှုပေးသင့်သည်ဟု ပြည်တွင်းကွန်ပျူတာပညာရှင်အချို့က အကြံပြုကြသည်။

ယခုလက်ရှိဦးသိန်းစိန်အစိုးရလက်ထက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုများအနက် မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍတစ်ခုသာ သိသိသာသာ ပြောင်းလဲတိုးတက်လာနေသည်ဟု ရန်ကုန်မြို့ခံ ကွန်ပျူတာပညာရှင်အချို့က သုံးသပ်ပြောဆိုကြသည်။

သို့သော် ယခု မိုဘိုင်းဖုန်းဆင်းမ်ကတ်များ၏ ဈေးနှုန်းများ ယခုအချိန်ထိ ကျပ်သိန်းဂဏန်းအထက်ရှိနေဆဲဖြစ်ခြင်းက အားနည်းချက်တစ်ခုဖြစ်နေဆဲဖြစ်ကြောင်း ၎င်းတို့က သုံးသပ်သည်။

မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍတွင် တဖြည်းဖြည်းချင်း ပြည်သူအများစုနှင့်အံဝင်ခွင်ကျဖြစ်မည့် ဝန်ဆောင်မှုမျိုး ပြောင်းလဲမှုများပြုလုပ်နေချိန် အင်တာနက်လိုင်းများ ယခင်ကကဲ့သို့ လေးလံနေခြင်းကြောင့် အသုံးပြုသူများ ဝေဖန်နေကြဆဲဖြစ်သည်။





**Public Tendering Announcement** — Malteser International

Malteser International, a Non Governmental Organization (NGO) based in Cologne, Germany, provides humanitarian aid world wide. Malteser International requests tenders from Myanmar registered contractors in order to improve health facilities and schools as part of BMZ funded project of "Improved basic social infrastructure and disaster preparedness of vulnerable communities in Kayin State".

The requested tenders will consist of construction materials supply and the completion of construction works in accordance with the Government of Myanmar approved designs, quality and standards for the construction of the following buildings in the villages of Hpa An Township, Kayin State.

(1) Rural sub-Health Centre 3 Units
(2) Primary School 1 Units

Interested contractors can collect detailed information at our Country Office in Yangon and Team House in Hpa An not later than 7th December2012.

**Country Office**
14/15(6F), Pyi Taw Aye Yeik Thar St;
Yankin Township, Yangon.
Email:log.co.malteser@gmail.com
Phone: 01-657122 & 09-8622851

**Kayin Team House**
U Pon Nya Street, Quarter # 7
Hpa An, Kayin State
Email:log.malteser.kyn@gmail.com
Phone: 09-421107852

Malteser International

**ရိုတ်ပိတ်တင်ဒါခေါ်ယူခြင်း**

မာလ်တေဆာအင်တာနေရှင်နယ်အဖွဲ့ အစည်းသည်အစိုးရမဟုတ်သောအဖွဲ့ဖြစ်ပြီး ဂျာမဏီနိုင်ငံ ကိုလုံမြို့တွင် ရုံးချုပ်အခြေစိုက်၍ လူမှုရေး အထောက်အပံ့များကို ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင်ဆောင်ရွက်လျက် ရှိပါသည်။ မာလ်တေဆာအင်တာနေရှင်နယ်အဖွဲ့ အစည်းမှ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာများရှိ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေး လုပ်ငန်းစီမံကိန်းအတွက် တင်ဒါခေါ်ယူလိုပါသည်။ ခေါ်ယူလိုသော တင်ဒါတွင် သတ်မှတ်ထားသော ဒီဇိုင်းများအတိုင်း အရည်အသွေးပြည့်ဝစွာ ပစ္စည်း၊ လက်ခ၊ သယ်ယူပို့ဆောင်ရေးများအပါအဝင် လုံးဝပြီးစီးအောင် တည်ဆောက်ရန်ဖြစ်သည်။ ဆောင်ရွက်လိုသော လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ် ပါသည်။

(၁) ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦး (၃)ခု

(၂) မူလတန်းကျောင်းအဆောက်အဦး (၁)ခု ဖြစ်ပါသည်။

တင်ဒါဝင်ရောက်လိုသော ကျွမ်းကျင် လုပ်ငန်း ကန်ထရိုက်တာများသည် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ မာလ်တေဆာရုံးများတွင် ရယူနိုင်ပါသည်။

**ဌာနေရုံး**
၁၄/၁၅(၆လ) ပြည်တော်အေးရိပ်သာလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း၊ ၀၁ - ၆၅၇၁၂၂၊ ၀၉-၈၆၂၂၈၅၁

**ဘားအံရုံး**
ဦးပုညလမ်း
ရ - ရပ်ကွက်၊ ဘားအံမြို့
ဖုန်း - ၀၉-၄၂၁၁၀၇၈၅၂

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012



# ဂန္ဓလရာဇ် ခရီးသည်(၁)

## ခရီးအစ(၂၈၊ အောက်တိုဘာ - ၂၀၁၂)

**ကျော်ဝင်း**

**■ ငယ်အိပ်မက်**

ကျွန်တော်တို့ ငယ်ငယ်က ‘တရားအားထုတ်’ ခဲ့ကြဖူးတယ်။ ‘တရားအားထုတ်’ဆိုသည်နှင့် မြင့်မြတ်သော ဝိပဿနာတရားနှင့်ထင်မှတ်မမှားစေချင်ပါ။ ခင်မင်ရင်းနှီးသော ငယ်ပေါင်းအချို့က အမြင်ကပ်ကပ်နှင့် သရော်ဆန်လှောင်ပြောင်ခေါ်ဝေါ်ခဲ့ကြဖူးသော‘စကားလိမ်’ကိုဖျတ်ခနဲသတိရမိ၍ ရေးလိုက်ခြင်းဖြစ်ပါသည်။ “တရားအားထုတ်၊ တရုတ်အားထား’ ဆိုပါစို့ . . ။

သူငယ်ချင်းတွေ အမြင်ကပ်မည်ဆိုလျှင်လည်း ကပ်လောက်ပါပေသည်။ ထိုစဉ် ကျွန်တော်တို့တတွေမှာ သဲသဲလှုပ်မျှ ‘စိနချစ်သူ’တွေ ဖြစ်ခဲ့ကြသည်ကော။ ဆရာတင်တွေး ဘာသာပြန်သော အမေရိကန် သတင်းစာဆရာကြီး ‘အဂ္ဂါစနိုး’၏ ‘တရုတ်ပြည်ပေါ်မှ ကြယ်နီ’(Red Star Over China)တွင် တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်းအကြောင်း တစ်ပိုင်းတစ်စပါလာရာ ဒါကိုဖတ်ရင်း ကျွန်တော်တို့မှာ အားကျစိတ်ဖြင့် ရူးသွပ်ခဲ့ကြဖူးသည်။ ‘မော်’ က နောင်လာမည့်လက်နက်ကိုင်တော်လှန်ရေးအတွက် ခန္ဓာကိုယ်ကြံ့ခိုင်ဖို့ သူ့ဇာတိ ချန်ရှားရွာတစ်ဝိုက်မှ တောင်ကုန်းတောင်တန်းတွေ အပြေးတက်လေ့ကျင့်ခဲ့သည်ဟု ဖတ်ရရာ ကျွန်တော်တို့လည်း အားကျမခံ မုံရွာအနီးမှ ကျောက်ကာတောင်၊ ရွှေမြင်တင်တောင်၊ လက်ပန်းတောင်တောင်တွေ မမောမပန်းတက်ခဲ့ကြသည်။ မော်ကနေ့လယ်စာပေါက်စီတစ်လုံးစားပြီး ပေကျင်းတက္ကသိုလ် စာကြည့်တိုက်မှ စာအုပ်တွေ တစ်နေ့ကုန်ဖတ်သည်ဟု ဖတ်ရရာ ကျွန်တော်တို့လည်း မုန့်ပြားသလက်တစ်ခုစားပြီး ကျောင်းစာကြည့်တိုက်မှ စာအုပ်တွေဝါးစားသလိုဖတ်ခဲ့ကြသည်။

ပြန်တွေးလိုက်တော့ ရှက်ရကောင်းမှန်းသိလာသည့်တိုင် ကြည်နူးချမ်းမြ လွမ်းတသသ ဖြစ်ချင်ဆဲ။ တရုတ်ပြည်ကား ကျွန်တော်တို့၏ ငယ်အိပ်မက်ပင်။ အိပ်မက်စေရာခရီးနှင့်ရင်း လူရွယ်လူလတ်ပိုင်းရောက်တော့ တရုတ်ပြည်ကြီးသို့ ထဲထဲဝင်ဝင် မဟုတ်သည့်တိုင် တရုတ်နယ်စပ်အထိ ရွာလည်သွားခဲ့သည်။ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ထိတွေ့ရတော့မှ ‘ဘဝမှာ အိပ်မက်မဟုတ်’မှန်း ဒုတ်ဒုတ်ထိ သိခွင့်ရတော့သည်။ တရှိုက်မက်မက်နှင့် တယုတယ မျှော်လင့်ရည်စူးခဲ့ကြသော နှင်းဆီပွင့်ထဲတွင် ‘မီဒူဇာဦးခေါင်း’ကို မမျှော်လင့်ဘဲ တွေ့လိုက်တော့မှ နိုးတစ်ဝက် အိပ်မက်တွင် ဇဝေဇဝါဖြစ်ရတော့သည်။ ကြာခဲ့ချေပြီကော။ အိပ်မက်ထဲက တရုတ်ပြည်သည်ပင် ဟိုးငယ်ငယ် အိပ်မက်ထဲကလို မဟုတ်နိုင်တော့။ မော်ခေတ်၊ နောက် တိန့်ခေတ်၊ ယခု တိန့်အလွန် ။

သို့တစေ ငယ်အိပ်မက်ဆိုသည်က ငယ်ချစ်ဟောင်းလို မေ့ဖို့အခက်သား။ ဒါ့ကြောင့်ပဲ ထင်သည်။ ရေးဖော်ကြီး ဆရာနေ (ဒေါက်တာ နေဇင်လတ်) က ‘တရုတ်ပြည်သွားမည့်ခရီးစဉ်တွင် လိုက်လိုပါသလား’ ဟု အဘိယာစကပြုရာ ဘာသာညာညာ စဉ်းစားမနေဘဲ ဝမ်းသာအားရလက်ခံလိုက်ခြင်း ဖြစ်သည်။ တကယ်တမ်း အိပ်မက်တိုင်းပြည်ကြီးကို ရောက်ရတော့မည်ဆိုတော့ ဆန်စုံစားခွင့်မရခဲ့သော အချစ်ဦးနှင့် ကံမကုန်သေး၍ ပြန်ဆုံခွင့်ရလိုက်သလို ရင်ထဲက တခုန်ခုန်။ ‘အချစ်ဦး၊ မြေးဦးရအထိ မမေ့ဘူး’ဆိုသကိုး။

**■ မိတ်ဆွေသစ်များ**

အဖြစ်ကသည်လို။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China NGO Network for International Exchange (CNIE) အဖွဲ့မှ မြန်မာနိုင်ငံရှိ ‘သုခမိန် အဖွဲ့’(Think-tank)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) တို့ကို ချစ်ကြည်ရေးအလည်အပတ်ခရီး လာရောက်ပါရန် ဖိတ်ကြားသည်ဖြစ်၍ ယခုခရီးစဉ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ခေါင်းဆောင်၊ ဆရာဦးကိုကိုလှိုင်ခေါင်းဆောင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေအကြံပေး အဖွဲ့ဝင်ငါးဦးပါသည်။ အင်န်ဂျီအိုအသီးသီးမှ တာဝန်ရှိသူတွေလည်း ပါသည်။ စာရေးသူတစ်ဦးတည်းသာ မည်သည့် အဖွဲ့အစည်းကိုမှ ကိုယ်စားပြုသည်မဟုတ်ဘဲ ဘာကောင်မှ မဟုတ်ဘဲလေ့လာသူ(Observer) အဖြစ် ပါလာခြင်း ဖြစ်သည်။

ပြောရလျှင် စာရေးသူမှာ ဦးကိုကိုလှိုင်နှင့်ဒေါက်တာနေဇင်လတ်မှလွဲ၍ မည်သူ့ကိုမှ ဟုတ်ဟုတ် ငြားငြားသိကျွမ်းသည် မဟုတ်။ အချို့သော ဆရာကြီး၊ ဆရာမကြီးများကိုအထိုက်အသင့် မြင်ဖူးတွေ့ဖူးသည့်တိုင် တော်တော်များများနှင့်မူ လေဆိပ်ရောက်တော့မှ ပထမဆုံး မြင်ဖူး၊ တွေ့ဖူးခြင်းဖြစ်သည်။ သည်တော့မှပဲ အချင်းချင်း အပြန်အလှန်မိတ်ဆက်၊ မိတ်ဖွဲ့ကြရသည်။ သည်မှာပင် ရယ်စရာ မောစရာလေးတစ်ခုကြုံရသေးသည်။

“ကျွန်တော် ကျော်ဝင်းပါ။ စာရေးပါတယ်” ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်တော့ ဖြူဖြူခန့်ခန့် ဆရာမကြီးတစ်ဦးက ဝမ်းသာအားရ တုံ့ပြန်သည်။

“အော် . . ဟုတ်လား၊ ‘မနုဿကျော်ဝင်း’ ပေါ့နော်”

ကျွန်တော်ပြုံးလိုက်မိဟန်တူပါသည်။ ကျွန်တော့်အတွက်သည် အဖြစ်မျိုးတွေ ကြုံဖူးပေါင်းများပါပြီ။ တစ်ခါက နယ်မှ စာပေချစ်သူတစ်စု ရောက်လာပြီ ‘ဆရာ့စာတွေသဘောကျလွန်းလို့ပါ’ဆိုတာ ဟောပြောပွဲ လာဖိတ်သည်။ ကျွန်တော်ဝမ်းသာအားရ လက်ခံပြီး သူတို့နယ်ရောက်သွားတော့ ဟောပြောမည့် စာရေးဆရာ နာမည်တွေ ပါသော ဆိုင်းဘုတ်ကြီးက ဆီးကြိုနေသည်။ ‘ဆရာမနုဿကျော်ဝင်း’ ဟူသတတ်။ ကျွန်တော့်မှာ ငိုရတော့မလို၊ ရယ်ရတော့မလို၊ ခုပဲ ထပြန်ရတော့မလို။ အမှန်စင်စစ် ဆရာကြီးမနုဿကျော်ဝင်းမှာ ကျွန်တော်ကလေးဘဝကတည်းက တိုင်းသိပြည်သိကလောင်တစ်ချောင်းကို ပိုင်ဆိုင်ပြီးသား ဝါရင့်စာရေးဆရာကြီးတစ်ယောက်။

“အို အားနာလိုက်တာ။ ကျွန်မက နိုင်ငံခြားမှာ အကြာကြီးနေလာခဲ့တော့ အဆက်ပြတ်နေလို့ပါ။ အားနာလိုက်တာရှင်”

အားတောင့် အားနာဖြစ်နေသော ဆရာမကြီးကို ကိုယ်ကပဲ အားနာနာနှင့် ပြန်တောင်းပန်နေရတော့သည်။ အားမနာပါနဲ့ဗျာ ကျွန်တော်ကိုယ်တိုင်ကလည်း လူသိပ်မသိတဲ့ ကလောင်မို့ပါ။ ကျွန်တော်က လူသိပ်မဖတ်တဲ့ မဂ္ဂဇင်းထုတ်တယ်လေ။ ပြီးတော့လူသိပ်မကြိုက်တဲ့ စာတွေရေးတယ်။

ဘာပဲဖြစ်ဖြစ်၊ ထိုဆရာမကြီးမှာ ပထမဆုံး ခင်မင်ရင်းနှီးခွင့်ရလိုက်သည့် မိတ်ဆွေဖြစ်သွားသည်။ ကျမ်မိတ်ဆွေအားလုံးနှင့်လည်း ကာလတိုအတွင်းမှာပင် ရင်းနှီးခင်မင်သွားကြပါသည်။ တွေ့စကတော့ ခပ်စိမ်းစိမ်း။ တစ်ပတ်လောက်ကြာတော့ ငယ်ပေါင်းကြီးဖော်၊ နှစ်ပတ်အကြာ ခရီးလည်းဆုံးရော ဆွေမျိုးသားချင်းတွေ ဖြစ်ကုန်တော့သည်။ ခရီးအတူသွားခြင်းက စိတ်နှလုံးကို ဆွဲစုလိုက်လေသည်ကော။

**■ ပါးအို့နီနီ၊ သို့သော် မပြုံးမရယ်**

ထိုနေ့က လေယာဉ်နောက်ကျသည်။ ဖြစ်ရိုးဖြစ်စဉ်ပေပဲလားမသိ။ ‘မြန်မာစံတော်ချိန်’နှင့် ‘တရုတ်စံတော်ချိန်’ကို မျဉ်းပြိုင်တွေးမိရင်း ပြုံးရသေးသည်။ ကျွန်တော်တို့ကို သယ်ဆောင်ပျံသန်းသွားမည်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းလိုင်း၊ ကျွန်တော့်အနေနှင့်တော့ ပထမဆုံးအကြိမ် စီးဖူးခြင်းပင်။ တရုတ်တိုင်ပေလေကြောင်းလိုင်းနှင့်မူ အမေရိကသွားစဉ်ကကြုံဖူးသည်။ ဝန်ဆောင်မှု ကောင်းသည်။ အစားအသောက် ကောင်းသည်။ ပြီးတော့ ပါးအို့နီနီ ပြုံးရီရီနှင့် လေယာဉ်မယ် တရုတ်မလေးတွေက နှစ်လိုခင်မင်ဖွယ်ရာ။

ယခုလေကြောင်းလိုင်းမှ ပြည်မကြီးလေယာဉ်မယ်လေးတွေမှာလည်း ပါးအို့နီနီနှင့်ပင်။ သို့သော် မပြုံးမရယ် ခပ်တည်တည်။ တစ်ခါက နာမည်ကျော် မီးခိုးမှိုင်းရင့် ‘မော်ဝတ်စုံ’ ပွပွလောင်းလောင်းကြီးနှင့်မဟုတ်။ အနောက်တိုင်းဝတ်စုံ နီနီလွှင်လွှင် ချပ်ချပ်ရပ်ရပ်နှင့်ပင်။ သို့သော် မသွယ်ပျောင်း၊ တောင့်တောင့်ရောင့်ရောင့်။ အကျင့်ပါနေလေရော့သလား။ မတွေးဘဲ မနေနိုင်။

အစားအသောက် တည်ခင်းချိန်ရောက်တော့ ပိုစိတ်ပျက်သွားသည်။ အပေါ်ယံမာ အတွင်းဘက်ဖွာနေသော ဘိန်းမုန့် တစ်လုံးတည်း။ ယိုလား၊ အချဉ်လား၊ ဘာမှန်းမသိသော အနံ့စူးစူး တစ်ထုပ်တော့ပါသည်။ မတတ်နိုင်၊ ဘိန်းမုန့်ကို ရေနှင့်မျှောချတော့မည် စိတ်ကူးနှင့် မနည်းခေါ်တော့မှ မျက်နှာအိုအိုနှင့် အနီမလေးရောက်လာသည်။ “ Water, Drinking Water ”အကြိမ်ကြိမ်တောင်းသည့်တိုင် နားမလည်သလို ခပ်ကြောင်ကြောင်ကြည့်ပြီး လှည့်ပြန်သွားသည်။ သည်လိုနှင့် သုံးကြိမ် သုံးခါ တောင်းတော့မှ ရေတစ်ခွက်ရသည်။ သောက်လိုက်တော့ ကျင်ခနဲ အေးသွားသည်။ အေးမြသည်မဟုတ်။ အေးစက်စက်။

သုန်မှုန် မျက်နှာထားနှင့် အနီရောင် မှော်ရုံမလေးတွေကို မျက်နှာလွှဲပြီး ပြူတင်းမှ အပြင်ကို သာငေးနေရတော့သည်။ ကျွန်တော်က လေယာဉ်၊ ရထား၊ ကားစီးလျှင် ပြူတင်းပေါက်ဘေး နေရာကိုကြိုက်သည်။ အပေါ်စီး(သို့မဟုတ်)ဘေးတိုက်ရှုမျှော်ခင်းတွေကို ငေးရင်း အတွေးရွက်လွှင့်ရသည်ကို နှစ်သက်သည်။ ဒါမှ အချိန်ကုန်လို့ ကုန်မှန်းမသိ။ အချိန်ကို ချုံ့ပစ်လို့ရသည်လေ။ ယခုတစ်ကြိမ်တွင်တော့ အဆင်မပြေပါ။ တိမ်ဂွမ်းစိုင် ဖြူဖြူကြီးတွေမှ လွဲ၍ ဘာကိုမှမမြင်။ တော်ပါသေးသည်။ ရန်ကုန်-ကူမင်းက နှစ်နာရီပင်မကြာ။ လေယာဉ်ဘီးက မြေပြင်ကို ပြေးဆောင့်တော့ ဘုရားတရပြန်သည်။ ‘အင်း ကုသိုလ်ရတာပေါ့လေ’

ကူမင်းလေဆိပ်တွင် ဝန်ထမ်းတစ်ဦးက လေယာဉ်တက်လက်မှတ်တွေ ကြော်ငြာဝေသလို ဝေနေတော့ ကျွန်တော့်မှာ အံ့ဩမဆုံး။ ပတ်စ်ပို့မကြည့်ဘဲ Boa-rding pass ထုတ်ပေးသည် မျိုး။ မည်သည့်လေယာဉ်ကွင်းမှာမှ မတွေ့ဘူး။ ဘာလဲဟ။ လက်မှတ်ကို ကြည့်လိုက်တော့ မိမိအမည် မဟုတ်။ ပတ်စ်ပို့နှင့် တိုက်ဆိုင်စစ်ဆေးသည့် ကောင်တာရောက်တော့မှ ဒုက္ခလှလှ တွေ့ရတော့သည်။ ကျွန်တော်တို့အဖွဲ့ဝင်အချို့ ဂိတ်ထဲရောက်သွားသည့်တိုင် အချို့ဝင်လို့မရ။

တတ်နိုင်သလောက်ကြိုးစားရှင်းပြသည့်တိုင် အရာရှိဖြစ်ဟန်ရှိသော စိန့်တိုင်းသူကြီးက ကွိကွိကွကွ အော်နေသည်။ လူငယ်လေးတစ်ယောက်လာရှင်းမှ အဆင်ပြေသွားသည်။ သို့တိုင်အောင် အချိန်အတော်ကုန်သွားရာ Smoking Room ဆိုသော လမ်းညွှန်ကိုတွေ့သည့်တိုင် မရှာအား၊ မဖွာအား။ ပေကျင်းလေယာဉ်မီရန် အသော့နှင်ရတော့သည်။ မင်္ဂလာဒုံတွင် ဗီအိုင်ပီခန်းမှ ခပ်တည်တည် ထွက်ခဲ့ကြသော ကျွန်တော်တို့တတွေမှာ ကူမင်းရောက်တော့မှ တာတိုအပြေးသမားတွေ ဖြစ်ကုန်တော့သည်။ အမှတ်တရပေါ့။

**■ ရာဇဝင်ကို ဖြတ်သန်းခြင်း**

သည်လေယာဉ်နှင့် သည်ကလေးမလေးများပင် ဖြစ်ပါသည်။ သို့တစေ ဘာဆေးသောက်လိုက်သည်မသိ။ သူတို့ မျက်နှာလေးတွေ ပိုကြည်လာသည်။ ပိုဝင်းလာသည်။ သည်တော့မှ ပါးအို့နီနီလေးတွေနှင့် ပိုလိုက်ဖက်သွားတော့သည်။ အစားအသောက်မှာလည်း မဆိုစလောက်ပိုကောင်းလာသည်။ ဘိန်းမုန့်အပြင် ရေတစ်ခွက် ပိုလာသည်။ ‘ကွမ်းတစ်ယာ၊ ရေတစ်မှုတ်’ မဟုတ်သည့်တိုင် ဘိန်းမုန့်တစ်လုံး၊ ရေတစ်ခွက်နှင့်ပင်။ စိတ်လျှော့ကျေနပ်လိုက်ရပါသည်။ *စာ(၁၈) သို့*

> **လက်တွေ့ဝါဒီတန့်ရှောက်ပင်းက အစိုးရချင်းဆက်ဆံရေးကိုပြန်လည်ဦးစားပေးလာသလို မြန်မာခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်တွေလည်း ပေါ်လာသည်။ တစ်ဖက်တွင်ကား ခန်းဆောင်နီထဲတွင် အိပ်မောကျနေသူများ နိုးတစ်ဝက်အိပ်မက်ဖြင့် တစ်ရေးနိုးစပြုလာသည်။ ၁၉၈၈ နောက်ပိုင်းတွင်မူ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး တစ်ကျော့လည်လာတော့သည်။ မြန်မာနိုင်ငံမှာ အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများဖြင့် ရင်ဆိုင်နေရချိန်။ တရုတ်ပြည်ကြီး၏ စီးပွားရေးကွန်ရက်များကလည်း ကမ္ဘာပတ်လာချိန်။ အစိုးရချင်း ပိုနီးလာသလို ရှိသည့်တိုင် နှစ်နိုင်ငံလူထုသည်ကား ပို၍ပို၍ ဝေးရာဆီသို့ရွှေ့လာတော့သည်**

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# မြစ်ဆုံသို့ မရောက်ခဲ့ပါ

လွင်ချန်ဖြိုး(နတ်မောက်)



အလွန်ရောက်ဖူးချင်ခဲ့သော မြစ်ကြီးနားမြို့သို့ နိုဝင်ဘာ ၃ ရက်နေ့က အဝေးသင်တက္ကသိုလ် အနီးကပ်သင်ကြားရေးတာဝန်ဖြင့် ရောက်ရှိခဲ့ပါသည်။ ရောက်သည့်နေ့မှာပဲ လေဆိပ်ကို လာကြိုသည့် တပည့်တစ်ဦး၏ဖခင်က မြို့ပေါ် အန့်ဈေးနှင့် ဘုရားများသို့ လိုက်ပို့သည်။ ကရိန်နော်ပန်းခြံသို့ ရောက်သည်။ ဗလမင်းထင်တံတားကို ဖြတ်ကာ ဝိုင်းမော်မြို့တွင်းထိ အောင် လိုက်လံပြသသည်။ ဝါရှောင်ဆည်သို့ ပို့ပေးချင်သော်လည်း နယ်မြေစိတ်မချရ၍ မသွားတော့ ကြောင်းပြောပါသည်။ "ဆရာတို့မြစ်ကြီးနားကိုဒီနှစ်လာခဲ့ရတာစိုးရိမ်စိတ်တွေနဲ့လာခဲ့ရမယ်ထင်တယ်။ ဘာမှမကြောက်ပါနဲ့။ ဖားကန့်ဘက်မှာ တိုက်ပွဲတွေက ဒီနေ့ပဲပြန်စဖြစ်နေတယ်" ဟုဆိုတော့ စာရေးသူတို့ သက်ပြင်းချရပါသည်။

ကိုယ့်ပြည်ထောင်စုအတွင်းမှ ကိုယ့်သွေးချင်းများရှိရာ ဒေသသို့ လာရောက်ခွင့်ရတုန်း စိတ်ချလက်ချဖြင့် သွားချင်ရာ သွားလို့မရတာတော့ စာရေးသူ ဘဝင်မကျဖြစ်မိပါသည်။ မုံရွာမှလာသည့် စာရေးသူတို့တစ်ဖွဲ့လုံး မြစ်ကြီးနားတက္ကသိုလ်ဝင်းထဲရှိ သူငယ်ချင်းဆရာမ၏ အိမ်ခန်းတွင် တည်းခိုကြသည်။ ညဘက်ဆိုလျှင် တက္ကသိုလ်အနီးဝန်းကျင်လမ်းမနှင့် ရပ်ကွက်များမှာပင် လုယက်ရိုက်နှက်တာတွေ တစ်ခါတစ်ရံရှိတတ်ကြောင်း၊ အများအားဖြင့် မူးယစ်ဆေးသုံးစွဲသူများက ထိုသို့လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ဆရာမများလည်း ပိုက်ဆံအိတ်အလုခံရတာတွေရှိကြောင်း၊ ဆိုက်ကယ်ပျောက်ဆုံးမှုများလည်း ရှိကြောင်း ပြောပြပါသည်။ မြစ်ကြီးနားသို့ရောက်ပြီး နောက်နေ့ည ၇ နာရီလောက်မှာပဲ သူငယ်ချင်း ဆရာမ၏ တပည့်တစ်ဦးတက္ကသိုလ်အရှေ့လမ်းမဘေး သစ်ပင်အောက်တွင် အရိုက်ခံရသဖြင့် ခေါင်းပေါက်သွားသောကြောင့် ဆေးရုံသို့ သွားရောက် ကြည့်ရှုခဲ့ကြရပါသေးသည်။

ဝိုင်းမော်မြို့နှင့် မဝေးလှသော နာမည်ကျော် ဆဒုံးချောင်းရေတံခွန်သို့လည်း မရောက်ခဲ့ကြရပါ။ "ဟိုးအရင်နှစ်တွေကဆို မြစ်ကြီးနားကိုရောက်သူတိုင်း ဆဒုံးရေတံခွန်ကို မရောက်သူမရှိပါဘူး။ အချိန်ရရင် တစ်ခေါက်မက သုံးလေးခေါက်အထိ ရောက်ကြပါတယ်။ အရမ်းသာယာလှပတဲ့ ရေတံခွန်ကြီးရှိနေတာကိုး။ အခုတော့ လုံးဝမသွားပါနဲ့ဆရာ။ ကျွန်တော်တို့တောင် ရွာကိုမပြန်ဘဲ မြစ်ကြီးနားမှာပဲနေကြတယ်" ဟု ဆဒုံးရွာဇာတိ ကျောင်းသားတစ်ဦးက ပြောပါသည်။

စစ်ဘေးဒုက္ခသည်စခန်းများကိုလည်း မြစ်ကြီးနား၊ ဝိုင်းမော်မြို့ပေါ်နှင့်အနီးအနားကျေးရွာများတွင် အများအပြားတွေ့ခဲ့ကြရသည်။ နေရာအခန်းကျဉ်းကျဉ်းတွင် လုံခြုံနွေးထွေးမှု အားနည်းစွာ နေထိုင်ကြရသည့် သူတို့တတွေ၏ ဘဝများစွာ ဘယ်တော့များမှ အေးချမ်းလွတ်လပ်ပျော်ရွှင်စွာ နေထိုင်ကြရပါမည်နည်းဟု စဉ်းစားရင်း ရင်မောခဲ့ရပါသည်။

ဝိုင်းမော်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းခြေက ခတ်ချိုကျေးရွာမှ တပည့်များက ထမင်းစားဖိတ်သဖြင့် ရောက်ခဲ့ရပါသည်။ ခတ်ချိုဆန်သည် မြန်မာ့အကောင်းဆုံးဆန်အဖြစ် ကမ္ဘာအထိ နာမည်ကျော်ကြားကြောင်း သိရပါသည်။ ရှမ်းတိုင်းရင်းသားအများစုနေထိုင်ရာ ခတ်ချိုကျေးရွာသည် အပိုင်းလေးပိုင်းဖြင့် ဖွဲ့စည်းထားကာ မြို့ငယ်လေးပမာ ဖြစ်လို့နေပါသည်။

"ရွာမှာစိုက်တဲ့ဆန်နဲ့ပြောင်းကို တရုတ်ဘက်ကို အဓိကပို့ရပါတယ်။ ဒီနှစ်တော့ ဝိုင်းမော်-ဗန်းမော်ကားလမ်းမှ တံတားတွေအားလုံး စစ်ဘေးကြောင့် ပျက်စီးနေလို့ အခုကောက်သစ်ပေါ်ချိန် အထိ မနှစ်ကစပါးတွေ မရောင်းရသေးတာ အများကြီးကျန်နေသေးတယ်။ စပါးဈေးကလည်း ခါတိုင်းဒီအချိန် တစ်တင်းကို ကျပ် ၉,၀၀၀ လောက်ရှိတာ အခု ကျပ် ၃,၅၀၀၊ ၄,၀၀၀ ပဲရှိတယ်။ ဒါတောင် ဝယ်လက်သိပ်မရှိဘူး။ စစ်ဘေးကြောင့် ကားလမ်းတွေ သွားလာမရတော့ ဒေသခံတောင်သူတွေအတော်လေးအထိနာတယ်" ဟု ခတ်ချိုရွာမှ တောင်သူတစ်ဦးကပြောပါသည်။

ခတ်ချိုရွာရှိ စစ်ဘေးကယ်ဆယ်ရေးစခန်းမှာ ၂၀၁၁ ခုနှစ် ဇွန်လအတွင်း စတင်ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ယင်းစခန်းတွင် အိမ်ထောင်စု ၁၂၉ စု၊ လူဦးရေ ၅၂၄ ယောက်၊ မူလတန်းမှ တက္ကသိုလ်အဆင့်အထိ စုစုပေါင်းကျောင်းသားဦးရေ ၁၀၃ ဦးရှိကြောင်း သိရပါသည်။ သူတို့အားလုံးနေထိုင်ဖို့ ဝါးကပ်အဆောင် ၅ ဆောင်ကို မြေအကျယ် ပေ ၁၅၀ ခန့်အတွင်းမှာ ဆောက်လုပ်ထားသည်။

ရေတွင်း ၂ တွင်းသာရှိပြီး နွေရာသီတွင် ရေလုံလောက်မှုမရှိကြောင်း၊ လူ ၅၀၀ ကျော်အတွက် အိမ်သာလေးလုံးသာရှိကြောင်းသိရပါသည်။ "အခုက ဆောင်းတွင်းဆိုတော့ ခင်းထားတဲ့ ဝါးကြမ်းကြားတွေကနေ လေအေးတွေဝင်ပါတယ်။ ကလေးငယ်နဲ့ သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေး စိုးရိမ်ရပါတယ်။ ဖျာလုံလုံလောက်လောက်လိုချင်ပါတယ်။ လျှပ်စစ်မီးမရှိတော့ ညဘက်ကလေးတွေ စာကျက်ဖို့ အဆင်မပြေဘူး။ ကြုံရာကျပန်းနေ့စား အလုပ်ဝင်လုပ်ကြတဲ့ သူတွေများတယ်။ မီးဖိုချောင်အတွက် ထင်းလေးဘာလေး ထွက်ရှာချင်ပေမယ့်လည်း ကိုယ့်ဒေသမဟုတ်တော့ မလွယ်လှဘူး" ဟု ခတ်ချိုရွာ ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူ အမျိုးသမီးတစ်ဦးကပြောပါသည်။

"ကျွန်တော်က အဝေးသင်စာမေးပွဲဖြေဖို့ ပူတာအိုကနေ လာခဲ့တာပါဆရာ။ ကားလမ်းသွားလို့မရတော့တာကြောင့် လေကြောင်းကနေ လာရပါတယ်။ လေယာဉ်လက်မှတ်ရဖို့လည်း မလွယ်ဘူး။ ငွေလည်းပိုကုန်တယ်။ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ဘယ်တော့များမှ အဆင်ပြေမယ်မသိတော့ပါဘူး" ဟု ပထမနှစ်ကျောင်းသားတစ်ဦးက ညည်းပါသည်။ "ဘွဲ့ရမှ ရာထူးတက်မှာမို့စာမေးပွဲဖြေဖို့မနည်းအရဲစွန့်ပြီး လာရတယ်။ လမ်းမှာစစ်ဆေးတာတွေလည်း ခဏခဏခံခဲ့ရပါတယ်" ဟု ဖားကန့်မြို့မှ ကျောင်းသားတစ်ဦးကလည်း ပြောပါသည်။

"ကျွန်တော်က ရှမ်းပြည်မြောက်ပိုင်းက လာခဲ့တာပါ။ အရောင်းအဝယ်၊ အကူးအသန်းလုပ်တဲ့ သူဆိုတော့ ဒီဘက်နဲ့ တွေ့ရင်လည်း အလိုက်အထိုက်၊ ဟိုဘက်နဲ့ တွေ့တော့လည်း အလိုက်အထိုက်၊ နှစ်ဘက်စလုံးနဲ့ တည့်အောင်ပေါင်းရပါတယ်။ အခုဒီကိုလာတော့လည်း ဗန်းမော်ကနေကားလမ်းအတိုင်းလာရင် အချိန်တို လူသက်သာပေမယ့် ဒီစစ်ဘေးကြောင့်ခရီးစဉ်အဆင့်ဆင့်ပြောင်းခဲ့ရတယ်။ ရက်တွေပိုကြာခဲ့ရတယ်" ဟု မဘိန်းမြို့နယ်မှ ကျောင်းသားတစ်ဦးက ပြောပါသည်။

"သမီးတို့က ဆော့လော်မြို့ကပါ။ ဝိုင်းမော် - ချီဖွေ လမ်းအတိုင်းသွားရင် နီးပါတယ်။ ဒါပေမဲ့ အခုအဲဒီလမ်းက သွားမရတော့လို့ မန္တလေးဘက်ကနေ တရုတ်ပြည်ကိုသွား။ တရုတ်ပြည်ကမှ တစ်ဆင့် ဆော့လော်မြို့ထဲကိုပြန်ဝင်လုပ်နေရပါတယ်။ စစ်ပွဲတွေဖြစ်ပြီးကတည်းက ဆော့လော်ကိုလည်း ပြန်မရောက်ဖြစ်တာ တစ်နှစ်ကျော်ပါပြီ" ဟု အဝေးသင်ဒုတိယနှစ် ကျောင်းသူတစ်ဦးက ပြောပြပါသည်။

> ဖားကန့်ဘက်တွင်လည်း
> နှစ်ဖက်အင်အားများ တိုးချဲ့လာခြင်းကြောင့်
> တိုက်ပွဲများပိုမိုပြင်းထန်လာမည်ကို
> ဒေသခံများက စိုးရိမ်နေကြကြောင်း
> သိရပါသည်။ စစ်ဒဏ်ရာမှသည်
> စိတ်ဒဏ်ရာအဖြစ် ပြောင်းလဲခံရစားရသူမှာ
> ပို၍ပို၍ များလာနေပါသည်။
> မော်လူး၊ မော်ဟန်ဘက်မှ ကျောင်းသား
> ကျောင်းသူများကလည်း စစ်ကြောင့်
> အခက်အခဲများစွာ ကြုံတွေ့ကြရပုံကို
> ရှင်းပြကြပါသည်။ မြစ်ကြီးနားတက္ကသိုလ်တွင်
> တွေ့ဆုံခဲ့ရသော အဝေးသင်တက္ကသိုလ်
> ကျောင်းသားကျောင်းသူအများစုသည်
> စစ်ဘေးအန္တရာယ်ကို စိုးရိမ်စွာဖြင့်
> လာခဲ့ကြရသူများဖြစ်ပါသည်။

မြစ်ကြီးနားကိုရောက်တော့ အသွားချင်ဆုံးနေရာက 'မြစ်ဆုံ' ဖြစ်ပါသည်။ ရာနှုန်းပြည့်စိတ်မချရသဖြင့် မသွားပါနဲ့ဟု ဆိုသူက ပိုများပါသည်။ မြစ်ကြီးနားကိုရောက်ပြီး 'မြစ်ဆုံ' ကို မရောက်ဘူးဆိုတော့လည်း စိတ်ထဲမှာ မကျေမနပ်ဖြစ်နေမိသည်။ မိမိပို့ချရသည့် ဒုတိယနှစ်နဲ့ တတိယနှစ်စာသင်ခန်းများက မြစ်ကြီးနားတက္ကသိုလ်ဝင်းထဲမှ မေခနှင့်မလိခအဆောင်များတွင် ဖြစ်သည်။ ဆိုတော့ မြစ်ကြီးနားတက္ကသိုလ်ထဲမှာ စာသင်ရတာ 'မြစ်ဆုံ' ကို ရောက်ရသလိုပဲဟုဖြေသိမ့်ရသည်။ တာဝန်တွေပြီးလို့ ပြန်ခါနီးတစ်ရက်မှာတော့ တပည့်များက ဘာမှမဖြစ်စေရပါဘူးဟု ဆိုကာ 'မြစ်ဆုံ' ကို လိုက်ပို့ပါတော့သည်။

ဤရေ၊ ဤမြေ၊ ဤဒေသသည်ကမ္ဘာလှည့်များအကြိုက်ဖြစ်ပါသည်။ များစွာတန်ဖိုးရှိသော သဘာဝဆွဲဆောင်မှုအများအပြားရှိပါသည်။ အေးအေးချမ်းချမ်းသာဖြစ်ပါက ကမ္ဘာလှည့်ခရီးသွားများဖြင့် အထူးစည်ကားလိမ့်မည်ဟု ယုံကြည်ရပါသည်။ ကချင်ပြည်နယ်တွင် မြို့နယ်ပေါင်း ၁၈ မြို့နယ်ရှိသည့်အနက် ၁၅ မြို့နယ်တွင် အဖိုးတန် သတ္တုကြော၊ သတ္တုသိုက်များလည်း တည်ရှိကြောင်း သိရပါသည်။ ကချင်ပြည်နယ်သည် ဇီဝမျိုးစုံမျိုးကွဲများ အကြွယ်ဝဆုံးပြည်နယ်အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားသော ဒေသဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အန္တရာယ်နှင့်ရင်ဆိုင်နေရသော တောရိုင်းတိရစ္ဆာန်များ အများဆုံး ကျက်စားရာ ဒေသလည်းဖြစ်ပါသည်။

ဖားကန့်ဘက်တွင်လည်း နှစ်ဖက်အင်အားများ တိုးချဲ့လာခြင်းကြောင့် တိုက်ပွဲများပိုမိုပြင်းထန်လာမည်ကို ဒေသခံများက စိုးရိမ်နေကြကြောင်းသိရပါသည်။ စစ်ဒဏ်ရာမှသည်စိတ်ဒဏ်ရာအဖြစ် ပြောင်းလဲခံရစားရသူမှာ ပို၍ပို၍ များလာနေပါသည်။ မော်လူး၊ မော်ဟန်ဘက်မှ ကျောင်းသားကျောင်းသူများကလည်း စစ်ကြောင့်အခက်အခဲများစွာကြုံတွေ့ကြရပုံကို ရှင်းပြကြပါသည်။ မြစ်ကြီးနားတက္ကသိုလ်တွင် တွေ့ဆုံခဲ့ရသော အဝေးသင်တက္ကသိုလ် ကျောင်းသားကျောင်းသူအများစုသည် စစ်ဘေးအန္တရာယ်ကို စိုးရိမ်စွာဖြင့် လာခဲ့ကြရသူများဖြစ်ပါသည်။ သူတို့အားလုံးကို ငြိမ်းချမ်းရေးနေခြည်အောက်တွင် အစွမ်းကုန်ပွင့်လန်းနေသည့်ပန်းကလေးများသာဖြစ်စေချင်ပါသည်။

စာရေးသူတို့အဖွဲ့ ခေတ္တခဏတာမျှရောက်ခဲ့ရသော နာမည်ကျော် 'မြစ်ဆုံ' သည် ခြောက်ကပ်ကပ်ဖြစ်နေသည်။ သဘာဝအလှကို ယုတ်လျော့ပျက်စီးစေသည့် မြေသားရဲရဲကြီးများကိုလည်း မြင်တွေ့ခဲ့ရသည်။ အရာခပ်သိမ်း ငြိမ်းငြိမ်းချမ်းချမ်းသာ ဖြစ်ခဲ့မည်ဆိုပါက ဤဒေသတွင် စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်များ၊ ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာမည်မှာ သေချာပါသည်။

ရောက်ဖူးချင်စိတ်ကြောင့်သာ 'မြစ်ဆုံ' သို့ သွားခဲ့ရသော်လည်း ပူပန်စိတ်ဖြင့် သွားခဲ့ရတာမို့ ပျော်ရွှင်မှုအပြည့်အဝမရခဲ့တာတော့ သေချာပါသည်။ 'မြစ်ဆုံ' မှ အပြန် အတွေးပေါင်းများစွာဖြင့် စိတ်ထဲတွင် လေးလံနေသဖြင့် 'မြစ်ဆုံ' သို့ရောက်ခဲ့ရသော်လည်း ရောက်သည်ဟုမထင်ခဲ့ပါ။ 'မြစ်ဆုံ' ကို သည်ထက်မက ဖွံ့ဖြိုးစည်ကားပြီး ထာဝရလှပသာယာစေချင်တဲ့ ဆန္ဒအမှန်ကြောင့် ပြဿနာများ အမြန်ဆုံး ငြိမ်းချမ်းပြေလည်ကြပါစေဟုသာ ဆုတောင်းနေမိပါတော့သည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.38 • NOVEMBER 29 , 2012



ဓာတ်ပုံ-ကျော်ဇင်သန်း

## အိုဘားမားရဲ့ ရန်ကုန်ခရီးစဉ်အပြီး အမေရိကန်–တရုတ်– မြန်မာ သုံးပွင့်ဆိုင်ဆက်ဆံရေး ဘာဆက်ဖြစ်မလဲ

ဟန်နာဘိရှ်ရေး၍ ကျော်မျိုး ဘာသာပြန်သည်။

**ပြီးခဲ့သည့် နိုဝင်ဘာ ၁၉ ရက်က အမေရိကန်သမ္မတ အိုဘားမား မြန်မာနိုင်ငံသို့ ရောက်ရှိလာသောအခါ လမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံသားများက စီတန်းရပ်ကြည့်ကာ အမေရိကန်အလံများ ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ဤအဖြစ်မှာ လွန်ခဲ့သည့် နှစ်အနည်းငယ်ကဆိုလျှင် ကြိုဆိုကြသူများကို ထောင်ဒဏ်ချနိုင်သောဖြစ်စဉ်ဖြစ်ပါသည်။ သမ္မတအိုဘားမား ခြောက်နာရီကြာ နေထိုင်ခဲ့ရာ နိုင်ငံ၏အကြီးဆုံးမြို့တော် ရန်ကုန်မှ သတင်းစာစောင် အယ်ဒီတာတစ်ဦးဖြစ်သူ သီဟစောကမူ "နှစ်ပေါင်းများစွာကြာအောင်ပဲ (ဒီမှာ) အမေရိကန်အလံဆိုတာ အစိုးရကို အန်တုတဲ့သဘောသက်ရောက်တယ်။ ဒီအလံဆိုတာက ဒီမိုကရေစီ၊ လွတ်လပ်မှု စတဲ့ ကောင်းတဲ့အရာအားလုံးကိုဆိုလိုတာလေ" ဟု ပြောသည်။**

တရားဝင်အားဖြင့် 'မြန်မာ' ဟု လူသိများသော တိုင်းပြည်သို့ လွန်ခဲ့သည့် ၂ နှစ်ခန့်က တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင် အလည်အပတ်ရောက်လာခဲ့စဉ်က မြန်မာပြည်သူများထံမှ ဤကဲ့သို့ ရုတ်တရက်လှိုက်လှဲဝမ်းသာစွာ ကြိုဆိုခဲ့ကြခြင်းမျိုး မရှိခဲ့ပါ။ မည်သို့ပင်ဆိုစေ တရုတ်သည် မြန်မာ၏ ထိပ်တန်းနိုင်ငံခြားရင်းနှီးမြှုပ်နှံသူနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သော်လည်း တရုတ်သည် ပြည်သူအား ရက်စက်ခဲ့သော အထီးကျန် မြန်မာစစ်အစိုးရကို ထောက်ခံအားပေးခဲ့သည့် နိုင်ငံအနည်းငယ်ထဲမှ တစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာပြည်သည်တရုတ်နိုင်ငံမှ စျေးပေါသော သွင်းကုန်များအပေါ် မှီခိုနေရသည်ဆိုတောင်မှ မြန်မာတွင် မြောက်ဘက်မှ ၎င်းတို့၏ ရောမအိမ်နီးချင်းတို့အပေါ် ချစ်ခြင်းအနည်းငယ်သာရှိနေပါသည်။

တရုတ်၏ ကမ္ဘာအနှံ့ ပေါ်ထွက်လာမှုသည် ၎င်း၏စီးပွားရေးကို စွမ်းအင်ပေးရန် လိုအပ်သော သဘာဝအရင်းအမြစ်များ ရှာဖွေရေးဖြစ်နေခဲ့ပါသည်။ တရုတ်နိုင်ငံပိုင်ကုမ္ပဏီများသည် ကမ္ဘာအနှံ့တွင်အာဖရိကတိုက်မှသည်တောင်ပစိဖိတ်စွန်းမှ နေရာများအထိ ရောက်ရှိခဲ့ကြပြီး စစ်အေးခေတ်ကာလအတွင်း အမေရိကန်နှင့် ဆိုဗီယက် ယူနီယံတို့က ၎င်းတို့ဘက်ပါအောင် အစိုးရများကို ဆွဲဆောင်ရန် အပြိုင်ကြိုးပမ်းခဲ့ကြပြီးနောက် ခန်းခြောက်နေခဲ့ကြသော (ထိုနေရာများသို့) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ယူဆောင်လာနေကြပါသည်။ သို့သော် တရုတ်ကုမ္ပဏီများက ကမ္ဘာကြီး၏ မနှစ်မြို့ဖွယ်ကောင်းသည့် အစိုးရအချို့နှင့် ကန်ထရိုက်စာချုပ်များ လက်မှတ်ရေးထိုးကြရာတွင် ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှရသော အကျိုးအမြတ်များမှာ ဒေသခံပြည်သူများအတွက် မရည်ရွယ်ခဲ့ပါ။ တရုတ်ကုမ္ပဏီများသည် နိုင်ငံရပ်ခြားစီမံကိန်းများအတွက် ၎င်းတို့၏ ကိုယ်ပိုင်လုပ်သားများကိုသာ များသောအားဖြင့် ခေါ်ယူသွားလေ့ရှိပြီး ရှာဖွေရရှိသော သဘာဝအရင်းအမြစ်များမှာလည်း တရုတ်တို့၏ စားသုံးမှုအတွက်သာ ဖြစ်သည်။

မြန်မာသည်လည်း ထောက်ပြစရာကိစ္စတစ်ခုဖြစ်ပါသည်။ မြန်မာသည် တရုတ်တို့ အလွန်တရာလိုအပ်နေသော သဘာဝအရင်းအမြစ်များဖြစ်သည့် ရေအားလျှပ်စစ်နှင့် သစ်လုံးပို့ကုန်မှသည် သဘာဝဓာတ်ငွေ့များနှင့် ကျောက်စိမ်းတို့ ကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာအား နှစ်ပေါင်းငါးဆယ်နီးပါး အုပ်ချုပ်ခဲ့သော စစ်အစိုးရသည် တရုတ်တို့နှင့်သာ အဓိကရင်းနှီးမြှုပ်နှံမှု စာချုပ်များ ချုပ်ဆိုခဲ့ရသည်။ ၎င်းတို့သာ အဓိကကုမ္ပဏီများ ဖြစ်ခဲ့သည်။ အကြောင်းမှာ ထိုစဉ်က အနောက်နိုင်ငံများမှာ မြန်မာအစိုးရအား ၎င်း၏လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ထားခဲ့သောကြောင့် ဖြစ်ပါသည်။ စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်အောက်တွင် မြန်မာဗိုလ်ချုပ်များနှင့် ၎င်းတို့၏ စီးပွားရေးအခွင့်ထူးခံ ခရိုနီများသည် ပြည်သူ သုံးပုံတစ်ပုံခန့်က ဆင်းရဲမွဲမျိုးအောက် ရှင်သန်နေစဉ်၌ပင် ထိုတရုတ်ကုမ္ပဏီတို့နှင့် ကန်ထရိုက်များဖြင့် ကြွယ်ဝချမ်းသာခဲ့ကြသည်။ ဤသည်မှာ အာရှ၏ စပါးကျီဖြစ်ခဲ့ဖူးသော နိုင်ငံတွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။ "မြန်မာပြည်သူတွေရဲ့ အမြင်ကတော့ ဦးသန်းရွှေဟာ မြန်မာပြည်ကို တရုတ်ကိုရောင်းစားနေတယ်လို့ပဲ မြင်ပါတယ်။ တရုတ်ကုမ္ပဏီတွေ ဒီကိုလာရင် သူတို့ရဲ့ ထမင်းချက်တွေ၊ ဒရိုင်ဘာတွေကအစ အားလုံး တရုတ်လူမျိုးချည်းပဲ။ ဒါက နည်းမှန်လမ်းမှန် မဟုတ်ပါဘူး။ တရုတ်ကို ခါးခါးသီးသီးမုန်းကြတာဟာ မြန်မာပြည်မှာ ကြီးထွားလာနေပါတယ်" ဟု မြန်မာကုန်သည်ကြီးများအသင်း ဒုဥက္ကဋ္ဌ ဦးလှမောင်ရွှေက ပြောသည်။

ရှုပ်ထွေးရသည့်ကိစ္စများမှာလည်း မြန်မာ၏ သဘာဝအရင်းအမြစ် ပေးကမ်းစွန့်ကြဲမှု အများစုမှာ ၎င်း၏ နယ်စပ်ဒေသများတွင် တည်ရှိနေခြင်းဖြစ်သည်။ ထိုနေရာများတွင် လူနည်းစုတိုင်းရင်းသားများမှာ ဗဟိုအစိုးရ၏ ဖိနှိပ်ခြင်းကို ခံစားနေရသည်။ မြန်မာ၏ နိုင်ငံအနောက်ဘက်ဖျားမှ တရုတ်ပြည်တွင်းသို့ စွမ်းအင်တင်ပို့မည့် ရွှေဓာတ်ငွေ့ပိုက်လိုင်း ကိစ္စကိုကြည့်လျှင်လည်း ဒေသခံ ရခိုင်တိုင်းရင်းသားများမှာ အဓိက သဘာဝဓာတ်ငွေ့ လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ အများအပြားထွက်ရှိသော်လည်း လျှပ်စစ်ဓာတ်အား အနည်းငယ်သာ ရရှိကြရသည်။ (မြန်မာပြည်သည် ကမ္ဘာတွင် လျှပ်စစ်ဓာတ်အား ရရှိမှု အနည်းဆုံး တိုင်းပြည်တစ်ခုဖြစ်ပြီး အထူးသဖြင့် တိုင်းရင်းသား ဒေသများတွင် ပိုနည်းပါးသည်။) ရွှေဓာတ်ငွေ့ပိုက်လိုက် လှုပ်ရှားမှုအဖွဲ့အတွက် အလုပ်လုပ်နေသော ရခိုင်တိုင်းရင်းသူတစ်ဦးဖြစ်သည့် မဖြိုးဖြိုးက "ရခိုင်လူမျိုးတွေက လျှပ်စစ်မီးလုံးဝမရှိတဲ့ အချိန်မှာ တရုတ်ဘက်ကို ဒီဓာတ်ငွေ့တွေ အကုန်လုံး ဘယ်လိုပို့နိုင်ပါ့မလဲ။ ကျွန်မတို့ပြည်သူတွေဟာ အကျိုးအမြတ်တွေ မခံစားကြရပါဘူး။ အဲဒီအစား စီမံကိန်းက တံငါသည်တွေအတွက် အသက်မွေးဝမ်းကျောင်းစရာမရှိအောင်၊ လယ်သမားတွေအတွက် လုပ်စရာမြေမရှိအောင်ဖြစ်စေခဲ့ပါတယ်"ဟု ပြောသည်။

ယခုအခါ ၂၀၁၁ မတ်လမှစ၍ အာဏာရခဲ့သော စစ်အရာရှိဟောင်းများပါဝင်သည့် အရပ်သားအစိုးရသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ မိတ်ဆက်ပေးခဲ့ပြီးဖြစ်ရာ တရုတ်ပြည်သည်လည်း ထွန်းသစ်စ ရင်းနှီးမြှုပ်နှံရာပန်းတိုင်တစ်ခု ဖြစ်လာနေသော မြန်မာတွင် ရင်းနှီးမြှုပ်နှံရန် ဆန္ဒပြင်းပြလာနေသော အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ရတော့မည့် အခြေအနေကို တွေ့ရှိပါပြီ။ ယမန်နှစ်ကမူ တရုတ်တို့အား သတိပေးမှုအနေဖြင့် အငြိမ်းစားဗိုလ်ချုပ်ကြီးဟောင်း သမ္မတ ဦးသိန်းစိန်သည် နိုင်ငံမြောက်ပိုင်းမှ မြစ်ဆုံဆည်စီမံကိန်း တည်ဆောက်ရေးကို ရပ်ဆိုင်းစေခဲ့ပါသည်။ အဆိုပါစီမံကိန်းမှာ အလွန်ကြီးမားသော မဟာစီမံကိန်းကြီးဖြစ်၍ ထွက်ရှိသမျှ လျှပ်စစ်စွမ်းအင်အားလုံးနီးပါးကို တရုတ်ဘက်သို့ ပေးပို့မည်ဖြစ်သည်။ ပြီးနောက်ဒေသခံများအား အမှောင်ထဲဆက်ထားမည်ဖြစ်သည်။ (သို့သော် ကချင်ပြည်နယ် မြစ်ဆုံနေရာတွင် အချို့အဆောက်အအုံများကို တိတ်တဆိတ် ဆောက်လုပ်နေဆဲဖြစ်ပြီး ထိုနေရာတွင် ကချင်တပ်မတော်နှင့် မြန်မာစစ်တပ်တို့ လပေါင်းများစွာကြာအောင် တိုက်ပွဲများဖြစ်ပွားနေသည်ဟု သတင်းများထွက်ပေါ်နေသည်လည်းရှိသည်။)

မြန်မာတွင် လစ်ဘရယ်ဆန်သော ပတ်ဝန်းကျင်အနေအထားတိုးပွားလာမှုနှင့်အတူ ပြည်သူများသည်လည်း တရုတ်စီမံကိန်းများကို ပို၍ခွန်အားရှိစွာ ဆန့်ကျင်ဝေဖန်လာနေကြပါသည်။ မုံရွာမြို့မှ မဝေးလှသော နေရာတစ်ခုတွင် မြန်မာပြည်သူထောင်ပေါင်းများစွာသည် တရုတ်လက်နက်ကုမ္ပဏီတစ်ခု၏ လုပ်ငန်းခွဲတစ်ခုကို တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သော ကြေးနီမိုင်းအတွက် တရားမဝင် မြေသိမ်းခြင်း(သို့မဟုတ်)မလောက်ငသည့် လျော်ကြေးပေးလျော် မြေသိမ်းခြင်းတို့ကို ဆန့်ကျင်ကာ ချီတက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြကန့်ကွက်မှုများမှာ မကြာသေးမီက အိုဘားမား မြန်မာပြည်တွင် ရှိခဲ့စဉ်တွင် ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံ၏နာမည်ကျော် နိုင်ငံရေးအကျဉ်းသားများလည်း ဖြစ်စဉ်တွင် ပါဝင်ခဲ့ပြီး ထိုကြေးနီမိုင်း၏ သဘာဝပတ်ဝန်းကျင်ရေးရာ ထိခိုက်နိုင်ခြေအပေါ် စိုးရိမ်မှုများလည်း ပါဝင်လာနေကြသည်။

မြန်မာ၏ တရုတ်အပေါ် လူထုဘက်မှ ဆန့်ကျင်မှုများတွင် အမြတ်ထွက်သူမှာ မည်သူဖြစ်မလဲ။ မြန်မာအစိုးရသစ်အပေါ် ပိတ်ဆို့မှုများ ဖြေလျှော့ပေးခဲ့သော အမေရိကန်ပြည်ထောင်စုအား ယခင်စစ်အစိုးရတွင် အနောက်တိုင်းအား ဆန့်ကျင်သည့် စိတ်အခံရှိသော်ငြား အမေရိကန်ပြည်ထောင်စုသည် နိုင်ငံကို ဒီမိုကရေစီစံနှုန်းများနှင့် တွဲဖက်မြင်ချင်သော မြန်မာပြည်သူတို့ထံမှ လေးစားမှုကို ယေဘုယျအားဖြင့် ရရှိနေပါသည်။ ယင်းသို့မေတ္တာသက်ဝင်ခံရမှုမှာ အာရှသို့ ဦးတည်၍ နိုင်ငံခြားရေးပေါ်လစီကို ဦးစားပေးလာသော အိုဘားမားအစိုးရနှင့် လိုက်ဖက်စွာတွဲမိနေပါသည်။ အာရှတိုက်၏ အရှေ့တောင်အာရှတစ်ကြောတွင်လည်း ဒေသခံအစိုးရများမှာ တရုတ်ရင်းနှီးမြှုပ်နှံမှုအား လိုချင်နေရခြင်းနှင့်အတူ တွဲပါလာသော ဘေဂျင်း၏ ပင်လယ်ပိုင်နက်အငြင်းပွားမှုကိစ္စများစွာတွင် ပိုတိုး၍ ရန်လိုနေလာမှု ရည်ရွယ်ချက်များကို ပူပန်နေရခြင်းတို့အကြား ထိန်းညှိနိုင်ရန် ကြိုးစားနေရပါသည်။

မြန်မာနိုင်ငံသို့လည်းပတ်ခဲ့ပြီးနောက် သမ္မတအိုဘားမား ဖနွမ်းပင်မြို့တော်တွင် တက်ရောက်ခဲ့သော အရှေ့အာရှထိပ်သီးအစည်းအဝေး၌ အိမ်ရှင်ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်၏ ကြားဝင်မှုဖြင့် အစည်းအဝေးတွင် စုစည်းလာမိသော အရှေ့တောင်အာရှနိုင်ငံများသည် တောင်တရုတ်ပင်လယ်အရေး တင်းမာမှုများနှင့် ပတ်သက်၍ တရုတ်နှင့် ထိပ်တိုက်မတွေ့ကြရန် ကမ္ဘောဒီးယားက ကူညီအာမခံပေးခဲ့သည်။ ကမ္ဘောဒီးယား၏ နံပါတ်တစ် ရင်းနှီးမြှုပ်နှံသူ နိုင်ငံနှင့် အလှူရှင်နိုင်ငံ တရုတ်သည် လူ့အခွင့်အရေးစွဲချက်များဖြင့် ဟွန်ဆင်အား အနောက်တိုင်းအလှူရှင်နိုင်ငံများက အထောက်အပံ့များ ရပ်သိမ်းမသွားအောင် ကူညီပေးခဲ့သည်။ (တရုတ်က ၎င်း၏ နိုင်ငံခြားရေးပေါ်လစီနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်မစွက်ရေးမူအပေါ် အခြေခံထားကြောင်း ပြောကြားထားသည်။)

စာ(၂၈)သို့

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

စာ-၂၇၊ အိုဘားမားရဲ့ ရန်ကုန်ခရီးစဉ်အပြီး အမေရိကန်-တရုတ်- မြန်မာ သုံးပွင့်ဆိုင်ဆက်ဆံရေး ဘာဆက်ဖြစ်မလဲ မှ

အရှေ့အာရှထိပ်သီးအစည်းအဝေးတွင်အာဆီယံအဖွဲ့ဝင်ဆယ်နိုင်ငံနှင့်အတူ တရုတ်နှင့် အမေရိကန်အပါအဝင် အခြားနိုင်ငံများ တက်ရောက်ခဲ့ကြသည်။ သို့သော် တရုတ်နှင့် နယ်နိမိတ်ပြဿနာအငြင်းပွားနေသော အာဆီယံနိုင်ငံများမှာ ဝါရှင်တန်အားကြိုဆိုအားပေးရင်းဖြင့်ဘေဂျင်းအားဒေါသထွက်စေမည့်အဖြစ်ကို ငြီးငွေ့နေကြပါသည်။ အစည်းအဝေးတွင် အမေရိကန်၏ နီးစပ်သော မဟာမိတ် ဖိလစ်ပိုင်၏ သမ္မတ အကွီနိုက ၎င်း၏ တိုင်းပြည်သည် မိမိ၏ အမျိုးသားအကျိုးစီးပွားများကို ကာကွယ်ခွင့်ရှိကြောင်း နိုင်ငံတကာသို့ဆက်သွားမည်ဖြစ်ကြောင်း ဆိုခဲ့ပါသည်။ အဓိပ္ပာယ်မှာ ဟမ်းဘတ်မြို့အခြေစိုက် နိုင်ငံတကာပင်လယ်ရေကြောင်း ဥပဒေဆိုင်ရာ ခုံရုံးကဲ့သို့သော အဖွဲ့အစည်းများသို့ ပါသွားမည်ဟု ဆိုလိုပါသည်။ အမှန်အားဖြင့် အခြားသောနိုင်ငံများနှင့် နှစ်နိုင်ငံပူးတွဲဖြေရှင်းလိုနေသော ဘေဂျင်းနှင့် ယှဉ်လျှင် အမေရိကန်ကမူ (အငြင်းပွားမှုများတွင်) နိုင်ငံစုံပါဝင်ချဉ်းကပ်ဆောင်ရွက်မှုကိုတိကျစွာတိုက်တွန်းနေခဲ့ပါသည်။ သို့သော် အကွီနိုမှာလည်း ထိုကိစ္စကို အနည်းငယ်ဆွဲဆန့်ထားနိုင်စရာ ရှိပါသည်။ တစ်ချက်မှာ အာဆီယံအစိုးရတိုင်းသည် တောင်တရုတ်ပင်လယ်အငြင်းပွားမှုတွင် မပါဝင်သောကြောင့်ဖြစ်ပါသည်။ နောက်တစ်ချက်မှာ ကမ္ဘောဒီးယားတစ်နိုင်ငံထဲသာ တရုတ်ကို မှီခိုနေရသည်မဟုတ်။ ထိပ်သီးအစည်းအဝေးပွဲပြီးနောက် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်သည် ဘန်ကောက်သို့သွားခဲ့ပြီး ထိုင်းဝန်ကြီးချုပ်ယင်လပ်ခ်နှင့် တွေ့ဆုံကာ ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရေးတွင် ဘေဂျင်းက အကူအညီပေးနိုင်ရေး ဆွေးနွေးခဲ့ပါသည်။ တောင်ပိုင်းကယ်လီဖိုးနီးယားတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးပညာဌာန ပါမောက္ခ ဒေးဗစ်ကန်က မကြာသေးမီက ရေးခဲ့သလိုပင်။ “အရှေ့အာရှနိုင်ငံများသည် ဘက်တစ်ဖက်ဖက်တွင် ရပ်ရမည့်အရေးရှောင်ရှားနိုင်သော လမ်းကြောင်းတစ်ခုကိုရှာနေကြပါသည်” ဟူသည့်အတိုင်းပင်။

မြန်မာတွင်လည်း ဤသို့ပင်။ ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်ပိုင်းသည် တရုတ်အား သူစိမ်းဆန်မသွားစေရန်လည်း ဆက်ဆံရေးကို ဆက်ထိန်းထားရပါသည်။ မည်သို့ပင်ဖြစ်စေ တရုတ်သည် နိုင်ငံကိုအုပ်ချုပ်နေဆဲရှိသောစစ်အစိုးရအဖွဲ့ဝင်ဟောင်းများ၏ အဓိကမဟာမိတ်ဖြစ်ခဲ့ပြီး ထိုစဉ်က နိုင်ငံအချို့ကသာစစ်ခေါင်းဆောင်များဘက်က ရပ်တည်ရန် ဆန္ဒရှိခဲ့ကြသည်။ ကုလသမဂ္ဂအထွေထွေညီလာခံဖွင့်ပွဲအတွက်ပြီးခဲ့သည့်စက်တင်ဘာက အမေရိကန်သို့သမ္မတဦးသိန်းစိန် မသွားရောက်ခင်တွင် ၎င်းသည် တရုတ်သို့ ကုန်သွယ်ရေးပွဲတော်တစ်ခု ဖွင့်ပွဲသို့ သွားရောက်ပေးခဲ့ပါသည်။

“မြန်မာနိုင်ငံဟာ လက်ရှိမှာ အပြောင်းအလဲ ကာလထဲကျရောက်နေပါတယ်။ ဒါပေမဲ့ နိုင်ငံဟာ တရုတ်နဲ့ဖြစ်ထွန်းဆဲဆက်ဆံရေးတွေကို အထူးအလေးထားပါတယ်။ တရုတ်ပြည်ကိုနိုင်ငံရဲ့မိတ်ဆွေကောင်းအဖြစ် ရှုမြင်တဲ့ပေါ်လစီက မပြောင်းလဲခဲ့ပါဘူး” ဟု သမ္မတဦး သိန်းစိန်က တရုတ်တောင်ပိုင်း၌ပြောခဲ့သည်ကို ဆင်ဟွာသတင်းတွင်ဖော်ပြခဲ့သည်။

ဤနည်းအတိုင်းပင် မြန်မာသို့ အိုဘားမား၏ ခရီးစဉ်မစခင်၌ပင် မြန်မာ့တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဘေဂျင်းတွင် နှစ်နိုင်ငံစစ်ရေး ဆက်ဆံမှုများ ခိုင်မြဲအောင် သွားရောက်ခဲ့ပါသည်။ သို့သော် နိုင်ငံတကာစစ်ရေး အသိုင်းအဝိုင်းကို လှုံ့ဆော်ပေးနေသော သတင်းများမှာ တရုတ်နှင့်ရော မြန်မာနှင့်ရော မသက်ဆိုင်ပါ။ လာမည့်နှစ်တွင် မြန်မာသည် အာရှ၌ ပြုလုပ်သည့် အမေရိကန်စစ်ရေးလေ့ကျင့်မှု (ကော်ဘရာဂိုးလ်) တွင် လေ့လာသူအဖြစ် ပါဝင်ကောင်းပါဝင်နေနိုင်ပြီး၊ ဤအချက်မှာ မြန်မာ့တပ်မတော်အား လေ့ကျင့်သင်ကြားပေးရေး ထူးခြားသည့်အလှည့်အပြောင်းလည်း ဖြစ်ပါသည်။ ၎င်း၏ခြံစည်းရိုးနောက်ဘက်တွင် လက်တွေ့နေရာယူ လုပ်ဆောင်နေသည်ဟု ယူဆသော ယင်းအမေရိကန်စစ်ရေးလေ့ကျင့်မှုသို့မူ တရုတ်ပြည်ကို ပါဝင်ရန်ဖိတ်ခေါ်လိမ့်မည်မဟုတ်ပါ။

-Ref: Golden Triangle: After Obama's Visit to Rangoon, What's Next for Buram-China-U.S. Relations? by Hannah Beech. Time: NOV 23.

(-ယခုဆောင်းပါးရှင် ဟန်နာဘိချ်သည် တိုင်းမ်မဂ္ဂဇင်း၏ အရှေ့အာရှသတင်းထောက်နှင့် တရုတ်ပြည်အခြေစိုက် ဘေဂျင်းဗျူရို၏ အကြီးအကဲဖြစ်ပါသည်။ သူမသည် ဘေဂျင်းတွင် နေထိုင်၍ ယခင်က တိုင်းမ်မဂ္ဂဇင်းကြီးအတွက်ဘန်ကောက်၊ ရှန်ဟိုင်းနှင့်ဟောင်ကောင်တို့တွင် အခြေစိုက်ရေးသားခဲ့သူဖြစ်ပါသည်။)

## မြန်မာလုပ်သားများအား ဂျပန်နိုင်ငံသို့ တရားဝင်အလုပ်ပါမစ်နှင့် ပထမဆုံးအကြိမ်ပို့မည်

**အေးမြတ်သူ**

**ရန်ကုန်၊နိုဝင်ဘာ-၂၆**

မြန်မာလုပ်သား၁၅၀ဦးအားတရားဝင်အလုပ်လုပ်ကိုင်ခွင့်ပါမစ်နှင့် ကျွမ်းကျင်လုပ်သားများအဖြစ် ဂျပန်နိုင်ငံရှိစက်ရုံများသို့ပထမဆုံးအကြိမ် စေလွှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။


ဂျပန်နိုင်ငံတွင် သွားရောက်လုပ်ကိုင်မည့်မြန်မာလုပ်သားများအား လက်ရှိပြည်တွင်း၌ လုပ်ငန်းပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်၍ သင်တန်းကာလ ၆ လ သတ်မှတ်ထားသည်။ ထို့အပြင် ယင်းလုပ်သားများသည် ဂျပန်နိုင်ငံတွင်း၌မိမိကိုယ်တိုင်(သို့မဟုတ်) မိသားစုဝင်များက တရားမဝင် နေထိုင်ခဲ့ဖူးခြင်းမရှိသူများဖြစ်ရမည်ဖြစ်ပြီး လုပ်သားတစ်ဦးလျှင် အနိမ့်ဆုံးလုပ်ခလစာ ကျပ် ဆယ့်နှစ်သိန်းနှင့်အထက် ရရှိမည်ဖြစ်သည်။

“အဓိကတော့ overstay မဖြစ်ဖို့ဘဲ။ သူတို့တွေကို သတ်မှတ်ထားတဲ့လစာ တကယ် ရ၊ မရ စက်ရုံတွေကို နှစ်လတစ်ကြိမ်လောက်သွားရောက်စစ်ဆေးသွားမှာပါ” ဟု အလုပ်သမားစေလွှတ်မည့် ရဲဝံ့နဂါးပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဒါရိုက်တာကိုကျော်ဝဏ္ဏက ပြောသည်။

ဝန်ဆောင်ခနှုန်းထား ကုန်ကျစရိတ်အား ကျပ်သိန်း ၃၀ ခန့်သာ ပေးရမည်ဖြစ်ပြီး သင်တန်းစတင်တက်ရောက်မည်ဆိုပါက ငွေကျပ် ရှစ်သိန်းအား အရင်ပေးသွင်းရမည်ဖြစ်သည်။ အလုပ်ခေါ်ဆိုထားသော စက်ရုံများတွင် တိုယိုတာကားစက်ရုံ၊ ပလတ်စတစ်စက်ရုံနှင့် စည်သွတ်ဘူးစက်ရုံတို့ပါဝင်ကာ တစ်နေ့လျှင် အလုပ်ချိန်ရှစ်နာရီ သတ်မှတ်ထားပြီး အချိန်ပိုတစ်နာရီလျှင် ကျပ်ငွေရှစ်ထောင်ခန့်ရရှိမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင်ပြည်ပပြောင်းရွှေ့လုပ်သားများအပေါ် ပြဋ္ဌာန်းထားသည့်ဥပဒေအရပြည်ပမှ အလုပ်သမားများအား သင်တန်းသား လုပ်သားအဖြစ်သာ ခေါ်ဆိုခွင့်ပြုထားသည်။

စာ(၂၉)သို့






**စာ ၂၈ မှ - မြန်မာလုပ်သားများအား ဂျပန်နိုင်ငံသို့ တရားဝင် အလုပ်ပါမစ်နှင့် ပထမဆုံးအကြိမ်ပို့မည် မှ**

သို့သော် ဂျပန်နိုင်ငံတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ပါက သင်တန်းသားလုပ်သားထက် လုပ်ခလစာပိုမိုရရှိကြောင်း နေပြည်တော်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

"ဂျပန်ဘက်က အလုပ်ခေါ်တယ်။ တကယ်ပေးတော့ လစာတွေက အမှန်မရဘူး။ ဟိုမှာက သင်တန်းသားလုပ်သားထက် အလုပ်သမားက လစာပိုတောင်းတော့ စက်ရုံပြင်ပကို ထွက်ပြေးပြီး တခြားအလုပ်ကို ပြောင်းလုပ်ကြတာ။ အဲဒီတော့ ကိုယ့်နိုင်ငံရဲ့ ပုံရိပ်လည်း မကောင်းဘူး။ ဒါကြောင့် ဂျပန်ကို မြန်မာလုပ်သားစေလွှတ်တာ စိစစ်ထားတာ။ သင်တန်းသားလုပ်သားအနေနဲ့ခေါ်ရင် ခေါ်ခွင့်မပေးဘူး" ဟု အဆိုပါအရာရှိက ပြောသည်။

ကိုကျော်ဝဏ္ဏက "အခု ဂျပန်ကို စေလွှတ်မယ့် လုပ်သားတွေကို Work Permit နဲ့ပဲ။ Training Permit နဲ့ လွှတ်မှာမဟုတ်ဘူး။ အလုပ်သမားဝန်ကြီးဌာနကိုလည်း တင်ပြထားပြီးပြီ" ဟုဆိုသည်။

# မြန်မာနိုင်ငံတွင် ကူညီထောက်ပံ့မှုများ စီမံကိန်းချ ဆောင်ရွက်ရန် ဩစတြေးလျ ပြင်ဆင်

**ဆစ်ဒနီ၊ နိုဝင်ဘာ-၂၇**

ဩစတြေးလျအစိုးရသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အင်ဒိုနီးရှားနှင့် ပူးပေါင်း၍ ကူညီထောက်ပံ့ရေးလုပ်ငန်းများ ချဲ့ထွင်သွားရန် ရှိနေပြီး မြန်မာနိုင်ငံတွင်လည်း စီးပွားရေးစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် စီမံကိန်းတစ်ခု ချမှတ်သွားရန် ပြင်ဆင်နေကြောင်း သိရသည်။

ဩစတြေးလျ အစိုးရ၏ နိုင်ငံတကာ ကူညီရေးအဖွဲ့ Aus Aid ၏ အထွေထွေညွှန်ကြားရေးမှူး ပီတာဘက်ဇ်တာက ယမန်နေ့က ကျင်းပသော ကွန်ဖရင့်တစ်ခုတွင် ပြောကြားရာ၌ ယခုအခါ ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပေါ်ရေးနှင့် သဘာဝအရင်းအမြစ်ကဏ္ဍဖြစ်ထွန်းတိုးတက်ရေးများတွင် ဩစတြေးလျ၏ ကျွမ်းကျင်မှုကို တောင်းဆိုလာနေကြောင်း၊ Aus Aid အဖွဲ့သည် အင်ဒိုနီးရှားတွင် အရှေ့တီမော၌ ထောက်ပံ့ရေး လုပ်ငန်းများ လုပ်ဆောင်နေပြီး အာရပ်နွေဦး ဖြစ်ပေါ်ခဲ့ရာ အရှေ့အလယ်ပိုင်းနိုင်ငံများတွင်လည်း လုပ်ကိုင်ဆောင်ရွက်နေကြောင်း ဆိုသည်။

၎င်းက အစ္စလာမ်မစ်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားသည် ဒီမိုကရေစီ ကူးပြောင်းရေးအတွက် စံပြနမူနာ ပုံစံဖြစ်ပြီး၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကို ပြုပြင်ပြောင်းလဲရေး လျင်မြန်စွာလုပ်နေသည့် မြန်မာတွင်လည်းတိုးချဲ့ဆောင်ရွက်ရမည်ဟု ဆိုသည်။

၎င်းက ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းခန့်ကိုသာ ပညာရေးအတွက် သုံးစွဲနေသော မြန်မာနှင့် တီမောကဲ့သို့ နိုင်ငံများတွင် တည်ငြိမ်မှု ရရှိရေး ကူညီရာတွင် ဩစတြေးလျသည် ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် အသိအမှတ်ပြုခံထားရကြောင်း၊ မြန်မာနိုင်ငံတွင် အင်ဒိုနီးရှားနှင့် ပူးပေါင်း၍ ထောက်ပံ့ကူညီရေးစီမံကိန်းတစ်ရပ်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။ ၎င်းက ဩစတြေးလျပုဂ္ဂလိက ကုမ္ပဏီများသည်လည်း မြန်မာ၏ သဘာဝရင်းမြစ်ကဏ္ဍ ဖွံ့ဖြိုးရေးကူညီရန် စိတ်ဝင်စားကြောင်း ပြောသည်။

Aus Aid အဖွဲ့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးနေသော ဩစတြေးလျအစိုးရ၏ နိုင်ငံတကာကူညီရေးအဖွဲ့ဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် အရှေ့အာရှအတွက် grant aid ကူညီထောက်ပံ့မှုများပေးရာ၌ အကြီးဆုံး အလှူရှင်အဖွဲ့အစည်း ဖြစ်လာရန်ရှိကြောင်း သိရသည်။

*-Ref: Theaustralian*



ဓာတ်ပုံ-ကျော်ဇင်သန်း

# လက်ပန်းတောင်းတောင် စီမံကိန်းကိစ္စ ရန်ကုန်တွင် ပထမဆုံးအကြိမ် ဆန္ဒဖော်ထုတ်

**သန်းဌေး**

**ရန်ကုန်၊နိုဝင်ဘာ-၂၇**

လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်း ရပ်ဆိုင်းပေးရန် တောင်းဆိုနေခြင်းသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော ပြဿနာတစ်ရပ်ဖြစ်ကြောင်း ပြသနိုင်ရန် ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် မြို့တော်ခန်းမရှေ့၌ ယနေ့ မွန်းလွဲပိုင်းက ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံရှိ တရုတ်သံရုံးနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ရုံးရှေ့တို့တွင် ဆန္ဒပြပွဲပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း အဖွဲ့ပေါင်းစုံမှဦးဆောင်မည့်သူလေးဦးအား ယနေ့နံနက်တွင် သက်ဆိုင်ရာက ခေါ်ယူညှိနှိုင်းခဲ့သည်။ ထို့ကြောင့် မြို့တော်ခန်းမရှေ့တစ်နေရာထဲတွင်သာ ယနေ့နေ့လယ် ၃ နာရီ ၄၅ မိနစ်မှ ၄ နာရီခွဲခန့်အထိ ၄၅မိနစ်ကြာ ဆန္ဒပြဖြစ်ခဲ့ကြောင်း သိရှိရသည်။








## အနောက်ရိုးမ၏ တံခါးပေါက်၌

# ဥသျှစ်ပင် လူးလွန့်ခြင်း

**မောင်သာချို**

(တစ်)

အနုပညာကိစ္စ၌ မှော်အောင်ထားသူ ပြည်မြို့သားကြီး ကိုခင်ဝမ်းက ပြည်ဘက်ကမ်းကနေ ဟိုးအနောက်ဘက်ဥသျှစ်ပင်ဘက်ကမ်းဆီသို့ လှမ်းမျှော်ကြည့်ကာ သည်နေရာ၌ ဖြတ်သန်းစီးဆင်းသွားခဲ့သည့် ဧရာဝတီမြစ်ကြီးကို တေးသီချင်းသီဖွဲ့ ဂုဏ်ပြုခဲ့ဖူးပါလေသည်။ တေးသီချင်းစာသားတွေက ဤသို့ဖြစ်ပါ၏။

တိမ်တိုက်တွေရဲ့အဆုံး
အနောက်ဘက်က. . အဝေး
မိုးကုပ်တစ်နေရာမှာ
နေရောင်တချို့
ရှိနေသေးရဲ့
မြူတွေဆိုင်းနေတဲ့
ရခိုင်ရိုးမရဲ့အရိပ်
ဟိုတစ်ဘက်ကမ်းခြေ
မြစ်ရိုးမှာ
မှောင်မိုက်နေပြီ။
အေးမြတဲ့
မြောက်လေကြောင်းပေါ်
ဆန်ပြီး . . ပျံသန်းခဲ့တဲ့
ငှက်ကလေးတွေ
အလင်းရောင်က
မရှိမဲ့ ရှိမဲ့
ခရီးဝေးကို
ပျံသန်းခဲ့ရလို့
ပင်ပန်းခဲ့ပြီလား
ခရီးဖော် အပေါင်းအသင်း
တွေနဲ့
မိုးမချုပ်မီ
အိမ်ကိုပြန်ခဲ့ပြီ။
ဧရာဝတီ . . . ဧရာဝတီ
ဧရာဝတီ . . . ဧရာဝတီ

မဇ္ဈိမဒေသ အိန္ဒိယကို ဖြတ်သန်းစီးဆင်းသွားသည့် ဂင်္ဂါမြစ်ကြီးလို၊ ရုရှတို့၏ ဝက်ဝံဒေသကို ဖြတ်သန်းစီးဆင်းသွားသည့် ဗော်လဂါမြစ်ကြီးလို၊ တရုတ်တို့၏ နဂါးဒေသကို ဖြတ်သန်းစီးဆင်းသွားသည့် ယန်စီမြစ်ကြီးလို၊ အမေရိကန်တို့၏ သိမ်းငှက်ဒေသကိုဖြတ်သန်းစီးဆင်းသွားသည့် မစ္စစ္စပီမြစ်ကြီးလို၊ အီဂျစ်တို့၏ ပိရမစ်ဒေသကို ဖြတ်သန်းစီးဆင်းသွားသည့် နိုင်းမြစ်ကြီးလို ဧရာဝတီက သည်ပြည်မြို့၏ အနီးမှာလည်း ခမ်းနားတည်ငြိမ်စွာပဲ စီးဆင်းသွားခဲ့ပါလေသည်။

အရင်ကတော့ ပြည်ကနေ ဟိုအနောက်ဘက်ကမ်းသို့သွားဖို့အတွက် ဧရာဝတီကိုပဲ ဖြတ်ကူးကြရပါသည်။ လှေတွေ၊ သမ္ဗန်တွေ၊ မော်တော်တွေ၊ သင်္ဘောတွေ၊ ဇက်တွေအစုံ။

ပြည်အောက်အနားဆီ၌ သရက်နှစ်ပင်ဆိုသည့် ဇက်ဆိပ်ရှိခဲ့ဖူးပါသည်။ သည်ကနေပဲ လူတွေရော ကားတွေရော ကုန်ပစ္စည်းတွေရော ဖြတ်ကူးကြရခြင်းဖြစ်ပါသည်။ ဟိုးအနောက်ဘက် ကမ်းပါးပေါ်မှာက ပန်းတောင်းမြို့။ သည်မြို့ကို ရောက်ပြီဆိုသည်နှင့် အနောက်ရိုးမသို့ အဝင်တံခါးပေါက်က ပွင့်သွားခဲ့ပါလေပြီ။ သည်တော့ ပန်းတောင်းဆိုတာ အတိတ်၏ နေ့ရက်တွေတုန်းက လူသူအဝင်အထွက် ရှုပ်ယှက်ခတ်ကာ စားသောက်ဆိုင်များ၊ တည်းခိုခန်းကလေးများ၊ ကုန်စည်အတင်အချအရောင်းအဝယ် များဖြင့် စွတ်စွတ်စိုစိုရှိခဲ့ဖူးပါလေသည်။ ကုန်းဘောင်ခေတ်၏ ဘုရင်တစ်ပါးဖြစ်သော ဗဒုံမင်းခေါ် ဘိုးတော်ဘုရားက သားတော်မဟာဥပရာဇာမောင်ပေါ်ကိုစစ်သေနာပတိချုပ်ခန့်အပ်လျက် ရခိုင်ဒေသ ဓညဝတီသို့ စစ်ချီတက်စေလေသောအခါ သည်ပန်းတောင်းမြို့ကနေပဲ စစ်ချီကာ အနောက်ရိုးမခေါ် ရခိုင်ရိုးမကြီးကို ကျော်လွှားသွားခဲ့ကြခြင်းဖြစ်ပါသည်။

အခုတော့ ပန်းတောင်းက တိတ်ဆိတ်ခြောက်ကပ်ကာ ဖျော့တော့၍သွားခဲ့ပါပြီ။ ဟုတ်ပါသည်။ ဧရာဝတီမြစ်ကို ဖြတ်ကူးသည့် နဝဒေးတံတားကြီးကို (၁၁-၉-၉၇)က ဖွင့်ပေးလိုက်ခဲ့ရာ သည်တံတားကမြစ်ညာဘက်သို့တက်ကာ ထိုးထားသောတံတားဖြစ်သည့်အတွက် ပန်းတောင်းမြို့နှင့် နဝဒေးတံတားက တခြားစီဖြစ်သွားခဲ့ပါသည်။ နှုတ်ခမ်းနှင့် နှုတ်ခမ်းနီ တစ်လွဲစီဆိုးမိသလို အနေအထားမျိုးဖြစ်ရာ ပန်းတောင်းက မလှုပနိုင်ပါလေတော့။ အစိုးရရုံးစိုက်ရာ ဌာနပေါင်းစုံရှိသော မြို့ဖြစ်ပါလျက် ကြုံလှီ၍ သွားခဲ့ရပါတော့သည်။

သည်မှာတွင် တစ်စတစ်စ လွန့်လူး၍ နိုးထလာခဲ့သည်က ဥသျှစ်ပင်ပဲဖြစ်ပါသည်။ မြေစာရင်းဦးစီးဌာနက ထုတ်ဝေသည့် မြေပုံစာအုပ်များ၌ အုတ်ရှစ်ပင်ဟု ဖော်ပြလေ့ရှိသော ဥသျှစ်ပင်။

(နှစ်)

ပန်းတောင်းခေတ်ကောင်းစဉ်ကာလတွေတုန်းက ဥသျှစ်ပင်ဟူသည် ချောက်ချီးချောက်ချက် ရွာငယ်လေးမျှသာ။ သို့သော် နဝဒေးတံတားကို ဧရာဝတီမြစ်အနေအထားအရ ပြည်ဘက်ကမ်းမင်းကြီးတောင်ခြေကနေ အနောက်ဘက်ကမ်း ဥသျှစ်ပင်ရွာဘက်ဆီသို့ ထိုးချလိုက်လေသောအခါ ဥသျှစ်ပင်က လူး၍လွန့်၍လာပါ

> “ဟိုးအနောက်ဘက်ကမ်းပါးပေါ်မှာက ပန်းတောင်းမြို့။ သည်မြို့ကို ရောက်ပြီဆိုသည်နှင့် အနောက်ရိုးမသို့အဝင် တံခါးပေါက်က ပွင့်သွားခဲ့ပါလေပြီ။ သည်တော့ ပန်းတောင်းဆိုတာ အတိတ်၏ နေ့ရက်တွေတုန်းက လူသူအဝင်အထွက် ရှုပ်ယှက်ခတ်ကာ စားသောက်ဆိုင်များ၊ တည်းခိုခန်းကလေးများ၊ ကုန်စည်အတင်အချအရောင်းအဝယ် များဖြင့် စွတ်စွတ်စိုစို ရှိခဲ့ဖူးပါလေသည်။”

တော့သည်။ တံတားထိုးအပြီး ၁၉၉၇ ကနေ စတင်လူးလွန့်၍ လာခဲ့ရာ လွန်ခဲ့သော လေး၊ ငါးနှစ် ၂၀၀၅ အလွန်ကစ၍ ရှေ့သို့ ရှေ့သို့ ချည်းသာဖြစ်ပါသည်။

ဥသျှစ်ပင်ကနေ တောင်သို့လားသော် အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ ထုံးဘိုမြို့ရှိပါသည်။ ထို့နောက် ကြံခင်း၊ ထို့နောက် မြန်အောင်၊ ထို့နောက် ဟသ်ာတ၊ ဇလွန်၊ ဓနုဖြူတို့သာမကသေးဘဲ ပုသိမ်-မုံရွာလမ်းမကြီးက ပုသိမ်အထိ ပေါက်ပါသည်။ မြောက်ဘက်ကို တက်တော့ မင်းတုန်း။ ထို့နောက် ဆက်ကာဆက်ကာတက်၍သွားသော်မုံရွာရောက်သည်အထိ။ ဥသျှစ်ပင်ကနေ အနောက်သို့ တည့်တည့်သွားလျှင် ကားနာရီဝက်လောက် ကားမောင်းသွားသည်နှင့် ရခိုင်ရိုးမခေါ် အနောက်ရိုးမက ဆီးကြိုနေပါသည်။

“မြန်မာ့ဘူမိသမိုင်းမှတ်တိုင်များ” စာအုပ်ရေးသူ ဦးသိန်း၏အအလိုအရ သည်အနောက်ရိုးမတောင်တန်းကြီးသည်လွန်ခဲ့သောနှစ်ပေါင်းသန်း ၆၀ လောက်က အီအိုဆင်းကျောက်လွှာများ တွန့်ခေါက်ကြရာမှ တောင်တန်းကြီးများဖြစ်ပေါ်လာကာ ရခိုင်ရိုးမဟူ၍ ဖြစ်ပေါ်လာကြောင်း ဆိုခဲ့ရာ တကယ့်ကို သက်တော်ရှည်ရိုးမတောင်တန်းကြီးပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ ဥသျှစ်ပင်က ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့ဆုံရာ၌ လမ်းဆုံလမ်းခွကျလျက်ရှိရာ မူလက ရွာငယ်ဇနပုဒ်မီးကလေးမှိတ်တုပ်ဖြစ်သော်လည်း ခုတော့ ဖုန်းလိုင်းမှန်သမျှ ပွင့်သွားသော ဥသျှစ်ပင်၊ အင်တာနက်ချိတ်ဆက်ထားသော ဥသျှစ်ပင်၊ ဆေးရုံနှင့် အထက်တန်းကျောင်းနှင့် ရဲစခန်းနှင့် ဥသျှစ်ပင်၊ စည်ဘီယာနှင့် ကာရာအိုကေနှင့် ဥသျှစ်ပင်ဖြစ်၍ နေပါပြီ။

ဥသျှစ်ပင်ကို အလျင်အမြန်ဖြတ်သန်းလိုက်တော့ နာရေးအသင်းနှင့်အတူ မီးသင်္ဂြိုဟ်စက်ကို တည်ဆောက်ထားပြီးပါပြီ။ ကြက်ခြေနီအသင်းအတွက် သီးခြားအဆောက်အအုံ၊ စာကြည့်တိုက်အတွက် သီးခြားအဆောက်အအုံ၊ စာရေးဆရာအသင်းအတွက် သီးခြားအဆောက်အအုံတို့ကိုပင် ကိုယ့်မြေကွက်နှင့်ကိုယ်ဆောက်၍ နေကြပါပြီ။

“မြေဈေးကသိပ်တက်သွားတယ်။ ဟိုတလောက ဘဏ်ဖွင့်ဖို့ မြေကွက်လာကြည့်တာ ပေ ၃၀ x ၈၀ ကို သိန်းတစ်ထောင့်ငါးရာ ခေါ်နေတယ်” ဒေသခံက ကျွန်တော့်ကို ရှင်းပြခြင်းဖြစ်ပါသည်။

“ဒါပေမဲ့ မဖွင့်ဖြစ်ပါဘူး။ ဥသျှစ်ပင်က ရွာဆိုတော့ ဥပဒေအရ ဘဏ်ဖွင့်လို့မရဘူးဖြစ်နေတယ်။”

ဆိုင်တွေကနားတွေပွဲရုံတွေကုန်သည်တွေ အဝေးပြေးကားတွေနှင့် ငွေကြေးစီးဆင်းမှုလျင်မြန် သွက်လက်နေသော်လည်း ရွာအဆင့်ဟုဆိုကာ ဥသျှစ်ပင်က ဘဏ်ဖွင့်ခွင့်မရ။

အနောက်ရိုးမနှင့်နီးလို့လားမသိ။ ဥသျှစ်ပင်က ဆတ်သားခြောက် ပေါပါသည်။ ဆင်ခရမ်းချဉ်သီးတွေလည်း ပေါပါသည်။ ထို့ပြင် ရခိုင်ဟင်းလျာများနှင့် ရခိုင်မုန့်တီဟင်းတို့တွင် ထည့်လေ့ရှိသည့် အာပူရွက်လည်း ပေါပါသည်။ အရှိုချင်းခေါ် မြေပြန့်ချင်းတို့ အဝင်အထွက်ရှိသဖြင့် စကားဝဲသော သူတို့ကိုလည်း မကြာခဏ တွေ့ရတတ်ပါသည်။

နဝဒေးတံတားကြောင့်လမ်းကြောင်းပြောင်းကာ ဥသျှစ်ပင် ဖွံ့ထွားအားယူစပြုခြင်းအပေါ် ဝမ်းမြောက်မိသော်လည်းပန်းတောင်းနှင့်ပန်းတောင်းအနီးက ဆင်တဲတို့၊ တန့်ကြည့်တောင်တို့ ညှိုးနွမ်းသွားရပုံကိုကြည့်ကာ မြို့ရွာများ၏ အဆင်းအတက်လောကဓံကို ကျွန်တော် စောင့်ကြည့်နေမိပါသည်။ မြစ်မင်းဧရာဝတီကမူ တသွင်သွင်စီး၍နေမြဲ။ သောင်တွေက ဖွေးဖွေးလှုပ်လှုပ်။ ရိုးမ၏ အရိပ်တောင်စွယ်အတွန့်အလွန့်တွေကြားမှာ ရွှေဘုံသာမုနိဘုရားက ရွှေသက်န်းဝင်းဝင်းပပ။ ဖိုးဦးတောင်က ညို့ညို့ဆိုင်းဆိုင်း။ နဝဒေးတံတားထိပ်ကနေ ဝန်းကျင်အနံ့ကို အကြည့်ဆန့်ထုတ်ကာ လွမ်း၍ မဆုံးနိုင်ပါလေတော့။

---

## ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဒီဇင်ဘာလတွင် ကျင်းပမည်

**အောင်နိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

ဒုတိယအကြိမ်မြောက်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း ဆွေးနွေးရန် ချင်းအမျိုးသားတပ်ဦး (CNF) က ချင်းပြည်နယ်ဝန်ကြီးချုပ်ထံ စာတင်ထားကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင် ဦးတလွန်ကျဲအိုက ပြောသည်။

အဆိုပါတွေ့ဆုံပွဲကို ရန်ကုန်မြို့၌ ဒီဇင်ဘာလ ၇ ရက်နှင့် ၈ ရက်များတွင် တွေ့ဆုံရန်နှင့် CNF မှ နိုင်ငံရေးအရ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ်ထံ တွေ့ဆုံမည့်အကြောင်းကြားစာတင်ခဲ့သူ ဦးတလွန်ကျဲအိုက ဆိုသည်။

ဒုတိယအကြိမ်မြောက် ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးပွဲတွင် ချင်းအမျိုးသားတပ်ဦးမှ အထွေထွေအတွင်းရေးမှူးက ခေါင်းဆောင်မည်ဖြစ်ပြီး ကိုယ်စားလှယ် ၂၀ ကျော်ပါဝင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

“သမ္မတရုံးဝန်ကြီး ဦးအောင်မင်းဆီ လိပ်မူပြီးတော့ပို့ထားတယ်လို့သိရတယ်။ ကျွန်တော်တို့ ဝန်ကြီးချုပ်နဲ့ပြည်နယ်အစိုးရအဖွဲ့ကို မိတ္တူပေးထားတယ်” ဟု ချင်းပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးက 7day News သို့ ပြောသည်။ ပြီးခဲ့သည့်မေလ ၇ ရက်တွင် ဟားခါးမြို့၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးရာတွင် ချင်းအမျိုးသားတပ်ဦး၏ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေးအပါအဝင် အချက် ၁၅ ချက်ကို ဆွေးနွေးခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦးသည် ၁၉၈၉ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ဒီမိုကရက်တစ်မဟာမိတ်-မြန်မာနိုင်ငံ (DAB) အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၉ တွင်ဖွဲ့စည်းခဲ့သည့် “စစ်ရေးမဟာမိတ် (၆)ဖွဲ့၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၁တွင်ဖွဲ့စည်းခဲ့သည့်ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ်၊ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006



# ခေါင်းဆောင်ကောင်း

TTZ

***ပုစွန်၊ ပုတ်သင်၊ လိပ်၊ ဝါးပင်နှင့်ခြသွင်၊ ပန်းပြား ထိုသူများ လူကြီးမထားသင့်။ ထကြွ၊ နီးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဥုံခြောက်ခု၊ ကြီးသူ့တာဝန်သာ။***

အထက်ပါ ဆိုစကားများကား ရှေးလူကြီးများထားခဲ့သည့် ကျွန်တော်တို့ကြားဖူးသော မှတ်သားဖွယ်ရာများဖြစ်ပါသည်။ လုပ်ငန်းတစ်ခုကို အမြဲကန့်လန့်လုပ်သူ၊ လူကြီးပြောတိုင်း ခေါင်းညိတ်တတ်သူ၊ ကိုယ့်ဘက်ကိုယ် အမြဲယက်သူ၊ အနှစ်မရှိဘဲ အထက်တက်ဖို့သာ ကြိုးစားသူ၊ အတွင်းလှိုက်စားကာ ပျက်စီးအောင်လုပ်သူ၊ လေတိုက်ရာ ယိမ်းတတ်သူ၊ ထိုလူမျိုးများကို လူကြီးနေရာပေးမိပါက အဖွဲ့အစည်း ပျက်စီးရာဖြစ်ပေသည်။

လုပ်ငန်းအပေါ် တက်ကြွစွာဆောင်ရွက်သူ၊ အမြဲသတိဝီရိယစိုက်ကာ နိုးနိုးကြားကြားရှိသူ၊ ညှာတာသနားစိတ်ကိုယ်ချင်းစာစိတ်ရှိသူ၊ အဆိုးအကောင်းတို့ သည်းခံခွင့်လွှတ်တတ်သူ၊ ဖြစ်လာသမျှကိစ္စများအပေါ် အရာရာကို ဝေဖန်ချင့်ချိန်ဆောင်ရွက်တတ်သူ၊ မိမိထက်ကြီးသူ၊ ငယ်သူများကို လိုအပ်သလို ထောက်ပံ့ကြည့်ရှုကာ ကူညီပေးတတ်သူ၊ ထိုသူမျိုးများကို လူကြီးနေရာပေးသင့်ကြောင်း မှတ်သားခဲ့ရပါသည်။

တကယ်တော့ ခေါင်းဆောင်ကောင်းတစ်ယောက်သည် လူ့အဖွဲ့အစည်းအတွက် များစွာပြောင်းလဲအောင် ဖန်တီးနိုင်သူ တစ်ယောက်ဖြစ်သည့် သာဓကများစွာရှိခဲ့ပါသည်။

အနိမ့်ဆုံးအဆင့်မှ စပြောရလျှင် မိသားစုအတွင်းမှာပင် အမြော်အမြင်ရှိသော မိဘ၊ စည်းကမ်းရှိသော၊ ကြိုးကြိုးစားစားအလုပ်လုပ်သော မိဘမှ မွေးဖွားလာသော မိသားစုမှာ သာမန်မိသားစုနှင့်မတူပါ။ မိသားစုစည်းစည်းလုံးလုံးရှိသည်။ စားဝတ်နေရေးအဆင်ပြေသည်။ ပြဿနာ ကြီးကြီးမားမားမတွေ့ရဘဲ အောင်မြင်ပျော်ရွှင်သော မိသားစုဘဝကို ထူထောင်နိုင်သည်။ တကယ်တော့ သားသမီးမကောင်း မိဘခေါင်းလို့ ဆိုစကားရှိသော်လည်း မိဘမကောင်းပါက သားသမီးတွင်လည်း များစွာထိခိုက်တတ်ပါသည်။ မိဘနှင့် သားသမီးနှစ်ဖက်စလုံး တာဝန်ကျေမှသာ အဆင့်ဆင့် တိုး

**ကျွန်တော်တို့တိုင်းပြည်မြန်မာနိုင်ငံသည်လည်း ယခင်က နှစ်ပေါင်းများစွာ သူ့ကျွန်ဘဝနေခဲ့ရသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ကိုယ်ကျိုးစွန့်လွှတ်သည့် အာဇာနည်ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ထွက်လာမှုကြောင့် တိုင်းပြည်လွတ်လပ်ရေးရခဲ့သည့် ထင်ရှားသော သာဓကရှိခဲ့ပြီးဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းများစွာ စစ်အာဏာရှင်လက်အောက်တွင် ပြည်သူများ ဆင်းရဲပင်ပန်းစွာ နေခဲ့ကြရပါသည်။ လူနည်းစုအတွက် အကျိုးပြုသော စနစ်အောက်တွင် ဆင်းရဲချမ်းသာကွာဟမှုများစွာဖြင့် ကမ္ဘာ့အလယ်တွင် မျက်နှာငယ်သော တိုင်းပြည်ဖြစ်ခဲ့ရသည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အစစအရာရာ နောက်ကျခဲ့ရသည်။**

တက်သော မိသားစုဘဝကို ထူထောင်နိုင်မည်ဖြစ်ရာ လူ့အဖွဲ့အစည်းတိုးတက်မှုအတွက် တာဝန်ကျေသော မိသားစုဟု ဆိုနိုင်မည်ဖြစ်ပါသည်။

ထို့အတူပင် လက်ဦးဆရာကောင်းသည်လည်း အလွန်အရေးကြီးပါသည်။ မိဘပြီးလျှင် သား၊ သမီးငယ်များအား နီးကပ်စွာနေထိုင်ဆုံးမခွင့်ရသူမှာ လက်ဦးဆရာပင်ဖြစ်ပါသည်။ ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝက ဒေါ်ငွေဘော်ဆိုသည့် ဆရာမကြီးတစ်ယောက်ရှိပါသည်။ သူငယ်တန်းမှာ ဆရာမကြီးနှင့် စာသင်ခဲ့သော်လည်း လေးတန်းအထိ ထိုဆရာမကြီးကို ကျောင်းသားတိုင်း အလွန် ကြောက်ရပါသည်။ အခြေခံကောင်းအောင် စေတနာအပြည့်ဖြင့် သင်ကြားပေးသလို တပည့်များအပေါ် လည်း အလွန်ဂရုစိုက်ပြီး အမြင်မတော်လျှင်လည်း ရိုက်နှက်ဆုံးမတတ်သဖြင့် ကျွန်တော်တို့အားလုံးက သူ့ကို ချစ်ကြောက်ရိုသေကြပါသည်။ အတန်းထဲမှာ စာမလိုက်နိုင်ပါက သူ့အိမ်မှာ သီးခြားခေါ်ပြီး စာသင်ပေးပါသေးသည်။ အသပြာယူသော ကျူရှင်မဟုတ်ပါ။ စေတနာကျူရှင် မေတ္တာကျူရှင်ဖြစ်ပါသည်။

ကျွန်တော်တို့မြို့မှာ ၁၉၆၂ ခုနှစ်လောက်တော်လှန်ရေးကောင်စီအစိုးရ တက်သည့်ကာလတွင် စစ်ဗိုလ်တစ်ယောက် အုပ်ချုပ်ပါသည်။ အလွန်တက်ကြွကာ ရပ်ရွာအတွက် များစွာ အကျိုးပြုသော စစ်ဗိုလ်ဖြစ်ပါသည်။ သူအုပ်ချုပ်သည့် ကာလတွင် မြို့ရွာဖွံ့ဖြိုးမှုအများကြီး ဆောင်ရွက်ပေးခဲ့သည်ကို သတိရနေပါသည်။ ဒေသခံလူကြီးများကလည်း သူနှင့်အတူ အလုပ်လုပ်ရသည်ကို ပျော်ရွှင်ကျေနပ်နေကြပြီး မြို့မေတ္တာကို ခံယူနိုင်ခဲ့သည့် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော်တို့မြို့ထိပ်က ကန်တော်ကြီးကိုတွေ့တိုင်း သူပြုပြင်ခဲ့သည့် ကန်တော်ကြီးအဖြစ် မြို့ခံလူကြီးတိုင်းပါးစပ်ဖျားမှာ မှတ်တမ်းကျန်ရစ်ပါသည်။ သူ ကျွန်တော်တို့မြို့က ပြောင်းသွားတော့ မြို့ခံလူထုများစွာ စိတ်မကောင်းဖြစ်ကြရပါသည်။ သူလိုလူမျိုး နောင်ဘယ်တော့ထပ်တွေ့လာမလဲဆိုပြီး မျှော်မိကြပါသည်။

ကျွန်တော် မန္တလေးတက္ကသိုလ် ကျောင်းစတက်တော့ ပါမောက္ခချုပ်ဆရာကြီးတစ်ဦးနှင့် ဆုံရပါသည်။ တပည့်များအပေါ် အလွန်ချစ်တတ်ပြီး အပြောအဟောအလွန်ကောင်းကာ စေတနာပါသော ဆရာကြီးဖြစ်ပါသည်။ ဆရာကြီးက တစ်ပတ်တစ်ခါ စာသင်ခန်းမကြီးထဲမှာ ပထမနှစ်ကျောင်းသားအားလုံးကို မြန်မာစာသင်ပေးရင်း ဆုံးမစကားများဟောပြောပို့ချမှု တစ်နာရီခန့် အမြဲ ပြုလုပ်ပေးပါသည်။ သူ့အတန်းကို ပထမနှစ် ကျောင်းသားတိုင်း မပျက်မကွက် တက်ကြပါသည်။ ဆရာကြီး၏ ပို့ချချက်နှင့် ဆုံးမစကားများကို အလွန်သဘောကျလှသဖြင့် အချို့အတန်းကြီးကျောင်းသားများပင် သူတို့အတန်းဖျက်ပြီး ပထမနှစ်ကျောင်းသားများနှင့်အတူ ဆရာကြီး၏ ပို့ချချက်ကို လိုက်တက်ကြပါသည်။ စာသင်ပြမှုတော်သကဲ့သို့ အုပ်ချုပ်မှုလည်းကောင်းသဖြင့် တက္ကသိုလ်တစ်ခုလုံးရှိ တပည့်များကလည်း ကြောက်ချစ်ရိုသေကြပါသည်။ မေတ္တာ၊ စေတနာ၊ ပညာတို့ဖြင့် အုပ်ချုပ်ခဲ့သည့် ထိုပါမောက္ခချုပ်ဆရာကြီးလက်ထက် ၁၉၇၁ ဝန်းကျင်ကာလက မန်းတက္ကသိုလ်မှာ အလွန်ပျော်စရာကောင်းသည်ကို ထိုခေတ်က တက္ကသိုလ်ကျောင်းသားတိုင်း မေ့နိုင်ကြမည်မထင်ပါ။

ကျွန်တော် အစိုးရအလုပ်ထဲသို့ စတင်ဝင်ရောက်သည့် ကာလ ၁၉၈၀ ဝန်းကျင်က ဖြစ်ပါသည်။ ကျွန်တော်တို့ဌာန၏ အကြီးဆုံးဖြစ်သော ညွှန်ကြားရေးမှူး တစ်ယောက်ရှိပါသည်။ အလွန်စည်းကမ်းကြီးပြီး အလုပ်အပေါ် အလွန်အလေးထားသူဖြစ်ပါသည်။ ထိုလူကြီးသည် မနက်ဆို ၇ နာရီလောက် ရုံးကိုရောက်ကာ တစ်ရုံးလုံးအား လှည့်ပတ်စစ်ဆေးပါသည်။ အမြင်မတော်သမျှကို ရုံးတက်ချိန်တွင် တာဝန်ရှိသူအရာရှိများကိုခေါ်တွေ့ကာ အရေးယူဆောင်ရွက်ရန် သတိပေးလေ့ရှိပါသည်။ နယ်ဒေသရှိ လုပ်ငန်းခွင်များသို့လည်း အမှတ်မထင်ရောက်လာတတ်ပြီး ရှောင်တခင် ဝင်ရောက် စစ်ဆေးတတ်ပါသည်။

*စာ(၃၅) သို့*

# Business

7DAY NEWS JOURNAL

Vol.11, No.38 • NOVEMBER 29 , 2012


## ဖားကန့်-မိုးကောင်းလမ်းပြန်ဖွင့်သော်လည်း ကုန်ဈေးနှုန်းမကျသေး

**အောင်နိုင်**

**နိုဝင်ဘာ-၂၄**

ဖားကန့်-မိုးကောင်းလမ်း ပြန်ဖွင့်လိုက်သော်လည်း ကုန်ဈေးနှုန်းများ ကျဆင်းခြင်းမရှိသေးကြောင်း ဒေသခံများက ပြောသည်။

အဆိုပါလမ်းကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ပိတ်ထားခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာလ ၂၃ ရက်တွင် အတက်အဆင်းကားများကို ပြန်လည်ခွင့်ပြုခဲ့သော်လည်း ဈေးနှုန်းများပြန်ကျခြင်းမရှိကြောင်း ပြောကြသည်။

"မနေ့က (နိုဝင်ဘာ ၂၃) နေ့လယ် ၁ နာရီလောက်မှာလမ်းပြန်ဖွင့်တယ်။ ကုန်ဈေးနှုန်းတွေကတော့ မကျသေးပါဘူး" ဟု လုံခင်းကျေးရွာဒေသ ခံတစ်ဦးက ပြောသည်။

နိုဝင်ဘာလ ၁၈ ရက်ဝန်းကျင်တွင် အစိုးရနှင့်ကေအိုင်အေတပ်များ အင်အားတိုးချလာပြီး အဆိုပါလမ်းကို ပိတ်ခဲ့ခြင်းကြောင့် ဖားကန့်ဒေသတွင် ဈေးနှုန်းများမြင့်တက်လာသည်ဟု ဒေသခံများက ဆိုသည်။

"လမ်းပိတ်လိုက်တော့ ကုန်ကားတွေ ပိတ်မိပြီး ဈေးတွေမြှင့်ရောင်းကြတာ အဓိကကုန်စိမ်းတွေပါ ဈေးတက်တာ။ ပြီးတော့ ဆန်တစ်အိတ်ကို ၂၃,၀၀၀ လောက်ကနေ ၂၇,၀၀၀ လောက်ဖြစ်သွားတာ" ဟု ဖားကန့်ဒေသခံတစ်ဦးက ပြောသည်။

အောက်တိုဘာ လကုန်ခန့်မှစတင်၍ ဖားကန့်ဒေသတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ကြိုးကြားတိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာပြီး ယခုအခါ အနည်းငယ် ပြန်လည်တည်ငြိမ်နေပြီဟု ဒေသခံတစ်ဦးက ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၇ | ၈၅၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၇ | ၈၅၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၉ | ၇၀၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၈၈ | ၁၁၀၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၃ | ၂၇. ၃၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၂ | ၁၃၄ | ကျပ် |

၂၀၁၂ နိုဝင်ဘာ ၂၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၃၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၀၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၄၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၂၈၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၄၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၂၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၅. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၀၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၅၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၃၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၉၉၂၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၀၄၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၅၁. ၄၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၃၈ |
| ငွေ | ၁ အောင်စ | ၃၄. ၂၁ |
| ကြေးနီ | ပေါင် | ၃၅၃. ၉၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ နိုဝင်ဘာ ၂၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## တိုက်ခန်းများ အရောင်းထက် အငှားဈေးကွက် ကောင်းနေ

**မိုးညို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၅**

ရန်ကုန်မြို့တွင်းပိုင်းနှင့်နီးသော မြို့နယ်အချို့၏ အိမ်ခြံမြေဈေးနှုန်းများမှာ အရောင်းဈေးကွက်ထက် အငှားဈေးကွက်များ တစ်နှစ်ထက်တစ်နှစ်ပိုမြင့်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

အထူးသဖြင့် မြို့တွင်းနှင့်နီးသည့် စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဗဟန်းမြို့နယ်များတွင် အိမ်အငှားဈေးကွက်မှာ တရိပ်ရိပ်မြင့်တက်နေခြင်းဖြစ်သည်။ ယင်းမြို့နယ်များတွင် လုံးချင်းများထက် တိုက်ခန်းအငှားဈေးနှုန်းများမှာ နှစ်စဉ်ပျမ်းမျှအားဖြင့် ၁၀ ရာခိုင်နှုန်းခန့်ပိုမို မြင့်တက်လာသည်ဟု စမ်းချောင်းမြို့နယ်မှ တိုက်ခန်းပွဲစားတစ်ဦးက သုံးသပ်သည်။

စာမျက်နှာ(၃၄)သို့ »



ရာသီဥတုဖောက်ပြန်မှုသည်လည်း ကြက်သွန်နီဈေးမြင့်ရခြင်းအကြောင်းဖြစ် ဓာတ်ပုံ - ကျော်ဇင်သန်း

## အသစ်ပေါ်သော်လည်း ကြက်သွန်ဈေး ကောင်းနေဆဲ

**သိမ့်သိမ့်စိုး၊ ပြည့်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

ကြက်သွန်သစ်များဝင်ရောက်လာပြီဖြစ်သော်လည်း ဈေးနှုန်းများ ကောင်းနေဆဲဖြစ်ကြောင်း ကုန်သည်များကပြောသည်။

"အသစ်တွေစဝင်လာပြီဖြစ်ပေမယ့် ဈေးကကောင်းနေတုန်းပဲ။ မကျဘူး။ နယ်စပ်ဝယ်အားကလည်းလိုက်နေသေးတယ်။ အသစ်ကလည်း အဝင်နည်းတော့ ဈေးကမကျနိုင်သေးပါဘူး" ဟုကြက်သွန်နီကုန်သည်များက ပြောသည်။

ကြက်သွန်နီဈေးနှုန်းများတွင် ထိပ်စမှာ တစ်ပိဿာလျှင် ၁,၁၀၀ ကျပ်၊ လက်ကြီးမှာတစ်ပိဿာလျှင် ၁,၀၇၅ ကျပ်၊ လက်သန့်မှာတစ်ပိဿာလျှင် ၉၂၅ ကျပ်နှင့် လက်ချောမှာတစ်ပိဿာလျှင်၇၀၀ကျပ် ဝန်းကျင်ရှိနေသည်။

ဘုရင့်နောင် ဈေးကွက်တွင် နေ့စဉ်ကြက်သွန်ဝင်ရောက်မှုသည် ကားစီးရေ ၃၀ ဝန်းကျင်ရှိကြောင်း သိရသည်။

ပြည်ပကြက်သွန်နီတင်ပို့မှုမှာလည်း ပြည်တွင်းဈေးနှုန်း မြင့်နေသဖြင့် တင်ပို့နိုင်ခြင်းမရှိသေးပေ။ ပြည်ပဈေးကွက်တွင် မြန်မာ့ကြက်သွန်ဈေးကွက်မှာတစ်ပိဿာလျှင် ၅၀၀-၆၀၀ ကျပ် ဝန်းကျင်သာရှိကြောင်းကုန်သည်တစ်ဦးက ပြောသည်။

"မနှစ်က ရှုံးတော့ ကြွေးတင်ပြီး ဒီနှစ်မှာ သိပ်မစိုက်နိုင်ဘူး။

စာမျက်နှာ(၃၄)သို့ »





Hot Line – ၀၉-၄၃၀-၂၂၂-၂၅ ၀၉-၈၁-၀၀၀-၇၅၃၊ ၀၉-၅၅-၂၂-၁၂၃ ၊ ၀၉-၇၃၀-၁၇၀-၇၃၊ ၀၉-၅၀၂-၁၁-၄၄

7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# တရုတ်သို့အရွယ်စုံဆိတ်များတင်ပို့နေခြင်းကြောင့် ဆိတ်သားဈေးမြင့်တက်လာ

**သန်းဌေး**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

တရုတ်နိုင်ငံသို့ မြန်မာ့ဆိတ်များ အရွယ်စုံ တရားမဝင်တင်ပို့နေမှုကြောင့် ပြည်တွင်း၌ ရှားပါးလာကြောင်း မွေးမြူရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

“တရုတ်နိုင်ငံက ငါးပိဿာ၊ ခြောက်ပိဿာအရွယ်တွေကိုပါ မတန်တဆဝယ်တော့ အကောင်လေးတွေကကြီးမလာနိုင်ကြတော့ဘူးပေါ့။ အဲဒီ့ထက်ဆိုးတာက ဆိတ်မလေးတွေ၊မဒန်းလေးတွေပါ အကုန်ဝယ်နေပြီး ခိုးပို့နေတာပဲ” ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ပြည်တွင်းဆိတ်သားဈေးနှုန်းမှာ ယခုနှစ် ဇွန်လက တစ်ပိဿာလျှင် ၃,၀၀၀ ကျပ်သာရှိခဲ့သော်လည်း ယခုအခါ အသားခြမ်း ဈေးနှုန်း ၇၀၀၀ ကျပ်နှင့် အသားလက်လီဈေးနှုန်း ၁၂,၀၀၀ ကျပ်ထိဖြစ်လာကာ ဈေးဆက်လက်တက်လာမည်ကို စိုးရိမ်နေရကြောင်း အမဲသားနှင့် သိုးဆိတ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးလှစိန်က ပြောသည်။

“ဆိတ်သားဈေးနှုန်းကမြင့်လာတော့ လူမမာစာ၊ ဟိုတယ်စာဖြစ်လာပြီး ကလေးငယ်တွေအတွက်တောင် အာဟာရအတွက် မစားနိုင်တော့ဘဲ ကြာရင်တော့ မျိုးသုဉ်းလာနိုင်ပါတယ်” ဟု ဦးလှစိန်က ပြောသည်။

ယခုနှစ်ကုန်ပိုင်းတွင်ဆိတ်များအား တရားမဝင်ပြည်ပသို့ တင်ပို့နေသူများက ဈေးမြှင့်ကာ ပေးဝယ်နေသောကြောင့် ၎င်းတို့နှင့် ယှဉ်ပြိုင် မဝယ်နိုင်တော့ဘဲ ယခင်က တစ်နေ့လျှင် အကောင် ၄၀၀ မှ ၂၀၀ သာ ရောင်းပေးနိုင်တော့ကြောင်း လှိုင်သာယာမွေးမြူရေးဇုန်မှ သိုးဆိတ်လုပ်ငန်းရှင် ဦးလှရွှေကပြောသည်။

တရားမဝင်ဆိတ်တင်ပို့သူများက တရုတ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်နေသော ဆိတ်ကောင်ရေ ၂,၀၀၀ ခန့် မူဆယ်မြို့တွင်ရှိနေပြီး မန္တလေးနှင့် မိတ္ထီလာမြို့များမှ ဝယ်ယူလာသောဆိတ်များဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဇေယျမောင်မောင်(အမရပူရ)

ထိုကဲ့သို့ ဆိတ်မျိုးများ ရှားပါးမသွားစေရန် မြန်မာပြည်အလယ်ပိုင်းတွင်သာ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူနေမည့်အစား အခြားနိုင်ငံများနည်းတူ ဝက်မွေးသကဲ့သို့ အမိုးအကာအောက်တွင် မွေးမြူသော စနစ်ကို ကျင့်သုံးသင့်ကြောင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




စာမျက်နှာ(၂၃)မှ

## တိုက်ခန်းများ အရောင်းထက် အငှားဈေးကွက်ကောင်းနေ

“ခြောက်လှာတောင် တစ်သိန်းအထက်မှာရှိတယ်။ အငှားချည်းပဲ” ဟု အထက်ပါပွဲစားက ပြောသည်။

မြို့တွင်းပိုင်းနှင့်နီးသည့် မြို့နယ်အချို့တွင် နေထိုင်သူ အိမ်ပိုင်ရှင်များက မိမိပိုင်ဆိုင်သည့် အိမ်နှင့်တိုက်ခန်းများကိုငှားရမ်းကာ မြို့စွန်များဘက်သို့ အခြေချပြောင်းရွှေ့နေထိုင်မှုများလည်း ရှိနေကြောင်း ဗဟန်းမြို့နယ်မှ အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

“ကိုယ်ပိုင်တဲ့အိမ်ကိုငှားပြီး ဈေးသက်သာတဲ့ ရွှေပြည်သာတို့၊ လှိုင်သာယာတို့ဘက်မှာ ပြောင်းနေကြတယ်။ ငွေပိုငွေလျှံရအောင်ဆိုပြီး ကိုယ်ပိုင်တဲ့အိမ်မှာတောင် ကိုယ်မနေကြတော့ဘူး” ဟု အထက်ပါလုပ်ငန်းရှင်ကပြောသည်။

မြို့တွင်းပိုင်းနှင့်နီးပြီး အချက်ချာကျသည့်လမ်းမကြီးတန်းဘက်များ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်၊ စားသောက်ဆိုင်ကြီးများ၊ ဟန်းဆက်ဆိုင်များ၊ ဖက်ရှင်ဆိုင်များဖွင့်လှစ်ရန်အတွက် မြေညီထပ်အငှားဈေးကွက်မှာ တစ်လလျှင်ကျပ်၁၀သိန်းမှသိန်း၂၀အထိ ငှားရမ်းမှုအချို့ပင် ရှိနေကြောင်း စမ်းချောင်းမြို့နယ်မှ ကန်ထရိုက်တာတစ်ဦးကပြောသည်။

“လှည်းတန်းလမ်းမပေါ်က ဆိုင်တွေရဲ့ အငှားဈေးကွက်က ဈေးအကြီးဆုံးပဲ။ တစ်လကို သိန်း ၆၀ ကနေ သိန်း ၈၀ အထိ ငှားပြီး ဆိုင်တွေတောင်ဖွင့်ကြတာ” ဟု ရန်ကုန်မြို့၏ အငှားဈေးကွက်ကြီးမြင့်မှုနေရာကိုရည်ညွှန်း၍ အလုံမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက သုံးသပ်သည်။

ယင်းကဲ့သို့ မြို့တွင်းပိုင်းနှင့်နီးစပ်သည့် မြို့နယ်များ၏ အိမ်ခြံမြေအငှားနှုန်းထား ကြီးမြင့်မှုမှာ အမှန်တကယ် နေထိုင်လိုသူများ၊ ကုမ္ပဏီဝန်ထမ်းများ လက်လုပ်လက်စားအများစုအတွက် လက်လှမ်းမမီနိုင်သောဈေးကွက်တစ်ခုဖြစ်လာခဲ့ပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အဓိကမျက်စိကျစရာ အကွက်အကွင်းတစ်ခုလည်းဖြစ်လာခဲ့ကြောင်း အထက်ပါ အကျိုးဆောင်က ပြောသည်။

စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဗဟန်းအစရှိသော မြို့နယ်များ၏ တိုက်ခန်းအငှားဈေးကွက်မှာ အလွှာပေါ်မူတည်၍ အနည်းဆုံး ကျပ်တစ်သိန်းမှ သုံးသိန်းကျော်အထိရှိနေကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

စာမျက်နှာ(၂၃)မှ

## အသစ်ပေါ်သော်လည်း ကြက်သွန်ဈေး ကောင်းနေဆဲ

ပြီးတော့ မိုးခေါင်တဲ့အတွက် ကြက်သွန်က သိပ်မထွက်ဘူး။ အဟောင်းကလည်းစောစောကုန်တော့မယ်” ဟု ပခုက္ကူမြို့မှ ကြက်သွန်ကုန်သည်တစ်ဦးကပြောသည်။

နယ်စပ် ဝယ်လိုအားမှာကောင်းနေ၍ လက်ရှိကြက်သွန်ဈေးနှုန်းများမှာ ကျဆင်းခြင်းမရှိသေးသော်လည်း ကြက်သွန်နီအဝင်များလာပါက ကျဆင်းလာမည်ဖြစ်ကြောင်း ပွဲကုန်သည်များက ပြောသည်။

## စာ(၃၂) ခေါင်းဆောင်ကောင်း မှ

တစ်ခါတစ်ရံ အချို့ဝန်ထမ်းတွေက သူဘယ်သူမှန်းပင်မသိလိုက်ဘဲ အောက်ခြေဖြစ်ပျက်သမျှကို အကုန်မေးမြန်းသွားတတ်ကာ ရုံးချုပ်ပြန်ရောက်သည်နှင့် တာဝန်ရှိသူလူကြီးအား ခေါ်ယူသတိပေးအရေးယူလေ့ရှိပါသည်။ သူစိတ်ကြိုက်တွေ့ခဲ့ရသည့်ဒေသမှအလုပ်ကြိုးစားသော ဝန်ထမ်းများ၊ တာဝန်ရှိသူဌာနအကြီးအကဲများအား နိုင်ငံခြားလွှတ်ကာ အခွင့်အရေးပေးပါသည်။ ပညာရှင်ဝန်ထမ်းများ၊ လုပ်ငန်းခွင်သင်တန်းများ မကြာခဏ ပို့ချပေးသဖြင့် ဌာနတိုးတက်ပါသည်။ အခွင့်အရေးပေးသလို အရေးလည်းယူတတ်သဖြင့်ဝန်ထမ်းကြီးငယ်ဟူသမျှက သူ့အားကြောက်ရပါသည်။ အလုပ်ကြိုးစားသူများကို အခွင့်အရေးပေးလေ့ရှိပြီး စည်းကမ်းတကျနေထိုင်ရသဖြင့် ထိုကာလက ကျွန်တော်တို့ရုံးသည် နိုင်ငံခြားကုမ္ပဏီရုံးခန်းများနှင့်မခြား သန့်ရှင်းပြီး အဆင့်ရှိသောဝန်ထမ်းဘဝဟု ဆိုရပါမည်။ မဆလခေတ်တွင် ထိုလူကြီးမှာ အစိုးရအဖွဲ့ထဲသို့ရောက်သွားသော်လည်း သူ့အထက်ကလူကြီးက သူ့ကိုသဘောမတွေ့သဖြင့် ဘေးသို့ကပ်ထားခြင်းခံရပါသည်။ တချို့ကလည်း ညံ့မှကြိုက်သည် မဟုတ်ပါလား။

နိုင်ငံခေါင်းဆောင်များကို ကြည့်ကြပါစို့။ စင်ကာပူနိုင်ငံသည် ဝန်ကြီးချုပ်လီကွမ်ယု၏ ခေါင်းဆောင်မှုဖြင့် အရှေ့တောင်အာရှတွင် အစောဆုံးထိပ်ရောက်ခဲ့သည့် နိုင်ငံဖြစ်ပါသည်။ ထို့အတူပင် တရုတ်ပြည်သည်လည်း မော်စီတုန်း လက်ထက်က ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဝန်ကြီးချုပ်တိန့်ရှောင်ဖိန်လက်ထက်က ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ကြရသော်လည်း ဝန်ကြီးချုပ် တိန့်ရှောင်ပိန်လက်ထက်တွင် မှန်ကန်သော ပြုပြင်ပြောင်းလဲရေးများကြောင့် နှစ်အနည်းငယ်အတွက် ကမ္ဘာကငေးကြည့်ရလောက်အောင် တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ထို့အတူပင် အရှေ့တောင်အာရှရှိ ကျွန်တော်တို့ပတ်ဝန်းကျင်မှ နိုင်ငံများမှ မှန်ကန်သောပြုပြင်ပြောင်းလဲမှုများဖြင့် အဆင်းရဲဆုံးဘဝများမှ တဖြည်းဖြည်း လွတ်မြောက်ကာ တိုးတက်ခေတ်မီသော နိုင်ငံများအဖြစ် ရောက်ရှိနေကြပြီ ဖြစ်ပါသည်။

ကျွန်တော်တို့ တိုင်းပြည် မြန်မာနိုင်ငံသည်လည်း ယခင်က နှစ်ပေါင်းများစွာ သူ့ကျွန်ဘဝနေခဲ့ရသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ကိုယ်ကျိုးစွန့်လွှတ်သည့် အာဇာနည်ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ထွက်လာမှုကြောင့် တိုင်းပြည်လွတ်လပ်ရေးရခဲ့သည့် ထင်ရှားသော သာဓကရှိခဲ့ပြီးဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းများစွာ စစ်အာဏာရှင်လက်အောက်တွင် ပြည်သူများ ဆင်းရဲပင်ပန်းစွာ နေခဲ့ကြရပါသည်။ လူနည်းစုအတွက် အကျိုးပြုသော စနစ်အောက်တွင် ဆင်းရဲချမ်းသာ ကွာဟမှုများစွာဖြင့် ကမ္ဘာ့အလယ်တွင် မျက်နှာငယ်သော တိုင်းပြည်ဖြစ်ခဲ့ရသည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အစစအရာရာ နောက်ကျခဲ့ ရသည်။ မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင်သဘာဝတောတောင်ရေမြေ၊ သယံဇာတ ပေါကြွယ်ဝသောနိုင်ငံတစ်ခုဖြစ်ရာ အာရှတစ်ခွင်တွင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ခဲ့ပါသည်။ သို့သော်လည်း မှန်ကန်သည့်စနစ်မချနိုင်ခဲ့၍ လိုတိုင်းရှိုက်တော့ တိုင်းပြည်ယိုင်ခဲ့ရပြီးပါပြီ။ ပတ်ဝန်းကျင်နိုင်ငံတွေကို ငေးကြည့်ရင်း ခေါင်းဆောင်ကောင်းကို ပြည်သူတွေက မျှော်လင့်နေတာ ကြာခဲ့ပါပြီ။

ယနေ့တိုင်းပြည်အတွက် ခေါင်းဆောင်ကောင်းများ ထွက်ပေါ်လာပြီဟု အများပြည်သူက ယုံကြည်နေကြပါပြီ။ အစိုးရအဖွဲ့တွင် ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ပေါက်လာသကဲ့သို့ ပြည်သူချစ်သော ပြည်သူ့ခေါင်းဆောင်ကောင်းတစ်ယောက်လည်း ပေါ်လာခဲ့ပါသည်။ ကျွန်တော်တို့တိုင်းပြည်အတွက်ကံကောင်းခြင်း အလင်းရောင်များ တွေ့နေရပြီဖြစ်ပါသည်။ ကမ္ဘာ့အလယ်တွင် တစ်ချိန်က မျက်နှာငယ်ခဲ့ရသော်လည်း ယခုအခါ ခေါင်းမော်နိုင်သော နိုင်ငံဖြစ်လာပါပြီ။ ထိုနှစ်ဦး၏ ညီညွတ်မျှတသော၊ နားလည်မှုရှိသော၊ စေတနာပါသော၊ ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းများ၊ စစ်မှန်သော ပြုပြင်ပြောင်းလဲမှုများဖြင့် ကျွန်တော်တို့တိုင်းပြည် စတင်ထူထောင်နေပြီဖြစ်ရာ အစိုးရ၊ ပြည်သူ၊ ဝန်ထမ်းအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု၊ စည်းကမ်းလိုက်နာမှုများ၊ မိမိတာဝန် မိမိကျေပွန်မှုများဖြင့် စိတ်ကောင်း စေတနာကောင်းထားကာ ကျရာအခန်းမှ နောက်လိုက်ကောင်းများဖြစ်ရန် ကြိုးစားရင်း တိုင်းပြည်ထူထောင်ရာတွင် ပါဝင်ကြရန် ပြည်သူများတွင်လည်း တာဝန်ရှိနေပြီ ဖြစ်ပါသည်။ မိမိတို့၏ ကိုယ်ပိုင်ခံစားချက်ကြောင့် တိုင်းပြည်တိုးတက်မှုအတွက် အနှောင့်အယှက်ဖြစ်စေမည့်အပြုအမူများ၊ ခေါင်းဆောင်များအတွက် စိတ်ဓာတ်အင်အား ယုတ်လျော့စေမည့် အဖြစ်များ မပြုမိစေရန် ပြည်သူတိုင်းက သတိပြုရမည်ဖြစ်ပါသည်။

အောက်ပါစာကြောင်းလေးဖြင့် ခေါင်းဆောင်ကောင်းတို့အတွက် ထပ်မံဖြည့်စွက်လိုက်ချင်ပါသည်။

**အများချစ်ခင်၊ မြော်မြင်ကြီးမား၊ စိတ်ထားဖြောင့်မှန်၊ ဉာဏ်ပညာရှိ၊ မိဘသဖွယ်၊ အတ္တဖယ်ခွာ ဤခြောက်ဖြာ၊ မှတ်ပါ ခေါင်းဆောင်ကောင်း။ ။**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 318,000 |
| Galaxy S3 | 437,000 |
| Galaxy Note II | 537,000 |
| Galaxy Tab 7.1 | 300,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| Explorer | 114,000 |
| Desire One V | 261,000 |
| Desire VC | 245,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 980,000 |
| iPhone 5 (32 GB) | 890,000 |
| iPhone 4S (64 GB) | 690,000 |
| iPhone 4S (32 GB) | 645,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 109,000 |
| C 8810 | 97,000 |
| U 8661 | 83,000 |
| T 8600 | 80,000 |
| T 8830 | 116,000 |
| C 8825 D | 128,000 |
| U 8836 D | 172,000 |
| U 8825 D | 128,000 |
| Ascend P1 | 274,000 |

**နိုဝင်ဘာ(၂၄) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 200,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 265,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 228,000 |
| Samsung | 1.0HP | 190,000 |

**အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၂၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၂၄)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၇၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၄၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

**နိုဝင်ဘာ(၂၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Nov(18) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(19) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(20) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(21) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(22) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(23) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(24) | 3,650 | 3,950 | 4,000 | 4,000 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3-2370M, 4GB DDR3,500 HDD,1GB VGA,HD,14" | 489,200 |
| Intel Core i3-M330, 2GB DDR3,500 HDD, 11.6" | 421,600 |
| Intel Core i3 2310M, 4GB DDR3,500 HDD,13" | 404,700 |
| Intel Pentium B970, 2GB DDR3,500 HDD, 14" | 370,900 |
| **Asus** | |
| Intel B830, 4GB DDR3, 500HDD,14" | 354,000 |
| Intel B970, 4GB DDR3, 500HDD, HD, 14" | 399,000 |
| Intel Core i3 250M, 4GB DDR3, 500 HDD,HD, 14" | 459,000 |
| Intel B830, 2GB DDR3, 500 HDD,HD, 15.6" | 362,500 |
| **HP** | |
| Intel N2800, 2GB DDR3, 320 HDD, HD,10.1" | 252,600 |
| Intel B987, 2GB DDR3, 320 HDD,HD,11.6" | 253,000 |
| Intel Core i5 3317M, 6GB DDR3, 500 HDD, HD, 14" | 759,600 |
| Intel Core i5 3210M, 4GB DDR3, 750 HDD, HD, 14" | 646,400 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012



# အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေး တာရှည်ခံမှာလား

**ကြည်နေဝင်းမင်း**

အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြားနောက်ဆုံးဖြစ်ပေါ်ခဲ့သောစစ်ပွဲထိန်းမနိုင်သိမ်းမရ ဖြစ်လာမည့်အခြေအနေရှိနေပြီး ဂါဇာဒေသတွင် မောင်းသူမဲ့လေယာဉ်များ၊ ဗုံး များ၊ ဒုံးကျည်များနှင့် ရှုပ်ယှက်ခတ်နေစဉ်မှာပင် အီဂျစ်နိုင်ငံမြို့တော်ကိုင်ရိုမြို့ဝေဟင်မှာလည်း အထူးကိုယ်စားလှယ်အဖွဲ့များ၊ သံကြီးတမန်ကြီးအသွားအလာများဖြင့် ရှုပ်နေခဲ့သည်။ သို့သော် သွေးထွက်သံယိုမှုများ ပိုမိုပြင်းထန်လာခဲ့ပြီး ရှစ်ရက်မြောက်သောနေ့ နိုဝင်ဘာလ ၂၁ ရက်တွင်မှ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့သည်။ သို့သော်နှစ်ဖက်စလုံးတွင် ယုံကြည်စိတ်ချမှုမရှိခြင်းများအမြစ်တွယ်လျက်ရှိရာ အီဂျစ်နိုင်ငံကကြားဝင်ညှိနှိုင်းပေးခဲ့သောသဘောတူညီမှု တာရှည်ခံမည်လားဆိုသည့်အပေါ် သံသယရှိနေကြဆဲဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်လာပြီးနောက်မှာပင် ဂါဇာကမ်းမြောင်မှ ပစ်လွှတ်လိုက်သော ဒုံးကျည်တစ်ဒါဇင်ခန့် အစ္စရေးနိုင်ငံတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ဂါဇာဒေသတွင်လည်း ပေါက်ကွဲမှုတစ်ခုဖြစ်ပေါ်ခဲ့ပြီး အကြောင်းရင်းကို သေချာမသိရပေ။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြောင့် အစ္စရေးတို့၏ မြေပြင်ထိုးစစ်ကို ရှောင်လွှဲနိုင်ခဲ့ပါသည်။ သို့သော် ပါလက်စတိုင်းတို့က ပစ်လွှတ်လိုက်သော ဒုံးကျည်များကို တန်ပြန်၍ အစ္စရေးနိုင်ငံက ဝေဟင်မှ ဗုံးကြဲမှုနှင့် မြေပြင်မှ လက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့ခြင်းအတွက် ကလေးငယ် ၃၇ ဦးအပါအဝင် ဂါဇာဒေသ၌ နေထိုင်သူ ၁၆၂ ဦးသေဆုံးခဲ့ရသည်။ အစ္စရေးတို့ဘက်မှလည်း ငါးဦးသေဆုံးခဲ့သည်။ ယခုအခါယင်းတိုက်ခိုက်မှုများအားလုံးကို အစ္စရေးကရပ်တန့်ရမည်ဖြစ်ပါသည်။ ပါလက်စတိုင်းတို့ဘက်ကလည်းဒုံးကျည်ပစ်လွှတ်မှုများကို ထိန်းချုပ်ရပ်တန့်ရမည်ဖြစ်သည်။

ယခုသဘောတူညီချက်ဆက်လက်တည်မြဲနေမည်ဆိုပါကဂါဇာဒေသတွင် နေထိုင်သောလူပေါင်း ၁ဒသမ၇ သန်းအတွက် အစ္စရေး၏ ကြောက်မက်ဖွယ်ရာလေကြောင်းတိုက်ခိုက်မှုများမှ သက်သာရာရစေမည်ဖြစ်သလို အစ္စရေးနိုင်ငံတောင်ပိုင်းတွင် နေထိုင်သော ပြည်သူတစ်သန်းခန့်အတွက်လည်း တဲလ်အဗစ်နှင့်ဂျေရုဆလင်အထိပင် လက်လှမ်းမီလာသည့်စစ်သွေးကြွဒုံးကျည်များကိုစိုးရိမ်နေရခြင်းမှ ကင်းဝေးမည်ဖြစ်သည်။

ကုလသမဂ္ဂတွင် လုံခြုံရေးကောင်စီက အပစ်အခတ်ရပ်စဲရေးတည်မြဲစေရေး လုပ်ဆောင်ကြရန်အစ္စရေးနှင့် ဟားမားစ်နှစ်ဖက်စလုံးအား တိုက်တွန်းထားပြီး အပစ်အခတ်ရပ်စဲရေး ကြားဝင်လုပ်ဆောင်ပေးခဲ့ကြသည့် အီဂျစ်သမ္မတ မိုဟာမက်မော်စီနှင့်အခြားပုဂ္ဂိုလ်များကို အားပေးထောက်ခံကြောင်း ပြောကြားသည်။ လုံခြုံရေးကောင်စီမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ယခုအခြေအနေကြောင့်အရပ်သားများ အသက်ဆုံးရှုံးရခြင်းကိုရှုတ်ချကြောင်းနှင့် အရပ်သားများ၏ လုံခြုံရေးအတွက်လိုအပ်သောအရေးယူမှုများကို လုပ်ဆောင်ကြရန် ထပ်မံ၍အခိုင်အမာပြောကြားသည်။ အရပ်သားများအား အကာအကွယ်ပေးရေးအတွက်လည်းနိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများနှင့်အညီ လုပ်ဆောင်ရန်လည်းတိုက်တွန်းသည်။ နှစ်ဖက် အပစ်အခတ်ရပ်စဲခြင်းအတွက်လည်းဒေသတွင်း၌သာမက ကမ္ဘာတစ်ဝန်းတွင်လည်းစိတ်သက်သာရာရခဲ့ပြီး "တော်ပါသေးရဲ့။ ဒီတစ်ခါအလွန်ဆိုးရွားမသွားခဲ့ဘူး" ဟူသောသက်ပြင်းများချနိုင်ခဲ့ကြသည်။

သို့သော် နှစ်ဖက်အကြား ယုံကြည်မှုမှာ နည်းပါးနေဆဲဖြစ်ပါသည်။ ပြည်ပတွင် နေထိုင်သောဟားမားစ်အဖွဲ့ခေါင်းဆောင်ခါလစ်မာရှယ်လ်ကအစ္စရေးနိုင်ငံအနေဖြင့် အပစ်အခတ်ရပ်စဲထားပါက ၎င်းတို့၏ အစ္စလာမ်မစ်လှုပ်ရှားမှုအဖွဲ့ကလည်းလိုက်နာမည်ဟု ပြောကြားသည်။

"အကယ်၍ အစ္စရေးကလိုက်နာရင်တော့ ကျွန်တော်တို့လည်း လိုက်နာမယ်။ သူတို့က မလိုက်နာရင်တော့ ကျွန်တော်တို့လက်တွေသေနတ်မောင်းတွေပေါ်ပြန်ရောက်မှာပဲ" ဟုကိုင်ရိုမြို့သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ပြောကြားပါသည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုကလည်း ကာလရှည်အပစ်အခတ်ရပ်စဲရေးယခုအခွင့်အရေးကိုကုန်စင်အောင် အသုံးချရေး သဘောတူညီကြောင်း ပြောကြားပါသည်။ သို့သော်နောင်အနာဂတ်ကာလ၌ ပိုမိုပြင်းထန်သော ချဉ်းကပ်မှုလိုအပ်ကောင်း လိုအပ်မည်ဖြစ်ကြောင်း ၎င်း၏နိုင်ငံသားများအား ပြောကြားပါသည်။

အပစ်အခတ်ရပ်စဲရေးအတွက်အီဂျစ်နိုင်ငံသို့လာရောက်ခဲ့သူများတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး၊ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးတို့ပါဝင်သည်။ သို့သော် အမှန်တကယ်အပေးအယူလုပ်ရန် ညှိနှိုင်းမှုမှာ အီဂျစ်နိုင်ငံ၏ ထောက်လှမ်းရေးအရာရှိချုပ်ဗိုလ်ချုပ်ကြီးမိုဟာမက်ရှိဟာတာ၏ ဌာနချုပ်တွင် ဖြစ်ပေါ်ခဲ့သည်။ ယင်းဌာနချုပ်တွင်မတူညီသောအခန်းတစ်ခန်းစီ၌ အီဂျစ်အရာရှိများနှင့် အစ္စရေးဝန်ကြီးချုပ်၏ ဥပဒေအကြံပေးတို့ ငြင်းခုံဆွေးနွေးခဲ့ကြသလို ဟားမားစ်အဖွဲ့၏ ကိုယ်စားလှယ်များနှင့်လည်း အီဂျစ်တို့ကဆွေးနွေးခဲ့ကြသည်။

သံတမန်ရေးအရ ပါဝင်မှုအားနည်းခြင်းအတွက် မှတ်သားစရာအကောင်းဆုံးမှာ ရှေ့တစ်ပတ်အတွင်း ပါလက်စတိုင်းအတွက် လေ့လာသူနိုင်ငံအဖြစ်ရပ်တည်မှု ရရှိရေး ကြိုးပမ်းနေသည့် ကမ္ဘာက အသိအမှတ်ပြုထားသောပါလက်စတိုင်းခေါင်းဆောင်မိုဟာမက်အဘတ်စ်နှင့် အမေရိကန်တို့မပါဝင်ခြင်း ဖြစ်သည်။ သို့သော်လည်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မှာ သမ္မတအိုဘားမားနှင့် သွားရောက်နေသော အာရှခရီးစဉ်အား စောစီးစွာ အဆုံးသတ်ပြန်လာပြီး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟု အားနားချနိုင်ခဲ့သည်ဟု ဂုဏ်ပြုချီးကျူးခံရသည်။ အီဂျစ်သမ္မတသစ် မိုဟာမက်မော်စီသည်လည်းဒေသတွင်း၌ငြိမ်းချမ်းရေးတည်ဆောက်သူအဖြစ် ပထမဆုံးအကြိမ် ပေါ်ထွက်လာပြီး ၎င်း၏ အစ္စလာမ်မစ်ညီအစ်ကိုတော် ဟားမားစ်အဖွဲ့အား အစ္စရေးသို့ ဒုံးကျည်များပစ်လွှတ်ခြင်းကိုရပ်တန့်ရေး အာမခံရန် တိုက်တွန်းခဲ့သည်။

တစ်ဖက်ဖက်က သဘောတူညီမှုကို ဖောက်ဖျက်သည့် လုပ်ရပ်တစ်ခုထွက်ပေါ်ခဲ့လျှင်ပင် လက်စားချေ တုံ့ပြန်မှုများ ထပ်မံဖြစ်ပေါ်ကာ အကြမ်းဖက်မှုများ တစ်ပတ်လည်လာနိုင်ခြင်းကို လူတိုင်းက သိရှိကြပါသည်။ နိုဝင်ဘာ ၂၁ ရက်တဲလ်အဗစ်မြို့၌ အစ္စရေးဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲကာ လူအများအပြားဒဏ်ရာရရှိခဲ့ခြင်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အခိုက်အတန့်အားဖြင့် ခြိမ်းခြောက်ခဲ့ပါသေးသည်။ ထို့အတူ တစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးလမ်းစတွေ့သွားပြီဟူသော မျှော်လင့်ချက်ကြီးကြီးမားမားလည်း ရှိပါသည်။

သဘောတူညီချက်အရ နှစ်ဖက်စလုံးက ရန်လိုတိုက်ခိုက်မှုများအားလုံးကို ရပ်တန့်မည်ဖြစ်ပြီး အစ္စရေးက ဂါဇာဒေသတွင်းသို့ ဝင်ရောက်ခြင်း၊ လူတစ်ဦးချင်းစီအားပစ်မှတ်ထားခြင်းတို့လို ရှောင်ကြဉ်ရမည်ဖြစ်ကာ ပါလက်စတိုင်းအဖွဲ့များအားလုံးကလည်း ဒုံးကျည်ဖြင့် ပစ်ခတ်မှုများ၊ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများကို အဆုံးသတ်ရမည် ဖြစ်သည်။ ဂါဇာဒေသအပေါ် အစ္စရေးတို့၏ ကန့်သတ်ချုပ်ချယ်မှုများ လျှော့ပေးရေးမှာလည်း သဘောတူညီချက်ထဲပါဝင်သည်။ ယင်းအချက်များကို ၂၄ နာရီအတွင်း အကောင်အထည်ဖော်ရမည်ဟုလည်း သဘောတူညီချက်က ဆိုထားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကလည်း အပစ်အခတ်ရပ်စဲရေးကတိကဝတ်များအတိုင်း လိုက်နာကြရန် နှစ်ဖက်စလုံးအား တိုက်တွန်းထားပါသည်။ "အဲဒီသဘောတူညီချက်ကို အကောင်အထည်ဖော်ရာမှာ စိန်ခေါ်မှုတွေ ရှိကောင်းရှိနိုင်ပါတယ်" ဟု မစ္စတာဘန်ကီမွန်းက ပြောကြားရင်း အတတ်နိုင်ဆုံး ချုပ်တည်းကြရန် တိုက်တွန်းခဲ့သည်။

—*Ref: Economist/ Reuters*




အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းနှင့်ရောဂါများကို
ကာကွယ်ထားမယ်...
Protec
နဲ့
အနီရောင်စပျစ်စေ့မှ ထုတ်လုပ်ထားသော
အစွမ်းထက် Anti-Oxidant




SWEETY HOME
Better Living, Simple Life...
ဆွိတီးဟုမ်း အမှတ်တံဆိပ် ကြိတ်သားပရိဘောဂများသည် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော Melamine Coating အသုံးပြုထား၍ ရေစိုဝတ်ဖြင့်ပင် သန့်ရှင်းရေးပြုလုပ်နိုင်ခြင်း၊ မြစ်ရာ ပွန်းရာများမထင်ခြင်းနှင့် ပစ္စည်းသယ်ယူရွှေ့ပြောင်းရာတွင် အလွယ်တကူပြန်လည် တပ်ဆင်နိုင်သော မာကြောမှုအဆင့်ရှိ ကြိတ်သားနှင့် ပြုလုပ်ထားပါသည်။
☎ 01-535694, 205224 ☎ 02-65938, 60810, 34021.

# 7DAY BOOK REVIEW

## ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော)




အသက် ၁၉ နှစ်အရွယ်မှာပင် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးတရား လှည့်လည်ဟောပြောခဲ့သူ၊ ဒို့ဗမာ အစည်းအရုံးဝင် သခင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဂျပန်နိုင်ငံသို့သွားရောက်ကာ စစ်ပညာသင်ကြားခဲ့သူ ရဲဘော်သုံးကျိပ်ဝင်၊ ဖက်ဆစ်တော်လှန်ရေးကြီးတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ရှေ့တန်းမှပါဝင်တိုက်ခိုက်ခဲ့သူ၊ လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်စဉ် ရန်ကုန်မြို့ကြီး ကျဆုံးမသွားရလေအောင် အင်းစိန်တိုက်ပွဲကို ဦးစီးကာ ကြံ့ကြံ့ခံ ပြန်လည်တိုက်ခိုက်အောင်ပန်း ဆင်မြန်းနိုင်ခဲ့သူ၊ တရုတ်ဖြူကူမင်တန်တပ်များ ကျူးကျော်ဝင်ရောက်စဉ် စစ်ဆင်ရေးကြီးများဆင်နွှဲကာ ဦးစီးဦးဆောင်တိုက်ထုတ်ခဲ့သူ၊ စစ်အာဏာရှင်နေဝင်း၏ မတရားလုပ်ဆောင်မှုကြောင့် တပ်မတော်မှ ထွက်ရရှာသူ၊ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်အတူ ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့သူ၊ လွတ်လပ်ရေးမော်ကွန်းဝင်နိုင်ငံ့ဂုဏ်ရည်တံဆိပ်များ အပ်နှင်းစဉ် လျှောက်လွှာမတင်ခဲ့သူ၊ လွတ်မြောက်နယ်မြေ ပန်ဆိုင်းသို့သွားရောက်ကာ စစ်အာဏာရှင်စနစ်အား ပြတ်ပြတ်သားသားဆန့်ကျင်တိုက်ခိုက်ခဲ့သူ၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ချင်ပါလျက် အိမ်လွမ်းစိတ္တဇဖြင့် ရေခြားမြေခြားမှာ ကွယ်လွန်ခဲ့ရှာသူ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏ ပင်ကိုရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။

ယခုစာအုပ်ကို ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် တိုက်ပွဲအလီလီ ဆင်နွှဲအပြီး အသက်ရှစ်ဆယ်ကျော် ၂၀၀၃၊ ၂၀၀၄ ခုနှစ်များတွင် တရုတ်နိုင်ငံ ခွန်မင်းမြို့၌ နေထိုင်စဉ် ရေးသားခဲ့ခြင်းဖြစ်ပြီး ယခုလို တစ်စုတစ်စည်းတည်း မထုတ်မီကာလက အပိုင်းများခွဲကာ ရေးသားခဲ့သည်။ ထို့နောက် ထိုစဉ်က စာပေစိစစ်မှုဝါဒအရ မည်သို့မျှ တရားဝင် ထုတ်ဝေနိုင်ခွင့်မရှိဘဲ ကာလအတန်ကြာ တိတ်တဆိတ် ထွက်ရှိပျံ့နှံ့နေပြီး ယခုအခါတွင်မှ တရားဝင် ထုတ်ဝေနိုင်ခြင်းဖြစ်ပါသည်။ စာအုပ်တွင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ၎င်း၏ ဘဝဖြတ်သန်းမှုကို (၁) ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် ရဲဘော်သုံးကျိပ် ဂျပန်ပြည်စစ်ပညာသင်ကာလ (၂) ဘီအိုင်အေ၊ ဘီဒီအေနှင့် ဖက်ဆစ်တော်လှန်ရေးကာလ (၃) နေသူရိန် လူထုအစည်းအဝေး၊ လွတ်လပ်ရေးရယူခြင်းနှင့် ပြည်တွင်းစစ်ဦးကာလ (၄) နိုင်ငံခြားခရီးစဉ်များနှင့် တရုတ်ဖြူကျူးကျော်မှုတိုက်ပွဲများ (၅) ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လွတ်မြောက်ဒေသသို့ထွက်ခွာခြင်း ဟူ၍ အပိုင်း (၅) ပိုင်းခွဲကာ ရေးသားထားသည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် သမိုင်းခေတ်များစွာကို ကိုယ်တိုင်ထိတွေ့ ဦးဆောင်ဖြတ်သန်းခဲ့သူ တစ်ဦးပီပီ ယခုစာအုပ်တွင် မြန်မာ့သမိုင်း၏ လစ်ဟာနေသော၊ ကွက်လပ်ဖြစ်နေသော၊ ဒွိဟဖြစ်နေသော အဖြစ်အပျက်များစွာကို ရှင်းလင်းပြတ်သားစွာ ရေးသားထား၍ သမိုင်းကွင်းဆက်အဖြစ် သမိုင်းတန်ဖိုးကြီးမားသော အတ္ထုပ္ပတ္တိဟု လည်းဆိုနိုင်သည်။ စာအုပ် တစ်အုပ်လုံးလိုလိုမှာ စိတ်ဝင်စားဖွယ်ရာများဖြင့် ပြည့်နှက်နေပြီး အထူးသဖြင့် **ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းအပေါ် လူအများရှေ့တွင် ပြောင်ရန်တွေ့ စကားများခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့က ဗိုလ်နေဝင်းကို စစ်တပ်မှ ထုတ်ပစ်ဖို့ စီစဉ်စိုင်းပြင်းခဲ့ခြင်း၊ အင်းစိန်တိုက်ပွဲကြီး၊ မိုးကြိုးစစ်ဆင်ရေး၊ အသံမထွက်သော တော်လှန်ရေးတစ်ရပ်၊ ဆရာမှိုင်းကြီး၏ နောက်ဆုံးနေ့ရက်များ၊ လွတ်မြောက်ဒေသသို့ ထွက်ခွာခြင်း** စသည့် အခန်းငယ်များမှာ စိတ်ဝင်စားဖွယ် ရင်တမမ ဖတ်ရှုရမည့် အခန်းများဖြစ်သည်။ ထို့ပြင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ ရိုးသားမှု၊ ရဲဘော်ရဲဘက် စိတ်ရှိမှုနှင့် ရပ်တည်မှုများကို ဗိုလ်မှူးချုပ်စမစ်ဒွန်း ဒုက္ခရောက်စဉ်က ကူညီစောင့်ရှောက်ခဲ့ခြင်း၊ ဗိုလ်မှူးကြီးဘလိတ်အား ရာထူးမှ ထုတ်ပယ်မခံရလေအောင် ဗိုလ်ချုပ်နေဝင်းထံ မေတ္တာရပ်ခံခြင်း၊ ဗိုလ်မှူးချုပ်အောင်သင်းရာထူးနေရာ မရွေ့ပြောင်းရလေအောင် ဆောင်ရွက်ခြင်း၊ နိုင်ငံ့ဂုဏ်ရည်မော်ကွန်းဝင်တံဆိပ်ကို ကိုယ်တိုင်မယူခဲ့သော်ငြားရယူလျှောက်ထားလိုသော ပုဂ္ဂိုလ်များအား ထောက်ခံကူညီခဲ့ခြင်း၊ ကျောင်းသား အရေးအခင်းဖြစ်ပွားစဉ် ကျောင်းသားခေါင်းဆောင်တစ်ဦးကို အဖမ်းမခံရလေအောင် ကားဖြင့် လျှို့ဝှက်စွာ ကယ်ထုတ်ခဲ့ခြင်းများကို ယခုစာအုပ်၌ ဖတ်ရှုရပါမည်။ အမှာစာအဖြစ် ကဗျာဆရာကြီး ဒဂုန်တာရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ဟံသာဝတီဦးဝင်းတင်တို့က ချီးမြှင့်ရေးသားထားသည်။ စာအုပ်တွင် သမိုင်းဝင်ဓာတ်ပုံများ၊ မြေပုံအညွှန်းများ ဖော်ပြပါရှိပြီး ဖြိုးမောက်သာစာပေက တန်ဖိုး ၇,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပုံကို သိသလား

ယခုအခါ ကမ္ဘာပေါ်တွင် ပညာရေးကဏ္ဍ၌ ဆရာများအား အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၉၄ ခုနှစ်မှစ၍ အောက်တိုဘာ ၅ ရက်ကိုကမ္ဘာ့ဆရာများနေ့ (World Teacher's Day) အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပလျက်ရှိသည်။

၂၀ ရာစုအတွင်း ပထမဆုံးဆရာများနေ့အဖြစ် သတ်မှတ်ကျင်းပသည်မှာ အာဂျင်တီးနားနိုင်ငံဖြစ်ပြီး အာဂျင်တီးနား၏ ခုနစ်ဆက်မြောက်သမ္မတ၊ ပညာရှင်၊ စာရေးဆရာဒိုမင်ဂိုဖော်စတီနိုဆာမီယန်တို ကွယ်လွန်သည့် စက်တင်ဘာ ၁၁ ရက်ကို အစွဲပြု၍ ၁၉၁၅ ခုနှစ်တွင် စတင်၍ ကျင်းပခဲ့သည်။

—Ref: Wikipedia






### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အခက်အခဲများ ကျော်လွှားနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ ရတ်ခြည်းဆုံးဖြတ်ပြီး ချက်ချင်းလုပ်ကိုင်သည်များမှ အထင်အရှားအောင်မြင်ခြင်းကြုံမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ဖြစ်ပေါ်လာသော အပြောင်းအလဲသစ်များကို လက်တွေ့အသုံးချ၍ ထူးခြားစွာအောင်မြင်ခြင်းများရရှိမည်။ ပုံမှန်ဝင်နေကျမဟုတ်သော ငွေဝင်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

လုပ်ကိုင်ဆောင်ရွက်သမျှကိစ္စမှန်သမျှ အရှိန်အဟုန်လျော့ကျသွားမည်။ အနှောင့်အယှက်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ ဦးတည်ဆောင်ရွက်သည့်ကိစ္စမှန်သမျှ၌ အတားအဆီးရှိမည်။ သူတစ်ပါးကြောင့် မိမိဦးတည်ချက်၊ ရည်ရွယ်ချက်များ ပျက်ယွင်းမည်။ စက်ပစ္စည်း အပျက်အယွင်းများမည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ မတော်တဆ ထိခိုက်မှုဖြစ်လွယ်မည်။ သူတစ်ပါးအပေါ် ယုံကြည်လွှဲအပ်ပြီး မလုပ်ရ။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

မိတ်ဆွေအကြီးအကဲများထံမှ ကောင်းသောအထောက်အကူရမည်။ မေတ္တာရေးကံကောင်းမည်။ မိသားစုလိုက် စီးပွားတက်မည်။ ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် အထင်အရှားအောင်မြင်မည်။ ငွေဝင်မည်။ အလုပ်တိုးတက်မည်။ မူလအနေအထားမှ ပိုမိုမြင့်သော အနေအထားသို့ကူးပြောင်းတိုးတက်မည်။ ပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်မည်။ တစ်ခုထက်မကသောအလုပ်ကိစ္စများကို တစ်ပြိုင်နက်တည်းလုပ်ရမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရသင့်ရထိုက်သည့် အခွင့်အရေးများအတွက်ဖြစ်စေ၊ ငွေကြေးအတွက်ဖြစ်စေ ပြောဆိုအောင်မြင်ခြင်းများရှိမည်။ လက်လွှတ်ထားသည့် ငွေ၊ ပစ္စည်းများ၊ ကြန့်ကြာနေသည်များ ပြန်ရမည်။ စီးပွားလုပ်ငန်းလုပ်သူများအဖို့ စွန့်စွန့်စားစား ငွေမြှုပ်နှံခြင်းနှင့် အရေးကြီးသည်များ ပြုနိုင်သည်။ အကျိုးအမြတ်ကောင်းများ ရနိုင်သည်။ အဆင့်မြင့်တာဝန်များ လုပ်ကိုင်ရမည်။ ကိုယ်မလုပ်ဖူးသော အလုပ်များ လုပ်ကိုင်အောင်မြင်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

မူလရည်မှန်းထားသည်များနှင့် လက်တွေ့ဖြစ်လာသည်များ တလွဲတချော်ဖြစ်မည်။ သူတစ်ပါးအပေါ် ယုံကြည်လွှဲအပ်ပြီးလုပ်သောလုပ်ငန်းသည်လည်းကောင်း၊ အားကိုးအားထားပြုသည်များသည်လည်းကောင်း စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့် ကသိကအောက်ဖြစ်ခြင်းများ ကြုံနိုင်သည်။ လူယုံဒုက္ခပေးတတ်သည်။ အပျောက်အရှအကုန်အကျများမည်။ ရန်မနာလိုသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။




### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ခရီးကိစ္စများ ကြုံမည်။ နေရာအပြောင်းအရွှေ့၊ အပြောင်းအလဲများရှိမည်။ တိုင်းတစ်ပါးနှင့် တိုက်ရိုက်ဆက်စပ်ပြီး လုပ်ကိုင်သော ကိစ္စမှ ထူးခြားသော အကျိုးဆက်များရရှိမည်။ အမျိုးသမီးများအဖို့ မိန်းမချင်း မနာလိုမှုခံရမည်။ မိသားစုတွင် ခြံ၊ မြေ၊ နေရာထိုင်ခင်းကိစ္စ၊ အိုးအိမ်ကိစ္စ၊ ယာဉ်ကားနှင့် ပတ်သက်သော ကိစ္စအတွက် စကားပြောဆိုရမည်။ အလဲအထပ် အရောင်းအဝယ်ကိစ္စများ ကြုံမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရပ်ဝေးနိုင်ငံခြားသွားသူ၏ ကိစ္စများ လိုက်လံဆောင်ရွက်ပေးရင်း ပိုက်ဆံအိတ်လိုက် ပျောက်တတ်သည်။ ခါးပိုက်နှိုက်ခံရတတ်သည်။ အလုပ်အတွင်း လူသစ်များနှင့် ဆက်ဆံ၍ အဆင်ပြေမည်။ ကျန်းမာရေးအညံ့ရှိသည်။ အနေအထိုင်အစားအသောက် ဂရုစိုက်ရမည်။ ဆေးရုံဆေးခန်းသို့ ကိုယ်တိုင်အတွက်ဖြစ်စေ၊ တစ်ပါးသူအတွက်ဖြစ်စေ ရောက်ကိန်းကြုံမည်။ သူတစ်ပါးကတိအား အလွယ် မယုံသင့်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်ချမ်းမြေ့စရာများရှိမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူရမည်။ ရန်အခက်အခဲများကိုကျော်လွှားပြီး တိုးတက်မှုအဆင့်ဆင့်ရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ၅၊၂၈၊ ၁၅၀၀ မေတ္တာရေးကံအထူးကောင်းသည်။ တစ်ပါးသူအပေါ် ကောင်းသော အထောက်အကူပြုနိုင်ခြင်းများရှိမည်။ မိခင်နှင့်ပတ်သက်သော ဆွေမျိုးသားချင်းတို့၏ အထောက်အကူရမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဘဝလမ်းကြောင်း အပြောင်းအလဲနှင့် အလိုရှိရာ ဆောင်ရွက်နိုင်ခြင်းနှင့် ထူးခြားသော ဖြစ်ပေါ်မှုရှိသည်။ ဘဝလမ်းကြောင်း တစ်ခုကိုရပ်၍ လမ်းသစ်တစ်ခုသို့ ကူးပြောင်းတိုးတက်သော အနေအထားရှိသည်။ အခက်အခဲများကို ကျော်လွှားပြီး တက်လမ်းသစ်များဖန်တီးနိုင်မည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ ရန်အတိုက်အခံများ ကျော်လွှား၍ အလိုပြည့်စုံခြင်း အဆင့်ဆင့်ကြုံမည်။




### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ထူးခြားသော ငွေဝင်လမ်းပေါ်ပေါက်မည်။ ကြိုတင်၍ တွေးမြင်ထင်မှတ်ထားခြင်းမရှိသော ကောင်းခြင်းများ၊ အဆင်ပြေခြင်းများကို ရရှိမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်ခုပေါ်မည်။ ဘဝလမ်းကြောင်းသစ်တစ်ခုသို့ ကူးပြောင်းမည်။ အရပ်ဝေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများပွင့်မည်။ ညာခြေ၊ ညာလက်တွင် မတော်တဆ ထိခိုက်တတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ပျိုရွယ်သူများအဖို့ မေတ္တာရေးကံ အထူးကောင်းသည်။ မိသားစုတွင် စိတ်ချမ်းမြေ့စရာများဖြစ်ပေါ်လာမည်။ ဖြစ်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားသော ကောင်းခြင်းဖြစ်ရပ်များဖြစ်မည်။ ပြန်ရလိမ့်မည်ဟု မျှော်လင့်ချက်လုံးဝမထားသော ငွေပစ္စည်းများ ပြန်လည်ရမည်။ ဝန်းကျင်မှ မထင်မှတ်သူ ပြည်ပသွားရ၍ တအံ့တဩ ဖြစ်ရမည်။ အလုပ်အခွင့်အရေးသစ်များ ပေါ်ပေါက်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

တစ်ပြိုင်နက်တည်း အလုပ် ၃ မျိုးကို ဆောင်ရွက်နိုင်ခြင်းရှိမည်။ အလုပ်အတွင်း အပြောင်းအလဲ၊ အကြံအစည်များကို ထူးခြားစွာဆောင်ရွက်နိုင်မည်။ သူတစ်ပါးကြောင့်ပြဿနာဖြစ်မည်။ စေတနာနှင့် ဆောင်ရွက်ပေးလိုက်သောကိစ္စအပေါ် အထင်လွဲခံရမည်။ ဖြေရှင်းရမည်။ ကိုယ်ရေးကိုယ်တာကို ဦးစားပေး၍မရ။ အတတ်ပညာနှင့် အောင်မြင်မှုရမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။

7DAY NEWS JOURNAL
Vol.11, No.38 · NOVEMBER 29 , 2012

## စာ(၄၁) ကြေးနီမိုင်းတစ်ခုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မှ

မိုင်း၏ သမိုင်းကြောင်း၊ဘူမိဗေဒနှင့် ထုတ်လုပ်ပုံ အဆင့်ဆင့်ကိုမူ ဖော်ပြထားခဲ့ပါသည်။

**ကြေးနီထုတ်လုပ်မှု**

Bingham Canyon မိုင်းကြီးသည် ကမ္ဘာပေါ်ရှိ ကြေးနီထုတ်လုပ်နိုင်ဆုံးမိုင်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်က ကြေးနီတန်ချိန် ၁၇ သန်းကျော်၊ ရွှေ ၇၁၅ တန်၊ ငွေ ၅၉၀၀ တန်နှင့် မိုလီဘဒနမ် ပေါင် ၈၅၀ သန်းကျော် ထုတ်လုပ်ခဲ့သည့် မိုင်းဖြစ်ပါသည်။ ဤနေရာတွင် အထူးသတိချပ်သင့်သည်မှာ ကြေးနီမိုင်းဟုဆိုသော်လည်း ရွှေ၊ ငွေစသည့် သတ္တုများအတူထွက်ရှိထုတ်လုပ်နိုင်ခြင်းပင်ဖြစ်သည်။ ဤမိုင်းကြီးသည် တစ်ခါက ချီလီနိုင်ငံမှ Chuquicamata Mine ပြီးလျှင် ကြေးနီဒုတိယအများဆုံး ထွက်ပါသည်။ လောလောဆယ်တွင်မူ ချီလီ၊ အင်ဒိုနီးရှား၊ အရီဇိုးနား၊ နယူးမက္ကဆီကိုရှိ ကြေးနီမိုင်းများ ထုတ်လုပ်မှုသည် Bingham Canyon မိုင်း၏ နှစ်စဉ်ကြေးထုတ်လုပ်မှုထက် ကျော်လွန်နေကြောင်း သိရသည်။ ၂၀၀၆ ခုနှစ်တွင် ဤမိုင်းကြီးမှ သတ္တုထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံအထိရှိကြောင်းသိရသည်။

ကြေးနီ၊ ရွှေ၊ ငွေ၊ မိုလီဘဒီနမ်တို့ ထုတ်လုပ်ရာမှ ဘေးထွက်ပစ္စည်းအဖြစ်ဆာလဖျူရစ်အက်ဆစ်တန်ချိန်သန်းချီ၍ထွက်ကြောင်း သိရပါသည်။ Bingham Canyon မိုင်းကြီးတွင် သတ္တုကျိုချက်သန့်စင်ရာမှ ဆာလဖျူရစ်အက်ဆစ် တန်ချိန် တစ်သန်းခန့်ထွက်လေသည်။ (ဤသို့ထွက်ရှိလာသော အက်ဆစ်များကို မည်သို့စီမံထိန်းကျောင်းထားကြသနည်းဟု မေးစရာရှိသည်။)

**လုပ်ငန်းခွင်**

လုပ်သား ၁,၈၀၀ ကျော်၊ကွန်ထရက်တာကား ရာပေါင်းများစွာဖြင့် မြေစာတန်ချိန် ၄၅၀,၀၀၀ ကို မိုင်းမှနေ့စဉ်ဖယ်ထုတ်နေရသည်။ လျှပ်စစ်မြေထိုး၊ မြေကော်စက်ကြီးများမှာလည်း တစ်ခါကော်လိုက်လျှင် သတ္တုမြေစာတန် ၁၀၀ ခန့်အထိ ကော်နိုင်သည်။ တစ်ချိန်တည်းမှာပဲ တစ်စီးလျှင် သတ္တုတန်ချိန် ၂၅၅ တန်ခန့် သယ်နိုင်သည့် ထရပ်ကား ၆၄ စီးပါ ယာဉ်တန်းကြီးများဖြင့်လည်း သတ္တုမြေစာများကို စုပုံစေသည်။ သတ္တုရိုင်းများကို ကဏ္ဍအလိုက်ပို့ဆောင်ရန် အဆက်မပြတ်လည်ပတ်နေသည့် ကြိုးပြားကြီး (Conveyor) သည် စီးရီးလိုက်ဆိုလျှင် ၅ မိုင်ခန့်ရှည်သည်။ အရှည်ဆုံးကြိုးပြားမှာ ၃ မိုင်ခန့်အထိ ရှိကြောင်းသိရသည်။

**တာဝန်ယူမှုနှင့် စီမံခန့်ခွဲမှု**

Bingham Canyon မိုင်းကို ၂၀၀၆ ခုနှစ်ကတည်းက စတင်ထုတ်လုပ်ခဲ့ပြီး လုပ်ငန်းခွင်တစ်ခုလုံးကို Kennecott Utah Copper Corporation က စီမံခန့်ခွဲခဲ့ကြောင်း သိရပါသည်။ ၎င်းကော်ပိုရေးရှင်းသည် အင်္ဂလန်နိုင်ငံအခြေစိုက်ဖြစ်ပါသည်။ ၁၉၈၉ ခုနှစ်တွင် Rio Timto အုပ်စုက Kennecott ထံမှ ဝယ်ယူခဲ့ပြီး ကန်ဒေါ်လာ နှစ်ဘီလီယံရင်းနှီးမြှုပ်နှံခဲ့သည်။ လက်ရှိ Kennecott Utah Copper Corporation ကိုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်တိုးချဲ့ခဲ့သည်။ ရင်းနှီးမြှုပ်နှံငွေ နှစ်ဘီလီယံထဲမှ ဒေါ်လာသန်း ၄၀၀ ခန့်ကို မိုင်းမှ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအတွက် သုံးစွဲခဲ့ကြောင်းသိရသည်။

Rio ၏ "Current Mine Plan" သည် ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးတော့မည်ဟု ဆိုသည်။ ထို့ကြောင့် Rio အဖွဲ့သည် "Future Mine Plan" အသစ်တစ်ခုကို အသက်သွင်းရန် လေ့လာနေသည်ဟုသိရသည်။ Future Plan မှာ လက်ရှိOpen pit မှ တောင်ဘက်သို့ ပေ ၁,၀၀၀ ခန့်တိုးချဲ့ရန်ဖြစ်သည်။ ဤသို့တိုးချဲ့ခွင့်ရရှိပါက မိုင်း၏သက်တမ်းကို ၂၀၃၀ နှစ်များအထိ ဆွဲဆန့်နိုင်မည်ဟု ဆိုပါသည်။ သို့သော် ဤ Future Plan ကိုအကောင်အထည်ဖော်ခွင့်ရ၊မရမှာ မရေမရာ၊မသေမချာ အခြေအနေသာဖြစ်သည်။ Rio ဒါရိုက်တာအဖွဲ့နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် အနည်းဆုံး ၂၅ ခုတို့၏ ထောက်ခံချက်များ အပေါ်မှီတည်နေသောကြောင့်ဖြစ်ပါသည်။

မိုင်းတွင်းကို ပေ ၁,၀၀၀ ခန့် တိုးချဲ့နိုင်ရန် (သို့) မိုင်းသက်တမ်းကို ၁၀ နှစ်ခန့်တိုးရန် အရေးကိုသက်ဆိုင်ရာ ဘုတ်အဖွဲ့သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရမှသာ ဟူသော တာဝန်ယူမှု၊ စီမံခန့်ခွဲမှုမှာ နည်းယူလောက်သည်။ ပဲရစ်မျှော်စင်ကြီး လက်ညှိုးထိုးရောင်းသကဲ့သို့ ပညာမဲ့၊ ဆင်ခြင်မဲ့ မလုပ်ကြကြောင်းပေါ်လွင်လှပါသည်။

**သတိပြုရန် ၅ ချက်**

ကမ္ဘာကျော် ကြေးနီမိုင်းကြီး Bingham Canyon ကို လေ့လာကြည့်သောအခါ အောက်ပါအချက် ၅ ချက်ကို သတိပြုရန် တွေ့ရှိရပါသည်။

၁။ ကြေးနီမိုင်းဟုဆိုသော်လည်း ကြေးနီနှင့်အတူ အဖိုးတန်ရွှေ၊ငွေနှင့်မိုလီဘဒီနမ်သတ္တုတို့ တန်ချိန်များစွာ ထွက်ရှိသည်။

၂။ ကြေးနီမိုင်းများတွင် သတ္တုကျိုချက်စဉ်ဘေးထွက်ပစ္စည်းအဖြစ် ဆာလဖျူရစ်အက်ဆစ် တန်ချိန်သန်းချီ၍ ထွက်ရှိသည်။

၃။ ကြေးနီမိုင်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအတွက် စီမံခန့်ခွဲရန် ရင်းနှီးမြှုပ်နှံငွေ၏ ၅ ပုံ ၁ ပုံခန့် မဖြစ်မနေသုံးသည်။

၄။ Mine Plan ထားရှိကာ လိပ်ပြာသန့်သန့်ထုတ်လုပ်သည်။

၅။ မိုင်းဧရိယာ (သို့) မိုင်းသက်တမ်းတိုးချဲ့လိုလျှင် သက်ဆိုင်ရာအဖွဲ့အစည်းသာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနည်းဆုံး(၂၅)ဖွဲ့ခန့်၏ထောက်ခံချက်၊ ခွင့်ပြုချက်ရရန်လိုသည်။

အချုပ်ဆိုရလျှင် အပွင့်သတ္တုတူးနည်းဖြင့် ကြေးနီထုတ်လုပ်နေသော ကမ္ဘာကျော်မိုင်းကြီးများရှိသည်။ သူတို့သည် ဉာဏ်ပညာ၊ အမြော်အမြင်၊ လူသားချစ်စိတ်တို့ဖြင့် စီမံထုတ်လုပ်ချက်ရှိကြသဖြင့် မိုင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုများ ဆိုးရွားစွာ ကြုံတွေ့ရမှုနည်းကြောင်း တင်ပြလိုက်ရပေသည်။

## JOKE

### မကြောက်ပါနဲ့

အမျိုးသမီးတစ်ဦးသည် သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုအတွင်း ဝင်ရောက်လည်ပတ်နေပြီး ၎င်းနှင့်အတူ ပါလာသော ဧည့်လမ်းညွှန်ဖြစ်သူအား သူမသည် သရဲတစ္ဆေများကို အလွန်ကြောက်ရွံ့ကြောင်းနှင့် အဆောက်အအုံအတွင်း လျှောက်သွားနေစဉ် သရဲနှင့်တွေ့မည်ကို စိုးရိမ်ကြောင်း ပြောနေသည်။

ဧည့်လမ်းညွှန်ကလည်း ဧည့်သည်အကြောက်ပြေစေရန် သူအလုပ်လုပ်နေသော သက်တမ်းတစ်လျှောက်တွင် သရဲတစ်ကောင်မျှမမြင်ဖူးကြောင်း ပြောပါသည်။ “ဒါနဲ့ ရှင်ဒီမှာ အလုပ်လုပ်နေတာဘယ်လောက်ကြာပြီလဲ” ဟုမေးရာ “အနှစ်သုံးရာ” ပဲရှိပါသေးတယ်ဟု ဧည့်လမ်းညွှန်က ပြန်ပြောလိုက်သည်။

### သေပြီသာမှတ်

ချမ်းသာသော အမျိုးသမီးကြီးတစ်ဦးသည် သူမ၏ ပစ္စည်းထိန်းအားအိပ်ခန်းအတွင်းသို့ခေါ်လိုက်ပြီး “ငါ့အဝတ်အစားတွေချွတ်စမ်း” ဟု အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သည်။ ပစ္စည်းထိန်းကလည်း အဝတ်အစားများ ချွတ်လိုက်သည်။ “ခြေအိတ်ရှည်တွေရောချွတ်” ပစ္စည်းထိန်းက လိုက်နာပါ၏။ “အောက်ခံအဝတ်အစားတွေရော” အဝတ်အစားအားလုံးချွတ်ပြီးသွားချိန်တွင် အမျိုးသမီးကြီးက “နောက်တစ်ခါ ငါ့ရဲ့အဝတ်အစားတွေယူဝတ်ရင် သေပြီသာမှတ်” ဟု ဆိုပါတော့သည်။






# Environment

7 DAY NEWS JOURNAL

Vol.11, No.38 • NOVEMBER 29 , 2012


## အင်းလေးကန်ဘေးမဲ့တော ဧရိယာအတွင်း ဟိုတယ်ရှစ်လုံးတည်ဆောက်မှု စုံစမ်းစစ်ဆေးနေ

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

အင်းလေးကန် ဘေးမဲ့တော ဧရိယာအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ခွင့်ပြုချက်မရှိဘဲ ဟိုတယ်ရှစ်လုံး တည်ဆောက်ထားမှုအပေါ် ပြည်ထောင်စုအစိုးရသို့ တင်ပြရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အင်းလေးကန် ဘေးမဲ့တော အုပ်ချုပ်ရေးရုံးမှ သတင်းရရှိသည်။

အင်းလေးကန် အရှေ့ဘက်နှင့် အလယ်တွင် တည်ဆောက်မည်ဖြစ်ပြီး ဟိုတယ်အားလုံးသည် ဟိုတယ်ခရီးဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ တည်ဆောက်ရန် ခွင့်ပြုထားသော ဟိုတယ်များဖြစ်ကြောင်း၊ သို့သော်လည်းသစ်တောဌာနမှ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ကန်အတွင်း ဟိုတယ်တည်ဆောက်မှုကိုတားမြစ်ထားပြီး စီးပွားရေးလိုအပ်ချက်အရ အင်းလေးကန် ဟိုတယ်ဇုန်အဖြစ် အင်းလေးကန်နှင့် ဆယ်မိုင်အကွာအဝေးတွင် နေရာချပေးထားကြောင်း အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြေယာပြင်တယ်။ ခြံစည်းရိုး အုတ်တံတိုင်းတွေ ခတ်တာတော့ လုပ်နေပြီ။ အရင်ကတည်းက မပေးတဲ့နေရာတွေမှာ လုပ်နေတာ။ မပေးဘူးဆိုတာကလည်း သမ္မတကိုယ်တိုင် ညောင်ရွှေကိုလာတုန်းက ပြောပြထားတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

သမ္မတကိုယ်တိုင်လာရောက်စဉ်က အင်းလေးကန်အတွင်းနှင့် ကန်စပ်တွင် ဟိုတယ်မဆောက်ရန် ပြောကြားခဲ့ကြောင်း၊ ဟိုတယ်တည်ဆောက်မှုကို တားမြစ်သော လုပ်ပိုင်ခွင့် မရှိသော်လည်း ၎င်းအနေဖြင့်လက်မခံကြောင်း၊ အင်းလေးကန်အတွင်း လုပ်ကိုင်နေသည့် ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဟိုတယ်ရှစ်လုံးတည်ဆောက်မှုတွင် တောင်ကြီးဟိုတယ်ဇုန်အသင်းဥက္ကဋ္ဌအနေဖြင့် ပါဝင်ပတ်သက်မှုရှိကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး အဆိုပါ အသင်းဥက္ကဋ္ဌကို ဆက်သွယ်မေးမြန်းရာ ပြန်လည်ဖြေကြားခြင်းမရှိပေ။

အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ကန်အနီးတစ်ဝိုက်တွင်ဟိုတယ်များတည်ဆောက်ခွင့် ထပ်မံ ခွင့်မပြုခဲ့သော်လည်း အင်းလေးကန်နှင့်၁၀မိုင်အကွာအဝေး၌ ၆၂၂ ဧက အကျယ်တွင် ဟိုတယ်များတည်ဆောက်ရန် ပြည်ထောင်စုအစိုးရက ခွင့်ပြုခဲ့သည်။

## ENVIRONMENT Cartoon






# ကြေးနီမိုင်းတစ်ခုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွေးစများ

ဒေါက်တာဇော်မြင့်နီ

**ဓာတ်သတ္တုမိုင်းတူးဖော်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးရခြင်းများသည် -**

၁။ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်သန့်စင်ခြင်း (Mining Procedure)

၂။ ဒေသတွင်း ဇလဗေဒအခြေအနေများ (Hydrologic Conditions)

၃။ ရာသီဥတု၊ ကျောက်အမျိုးအစား၊ မြေမျက်နှာသွင်ပြင်နှင့်

၄။ သတ္တုမိုင်းအရွယ် (Mine Size) တို့အပေါ် တည်မှီနေကြောင်း သိရပါသည်။

**ထိခိုက်မှုများ**

ဓာတ်သတ္တုတူးဖော်ရာတွင် မြေပေါ်သတ္တုတူးဖော်ခြင်း (Open pit mining) က မြေအောက်သတ္တုတူးဖော်ခြင်း (Subsurface Mining) ဟု နှစ်မျိုးရှိသည်။ ၎င်းနှစ်မျိုးတွင် မြေပေါ်သတ္တုတူးဖော်ခြင်းသည် အကုန်အကျအလွန်သက်သာသော်လည်း ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုတွင် ပိုများကြောင်း သိရသည်။

**ပတ်ဝန်းကျင်ထိခိုက်မှုများ**

မိုင်းတစ်ခုကြောင့်ပထမမြေပျက်စီးသည်။ မြေမျက်နှာသွင်ပြင်ကို ပြောင်းလဲစေသည်။ မိုင်းကြောင့် ထွက်ရှိလာသည့် အမှိုက်များကြောင့်မြေအရည်အသွေးထိခိုက်သည်။

ဒုတိယအနေဖြင့် လေကိုထိခိုက်စေသည်။ မိုင်းကြောင့် ထွက်ပေါ်လာသည့်အမှုန်များကို စနစ်တကျ ထိန်းချုပ်ထားသည့်တိုင်လေထုအပေါ်သက်ရောက်မှုရှိစေသည်။

တတိယ ရေအရည်အသွေးကျဆင်းရန် အခွင့်အလမ်း ပိုများစေသည်။ မိုင်းဧရိယာရှိ ရေဆင်းစနစ်ကို ပြောင်းလဲစေသည်။ မိုးရေနှင့် ဆီးနှင်းများသည် မိုင်းမှဖယ်ထုတ်စွန့်ပစ်ထားသည့် မြေစာများ၊ အမှိုက်များနှင့် ထိတွေ့သည့်အခါ ယင်းမြေစာထဲတွင် ရောနှောပါဝင်နေသည့် သတ္တုအမှုန်အမွှားများကို စုပ်ယူလိုက်ကြသည်။ မိုင်းစွန့်ပစ်မြေစာတွင် ကြေးနီ၊ ခဲ၊ ကတ်ဒမီယမ်၊ ကိုဘော့၊ မိုလီဘဒီနမ်တို့ ပါဝင်နိုင်သည်။ ၎င်းတို့၏ ပါဝင်မှုမှာ အလွန်ပင်သေးငယ်လွန်းသဖြင့် Trace element ဟုခေါ်သည်။ ၎င်းတို့သည် ရေ၊ မြေဆီလွှာနှင့် သစ်ပင်များတွင် သွား၍စုကြသည်။ ထိုရေ၊ ထိုမြေနှင့် ထိုသစ်ပင်များကို လူနှင့် တိရစ္ဆာန်များက စားသုံးမိသောအခါ အဆိပ်အတောက်ဖြစ်ကြရသည်။ ရောဂါဘယတွေ ထူပြောလာသည်။

မိုင်းဧရိယာတွင် မြေ၊ မြေဆီလွှာနှင့် ရေတို့၏ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများနှင့်အတူ ဇီဝပတ်ဝန်းကျင်အပေါ် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ ထိခိုက်မှုများရှိနိုင်ကြောင်းသိရသည်။ တိုက်ရိုက်ထိခိုက်မှုများမှာ မသန့်ရှင်းသော ရေနှင့်အစာများကြောင့် သစ်ပင်များ၊ တိရစ္ဆာန်များ သေဆုံးခြင်းတို့ဖြစ်သည်။ သွယ်ဝိုက်ထိခိုက်မှုများတွင် အာဟာရကွင်းဆက်ပြောင်းလဲခြင်းများ၊ မျိုးစိတ်မျိုးကွဲပြောင်းလဲခြင်းများ၊ ဂေဟစနစ် တည်ငြိမ်မှု ပျက်ယွင်းခြင်းများ ပါဝင်သည်။ ၎င်းတို့မှာ မြေပေါ်ရေ၊ မြေအောက်ရေ အရည်အသွေးများ ကျဆင်းခြင်း၊ ပြောင်းလဲခြင်းများကြောင့် ဖြစ်သည်။

**လူမှုရေးထိခိုက်မှုများ**

စနစ်တကျ စီမံခန့်ခွဲမှု မရှိသော မိုင်းတစ်ခုတွင် ကြီးမားသည့် အကျိုးအမြတ်များရရှိသော်လည်း လူမှုရေးထိခိုက်မှုများ ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသည်။ ရေထောက်ပံ့မှု၊ မိလ္လာစွန့်ပစ်မှု၊ အမှိုက်စွန့်ပစ်မှုများနှင့် ပတ်သက်ပြီး ဒေသခံများ ဝန်ထုပ်ဝန်ပိုးဖြစ်ကြရသည်။ ကျောင်းများ၊ အိမ်များ၊ ရွာများ၊ မြေလွတ်၊ သစ်တော၊ စိုက်ပျိုးမြေများ နေရာပြောင်းရွှေ့ခံရမှုများ ကြုံတွေ့ကြရသည်။ မိုင်းဧရိယာအနီးရှိ အပန်းဖြေနေရာများ၊ တောရိုင်းမြေများ ဆုံးရှုံးရခြင်းကြောင့် လူအများ စိတ်သောကရောက်ကြရသည်။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် လူနေအိမ်ခြေများ ဖွံ့ဖြိုးလာခြင်းသည် ဒေသတွင်းမြစ်၊ ချောင်း၊ အင်းအိုင်များရှိရေအရည်အသွေးကိုကျဆင်းစေသည်။ လုပ်ငန်းခွင်သုံးယာဉ်များ ပေါ်များလာခြင်း၊ အမှုန်များထွက်လာခြင်းတို့ကြောင့် လေကောင်းလေသန့်များ ဆုံးရှုံးကြရသည်။

ဧရိယာတစ်ခုတွင် မြေပေါ်၊ မြေအောက်မိုင်းတစ်ခု လည်ပတ်ပြီဆိုပါက အထက်တွင် ဖော်ပြခဲ့သော ထိခိုက်မှုများ မြေကြီးလက်ခတ်မလွဲ ကြုံတွေ့ရမည် ဖြစ်ပါသည်။ သို့သော် စီမံခန့်ခွဲမှုကောင်းခြင်း၊ တာဝန်ယူမှုရှိခြင်းတို့သည် မိုင်းကြောင့်ဖြစ်သော ထိခိုက်မှုအမျိုးမျိုးကို လျော့ပါးအောင် ဆောင်ရွက်နိုင်ကြောင်း သိရပါသည်။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် ကမ္ဘာကျော် ကြေးနီမိုင်းကြီးတစ်ခုနှင့် မိတ်ဆက်ပေးလိုပါသည်။

**ကြေးနီမိုင်းကြီး**

ကြေးနီမိုင်းကြီး၏ အမည်မှာ Bingham Canyon Mine ဖြစ်သည်။ Kennecott Copper Mine ဟုလည်း လူသိများသည်။ ကမ္ဘာကျော်ခြင်း၊ လူသိများရခြင်းမှာ အကြောင်းနှစ်ချက်ရှိသည်။ ပထမအချက်မှာ မြေပေါ်သတ္တုတူးခြင်း (သို့) အပွင့်သတ္တုတူးခြင်း (Open Pit Mining) တွင် ကမ္ဘာပေါ်၌ အကြီးဆုံးဖြစ်ခြင်း၊ ဒုတိယအချက်မှာ ကြေးနီအများဆုံးထွက်သော မိုင်းများတွင် တစ်ခုအပါအဝင်ဖြစ်ခြင်းတို့ဖြစ်သည်။

Bingham Canyon Mine ၏အနက်မှာ ၀ ဒသမ ၇၅ မိုင်ရှိပြီး အကျယ်မှာ ၂ ဒသမ ၅ မိုင်ရှိကြောင်း သိရသည်။ မိုင်းဧရိယာမှာ မြေဧက ၁,၉၀၀ ကျော်သည်။ အာကာသထဲမှကြည့်လျှင်ပင် သာမန်မျက်စိဖြင့် မြင်နိုင်အောင် ကြီးမားလှသည့် မိုင်းဖြစ်ပါသည်။ ၎င်းသည် အမေရိကန်နိုင်ငံ Utah ပြည်နယ်ရှိ 'ပြန့်ကျဲကြေးနီသိုက်' (Porphyry Copper Deposits) တစ်ခုဖြစ်ပါသည်။

Bingham Canyon Mine နှင့် ပတ်သက်ပြီး စိတ်ဝင်စားဖွယ်အချို့ကို တင်ပြပါမည်။

*စာ(၄၀) သို့*




Tourism
7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# အိုဘားမားခရီးစဉ်က မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိ

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

အမေရိကန်သမ္မတ ဘားရက်အိုဘားမား မြန်မာနိုင်ငံသို့ လာရောက်ခြင်းက ခရီးသွားလုပ်ငန်းအား အထောက်အကူဖြစ်စေသည်ဟု ခရီးသွားလုပ်ငန်းရှင်များက သုံးသပ်သည်။

သမ္မတအိုဘားမားခရီးစဉ်ကြောင့် ပြည်ပခရီးသွားများအား မြန်မာနိုင်ငံအပေါ် ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေကြောင်း၊ ဥပမာ- မြန်မာနိုင်ငံ၏ အထင်ကရ နေရာဖြစ်သော ရွှေတိဂုံစေတီတော်၊ ရန်ကုန် တက္ကသိုလ်တို့မှာ ယခုအခါ ကမ္ဘာက ပိုမိုသိရှိသွားခြင်းဖြစ်ကြောင်း၊ သမ္မတအိုဘားမား၏ ခရီးစဉ်ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက်ငွေကြေးမကုန်ကျသော ဈေးကွက်မြှင့်တင်ခြင်း တစ်ရပ်ပင်ဖြစ်ကြောင်းဟုမြန်မာနိုင်ငံခရီးသွား ဈေးကွက်မြှင့်တင်ရေးဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက မြန်မာ့ခရီးသွားဈေးကွက်အပေါ် သုံးသပ်ပြောကြားသည်။

"နိုင်ငံခြားသား ဧည့်သည်အဝင်က အမေရိကန်မှ မဟုတ်ဘူး။ နိုင်ငံတကာ ဧည့်သည်အဝင်တက်လာမယ်လို့မှန်းတယ်။ အခုဆိုရင် ဆိုက်ရောက်ဗီဇာကို အလည်အပတ်အနေနဲ့ပဲပေးတယ်။ အကယ်၍ Tour Visa ပါ ပေးမယ်ဆိုရင် ဧည့်သည်အဝင်ပိုများလာမယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးကျော်ထွန်းကပြောသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု သတင်းများကြောင့် ပြည်ပမှလာရောက်သော ဧည့်သည်အရေအတွက်မှာ ယခုနှစ်ခရီးသွားရာသီတွင် ၂၀၁၁ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်းခန့်မြင့်တက်လာပြီး လာမည့် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များအတွင်း အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် အာဆီယံထိပ်သီး အစည်းအဝေးတို့အပြင် သမ္မတအိုဘားမား၏ ခရီးစဉ်ကြောင့် မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားသူများပြားလာပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ယခုထက် ပိုမိုအောင်မြင်လာနိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်အများစုက သုံးသပ်ပြောကြားသည်။



**ရန်ကုန်တက္ကသိုလ်တွင် သမိုင်းဝင်မိန့်ခွန်းပြောနေသည့် သမ္မတ အိုဘားမား** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"နိုင်ငံခြားသား ဧည့်သည်အဝင် များလာနိုင်တယ်။ အခုထက် ပိုများလာမယ်လို့လည်း ဝန်ကြီးဌာနအနေနဲ့ မျှော်မှန်းထားပါတယ်။ ဒါကြောင့် အခု ဆောက်လက်စ ဟိုတယ်အခန်းတွေကိုလည်း အမြန်ဆုံး အပြီးသတ်နိုင်ဖို့ တွန်းအားပေးနေပါတယ်။ HRD အပိုင်းကလည်း Hospitality ကောင်းဖို့သင်တန်းတွေလည်း ဖွင့်လှစ်နေပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက ပြောသည်။

လာမည့် ၂၀၁၃ ခုနှစ်တွင် ခရီးသွားဧည့်သည်ဦးရေကိုးသိန်းထိ မြင့်တက်လာနိုင်သည်ဟု ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီးဦးဌေးအောင်ကလည်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Eco-Tourism) သင်တန်းဖွင့်ပွဲ တစ်ခုတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။ ယနေ့ကာလတွင်အိမ်နီးချင်းနိုင်ငံများသို့ ခရီးသွားဝင်ရောက်မှုမှာ ထိုင်းနိုင်ငံသည် သန်း ၂၀ ကျော်၊ မလေးရှားသည် ၂၄ သန်းကျော်၊ စင်ကာပူသည် ၁၅ သန်းကျော်၊ ဖိလစ်ပိုင်သည် ငါးသန်းကျော်၊ ကမ္ဘောဒီးယားသည် ၃ ဒသမ ၅ သန်းကျော်၊ ဗီယက်နမ်သည် ငါးသန်းနှင့် လာအိုသည် ၂ ဒသမ ၅ သန်းကျော်ရှိကြောင်း သိရသည်။

## ယဉ်ကျေးမှု အခြေခံခရီးသွားမြှင့်တင်ရေး ယဉ်ကျေးမှုဝန်ကြီးဌာန ပါဝင်ဆောင်ရွက်ပေးမည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊**
**နိုဝင်ဘာ-၂၄**

ယဉ်ကျေးမှုနှင့် ဆက်နွယ်သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး အတွက်ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့် တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနောက်ပိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းသည် ခရီးသွားလုပ်ငန်း အမျိုးအစားတစ်ခုဖြစ်လာရာ ယဉ်ကျေးမှုနှင့် ဆက်နွယ်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်သည့်အနေဖြင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ရှေးဟောင်းအမွေအနှစ်များ စနစ်တကျ စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ၌ ပြောကြားသည်။

"မြန်မာနိုင်ငံကို အဓိက ရောက်လာကြတဲ့ နိုင်ငံခြားသား ဧည့်သည်တွေက Culture Base Tourism ကို စိတ်ဝင်စားလို့ပဲ။ ဥပမာ- ပုဂံ၊ အင်းလေးကိုဆို ယဉ်ကျေးမှုအတွက် အဓိကလာလည်ကြတာ။ ကမ္ဘောဒီးယားမှာဆို အန်ကောဝပ်ကျောင်းတော်ကို ခရီးသွားတွေ အရမ်းလာတယ်။ ကြာတော့ ရှေးဟောင်းအမွေအနှစ်တွေ ထိခိုက်တယ်။ အဲဒီလို ကိစ္စတွေ မရှိရအောင် ယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ထိန်းသိမ်းမယ်။ ခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်မှာပါ" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူးဦးကျော်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းအဆောက်အအုံ၊ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာဓလေ့များကို ပိုမိုဖော်ဆောင်ပြီး ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်းလက်ရာများ မပျက်စီးစေဘဲ ခရီးသွားလုပ်ငန်းအား ပိုမိုတိုးတက်လာစေရန် ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။






## ခရီးသွားရာသီစတင်ချိန်တွင် ဒေသအချို့၌ သဘာဝအခြေခံ ခရီးသွားလာခွင့် ပိတ်ပင်

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

ခရီးသွားရာသီ စတင်ချိန်တွင် သဘာဝအခြေခံခရီးသွားများ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များသို့ လုံခြုံရေးအရသွားခွင့်မရတော့ဘဲ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ကိုသာ သွားခွင့်ပြုထားကြောင်း သတင်းရရှိသည်။

သဘာဝအခြေခံ ခရီးသွား (Eco Tour)များ အသွားများသည့် ပူတာအိုနှင့် မြောက်ဦးမြို့ဟောင်းတို့တွင် လုံခြုံရေးအခြေအနေများကြောင့်ပိတ်ထားပြီး ယင်းနေရာများအစား ပုပ္ပား၊ အင်းလေး၊ တောင်ကြီးနှင့် မော်လမြိုင်၊ ဘားအံမြို့များသို့သာ သွားခွင့်ပြုသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၂ ခုနှစ် နှစ်စပိုင်း၌ နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တွင် လျှောက်ခဲ့သော အေဂျင်စီအချို့ကိုသာ ခွင့်ပြုမိန့်ချထားပေးသော်လည်း ယခုနှစ်အောက်တိုဘာမှစတင်၍ ယင်းဒေသများသို့ သွားရောက်နိုင်ရန် လျှောက်လွှာတင်ခွင့်မပေးတော့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပူတာအိုက EcoTour တွေ အရမ်းစိတ်ဝင်စားတဲ့နေရာပါ။ အခုနှစ် ခရီးသွားရာသီမှာ ဧည့်သည်တွေကို လုံးဝလာခွင့်မပြုတော့ဘူး။ FIT Tour ကို အစကတည်းက ခွင့်ပြုတာမဟုတ်ဘူး။ ဒီဇင်ဘာမှာတော့ပြန်ဖွင့်မယ်လို့ကြားတယ်" ဟုပူတာအိုရှိမလိခ Lodge မှ တာဝန်ခံတစ်ဦးဖြစ်သူကိုသောမတ်စ်က ပြောသည်။

ယခုနှစ်တွင် သဘာဝအခြေခံခရီးသွားများအတွက် အခက်အခဲအနည်းငယ်ဖြစ်သော်လည်း ပုပ္ပား၊ တောင်ကြီး၊ ကလော၊ မော်လမြိုင်နှင့် ဘားအံဘက်များသို့ စီစဉ်ပေးရကြောင်း S.S.T ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးစောလှချစ်က ပြောသည်။

"အခု ခရီးသွားရာသီစတဲ့ အချိန်ကစပြီး မြောက်ဦးမှာ ဧည့်သည်လုံးဝ မတွေ့ရတော့ဘူး။ မြောက်ဦးမှာ အခုအခြေအနေကတော့ တည်ငြိမ်နေပါပြီ။ ကျွန်တော်တို့လည်း ဧည့်သည်ပြန်ဝင်ဖို့မျှော်လင့်တယ်။ ရှုပ်ထွေးနေတဲ့ အခြေအနေကြောင့် ကျွန်တော်တို့လည်း အလုပ်မဖြစ်ဘူး။ အခုကြားတာက ဒီဇင်ဘာမှာပြန်ဖွင့်တော့မယ်ကြားတယ်" ဟုမြောက်ဦးဒေသခံကိုထွန်းအေးက ပြောကြားသည်။


7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

The Cartoon Logo


























7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# ယင်လပ်အစိုးရ နုတ်ထွက်ပေးရေး ဆန္ဒပြသူများကို မျက်ရည်ယိုဗုံးများဖြင့် ထိုင်းရဲတပ်ဖွဲ့ဖြိုခွင်း




Photo - Getty Images

*၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော အစိုးရဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုအတွင်း အဓိကရုဏ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့ဝင်များ ရှေ့မှဖြတ်သွားသော ဆန္ဒပြသူတစ်ဦး*

**ဘန်ကောက်၊ နိုဝင်ဘာ - ၂၄**

ထိုင်းရဲတပ်ဖွဲ့သည် ယနေ့တွင် မြို့တော်ဘန်ကောက်၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွင်းခဲ့ကြောင်း သိရသည်။ မြို့တော်၌ ဘုရင်စနစ်ထောက်ခံသည့်ပီတက်ဆိုင်းယန်းအဖွဲ့က ဦးဆောင်သော ဝန်ကြီးချုပ် ယင်လပ်အစိုးရ နုတ်ထွက်ပေးရေး ဆန္ဒပြတောင်းဆိုမှုများတွင် လူထောင်ပေါင်းများစွာ ပါဝင်ခဲ့ကြသည်။

ဆန္ဒပြပွဲများတွင်ပါဝင်သူများမှာ သောင်းဂဏန်းခန့်ရှိမည်ဟု အာဏာပိုင်များက ခန့်မှန်းထားပြီး ၎င်းသည်မှာ ဝန်ကြီးချုပ်ယင်လပ်၏ တစ်နှစ်ခွဲနီးပါးကာလ အုပ်ချုပ်မှုအတွင်း ပထမဆုံးရင်ဆိုင်ရသည့် အဓိကလမ်းပေါ်ထွက် ဆန္ဒပြမှုကြီးဖြစ်သည်။ ဆန္ဒပြသူများသည် မြို့တော်တွင် နံနက် ၉ နာရီခန့်မှစ၍ ရွှိုင်ရယ်ပလာဇာအရပ်၌ စုဝေးခဲ့ကြသည်။

ဆန္ဒပြလှုပ်ရှားမှု၏ ခေါင်းဆောင်အငြိမ်းစား ဗိုလ်ချုပ်ကြီးဘွန်လတ်ခေပရာဆစ်က "ပီတက်ခ်ဆိုင်းယန်းနဲ့ အဖွဲ့ရဲ့ မဟာမိတ်တွေရဲ့ နာမည်တွေနဲ့ကို ကျွန်တော်ကတိပေးလိုက်ပါတယ်။ ကျွန်တော်တို့ ဒီအစိုးရကို ဖြုတ်ချသွားပါမယ်" ဟုဆန္ဒပြသူများအား မိန့်ခွန်းပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့သည် မျက်ရည်ယိုဓာတ်ငွေ့ ၁၀ ဘူးခန့်ကို ကုလသမဂ္ဂအဆောက်အအုံတစ်ခုရှေ့၌ အတားအဆီးများကိုကျော်ဖြတ်လာသောဆန္ဒပြသူများထံ ပစ်ခတ်ဖြိုခွင်းခဲ့သည်။ မျက်ရည်ယိုဗုံးဒဏ်ကြောင့် ရဲအရာရှိတစ်ဦးအပါအဝင် လူသုံးဦးကိုဆေးရုံတင်ထားရကြောင်း သိရသည်။

နိုင်ငံ့ သို့ရုပ်သံမှမိန့်ခွန်းပြောကြားရာတွင် ဝန်ကြီးချုပ်ယင်လပ်က ဆန္ဒပြသူများသည် အကြမ်းဖက်မှုများသုံး၍ ဒီမိုကရေစီနည်းအရရွေးကောက်ခံရသော အစိုးရကို ဖြုတ်ချရန်ကြိုးစားမည်ကို စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

*—Ref: AFP*






# ကိုရီးယား ဘီလျံနာသူဌေးကြီး သမ္မတရွေးကောက်ပွဲမှ နုတ်ထွက်

**ဆိုးလ်၊ နိုဝင်ဘာ - ၂၄**

တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲတွင် မူလက ပါဝင်ယှဉ်ပြိုင်ရန်ရှိသည့်ဆော့ဖ်ဝဲလုပ်ငန်းရှင်သူဌေးကြီး အန်းချိုဆူးသည် သမ္မတလောင်းစာရင်းမှနုတ်ထွက်သွားဖြစ်ကြောင်း သိရသည်။

ဒီမိုကရက်တစ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မည့် သမ္မတလောင်း မွန်းဂျေးအင်နှင့် ပူးပေါင်းဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အန်းချိုဆူးက "ကျွန်တော် သမ္မတလောင်းအဖြစ် ပါဝင်ဖို့ လက်လျှော့လိုက်ပါပြီ။ ဒီအချိန်ကစပြီး မွန်းဂျေးအင်ဟာ တစ်ဦးတည်းသော လစ်ဘရယ်သမ္မတလောင်းဖြစ်သွားပါပြီ" ဟုပြောကြားကာ ဒီဇင်ဘာ ၁၉ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် မွန်းကိုမဲပေးကြရန် နှိုးဆော်ခဲ့သည်။ ယခုအခါ ရွေးကောက်ပွဲမတိုင်မီ အန်းချိုဆူး နုတ်ထွက်သွား၍ သမ္မတလောင်းများအဖြစ်ကွန်ဆာဗေးတစ်ပါတီမှ ပက်ခ်ဂျွန်ဟေးနှင့် ဒီမိုကရက်တစ်ညီညွတ်ရေးပါတီ (DUP) မှ မွန်းဂျေးအင်တို့သာ ကျန်ရှိသည်ဟု သိရသည်။

ယခုနှစ် ကိုရီးယား သမ္မတရွေးကောက်ပွဲတွင် ပတ်ခ်ဂျွန်ဟေးမှာ ယခင်စစ်အာဏာရှင်ဟောင်း ပတ်ခ်ချုံဟီး၏ သမီးဖြစ်ပြီး မွန်းဂျေးအင်မှာ ယခင်သမ္မတဟောင်း ဂိုမူဟွန်းလက်ထက်က အရာရှိတစ်ဦးဖြစ်ခဲ့ဖူးသည်။ ဆန္ဒသဘောထားကောက်ယူမှုစစ်တမ်းများအရ ရွေးကောက်ပွဲအတွက် ပတ်ခ်ဂျွန်ဟေးမှာ ရေပန်းစားနေသည်ဟု သိရသည်။

*—Ref: AFP/ CNA*

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# ပြင်သစ်သို့ ရုရှားဝန်ကြီးချုပ် အလည်ရောက်စဉ် ဆီးရီးယားအရေး နှစ်နိုင်ငံပူးတွဲဖြေရှင်းသွားမည်ဟုဆို

**ပါရီ၊ နိုဝင်ဘာ - ၂၆**

ရုရှားဝန်ကြီးချုပ်မက်ဗီဒက်သည် ယခု ရက်သတ္တပတ်အတွင်း ပြင်သစ်နိုင်ငံသို့လာရောက်လည်ပတ်ချိန်တွင် ရုရှားနှင့်ပြင်သစ်နိုင်ငံတို့ကဆီးရီးယားပဋိပက္ခ ဖြေရှင်းရေး သဘောထားကွဲလွဲမှုများ ကိုကိုင်တွယ်ဖြေရှင်းသွားမည် ဖြစ်ကြောင်း သိရသည်။


မစ္စတာမက်ဗီဒက်သည် ၎င်း၏ ဝန်ကြီးများပါ ပါဝင်မည့် ကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်ကာပြင်သစ်သမ္မတဖရန်ဆွာဟော်လန်ဒီနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

ဆွေးနွေးမှုများအတွင်း ရုရှား၊ တရုတ်နှင့် အနောက်နိုင်ငံများအကြား သဘောထားကွဲလွဲမှုများနက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်စေခဲ့သည့် ဆီးရီးယားပဋိပက္ခ အရေးကို အာရုံစိုက်သွားမည်ဟု မျှော်လင့်ရကြောင်း သံတမန်များကပြောကြားသည်။

"ဒီကိစ္စမှာ ကျွန်တော်တို့နဲ့ ပြင်သစ်အစိုးရကြား သဘောမတူညီမှုတွေရှိတယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။ ဒါပေမဲ့ ထပ်တူကျတဲ့ အမြင်တွေလည်းရှိပါတယ်။ ရုရှား နိုင်ငံက ပြင်သစ်နိုင်ငံလိုပဲ နိုင်ငံရေးအရအဖြေရှာချင်ပါတယ်။ သဘောမတူကြဘူးဆိုတာ ဘယ်လို လုပ်မလဲဆိုတဲ့ အပေါ်မှာမူတည်ပါတယ်" ဟု ပါရီမြို့သို့ သွားရောက်မည့် ရုရှားကိုယ်စားလှယ် အလက်ဇန္ဒြားအိုလော့ဗ်က ပြောကြားသည်။

လပေါင်း ၂၀ ကျော်ကြာမြင့်နေပြီဖြစ်သည့် ဆီးရီးယားပဋိပက္ခအတွင်း လူပေါင်း ၄၀,၀၀၀ ကျော်သေဆုံးခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်းယင်းပဋိပက္ခအပေါ်နိုင်ငံရေးအရအဖြေရှာရန် ပျက်ကွက်နေဆဲဖြစ်သည်။

—*Ref: AFP*



**Leader's Profile**

# ဂျင်နရယ်မော်တာ (GM) ကားကုမ္ပဏီ ဥက္ကဋ္ဌ ဒယ်နီယယ်အက်ကာဆင်

ရဲမင်း

မစ္စတာဒယ်နီယယ်အက်ကာဆင်သည်အမေရိကန်ကားကုမ္ပဏီဖြစ်သော ဂျင်နရယ်မော်တာ (GM) ကားကုမ္ပဏီ၏ လက်ရှိဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ၂၀၀၉ ခုနှစ်ဇူလိုင်လ ၂၄ ရက်တွင် ဂျီအမ်၏ ဒါရိုက်တာဘုတ်အဖွဲ့တွင်ပါဝင်လာသူဒယ်နီယယ်သည် (American Express) အမေရိကန်ရေတပ်အကယ်ဒမီဖောင်ဒေးရှင်းဘုတ်အဖွဲ့တို့တွင်လည်း တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဒယ်နီယယ်ကို ၁၉၄၈ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ်၌ မွေးဖွားခဲ့ပြီး မင်နီဆိုတာပြည်နယ်တွင် ကြီးပြင်းခဲ့သည်။ အမေရိကန် ရေတပ်အကယ်ဒမီမှ အင်ဂျင်နီယာသိပ္ပံဘွဲ့ရရှိခဲ့သည်။ လန်ဒန်စီးပွားရေးပညာကျောင်းမှလည်း မဟာသိပ္ပံဘွဲ့ရရှိခဲ့သည်။ ဒယ်နီယယ်သည် ၁၉၇၀-၁၉၇၅ အထိ အမေရိကန်ရေတပ်ဖျက်သင်္ဘောတစ်စီးတွင် အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဒယ်နီယယ်သည် ၁၉၈၃ ခုနှစ်တွင် ဆက်သွယ်ရေးနှင့် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော MCI ကော်ပိုရေးရှင်းတွင် ဝင်ရောက်လုပ်ကိုင်ကာ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းတွင် ယင်းကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်လာသည်။ ယင်းမှ နေ၍ အခြားအမေရိကန် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော General Instrument တွင် အမှုဆောင်အရာရှိ ချုပ်နှင့်ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ၁၉၉၆ ခုနှစ်တွင် မစ္စတာဒယ်နီယယ်သည် Nextel ကုမ္ပဏီ၏ စီးအီးအိုအဖြစ်ငှားရမ်းခံရပြီး ၎င်းလက်ထက်တွင် Nextel ၏ဝင်ငွေရရှိမှုအား ဒေါ်လာသန်း ၁၇၀ ကျော်မှ ၂နှစ်အတွင်း ၃ ဒသမ ၃ ဘီလီယံ အထိ တိုးပွားအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် Nextel မှ နုတ်ထွက်ကာ Next-link ဆက်သွယ်ရေး ကုမ္ပဏီသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။

နောက်ပိုင်းတွင် မစ္စတာဒယ်နီယယ်သည် Carlyle အုပ်စုသို့ ပြောင်းရွှေ့ကာ စီမံခန့်ခွဲရေးဒါရိုက်တာအဖြစ် သွားရောက်လုပ်ကိုင်သည်။ ယင်းသို့လုပ်ကိုင်စဉ်အတွင်း မစ္စတာဒယ်နီယယ်မှာ ၎င်းတို့အုပ်စုနှင့် ပတ်သက်သော ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီပေါင်း ၂၀၀ ကျော်၏ ရှယ်ယာများ ရောင်းခြင်းဝယ်ခြင်းများအတွက် တာဝန်ရှိသည်သာမက ကန်ဒေါ်လာဘီလီယံ ၅၀ ကျော်ရှိသောပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခဲ့ရသည်။

၂၀၀၉ ခုနှစ်ဇူလိုင်လတွင် မစ္စတာဒယ်နီယယ်သည် အမေရိကန်ဗဟိုဘဏ်၏ ကိုယ်စားလှယ်အဖြစ် ဂျီအမ်၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် ပါဝင်လာသည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် အမှုဆောင်အရာရှိချုပ်ဖြစ်လာပြီး ၂၀၁၁ ခုနှစ်တွင် ဥက္ကဋ္ဌဖြစ်လာသည်။ မစ္စတာ ဒယ်နီယယ် စတင်ကိုင်တွယ်ပြီး ပထမနှစ်အတွင်း မှာပင် ဂျီအမ်ကုမ္ပဏီသည် ကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံ စံချိန်တင်အမြတ်အစွန်းများရှာ ဖွေနိုင်သည်။ ထို့အပြင်ဈေးကွက် ဝေစုကျယ်ပြန့်ရေး၊ ကုန်ပစ္စည်းအရည်အသွေးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတွင်ထပ် မံရင်းနှီးမြှုပ်နှံ၍ အလုပ်အကိုင် ဖန်တီးခြင်း စသည်တို့ကိုလည်း အာရုံစိုက်လုပ်ဆောင်ခဲ့သည်။ ထို့အပြင် မစ္စတာ ဒယ်နီယယ်သည် အကြီးတန်းစီမံခန့်ခွဲမှုတွင် အမျိုးသမီးများကိုလည်း ပိုမိုနေရာပေးခြင်းအတွက် အသိအမှတ်ပြုခံရသည်။

ရီပက်ဘလေကန်ပါတီဝင်တစ်ဦးလည်းဖြစ်သော မစ္စတာဒယ်နီယယ်သည် ဇနီးသည်ကာရင်နှင့် သားသမီးသုံးဦး ထွန်းကားထားသည်။

—*Ref: Wikipedia*

နောက်ကျောဖုံး မှ

## ဗြိတိန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ လူနေအိမ်ပေါင်း ၈၀၀ နစ်မြုပ်

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ကွန်းဝဲလ် ကျေးလက်ဒေသရေကြီးမှုမြင်ကွင်းများမှာထိတ်လန့်စရာကောင်းသည်ဟုဆိုပြီး ယင်းဒေသရှိပြည်သူများအားကူညီရန် အစိုးရက အပြည့်အဝလုပ်ဆောင်သွားမည်ဟု ကတိပြုပြောကြားသည်။

ကွန်းဝဲလ်ဒေသနှင့်ယင်းနှင့် ကပ်လျက်တည်ရှိသောဒီဗွန်ဒေသလမ်းများပေါ်တွင် ရေများပြည့်လျှံနေ၍ ရဲတပ်ဖွဲ့က လမ်းများကိုပိတ်ထားရာ ကျေးရွာအများအပြား အဆက်ပြတ်တောက်နေသည်။

ရေကြီးမှုမှာ ၎င်းတို့ဒေသအတွက် ၁၄ နှစ်တာကာလ အတွင်း အဆိုးရွားဆုံးဖြစ်သည်ဟု အင်္ဂလန်အနောက်ပိုင်းဝမ်ရှိုင်းယားဒေသမှ အရက်ဘားဆိုင်ရှင်တစ်ဦးဖြစ်သူ တွန်ဟက်ဆန်က ပြောကြားသည်။

အင်္ဂလန်နှင့် ဝေးလ် ပြည်နယ်တစ်ဝန်းရေကြီးမှုများကြောင့် လူနေအိမ်ပေါင်း ၈၁၆ လုံးရေနစ်မြုပ်ခဲ့ကြောင်း ဗြိတိန်သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်သည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## ဘင်္ဂလားဒေ့ရှ်တွင် အထည်ချုပ်စက်ရုံ မီးလောင်မှုကြောင့် လူ ၁၀၉ ဦးသေဆုံး



Photo - AP



Photo - AP

"စက်ရုံထဲမှာ အလုပ်သမားတစ်ထောင်လောက် ပိတ်မိနေခဲ့တယ်" ဟုအသက် ၄၂ နှစ်အရွယ် အထည်ချုပ် အမျိုးသမီးဝန်ထမ်း ရိုမီဆာက ဆေးရုံခုတင်ထက်မှ ပြောသည်။ "ကျွန်မက လေးထပ်ကနေ ခုန်ချပြီး သုံးထပ်အဆောက်အအုံတစ်ခု ခေါင်းမိုးပေါ်ကျသွားတယ်။ တချို့ဆို ပြတင်းပေါက်က ပြုတ်ကျပြီး သေကုန်တယ်" ဟု ပြောသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် အလုပ်သမားစရိတ်သက်သာမှုကြောင့် ကမ္ဘာ့အဝတ်အထည် ထုတ်လုပ်ရာ အဓိကဒေသ ဖြစ်နေပြီး စက်ရုံကြီးများတွင်လူကြိုက်များသော အမှတ်တံဆိပ်များ ထုတ်လုပ်၍ အဓိကအားဖြင့် အနောက်နိုင်ငံဈေးကွက်များသို့ တင်ပို့ကြသည်။ စက်ရုံများ၏ အလုပ်ခွင်အခြေအနေမှာအလွန်အခြေခံကျပြီး ဘေးအန္တရာယ်ကင်းရှင်းရေး အဆင့်အတန်းမှာ နိမ့်ကျလျက်ရှိသည်။

ခုန်ချ၍ သေဆုံးသော အလုပ်သမားများ အပါအဝင် သေဆုံးသူ ၁၀၉ ဦးရှိကြောင်း ဒါကာခရိုင်ရဲမင်းကြီး ယူဆွတ်ဟာရွန်ကအေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။ သေဆုံးသူအများစုမှာ ဒုတိယထပ်မှဖြစ်ပြီး မီးခိုးများမွန်းကျပ်၍သေဆုံးခဲ့ရသည်ဟုမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးဗိုလ်မှူးမာဟတ်က ပြောသည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## ရှစ်ရက်ကြာ အစ္စရေး-ဟားမားစ် စစ်ပွဲအတွင်း ဂါဇာဒေသတွင် ကန်ဒေါ်လာ တစ်ဘီလီယံဖိုး ဆုံးရှုံး

တိုက်ခိုက်မှုများကြောင့် နေအိမ် ၂၀၀ လုံးဝပျက် စီးသွားပြီး အခြားအဆောက်အအုံ၈,၀၀၀မှာ တစ်စိတ် တစ်ပိုင်းပျက်စီးသွားသည်ဟု ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။ ထို့အပြင် ဟားမားစ်အစိုးရရုံးချုပ်အပါအဝင် လူနေအိမ်မဟုတ်သော အဆောက်အအုံ ၄၂ လုံးမှာလည်းလုံးဝပျက်စီးသွားသည်ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစစ်ဆင်ရေးအတွင်း ပစ်မှတ်ပေါင်း ၁၅၀၀ အားတိုက်ခိုက်ခဲ့ပြီး ယင်းတို့အထဲတွင် ကွပ်ကဲရေးစင်တာ ၁၉ နေရာ၊ လက်နက်ထုတ်လုပ်သိမ်းဆည်းထားသော ၂၆ နေရာနှင့် ရာချီသော ဒုံးကျည်ပစ်စင်များကို တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးစစ်ဘက်က ပြောကြားသည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## ဘေးဒုက္ခကြီးများ ကျရောက်နိုင်ကြောင်း သတိပေးမှုဖြင့် ရာသီဥတုဆွေးနွေးပွဲများ စတင်

ရာသီဥတုဆိုင်ရာကျွမ်းကျင်သူများကလည်း ကမ္ဘာ့အပူချိန်အားနှစ်ဒီဂရီဆဲလ်စီးယက်စ်တွင် ထိန်းထားနိုင်ရေးအတွက် ယခုလက်ရှိတွင် ပေးအပ်ထားသည့် အပူချိန်ထိန်းချုပ်ရေး ကတိကဝတ်များနှင့် မလုံလောက်သေးကြောင်း ပြောကြားရင်း ပိုမိုဖိအားပေးနေကြသည်။

"ရာသီဥတုပြောင်းလဲမှုအပေါ် မြန်မြန်ဆန်ဆန် တုံ့ပြန်မှုလိုအပ်ပြီး ဒါဟာဖြစ်လည်းဖြစ်နိုင်ပါတယ်" ဟုကုလသမဂ္ဂ ရာသီဥတုဌာနအကြီးအကဲမစ္စက်ခရစ်တီယာ နာဖစ်ဂူရက်စ်က ဆွေးနွေးပွဲမတိုင်မီ ပြောကြားခဲ့သည်။ "တုံ့ပြန်မှု အရှိန် မြင့်လာစေဖို့ ဒိုဟာမှာလုပ်ဆောင် ရပါမယ်" ဟု ၎င်းကဆိုသည်။

အဆောတလျင် အရေးယူလုပ်ဆောင်မှုများ မရှိခဲ့ပါက ကမ္ဘာကြီးပူနွေးလာမှုမှာ ယခုရာစုနှစ်ကုန်တွင် ပျမ်းမျှအားဖြင့် ၃ ဒီဂရီဆဲလ်စီးယက်စ်မှ ၅ ဒီဂရီဆဲလ်စီးယက်စ်အကြား မြင့်တက်လာနိုင်သည်ဟု ယခုရက်သတ္တတစ်ပတ်အတွင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်က သတိပေးထားသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# ဒီနေရာဟာ စွန့်ပစ်ခံရတဲ့ မိဘမဲ့ကလေးတစ်ယောက်လိုမျိုးပဲ

## ဂါဇာနှင့်အစ္စရေး ပဋိပက္ခအကြောင်း တိုင်းမ်မဂ္ဂဇင်း၏ အစ္စရေးသတင်းထောက် ကားလ်ဗစ်ခ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး



Photo - Reuters

ဒီရက်ပိုင်းအတွင်း အစ္စရေးနဲ့ ပါလက်စတိုင်းတို့အကြား ဖြစ်ပွားခဲ့တဲ့ဂါဇာပဋိပက္ခဟာ အခုတော့ နှစ်ဖက်အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီး အဆုံးသတ်သွားခဲ့ပြန်ပါပြီ။ အစ္စရေးနဲ့ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ ဟားမားစ်တို့အကြား အလားတူအပြန်အလှန်ပစ်ခတ်စစ်ဆင်မှုဟာ ၂၀၀၈ဒီဇင်ဘာတုန်းကလည်း ဖြစ်ခဲ့ဖူးတာပါ။ ဒါပေမဲ့ အာရပ်နွေဦးတော်လှန်ရေးကြောင့် တူနီးရှား၊ လစ်ဗျားနဲ့ အီဂျစ်တို့မှာ ခေါင်းဆောင်မှုအပြောင်းအလဲတွေဖြစ်ခဲ့ကာ ဂါဇာဒေသနဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ အီဂျစ်ကတော့ အစ္စရေးနဲ့ ဟားမားစ်အဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေရရှိရေးမှာ အဓိကညှိနှိုင်းပေးတဲ့နေရာက ပါဝင်နေဆဲပါ။ အီဂျစ်ရဲ့ လက်ရှိသမ္မတသစ်မိုဟာမက်မော်စီဟာ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ရဲ့ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဟားမားစ်အဖွဲ့ကိုယ်တိုင်ကလည်း မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့မှ ပေါက်ဖွားလာတာဖြစ်တဲ့အတွက် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ပါတယ်။

အီဂျစ်ရဲ့ မဟာမိတ်ဖြစ်ပြီး ဟားမားစ်အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ရှုမြင်ထားတဲ့ အမေရိကန်ဟာလည်း ညှိနှိုင်းမှုမှာအရေးပါခဲ့တာပါပဲ။ အီဂျစ်သမ္မတမော်စီနဲ့ ကန်သမ္မတအိုဘားမားတို့ဟာ နိုဝင်ဘာ ၂၁ ရက်မှာအဲဒီလိုအပစ်အခတ်ရပ်စဲကြောင်း ဆွေးနွေးပြောဆိုခဲ့တယ်လို့သိရပါတယ်။ တိုင်းမ်မဂ္ဂဇင်းရဲ့ အစ္စရေးသတင်းထောက် ကားလ်ဗစ်ခ်ဟာ တဲလ်အဗစ်မြို့တော်ရှိ ဂျက်ဖာအရပ်မှာ နေထိုင်သူဖြစ်ပြီး ယခုအပတ်အတွင်း မဂ္ဂဇင်းမှာ ဂါဇာပဋိပက္ခအကြောင်း ဆောင်းပါးရေးခဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့်တိုင်းမ်မဂ္ဂဇင်းဟာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်မထွက်မီအချိန်ပိုင်းအတွင်း ဗစ်ခ်နဲ့ ဆက်သွယ်ကာ ယခုတစ်ပတ်ရဲ့ လူသိအများစု စစ်မီးပွားတစ်ခုဖြစ်ပေါ်ခဲ့ရာရဲ့နောက်ကွယ်က ဇာတ်လမ်းကိုသိရအောင် မေးမြန်းထားပါတယ်။ ယခုတင်ပြလိုက်တာတိုင်းမ်နဲ့သတင်းထောက် ကားလ်ဗစ်ခ်တို့ရဲ့ အမေးအဖြေများပါပဲ။

**ပထမဆုံး ဒုံးကျည်မြေပေါ်ကျလာတဲ့အသံကြားရတော့ခင်ဗျားဘယ်လိုနေခဲ့လဲ။**

နည်းနည်းတော့ အချက်ပြတာဖြစ်ခဲ့တာပေါ့။ ဘာလို့လဲဆိုတော့အဲဒီတုန်းက ကျွန်တော်က အကာအကွယ်မဲ့ အပြင်မှာရှိနေခဲ့တာပါ။ ကျွန်တော်က ဒီဖြစ်ရပ်ကို စုံစမ်းနေခဲ့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဒီလိုဗုံးကြဲတိုက်ခိုက်မှု သံသရာထဲက အပိုင်းသစ်တစ်ခုရဲ့ အလယ်ဗဟိုထဲရောက်သွားခဲ့တာပါ။ တဲလ်အဗစ်မြို့ကို ဒုံးကျည်တွေကျရောက်နေပြီး ဂျေရုဆလင်ကို ဒုံးကျည်နဲ့ပစ်ဖို့ကြိုးစားကြတာတွေလည်း ရှိခဲ့တယ်။ ကျွန်တော်က တဲလ်အဗစ်ကို ရောက်လာတဲ့ ပထမဆုံး ဒုံးကျည်တစ်လုံးရဲ့ အောက်တည့်တည့်နားရောက်ခဲ့တာပေါ့။ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမက တစ်နေ့လုံးအိမ်ထဲမှာနေခဲ့တာပါ။ ကျွန်တော်တို့နေတာ ဂျက်ဖာဆိပ်ကမ်းဟောင်းနဲ့သိပ်မဝေးလှဘူး။ အဲဒီမှာ တစ်ခုခုထွက်စားကြဖို့ထွက်လာခဲ့ကြတာပေါ့။ ကျွန်တော်တို့လည်း ပင်လယ်ကမ်းနားလမ်းတစ်လျှောက်စက်ဘီးတွေစီးပြီးလာခဲ့ကြတယ်။ ကျွန်တော်တို့ရဲ့ ၂နှစ်သားကလေးလည်း စက်ဘီးပေါ်မှာ ပါပါတယ်။ ချစ်စရာညနေခင်းလေးတစ်ခုပေါ့။ အဲဒီမှာ ကျွန်တော်တို့ဆိပ်ကမ်းနားရောက်ပြီ စက်ဘီးကိုပါကင်ထိုးနေစဉ်မှာ ပဲကြားလိုက်ရတာပါပဲ။ တချို့က ကောင်းကင်ထဲ ဘာဖြစ်လဲဆိုပြီး ထွက်ကြည့်ကြတယ်။ အများစုကတော့ အိမ်တွေထဲ ခပ်သုတ်သုတ်ပြေးဝင်လာကြတယ်။ ကျွန်တော်တို့ကပ်လျက် အဆောက်အအုံတစ်ခုထဲ ချက်ချင်းပဲ ကလေးနဲ့ပြေးဝင်လိုက်ကြတယ်။ ကျွန်တော့်မိန်းမ သူ့စက်ဘီးကို သော့ခတ်ပြီး ပြေးဝင်လာတာကိုလည်း တစ်ချက်စောင့်လိုက်ရသေးတာပေါ့။ ကျွန်တော့်မိန်းမက ဆာရာယေဗိုမှာစစ်ပွဲကာလက မြို့ကိုဝိုင်းပိတ်ဆို့ ထားတာ ကြုံဖူးတယ်။ ကျွန်တော်လည်းပဲ ဝါရှင်တန်ပို့စ်ရဲ့ ဘဂ္ဂဒက်ဗျူရိုမှာ လုပ်ဖူးပါတယ်။ ပစ်ခတ်ခံနေရတာတွေအောက်ရောက်နေတာပျော်စရာမဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်မှာ ကလေးနဲ့ပါလာနေတော့ အခြေအနေက တော်တော်ကွာသွားတာပေါ့။ ကိုယ်တွေမှာ ဒီကလေးသာမပါရင်သဘော်ာကုန်းပတ်ပေါ်ထိုင်ပြီး လေထဲက လာနေတဲ့ဒုံးကျည်တွေကိုဘယ်လိုကြည့်မလဲဆိုတာကို ကျွန်တော်တို့ ပြောဖြစ်ကြသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဖြစ်နေတာက တခြားလူတွေလိုပဲ အိမ်တွေထဲဝင်နေရတာပဲ။ ကြောက်တာတော့မရှိဘူး။ သောကဖြစ်ရတာပဲပေါ့။

ကျွန်တော်တို့တန်းစီထမင်းစားပြီး အိမ်ပြန်လာခဲ့ရပါတယ်။ ပြန်လာတဲ့တစ်လျှောက်မှာ လူတွေကိုလည်း အင်တာဗျူးရင်းနဲ့ပေါ့လေ။ နောက်ဆုံးတော့ ကျွန်တော်တို့ ကိုယ့်အိမ်အောက်ထဲရောက်ခဲ့တယ်။ အဲဒီမှာ ရောက်ခဲ့တာကျုပ်ပါပဲ။သူက ငါးမျှားတံပျောက်ခဲ့တယ်လို့ ပြောတယ်။ သူတကယ်အံ့အားသင့်ခဲ့တယ်။ အဲ ဒါဈေးကြီးတဲ့ ဟာပါပဲ တဲ့ ။ သူက ဒုံးကျည်ဟာ သူ့ရှေ့မီ တာ ၂၀ လောက်မှာကျခဲ့တယ်လို့ ပြောတယ်။ ကျွန်တော်မတွေးတတ်နိုင်ခဲ့တာမျိုးပေါ့။ ဒါပေမဲ့ ဒုံးကျည်ဟာ ပင်လယ်ထဲကျသွားခဲ့တာပါ။ အဲဒီအတွက်တော့ ကျွန်တော်တို့ ဥသြသံတစ်ချက် မကြားခဲ့ရဘူး။ ဘာဆိုဘာမှ မကြားခဲ့တာ။ ကျွန်တော်တို့က (ကမ်းနားမှာ) ရေပြင်နဲ့သိပ်နီးနေလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။

**ဂျက်ဖာမှာ အများပြည်သူဗုံးခိုစရာ ဗုံးခိုကျင်းတစ်ခုခုများ မရှိဘူးလား။**

ရှိပါတယ်။ ဒါပေမဲ့ သော့ခတ်ပိတ်ထားကြတယ်။ ကျွန်တော်တို့အိမ်ရှေ့မှာ ဗုံးခိုဖို့ အဆောက်အအုံ တစ်ခု ရှိ တယ်။ ဒါပေမဲ့အဲဒါလည်းသော့ပိတ်ထားတယ်။ မြို့တော်က ဗုံးခိုကျင်းတွေပြန်ဖွင့်ထားဖို့ ဆုံးဖြတ်ချက်ချလိုက်တော့ တော်တော်ထူးခြားတဲ့ဆုံးဖြတ်ချက်ရယ်လို့ အထင်ခံရတယ်။ ဒါက စိတ်မပါတပ့ါနဲ့ လုပ်လိုက်တာမျိုးပါ။ ဘာ့ကြောင့်လဲဆိုတော့ သူတို့က အာမခံကြေးကိုတည်တည်ငြိမ်ငြိမ်နဲ့ တင်ထားတာရယ်၊ သာမန်လူတွေရဲ့ ဘဝကလည်းသိပ်ပြီး ရုတ်ရုတ်သဲသဲ မဖြစ်ကြလို့ရယ်ပါ။

**ခင်ဗျားတို့ဆီ ဒုံးကျည်တွေ ဘယ်လိုမျိုး ကျကျလာတတ်သလဲ။**

တဲလ်အဗစ်မှာတော့ ပြောဖို့ခက်ပါတယ်။ ဒုံးကျည် ပစ်လွှတ်တဲ့အသံတွေပဲကြားရတယ်။ လေး၊ ငါးကြိမ်လောက်ပေါ့။ ကျွန်တော်မှန်းပါတယ်။ ဒါပေမဲ့ ပေါက်ကွဲသံတော်တော်များများက အစ္စရေးရဲ့ (Iron Dome) ကြားဖြတ်ဒုံးခွင်းဒုံးတွေက ဒီဘက်ကိုလာတဲ့ ဒုံးဆီပစ်ခတ်မိချိန်မှာ ဖြစ်ကြတာပါ။ ပထမဆုံး ဒုံးတစ်လုံးကျပြီးတာနဲ့ ကာကွယ်ရေးဝန်ကြီးဌာနက (Iron Dome) ဒုံးခွင်းဒုံးစနစ်ကို တဲလ်အဗစ်အတွက် ပြင်ထားတယ်။ ဒါတောင်မှ ဥသြဆွဲသံကြားရင် အိမ်အတွင်းခန်းထဲမှာ နေမိအောင် ကျွန်တော်သေချာလုပ်ရပါသေးတယ်။ ဒါပေမဲ့ အိမ်ထဲမှာ အမြဲတမ်းတော့ မနေနိုင်ပါဘူး။ ကြားဖြတ်ဒုံးခွင်းတွေက ပစ်မှတ်ဒုံးကျည်ကို ထိမှန်တဲ့နေရာမှာအခြေခံအားဖြင့် ကျွန်တော်တို့ နေနေတာပဲပေါ့။ ဒါ့ကြောင့် ကျလာတဲ့ဒုံးကျည်အစအနတွေ ထိမယ့်အန္တရာယ်တော့ ရှိနေတာပေါ့လေ။

**အစ္စရေးနိုင်ငံသားတွေက တစ်ခါတလေမှာ တဲလ်အဗစ်ကို ဆပ်ပြာပူဖောင်းလို့ ရည်ညွှန်းကြတယ်။ ဟားမားစ်ဘက်ကတင်မကဘူး။ အစ္စရေးဘက်ကနေရာအများစုမှာ ဖြစ်နေတာနဲ့လည်း အလှမ်းကွာလွန်းလို့ပါ။ အခုရော မြို့တော် (တဲလ်အဗစ်) ရဲ့ဘဝမှာ အပြောင်းအလဲဖြစ်သွားပြီလား။**

ကျွန်တော်က မိသားစုရှိတဲ့သူပါ။ ဒါ့ကြောင့် တကယ်ကို အပြင်မထွက်တာပါ။ ဒါပေမဲ့စားသောက်ဆိုင်တွေနဲ့ နေရာတကာမှာမြင်ရတဲ့ ယာဉ်အသွားအလာရော၊ တခြားမြင်နေကျအရာတွေအားလုံးပါ နည်းနည်းတော့လျော့သွားတယ်။ အဲဒါဒုံးခွင်းဒုံးစနစ်စတင်ကတည်းကလို့ထင်တာပဲ။ နည်းနည်းတော့ သက်သောင့်သက်သာဖြစ်ရပါတယ်။ ဘယ်လိုဖြစ်နေတယ်လို့ ခင်ဗျားသိလား။ ကျွန်တော်အယ်လ်အေမှာ နေတုန်းက ဂျူးအားလပ်ရက်လိုပေါ့။ ယာဉ်အသွားအလာက ၁၀ ရာခိုင်နှုန်းကနေ ၂၀ လောက်လျော့သွားတယ်။ အနည်းဆုံးတော့ ဝက်စ်ဝုဒ်အရပ်မှာ ဖြစ်တာပဲ။ လမ်းပေါ်မှာတော့တော်တော်ကြီးကိုကွာခြားသွားတာပေါ့။ တဲလ်အဗစ်ကလူတွေကတော့ နည်းနည်းကြွပ်ဆတ်ဆတ်နိုင်တယ်။ ဒါပေမဲ့ တဲလ်အဗစ်ဟာ ဒုတိယ "အင်တီဖာဒါ" (အစ္စရေးတို့အပေါ် ပါလက်စတိုင်းတို့ အုံကြွမှု ၂၀၀၀-၂၀၀၅) တစ်လျှောက်နေထိုင်လာခဲ့တာပါ။ ဒုံးကျည်တွေပစ်ကြတာကမြို့မှာဘဝနေနည်းကို တော်တော်ကြီး ပြောင်းလဲပစ်လိုက်တယ်လို့တော့ ကျွန်တော်မထင်ဘူး။ ဒါပေမဲ့ အစ္စရေးတောင်ပိုင်းကလူတွေကတော့ တကယ်ထိခိုက်ခဲ့ပါတယ်။ အဲဒီမှာနည်းနည်းအခြေအနေတင်းမာခဲ့တယ်။

**အစ္စရေးမှာရှိတဲ့ ပါလက်စတိုင်းလူမျိုးတွေရော ဘယ်လိုခံစားရသလဲဆိုတာကိုရော ခင်ဗျားသိသေးလား။ အစ္စလာမ်ဘာသာရဲ့ အထွတ်အမြတ်ထားရာ နေရာတချို့နဲ့ ပါလက်စတိုင်းသားတွေ တော်တော်များများ နေထိုင်ရာ ဂျေရုဆလင်မြို့တော်ကို ပစ်မှတ်ထားတိုက်ခိုက်ဖို့ ကြိုးစားတာကို တုံ့ပြန်မှုက ဘာတဲ့လဲ။**

လူတွေဟာ ဒီကိစ္စကြောင့် နည်းနည်းသတိပြုမိလာကြတယ်လို့တော့ ကျွန်တော်လည်း တွေးနေပါတယ်။ ဒါပေမဲ့သူတို့ ဘာမှ ခုထိမတုံ့ပြန်သေးပါဘူး။ ကျွန်တော်က အဲဒီမှာရှိတဲ့ ပါလက်စတိုင်းလူမျိုးတွေအကြားမှာ တုံ့ပြန်တဲ့အနေနဲ့ ဖြစ်လာတဲ့ စိတ်ကျေနပ်မှု ဒါမှမဟုတ် စိတ်လှုပ်ရှားမှုပုံစံနဲ့ ဟားမားစ်အလံလွှင့်ပြီး ချီတက်ကြမလားဆိုတာကို ပိုစိတ်ဝင်စားပါတယ်။ ဂျေရုဆလင်ကိုသွားတဲ့လမ်းမှာ ဒုံးကျည်ကျတဲ့ အနောက်ဘက်ကမ်းဒေသမှာလည်း ဒုံးကျည်ကို ပြန်ယူဖို့သွားတဲ့အစ္စရေးစစ်သားတွေနဲ့ဒေသခံပါလက်စတိုင်းနိုင်ငံရေးသမားတွေကြား တိုက်ပွဲတစ်ခုဖြစ်ကြတယ်လို့သတင်းတွေထွက်တယ်။ ဒါမျိုးက အနောက်ဘက်ကမ်းမှာ ဖြစ်နေကျအဖြစ်မျိုး မဟုတ်ပါဘူး။ သွေးတော့နည်းနည်းထွက်လာပြီလို့ ထင်ပါတယ်။

**ဂါဇာနဲ့ပတ်သက်လို့ အစ္စရေးမီဒီယာက ဘယ်လိုပုံရိပ်တွေပြခဲ့ပါသလဲ။**

မီဒီယာ အာရုံပြုတာတော့ ဒုံးကျည်တွေအပစ်ခံရတဲ့ တောင်ပိုင်းကိုပါ။ အဲဒါကိုမြင်ရတဲ့ စစ်သွေးကြွတွေအတွက်တော့ သိပ်ကိုစိတ်ကျေနပ်စရာပဲလို့ ကျွန်တော်သံသယဖြစ်မိတယ်။ ဒါက အစ္စရေးတွေရဲ့ မျက်နှာတွေမှာ အကြောက်တရားကို မြင်ရဖို့ သူတို့ရှာနေတာကိုး။ ဒီကိစ္စက သူတို့နေ့စဉ်ဘဝမှာ အစ္စရေး စစ်တပ်ရဲ့ ကျူးကျော်မှုနဲ့ ကြောက်လန့်ပြီး နေနေရတဲ့ ပါလက်စတိုင်းတွေကြား သွေးစည်းမှုကို ဖန်တီးပေးခဲ့ပါတယ်။ ခင်ဗျားတို့မေးရမှာက ဘာ့ကြောင့် ဂါဇာက ဟားမားစ်အဖွဲ့နဲ့ အစ္စရေးတို့ကြား ဒီတိုက်ပွဲတွေဆက်ဖြစ်နေရသလဲဆိုတာပဲ။ ကျွန်တော်တို့ ဒီတစ်ပတ်ရဲ့ တိုင်းမ်မဂ္ဂဇင်းထဲမှာ ရေးခဲ့ရတဲ့ အကြောင်းရင်းကလည်း ဒါပဲ ထင်ပါတယ်။ ကျွန်တော်တို့ ပြသထားတာကတော့ ဒီကိစ္စဟာ သမိုင်းနဲ့ ပထဝီဝင်အနေအထားတို့နှစ်ရပ်လုံးနဲ့ ပတ်သက်တဲ့ကိစ္စလို့ထင်ပါတယ်။ ဒီနေရာမှာ နိုင်ငံသုံးခုကြား ညပ်နေကြတယ်။ ဒါပေမဲ့ ဘယ်တစ်နိုင်ငံတည်းကမှ တကယ်ထိန်းချုပ်ထားတာမဟုတ်ပါဘူး။ ဒီအချက်မှာတော့ ဒီနေရာဟာစွန့်ပစ်ခံရတဲ့ မိဘမဲ့ကလေးတစ်ယောက်လိုမျိုးပဲလေ။

*—Ref: Behind the Story: Times's Karl Uick Discusses the cycle of violence in Israel and Gaza.*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.38 • NOVEMBER 29 , 2012



## ပထမဆုံး ရုပ်ရှင်ကားကြီးနဲ့ ယုသန္တာတင်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ ၂၂**

ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားတွင် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့သည့် မင်းသမီး ယုသန္တာတင်က ပထမဆုံး ရုပ်ရှင်ကားကြီး ရိုက်ကူးမှုအတွေ့အကြုံများကို ရှင်းပြသည်။

"ပထမဆုံးရုပ်ရှင်ကားကြီးဖြစ်တဲ့အတွက် အရမ်းစိတ်လှုပ်ရှားတယ်။ ရုပ်ရှင်သဘောတရားနားမလည်သေးတော့ ကိုယ်တွေနဲ့ ရိုက်တဲ့အခါ ပိုကြာတယ်။ ကိုယ် အမူအရာတွေ သင်ပေးတယ်။ ကိုယ့်ကြောင့် နှောင့်နှေးကြန့်ကြာသွားမှာကို တွေးနေတော့ အဲဒီစိတ်ကြောင့် အလုပ်ထဲကို အာရုံက မရောက်ဘူးဖြစ်နေတယ်" ဟု ယုသန္တာတင်က သူမ၏ ပထမဆုံး ရုပ်ရှင် ဇာတ်ကားလူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးသည့် 'အောင်မြင်ကျော်ကြားစူးရှထက်မြက်' ဇာတ်ကားရိုက်ကူးမှုနှင့်ပတ်သက်၍ ပြောကြားသည်။

ယင်းဇာတ်ကားသည် သရုပ်ဆောင်နေတိုးနှင့်အတူ အနုပညာပျိုးခင်းအမည်ဖြင့် နာမည်ကျော် မင်းသား ငါးဦးက စင်တင်ပေးသော သရုပ်ဆောင်မင်းသမီး သုံးဦးဖြစ်သည့် ယုသန္တာတင်၊ အိချောပိုနှင့် ရွှေမှုန်ရတီတို့အပြင် ချမ်းမီမီကို ပါဝင်ရိုက်ကူးနေသည့် ဇာတ်ကားဖြစ်သည်။

**စာ(၄၉)သို့**

## စင်ကာပူဖျော်ဖြေရေး ခရီးစဉ်တွေမှာ ဝက်ဝက်ကွဲ အောင်မြင်ခဲ့တဲ့ ကေပေါ့ပ်အဖွဲ့

**စင်ကာပူ၊**

**နိုဝင်ဘာ - ၂၃**



စင်ကာပူနိုင်ငံတွင် ဖျော်ဖြေခဲ့သည့် ကေပေါ့ပ်ဂီတအဖွဲ့ SMTOWN ၏ Live Tour III ဖျော်ဖြေပွဲသည် စင်ကာပူ၌ ကျင်းပသမျှထဲတွင် အအောင်မြင်ဆုံး ကေပေါ့ပ်အဖွဲ့ဖြစ်လာကြောင်းသိရသည်။

ထိုပွဲတွင် ကေပေါ့ပ်ဂီတ၏ နာမည်ကျော်အဖွဲ့များဖြစ်သည့် SNSD, SHINee နှင့် စူပါဂျူနီယာ အပါအဝင်အနုပညာရှင်၄၀ကျော် ပါဝင်ပြီး ဆံပင်မိတ်ကပ်နှင့် အကပညာရှင် ၁၅၀ခန့်လည်း ပါဝင်ခဲ့သည်။ ပွဲအတွက် လုံခြုံရေး၂၅၀ ခန့်ကိုလည်း ချထားခဲ့ပြီး ပရိသတ် ၂၃,၀၀၀ အတွက်ကြိုဆိုနေရာချထားပေးသူ ၅၀၀ ခန့်ထားရှိခဲ့သည်။ SMTOWN Live Tour ပွဲတွင် စင်ကာပူမှ ကေပေါ့ပ် ပရိသတ်များ လာရောက်အားပေးခဲ့ပြီး လေးနာရီကြာ ဖျော်ဖြေသည့် ယင်းပွဲတွင် ပြင်ဆင်မှုများ အကြီးအကျယ်စီမံခဲ့ကြောင်း သိရသည်။

—Ref: CNA



## စရိုက်လေးမျိုးနဲ့ ပရိသတ်ရှေ့ရောက်လာမယ့်

### နေတိုးနှင့် တွေ့ဆုံခြင်း

**အေးသူစံ**

ပထမဆုံး လေးကိုယ်ခွဲဇာတ်ရုပ်နဲ့ ရုပ်ရှင်ကားကြီး ရိုက်ကူးနေတဲ့ သရုပ်ဆောင်နေတိုးရဲ့ ရိုက်ကွင်းကို ရောက်သွားချိန်မှာ သရုပ်ဆောင်ရမယ့် ဇာတ်ဝင်ခန်းအခန်းစဉ်တွေကို လေ့လာနေတဲ့ နေတိုးနဲ့ တွေ့ရပါတယ်။ နေတိုးက ယခုလက်ရှိအထိတော့ နယ်ရော ရန်ကုန်မှာပါ အောင်မြင်မှုအရှိန်ထိန်းထားနိုင်ဆဲ မင်းသားတစ်လက်လည်း ဖြစ်နေသလို ဒီနှစ်ထဲမှာ သူ့ရဲ့ကိုယ်ရေးကိုယ်တာတွေနဲ့ပတ်သက်လို့ တစ်နှစ်လုံးလိုလို ဖြေရှင်းနေရတဲ့သူလည်းဖြစ်နေပါတယ်။ မြန်မာပရိသတ်တွေရဲ့အားပေးမှုက အနုပညာပိုင်းအပြင် သူတို့ချစ်တဲ့အနုပညာရှင်ဆိုတာ ခြောက်ပစ်ကင်းသဲလည်းစင်ဖြစ်စေချင်ကြတဲ့ စေတနာလည်းအပြည့်ရှိတော့ ဒီလိုပရိသတ်တွေကြားမှာ သူ့ရဲ့ကိုယ်ရေးကိုယ်တာ သတင်းစကားတွေနဲ့ ပရိသတ်မေတ္တာလျော့ပါးသွားမှာကို တချို့ကလည်း စိတ်ပူပန်ကြပါတယ်။ နေတိုးနဲ့ ပထမဆုံးလေးကိုယ်ခွဲ ဇာတ်ရုပ်အတွေ့အကြုံနဲ့ ကိုယ်ရေးကိုယ်တာ ခံစားချက်အချို့ကို သူ့ရိုက်ကွင်းပေါ်မှာ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**လေးကိုယ်ခွဲဇာတ်ရုပ်ကို ပထမဆုံးရိုက်ကူးမှုလို့ သိရပါတယ်။ လေးကိုယ်ခွဲရိုက်ကူးမှုမှာ ဘယ်လို အတွေ့အကြုံမျိုးတွေရရှိခဲ့ပါသလဲ။**

ဒီကားကတော့ စတူဒီယိုရိုက်ကူးမှုတွေ လုပ်ဖြစ်တယ်။ လေးကိုယ်ခွဲအဖြစ် သရုပ်ဆောင်ရတဲ့ အတွက် နည်းနည်းတော့ ပင်ပန်းပါတယ်။ ရိုက်ကူးမှုပုံစံတွေကတော့ကိုယ်ခွဲဇာတ်ရုပ်အတွက် အနီးစပ်ဆုံး နိုင်ငံတကာပုံစံနဲ့တူအောင် လုပ်ထားပါတယ်။

**အဝတ်အစားစီစဉ်ရတာ တခြားကားတွေထက် ဒီကားမှာပိုပြီး ခေါင်းစားမယ်ထင်ပါတယ်။ အဝတ်အစားပိုင်းမလွဲချော်အောင် ဘယ်လိုစီစဉ်ဖြစ်ပါသလဲ။**

လေးကိုယ်ခွဲဆိုပေမယ့် ဒီကားမှာ တစ်ကိုယ်စီက အဝတ်အစားအများကြီး ဝတ်ပြီး သရုပ်ဆောင်ရတာ မျိုးတော့မပါပါဘူး။ အများဆုံး လေးစုံလောက်ပါပဲ။ လေးစုံလောက်ကိုမှ တစ်ဇာတ်လုံးကိုချိတ်ဆက်ဝတ်ဆင်ပြီး သရုပ်ဆောင်သွားရတဲ့

**စာ(၄၉)သို့**



7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# သီချင်းတွေထက် သားအဖနှစ်ယောက်ရဲ့ ဘီလ်ဘုတ်ကြော်ငြာကို အားပေးမှုပိုရတယ်ဆိုတဲ့ ဟဲလေး

ကြူကြူဟန်

ရန်ကုန်၊ နိုဝင်ဘာ-၂၄

“ဒယ်ဒီဟဲလေး”အယ်လ်ဘမ်တွင် ပါဝင်သော သီချင်းများထက် သားကြီးဖြစ်သူ သားသားဟဲနှင့်အတူ ရိုက်ကူးထားသည့်သီချင်းခွေဘီလ်ဘုတ် ဒီဇိုင်းကို ပရိသတ်များက ပိုမိုစိတ်ဝင်စားသတိပြုခံခဲ့ရကြောင်း ဟဲလေးကပြောသည်။

“ဘီလ်ဘုတ်ရိုက်ဖို့ စဉ်းစားထဲက သားသားဟဲကို ထည့်ရိုက်မယ်။ သားအဖပုံဆိုတော့ မထူးခြားဘူးပေါ့နော်။ အဲဒီတော့ကိုယ်လုပ်ခဲ့တဲ့တချို့တစ်ခုကို အမှတ်တရလေး ကျန်ခဲ့စေချင်တယ်။ အဲဒါနဲ့ဟုတ်ပြီ။ ငါတော့အနောက်တိုင်းဝတ်စုံဝတ်မယ်။ သားလေးကိုတော့ တိုက်ပုံလေး နဲ့ သူ့အတွက်ချစ်စရာကောင်း ရမယ်ပေါ့။ ဓာတ်ပုံရိုက်ပြီးတဲ့အခါကျတော့ ခြေထောက်မြှောက်ထားတဲ့ ပုံလေးရွေးဖြစ်သွားတာပေါ့။ အဲဒီပုံလေးကပထမဖြစ်သွားတယ်။ အစ်ကိုအရမ်းဝမ်းသာတယ်။ သီချင်းခွေထွက်ပေမယ့်သီချင်းစီးရီးကဒုတိယနေရာဖြစ်သွားတယ်။ အဲပုံကိုပိုစိတ်ဝင်စားကြတယ်။ တချို့ဆိုကြော်ငြာရိုက်ဖို့ကမ်းလှမ်းလာကြတယ်။ ဘီလ်ဘုတ်ကြော်ငြာပေါ့”ဟု ဟဲလေးကပြောသည်။

“ဒယ်ဒီဟဲလေး” သီချင်းခေါင်းစဉ်နှင့်ကိုက်ညီအောင် သားလေးကိုထည့်ရိုက်ခဲ့ခြင်းဖြစ်ပြီး ထိုပုံများက ပရိသတ်လက်ထဲမှာပါရှိနေခြင်းက သားသားဟဲအတွက် တစ်သက်လုံး အမှတ်တရဖြစ်စေကြောင်း ဟဲလေးက ပြောသည်။

“သားလေးက ပုဆိုးကြီးဝတ်ရတာဆိုတော ပုဆိုးကြီးကျွတ်ကျလိုက်၊ ဂျီကျတယ်။ ဘာလိုလို့ဆိုတော့ နည်းနည်းဖျားနေပြီး အီလည်လည်ဖြစ်တဲ့အချိန်ဆိုတော့ သေချာလေးလုပ်ရတယ်။ သူ့ကိုမုန့်ကျွေး ချော့ပြီး ရိုက်ရတယ်။ နောက်ဆုံးတော့ အကောင်းဆုံးကို လိုချင်တဲ့ ပုံလေးလည်း ရပါတယ်” ဓာတ်ပုံရိုက်ကူးစဉ်က အခက်အခဲကိုဟဲလေးကပြောသည်။

မကြာခင်က သားအငယ်ကို မွေးဖွားပိုင်ဆိုင်ခဲ့ပြီး သားနှစ်ယောက်အဖေဖြစ်လာသည့်ဟဲလေးက သားကြီးနှင့်အတူ Fresh Up သွားတိုက်ဆေးကြော်ငြာ ရိုက်ကူးရန် လက်ခံထားပြီး ဗီစီဒီရိုက်ကူးမှုတွင်လည်း‘ဒယ်ဒီဟဲလေး’သီချင်းကို ထူးထူးခြားခြားဖြစ်အောင် သားကြီးနှင့်အတူ ရိုက်ကူးမည်ဖြစ်ကြောင်းဟဲလေးက ပြောသည်။

‘ဒယ်ဒီဟဲလေး’ စီဒီခွေကို သီတင်းကျွတ်လပြည့်နေ့တွင် ထွက်ရှိခဲ့သည်။ သားကြီးသားသားဟဲမှာ အသက်၂နှစ်ခွဲသာ ရှိသေးသည်။

# လန်ဒန်မှာနေဖို့ အိမ်ရှာနေတယ်လို့ သတင်းထွက်လာတဲ့ တေလာဆွစ်ဖ်

လန်ဒန်၊ နိုဝင်ဘာ - ၂၄



အမေရိကန်ကျေးလက်ဂီတအဆိုတော်တေလာဆွစ်ဖ်သည် ချစ်သူဟောင်းကော်နာကနေဒီနှင့်လမ်းခွဲပြီးနောက်ဗြိတိန်နိုင်ငံလန်ဒန်မြို့ရှိ One Direction အဖွဲ့မှ လူငယ်ဂီတသမား ဟယ်ရီစတိုင်ဝယ်ယူထားသော အိမ်အနီးတွင် အိမ်တစ်လုံးဝယ်ယူရန် ရှာဖွေနေသည်။

အသက် ၂၂နှစ်အရွယ်ရှိအဆိုတော်တေလာဆွစ်ဖ်သည်ကော်နာကနေဒီနှင့် လမ်းခွဲပြီးနောက် One Direction အဖွဲ့၏ဟယ်ရီနှင့် ချစ်ဇာတ်လမ်းစတင်နေဖွယ်ရှိကြောင်း သတင်းများက ခန့်မှန်းဖော်ပြကြသည်။ နီးစပ်သူတစ်ဦးကလည်းဆွစ်ဖ်သည် လန်ဒန်တွင်ပရင်မ်ရို့စ်ဟေးလ်ဧရိယာ၌ အိမ်ဝယ်နေရခြင်းမှာ ဟယ်ရီနှင့် မကြာသေးမီက နီးစပ်ခဲ့မှုကြောင့်ဖြစ်ကြောင်း ဟယ်ရီ့ကိုပင် အိမ်ရှာပေးရန် မေးမြန်းထားကြောင်းဆိုသည်။ ဟယ်ရီစတိုင်သည် ထိုအရပ် တွင် ယခုနှစ်အစောပိုင်းမှစ၍ ဒေါ်လာခြောက်သန်းတန် နေအိမ်ကြီးတစ်လုံး ဝယ်ယူထားခဲ့သည်။

—Ref: Showbizspy










## စာ-၄၇၊ နေတိုးနှင့် တွေ့ဆုံခြင်း မှ

ဇာတ်အိမ်ဖွဲ့စည်းမှုပုံစံဆိုတော့ တစ်ထည်တည်းကို၁၀ခန်းလောက် ပါနေတာမျိုးဆိုတော့အဆင်ပြေပါတယ်။ ခရိုမာနည်းပညာနဲ့ရိုက်ကူးမှာဖြစ်လို့ အင်္ကျီကို အစိမ်းရောင်တို့၊ အဆင်ပြေပြေဖြစ်နိုင်မယ့် အလတ်စတစ်ပါတဲ့အင်္ကျီ၊ ဘောင်းဘီတွေရွေးရတယ်။ လှုပ်ရှားမှုတွေပါတဲ့အတွက် အရမ်းကျပ်မယ့် အဝတ်အစားမျိုးကိုတော့ရှောင်ရပါတယ်။

**ဒီဇာတ်ကားကို ရိုက်ကူးဖို့ ဘာကြောင့် လက်ခံဖြစ်ခဲ့တာပါလဲ။**

ဒီကားအတွက် ကျွန်တော့်ကို လာငှားတုန်းက ဒီဇာတ်လမ်း မရှိသေးပါဘူး။ ကိုယ်ခွဲဇာတ်ရုပ်လေးတွေ ရိုက်ချင်တဲ့ ဦးညီ(ဒါရိုက်တာညီညီထွန်းလွင်)၊ ဇာတ်ညွှန်းဆရာလွင်မင်းအံ့တို့က စီစဉ်မယ်ဆိုလို့ လက်ခံ ဖြစ်တာပါ။

**ဦးညီနဲ့ အစ်ကိုက လက်တွဲရိုက်ကူးတာများလာတော့ပရိသတ်အမြင်ဆန်းသစ်အောင် တင်ပြပုံကို ညှိနှိုင်းပြီး လုပ်ဖြစ်ပါသလား။**

ရှိပါတယ်။ ဦးညီက ကျွန်တော့်မှာရှိတဲ့ အနုပညာအားသာချက်တွေကိုထုတ်သုံးခိုင်းပါတယ်။ ကျွန်တော့်ဘက်ကလည်း ဇာတ်ညွှန်းတွေက တစ်နှစ်လောက်ကြိုပြီးရေးတဲ့ ဇာတ်ညွှန်းတွေဖြစ်တော့ အတတ်နိုင်ဆုံး၊ အပီပြင်ဆုံး အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားပြီး သရုပ်ဆောင်ကြပါတယ်။

**ရုပ်ရှင်ဇာတ်ကား ရွေးချယ်မှု ပုံစံပြောင်းမယ်လို့ မနှစ်က အစ်ကို ပြောဖူးတယ်။ ဒီနှစ်ထဲရိုက်ကူးဖြစ်တဲ့ကားတွေက အစ်ကိုပြောတဲ့ စကားနဲ့အညီ ပြောင်းလဲမှုရှိပါသလား။**

ပြောင်းလဲပါတယ်။ အရင်တည်းက ရိုက်တာတော့ ရိုက်နေကြတာပဲ။ ရသပိုင်းဆိုင်ရာပေါ့။ အဓိကက ပရိသတ်လိုချင်တဲ့၊ ကြည့်ချင်တဲ့ ဇာတ်ရုပ်တစ်ခု အပေါ်မှာတော့ ဒီ့ထက်မကပေးရမယ့် ဖြည့်ဆည်းမှုလေးတွေတော့ လိုအပ်ခဲ့တယ်။ အရင်က ကားတစ်ကားရိုက်ရင် သုံးစွဲရတဲ့ လူအင်အားက ၄၀ ရာခိုင်နှုန်းလောက် ပဲရှိတယ်။ ခုတော့ ၇၀ ရာခိုင်နှုန်းလောက် ကိုယ့်ဘက်က ဖြည့်ဆည်းနိုင်လာတော့ ကားတစ်ကားက အရင်ထက်စာရင် ပိုပြီး တောက်ပြောင်မှု ရှိလာမှာပေါ့။ ဥပမာ-ကားဟောင်းကို ပြန်ရိုက်ရင်တောင်မှ အရင်ထက်ပိုပြီး ဖြည့်ဆည်းပေးနိုင်လာတယ်။ တင်ပြပုံတင်ပြနည်းတွေကို ပိုပြီး ထိထိရောက်ရောက်ပေး စွမ်းနိုင်လိမ့်မယ်လို့မျှော်လင့်တယ်။ ဒီနှစ်ထဲမှာ အကုန်လုံးလိုလိုက နည်းပညာပိုင်းအရလည်း တိုးတက်လာတော့ အနုပညာမှာတော့ အားရှိစရာပါပဲ။

**ပြည်ပက အနုပညာရှင်တွေက ဒီကိုနောက်ပိုင်းအရောက် အပေါက်များလာတော့ နိုင်ငံတကာနဲ့ယှဉ်ရင် မြန်မာအနုပညာရှင်တွေမှာ ဝမ်းစာပြည့်ဖို့ ဘာတွေ ထပ်ဖြည့်ဆည်းဖို့ လိုပါမလဲ။**

ဇာတ်လမ်းဖွဲ့စည်းမှုပိုင်းနဲ့ ရိုက်ကူးမှုပိုင်းက အဓိကကျပါတယ်။ သရုပ်ဆောင်မှုပိုင်းနဲ့ အတွေ့အကြုံ ကတော့ ကျွန်တော်တို့ မြန်မာသရုပ်ဆောင်တွေဟာ နေ့တိုင်းရှုတင်ရိုက်နေရတဲ့အတွက် ကျွန်တော်တို့က သာတယ်လို့ ပြောရမယ်။ ပြည်ပမှာတော့ ကားတစ်ကားရိုက်မယ်ဆိုရင် အရမ်းပြင်ဆင်ကြတယ်။ တစ်နှစ်ကိုမှ နှစ်ကားလောက် ရိုက်ကြတာ။ အပင်ပန်းခံနိုင်မှု၊ သရုပ်ဆောင်ဇာတ်ရုပ်ပိုင်းမှာဆို ကျွန်တော်တို့ကို မမီပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က သူတို့ကို မမီတာက နည်းပညာပိုင်းနဲ့ ရိုက်ကူးမှုပိုင်းမှာ ပြင်ဆင်မှုပါ။ ဒါတွေမှာသူတို့က အရမ်းသာပါတယ်။ ဒါကြောင့် ကားတစ်ကားမှာ ဘယ်အရာက အရေးအကြီးဆုံးလဲဆိုတာ တိုင်ပင်ပြီး ဇာတ်လမ်းပုံစံနဲ့ ရိုက်ကူးမှုပုံစံတွေကို ပြောင်းနေပါပြီ။

**မြန်မာ့ရုပ်ရှင်နေ့မှာ နှင်းဆီအဖွဲ့က ပရဟိတနဲ့အနုပညာ တွဲဖက်လုပ်လို့ ရုပ်ရှင်ဂုဏ်ပြုဆု ရရှိခဲ့တော့ ပရဟိတ အလုပ်ကိုဆက်လုပ်ဖို့ ဒီဆုကတွန်းအားဖြစ်စေပါသလား။**

ပရဟိတအလုပ်ကို တိတိကျကျ သတ်မှတ်ထားတာ မရှိပါဘူး။ အဓိကက လိုအပ်လာမယ့် အချိန် လိုအပ်လာမယ့်နေရာဒေသမှာ ကျွန်တော်တို့က အမြဲတမ်းအဆင်သင့်ဖြစ်အောင် လုပ်ထားတယ်။ အလှူအထမြောက်ဖို့အတွက်ကိုယ့်ရဲ့အနုပညာစွမ်းအား၊ ကိုယ့်ရဲ့ချွေးနဲ့စာနဲ့ လှူဒါန်းမှုဟာ ပိုပြီးမြင့်မြတ်တယ်လို့ ထင်တယ်လေ။ ဒါကြောင့် ကျွန်တော်တို့ လှူဒါန်းမှုတွေပြုတိုင်း ပရိသတ်ကို ဖျော်ဖြေရာရောက်အောင် လိုအပ်တဲ့ နေရာမှာ ဖြည့်ဆည်းပေးနိုင်မယ့် အလှူမျိုးကိုပဲ ရွေးချယ်ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်နဲ့ ငလျင်ဒဏ်ခံဒေသတွေမှာ ဘယ်လိုလှူဒါန်းမှုတွေပြုလုပ်သွားဖို့ ရှိပါသလဲ။**

အစည်းအရုံးကတော့ ဦးဆောင်ပြီး ငလျင်ဒေသကိုသွားခဲ့ကြပြီ။ ကျွန်တော်က ကားကြီးရိုက်လက်စ တန်းလန်းနဲ့မို့ အချိန်ပေးပြီး လိုက်သွားတာမျိုး မရှိလိုက်ဘူးပေါ့။ ဒါပေမဲ့ နောက်တစ်ကြိမ်မှာအနုပညာပိုင်းနဲ့ပတ်သက်ပြီး ပါဝင်လှုပ်ရှားဖို့ ရှိပါတယ်။

**အစ်ကို့ရဲ့ အချစ်ရေးနဲ့ ပတ်သက်ပြီး မော်ဒယ်အမျိုးသမီးတစ်ယောက် ရဲ့အင်တာဗျူးဖြေကြားထားမှုတွေ အွန်လိုင်းမှာလည်း ပျံ့နှံ့နေခဲ့တော့။**

ကျွန်တော့်မှာ ပြောပြနိုင်စရာ ထွေထွေထူးထူး မရှိပါဘူး။ ဒါနဲ့ပတ်သက်ပြီး တောက်လျှောက် ကျွန်တော် ပြောခဲ့သလိုပါပဲ။ အချိန်က ဆုံးဖြတ်ပေးသွားမှာပါ။ အဲဒီသတင်း၊ အဲဒီခံစားမှုတွေ အားလုံးကလည်း ပျောက်ကွယ်သလောက်ဖြစ်သွားပါပြီ။ ကျွန်တော် အစပြန်ပြီးဆွဲ မထုတ်ချင်တော့ဘူး။ ဒီသတင်းနဲ့ပတ်သက်တဲ့ အဆိုးအကောင်း၊ အကျိုး အကြောင်းကို အားလုံးကလည်း သုံးသပ်နိုင်မယ်လို့ ထင်ပါတယ်။ အားလုံးမြန်မြန်ဆန်ဆန်နဲ့ စိတ်အေးချမ်းမှုရပါစေလို့ ကျွန်တော် ဆုတောင်းပေးချင်ပါတယ်။

**အစ်ကို့အမေ ဖြေထားတဲ့ အင်တာဗျူးတစ်ခုထဲက ကျွန်မသားက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်'ပါဆိုတဲ့စကားအပေါ် တချို့က ဝေဖန်ခဲ့ကြတယ်။ အစ်ကိုကိုယ်တိုင်ကရော ကိုယ့်ကိုယ်ကိုယ် နှင်းဆီခိုင်လို့ ခံယူထားပါသလား။**

စကားလုံးရဲ့ လာရာလမ်းကြောင်းကိုက လိုရာဆွဲမေးတဲ့ အမေးကို အမေက အင်တာဗျူးဖြေတာနည်းတော့ နားလည်မှုလွဲသွားတာပါ။ ကျွန်တော်က ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်လည်း မဟုတ်ပါဘူး။ ဒီစကားကလည်း ရုပ်ရှင်ဇာတ်ကားတစ်ကားမှာ ပါဝင်တဲ့ Theme တစ်ခုပါပဲ။ အလန်းလွန် အလွန်လန်းထဲမှာ SKB စော်ကြည်ဘဲ ဇာတ်ကောင်စရိုက်ပါ။ ဒီဇာတ်ကောင်ပေါ်မှာ တင်စားပြီးပြောတဲ့စကားလုံးပါ။

**ခုနကလို ကိစ္စတွေကြောင့် ပရိသတ်နဲ့ အစ်ကို့ကြားမှာ နားလည်မှု လွဲမှားသွားမှာကို စိုးရိမ်မိလား။**

မဖြစ်ပါဘူး။ ကျွန်တော့် ပရိသတ်က ကျွန်တော့်ကို နားလည်မှု မလွဲဘူးလို့ယုံတဲ့အတွက်စိတ်လည်း မပူပါဘူး။

**ကျေးဇူးတင်ပါတယ်။**

## အဆိုတော် မာမာအေး ဒီဇင်ဘာ ၇ရက် တွင် ပြန်လာမည်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

အမေရိကန်နိုင်ငံတွင် နှစ်အတန်ကြာ နေထိုင်လျက်ရှိသည့် အဆိုတော် မာမာအေးသည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် Silk Air လေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း အဆိုတော် မာမာအေး၏ သမီးဖြစ်သူ ဒေါ်မေချိုက ပြောသည်။

"မေမေက ဒီဇင်ဘာ ဒုတိယပတ်လောက်တော့ မရမ်းခြံဆရာကန်တော့ပွဲတက်ဖြစ်မယ်။ ဒီဇင်ဘာလထဲမှာပဲ ပုဂံကို ရောက်အောင်သွားမယ်။ တန့်ကြည်တောင်ဆရာတော်ဆီမှာ မေမေက တရားစခန်း တစ်ပတ်လောက် ဝင်မှာ သေချာတယ်။ မေမေနဲ့အတူ အမေရိကကနေ သူ့ဆီမှာ အဆိုပညာသင်ယူနေတဲ့ အဆိုတော်ကောင်မလေးတစ်ယောက်တော့ပါလာလိမ့်မယ်"ဟု ဒေါ်မေချိုက အဆိုတော် မာမာအေး၏ ခရီးစဉ်ကို ပြောပြသည်။

အဆိုတော် မာမာအေးသည် မြန်မာနိုင်ငံသို့ လေးလတာ ခရီးစဉ်လာရောက်ခြင်းဖြစ်ပြီး ၂၀၁၃မတ်လဆန်းတွင်အမေရိကန်ပြည်ထောင်စုသို့ပြန်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ရောက်ရှိစဉ်အတွင်း ရန်ကုန်မြို့တွင် ဘိုဘိုအင်တာတိန်းမန့်၏ စီစဉ်မှုဖြင့် ဂီတဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ပြီး ယခုခရီးစဉ်အတွင်း အခြားသော ပွဲစီစဉ်သူများထံမှ ဖျော်ဖြေပွဲ ကမ်းလှမ်းမှုများရှိနေသော်လည်း အသေချာမပြောနိုင်သေးကြောင်း ဒေါ်မေချိုကပြောသည်။

"မေမေက ရာသီဥတု ပူတာခံနိုင်လား မခံနိုင်လား မသိဘူးသေးဘူး။ သူ့ကျန်းမာရေး အခြေအနေကို ကြည့်ရမယ်။ မတ်လဆန်းမှ ပြန်မယ်ဆိုပေမယ့် သူ့ကျန်းမာရေးအရ ပူတာမခံနိုင်ရင်လည်း ပြန်ဖြစ်သွားနိုင်တော့ ပွဲတွေကို သေချာပြောလို့ မရသေးဘူးဖြစ်နေတယ်။ ဘိုဘိုအန်တာတိန်းမန့်နဲ့စီစဉ်တဲ့ပွဲကတော့ သေချာပါတယ်။ အဲဒီပွဲမှာ မေမေက ကျွန်မကိုပါ ပါဝင်သီဆိုစေချင်ပေမယ့် ကျွန်မက သီချင်းမဆိုတော့တာ ကြာပြီဆိုတော့ မဝံ့မရဲဖြစ်နေပါတယ်"ဟုဒေါ်မေချိုကဆိုသည်။ မာမာအေးသည် ၁၉၉၈ ခုနှစ် ဝန်းကျင်ခန့်က ဥရောပနိုင်ငံအချို့ကို အလည်အပတ်ခရီးသွားရင်း ပြည်ပရောက် မိတ်ဆွေအချို့ စီစဉ်သည့် ဖျော်ဖြေပွဲများတွင် သီဆိုဖျော်ဖြေရာမှ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ခြင်း မရှိခဲ့ဘဲ ယခုမှသာ ပထမဆုံးအကြိမ် ပြန်လည်လာရောက်မည်ဖြစ်ကြောင်း သိရသည်။

### စာ-၄၇၊ ပထမဆုံး ရုပ်ရှင်ဇာတ်ကားကြီးနဲ့ ယုသန္တာတင် မှ

မင်းသမီးလေးလက်ပါဝင်သော်လည်းမိမိသရုပ်ဆောင်သည့်အခန်းစဉ်အနည်းအများအပေါ်တွင်မူ စိတ်ပူပန်မှုမရှိကြောင်း ယုသန္တာတင်ကပြောသည်။ "မင်းသမီးများပေမယ့် ကိုယ့်အခန်းတွေကို ကျေနပ်မှုရှိတယ်။ အားလုံးအတွက်လည်း မျှတတဲ့အခန်းတွေ ပေးထားတယ်။ သာစေ နာစေလည်း မရှိဘူး။ လုပ်ပိုင်ခွင့်တွေလည်း ပေးထားပါတယ်" ဟု ယုသန္တာတင်ကပြောသည်။

ယုသန္တာတင်သည် အနုပညာပျိုးခင်းအစီအစဉ်ဖြင့် ဗီဒီယိုဇာတ်ကား ၁၀ကားရိုက်ကူးခဲ့သော်လည်း ရိုက်ကူးရသည့်ဇာတ်ကောင်စရိုက် မစုံလင်သေးသည့်အတွက် ကျေနပ်အားရမှုမရှိသေးဘဲ ရိုက်ခဲ့သမျှ ဇာတ်ကားအားလုံးတွင် ပရိသတ်၏ ဝေဖန်မှုကို နားထောင်၍ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ကြိုးစားထားကြောင်း သူမက ပြောသည်။

မကြာမီကျင်းပတော့မည့် ၂၀၁၁ခုနှစ် အကယ်ဒမီပေးပွဲသို့ တက်ရောက်မည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်အကယ်ဒမီပေးပွဲတွင် ဗန်းကိုင်တစ်ဦးဖြစ်ခဲ့သည့် သူမက "ဗန်းကိုင်တစ်ယောက်ဖြစ်ခဲ့ဖူးသူ အနေနဲ့ပြောရရင် အကယ်ဒမီဗန်းကိုင်ဖြစ်တဲ့သူဟာ ဒီလောကထဲကိုဝင်ဖို့ အထောက်အပံ့လှေကားလေးတော့ဖြစ်မှာပါ"ဟုပြောသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Twilight Saga: Breaking Dawn - Part Two | Summit Enter: | ၁၄၃,၀၆၈,၀၀၀ | ၁ |
| ၂။ | Skyfall | Sony Pic. | ၁၆၀,၉၄၂,၀၀၀ | ၂ |
| ၃။ | Lincoln | Touchston Pic. | ၂၂,၄၆၈,၂၀၀ | ၂ |
| ၄။ | Wreck-It Ralph | Walt Disney Pic. | ၁၂၁,၇၅၀,၀၀၀ | ၃ |
| ၅။ | Flight | Paramount Pic. | ၆၁,၅၂၃,၇၀၀ | ၃ |
| ၆။ | Argo | Warner Bros Pic. | ၉၁,၉၉၈,၈၀၀ | ၆ |
| ၇။ | Taken 2 | 20th Century Fox | ၁၃၄,၆၅၁,၀၀၀ | ၇ |
| ၈။ | Jab Tak Hai Jaan | Yash Raj Films | ၁,၉၄၁,၈၀၀ | ၁ |
| ၉။ | Pitch Perfect | University Pic. | ၆၁,၀၈၄,၂၀၀ | ၈ |
| ၁၀။ | Here Comes the Boom | Sony Pic. | ၄၀,၉၉၁,၇၀၀ | ၆ |

## Movie Review

### California Solo




လက်လန်အဒေါနစ်ချ်သည် နာမည်ကျော်ဗြိတိသျှ ရော့ခ်ဂီတသမားတစ်ဦးအဖြစ် နာမည်ကျော်ခဲ့သော်လည်း ယခုအခါ လော့စ်အန်ဂျလိစ်မြို့တွင် မထင်မရှားနေထိုင်လျက်ရှိသည်။ အော်ဂဲနစ်စိုက်ခင်းတစ်ခုတွင် အလုပ်လုပ်နေပြီး ၎င်း၏ ခြံထွက်ပစ္စည်းများ ရောင်းချရန် အနီးအနားရှိ ဈေးလေးသို့ အမြဲတမ်းသွားသည်။ ညပိုင်းတွင် သူ့အခန်းလေးထဲ၌ အောင်းကာ ကျော်ကြားသောဂီတသမားများ၏ကြေကွဲစရာ သေဆုံးပုံများကိုအသံသွင်းသည်။ လက်လန်ကို စိတ်ဝင်စားသော အမျိုးသမီးတစ်ဦးလည်းရှိပြီး သူမကိုယ်တိုင်မှာ မင်းသမီးဖြစ်ရန် ကြိုးစားနေသူဖြစ်ပြီး လက်လန်အဒေါနစ်ချ်တစ်ယောက် သူမကို ကူညီပြီးနာမည်ကျော်တစ်ယောက်ပြန်ဖြစ်ဦးမလားဆိုတာ . . .။

Robert Carlyle, A Martinez, Danny Mosferson တို့ပါဝင် သရုပ်ဆောင်ထားသော ဒရာမာ၊ ဟာသနှောဇာတ်ကားအား ဒါရိုက်တာ Marshell Lewyကရိုက်ကူးထားပြီး နိုဝင်ဘာ၃၀ရက်တွင်Stand Releasing ကဖြန့်ချိမည်ဖြစ်သည်။

Vol.11, No.38 • NOVEMBER 29 , 2012

# ပွဲပျက်သွားသည့် ဖိုးကေနှင့် စိုးလင်းဦး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၅**

သုံးလအတွင်း ဒုတိယအကြိမ်ပြန်လည်ယှဉ်ပြိုင်ခဲ့သည့် ဖိုးကေနှင့် စိုးလင်းဦးတို့၏ မြန်မာ့ရိုးရာလက်ဝှေ့အထူး စိန်ခေါ်ပွဲကြီးသည် အကြိတ်အနယ်မဖြစ်ခဲ့ဘဲ ပွဲစဉ်အေးလွန်းခဲ့သောကြောင့် စတုတ္ထအချီ အရောက်တွင်ဒိုင်ကပွဲရပ်နားခဲ့ရကာ ပရိသတ်များစိတ်ပျက်ခဲ့ရသည်။

၎င်းတို့နှစ်ဦး ပထမအကြိမ်တွေ့ဆုံစဉ်က သရေရလဒ်ကြောင့် ယခုပွဲစဉ်တွင် မကျေပွဲအဖြစ် အကြိတ်အနယ်ဖြစ်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း နိုဝင်ဘာလ ၂၅ ရက်က သိမ်ဖြူအားကစားရုံ၌ကျင်းပခဲ့သည့် ရိုးရာလက်ဝှေ့ပွဲစဉ်များအနက် အဓိက စိန်ခေါ်ပွဲသည်ပရိသတ်များအတွက်အညံ့ဆုံးပွဲစဉ်ဖြစ်သွားခဲ့သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ကျော်နှစ်ဦးသည် ပထမအချီ စက္ကန့်သုံးဆယ်ကျော်မှာပင် ထိုးသတ်ခြင်းမရှိဘဲ ချိန်ဆနေခြင်းက များနေခဲ့သောကြောင့် ဒိုင်အဖွဲ့၏ သတိပေးမှုကို ခံခဲ့ရသည်။ ဒုတိယနှင့် တတိယအချီများတွင်လည်း အကြိတ်အနယ် ရှိမလာခဲ့ဘဲ ချိန်ဆခြင်းနှင့် ပူးကပ်ခြင်းသာ များနေသောကြောင့် ထပ်မံသတိပေးခံခဲ့ရသည့်အပြင် ပရိသတ်များလည်း ပွဲဆူလာခဲ့သည်။

စတုတ္ထအချီ အရောက်တွင် ဒိုင်အဖွဲ့၏ နောက်ဆုံးသတိပေးချက်နှင့်အတူ ပရိသတ်များ၏ ရေသန့်ဘူးနှင့် အခြားပစ္စည်းအချို့ ကြိုးဝိုင်းပေါ် ရောက်ရှိလာခဲ့ပြီး ၁ မိနစ် ၁၀ စက္ကန့်အရောက်တွင် ခုံဒိုင်ချုပ် ဦးဒေါင်းနီက ပွဲရပ်နားလိုက်ကြောင်း ကြေညာခဲ့ရသည်။

"ဒီလို ထိုးပုံထိုးနည်းက ပရိသတ်လက်သင့်ခံနိုင်စရာ မရှိဘူး၊ ကျွန်တော်တို့လည်း လက်ခံနိုင်စရာမရှိဘူး၊ ပွဲကြီးတယ်၊ ပွဲမကောင်းဘူး။ အဲဒါကြောင့် ပွဲရပ်လိုက်ရတာပါ။ ရှုံးမှာကြောက်ရင်တော့ တက်မထိုးကြနဲ့ပေါ့၊ နိုင်လိုစိတ် သိပ်မရှိကြတော့ဘူး၊ ပိုက်ဆံကြေးရတယ်ဆိုပြီး စိန်ခေါ်ပွဲတွေ ဒီလိုထိုးနေကြရင် နောက်ဘယ်သူမှ လာကြည့်ကြတော့မှာ မဟုတ်ဘူး"ဟု ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ခုံဒိုင်ချုပ်ဦးဒေါင်းနီက ပြောသည်။



*ထိုးသတ်ခြင်းမရှိဘဲ ချိန်ဆနေခြင်း များနေခဲ့သောကြောင့် ဒိုင်အဖွဲ့က ခေါ်ယူသတိပေးနေစဉ်* **ဓာတ်ပုံ - ကျော်ဇင်သန်း**

ဖိုးကေသည် ယခင်ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်သုံးပွဲခန့်တွင်လည်း ယခုကဲ့သို့ ပွဲရပ်နားရဖူးပြီး စိုးလင်းဦးမှာ ပထမဆုံးအကြိမ် ပွဲရပ်နားရသည့် ပွဲစဉ်ဖြစ်ကြောင်း ခုံဒိုင်ချုပ်သက်တမ်း နှစ်ပေါင်း ၂၀ ရှိပြီဖြစ်သည့် ဦးဒေါင်းနီက ဆက်ပြောသည်။

"ဖိုးကေရဲ့ ထိုးသတ်ပုံက အရင်လိုဒီလိုပုံစံမှမဟုတ်တာ။ ဒီပွဲမှာ အရမ်းအေးနေပါတယ်။ စိုးလင်းဦးကတော့ အရင်ကတည်းက ဒီလိုတန်ပြန် စောင့်ပြီး ထိုးတဲ့ပုံစံပါ။ ဒီပွဲမှာတော့ နှစ်ဦးစလုံးက မထွက်ကြဘူး။ စောင့်ထိုးနေကြတော့ ပွဲမကောင်းဘူးဖြစ်သွားတယ်။ သုံးမိနစ်တစ်ချီ ထိုးချိန်မှာ သူတို့နှစ်ဦးတကယ်ထိတွေ့ယှဉ်ပြိုင်ချိန်က တစ်မိနစ်လောက်ပဲ ရှိလိမ့်မယ်။ တခြားသူတွေ အော်သလို လုပ်ပွဲလို့တော့ မပြောချင်ပေမယ့် သေချာတာကတော့ ပရိသတ်တွေအတွက်စိတ်ပျက်စရာပွဲဖြစ်ခဲ့တာပါ" ဟု လာရောက်ကြည့်ရှုသည့် ပရိသတ်တစ်ဦးက သုံးသပ်သည်။

အခြားပွဲစဉ်များဖြစ်သည့် ထွန်းလုံရှိန်နှင့် ရဲရင့်ထွန်း၊ ဝင်းမောက်နှင့်မင်းမဟာ၊ ရဲရင့်နှင့် ကျားပေါက်၊ ဖိုးသားကြီးနှင့် လေးညို့ရှင်၊ ထွန်းထွန်းမင်းနှင့် သပြေညိုပွဲစဉ်များတွင် သရေရလဒ်ဖြစ်ပေါ်ခဲ့ပြီး ဂျီသရီးက မိုက်တီးကို တတိယအချီတွင် အလဲထိုး အနိုင်ယူခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးရိုးရာလက်ဝှေ့လက်ရည်စမ်းပွဲ သုံးပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။

# ဇေယျာရွှေမြေနှင့် ဟံသာဝတီ ဗိုလ်လုမည့် လူငယ်ရှုံးထွက်ပြိုင်ပွဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

ယခုနှစ်တွင် ပထမဆုံးအကြိမ် စတင်ကျင်းပသည့် မြန်မာနေရှင်နယ်လိဂ် လူငယ်ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဇေယျာရွှေမြေအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇေယျာရွှေမြေအသင်းသည် ပထမအကြိုဗိုလ်လုပွဲစဉ်တွင် ရတနာပုံအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ နိုဝင်ဘာလ ၂၃ ရက်က ကျင်းပသည့် အဆိုပါပွဲစဉ်တွင် ပွဲချိန် မိနစ်ကိုးဆယ်နှင့် အချိန်ပို မိနစ်သုံးဆယ်အထိ နှစ်ဂိုးစီသရေကျနေခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ ဇေယျာရွှေမြေအသင်းက (၈-၇)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိအကြိုဗိုလ်လုပွဲစဉ်တွင် ဟံသာဝတီယူနိုက်တက်အသင်းက မောရဝတီအသင်းကို(၄-၀)ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာခဲ့သည်။ အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်အဖြစ် ဇေယျာရွှေမြေအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့သည် လာမည့် ဒီဇင်ဘာ ၂ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြီးခဲ့သည့်လူငယ်အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှာမူ လူငယ်ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်မှာပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

# ဆူဇူကီးဖလားတွင် လက်ရှိချန်ပီယံ မလေးရှား ပွဲဦးထွက် ရှုံးပွဲကြုံ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊**

**နိုဝင်ဘာ-၂၅**

အရှေ့တောင် အာရှဒေသတွင်း အဆင့်မြင့်ဆုံး ပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ ပွဲဦးထွက်ပွဲစဉ်တွင် လက်ရှိ ချန်ပီယံ မလေးရှားအသင်းသည် စင်ကာပူအသင်းအား သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

အုပ်စု(ခ)ပွဲစဉ်များကို နိုဝင်ဘာ ၂၅ ရက်က ကွာလာလမ်ပူမြို့တွင် စတင်ကျင်းပခဲ့ပြီး လက်ရှိချန်ပီယံမလေးရှားအသင်းသည် အိမ်ကွင်းပရိသတ်ရှေ့မှောက်တွင် ချန်ပီယံသုံးကြိမ်ဖြစ်ဖူးသည့် စင်ကာပူအသင်းအား ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၎င်းအုပ်စု၏ အခြားပွဲစဉ်တွင် လာအိုအသင်းနှင့် ယခင်နှစ်ဒုတိယအင်ဒိုနီးရှားအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့်သရေရလဒ်ဖြစ်ပေါ်ခဲ့သည်။

ဘန်ကောက်တွင် နိုဝင်ဘာ ၂၄ ရက်က စတင်ကျင်းပသည့် အုပ်စု(က)ပွဲစဉ်တွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် စတင်ယှဉ်ပြိုင်ခဲ့ပြီး တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ရယူနိုင်ခဲ့သည်။ လက်ရှိ အရှေ့တောင်အာရှတွင် အဆင့်သတ်မှတ်ချက် ပထမနေရာရရှိထားသော ဗီယက်နမ်အသင်းအား မြန်မာအသင်းသည် မျှော်လင့်ထားသည်ထက် အကောင်းဆုံးပုံစံရရှိကာ ပြန်လည်တုံ့ပြန်နိုင်ခဲ့ပြီး သရေရလဒ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ခြေစစ်အဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသည့် မြန်မာနှင့် လာအိုအသင်းတို့သည်ပွဲဦးထွက်ပွဲစဉ်များတွင် ဒေသတွင်း အဆင့်မြင့်အသင်းများကို သရေရလဒ်ရရှိအောင် ယှဉ်ပြိုင်နိုင်ခဲ့သောကြောင့် ပြိုင်ဘက်အသင်းများ၏ ဂရုစိုက်မှုများကို ယခင်ကထက် ပိုမိုရရှိခဲ့ကြောင်း လေ့လာသူများက ဆိုသည်။

အုပ်စု(က)၏ အခြားပွဲစဉ်တွင် အိမ်ရှင်ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ယူခဲ့သည်။ ပထမပွဲစဉ်များအပြီးတွင်မူ အုပ်စု(က)တွင် ထိုင်းအသင်းနှင့် အုပ်စု(ခ)တွင် စင်ကာပူအသင်းက ဦးဆောင်ထားသည်။

အုပ်စု(က)၏ ဒုတိယပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၇ ရက်တွင် ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့လည်းကောင်း၊ မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့လည်းကောင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စု(ခ)၏ ဒုတိယပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၈ ရက်တွင် အင်ဒိုနီးရှားနှင့် စင်ကာပူ၊ လာအိုနှင့် မလေးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012



# ဟံသာဝတီယူနိုက်တက်အား မူလပိုင်ရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်အချို့ ဆက်ကိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ဘောလုံးအဖွဲ့ချုပ်ထံ အသင်းပြန်လည်အပ်ရန် စီစဉ်ထားသည့် ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်းအားမူလအသင်းပိုင်ရှင်က အခြားစီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဆက်လက်လုပ်ကိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

“အရင်ပိုင်ရှင် ဦးအောင်မိုးကျော်ကပဲ ဆက်တာဝန်ယူသွားဖို့ စီစဉ်နေပါတယ်။ ဒါပေမဲ့ IBTC ကုမ္ပဏီအနေနဲ့မဟုတ်ဘဲဦးအောင်မိုးကျော်က အခြားစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး ဆက်လက်လုပ်ကိုင်သွားဖို့စီစဉ်နေတယ်လို့ သိရပါတယ်” ဟု ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်း အုပ်ချုပ်သူ ဦးထွန်းထွန်းလင်းက နိုဝင်ဘာ ၂၃ ရက်တွင် ပြောသည်။

၂၀၀၉ ခုနှစ်က စတင်ကာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဟံသာဝတီ ယူနိုက်တက်အသင်းကို တာဝန်ယူခဲ့သည့် IBTC ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရ အဆိုပါအသင်းအား ဘောလုံးအဖွဲ့ချုပ်ထံ ပြန်လည်အပ်နှံသည့် အကြောင်းကြားစာကို ပြီးခဲ့သည့် လပိုင်းအတွင်းက ပေးပို့ခဲ့သည်။

ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အနေဖြင့်လည်း အသင်းပိုင်ရှင်ဦးအောင်မိုးကျော်နှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ပြောကြားထားခဲ့ပြီး ယခုအခါ ဟံသာဝတီအသင်းနှင့် ပတ်သက်သည့် ရှေ့ဆက်သွားမည့် အစီအစဉ်များကို လာမည့်ဒီဇင်ဘာလဆန်းပိုင်း၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူ တစ်ဦးက ဆိုသည်။

“ဦးအောင်မိုးကျော်အနေနဲ့ ကစားသမားတွေနဲ့ ဆိုင်တဲ့အချက်အလက်တွေ နောက်နှစ်ဘတ်ဂျက်အနေအထားတွေကို တင်ပြပေးဖို့ လုပ်ခိုင်းထားပါတယ်။ သူ့အနေနဲ့ ပူးပေါင်းလုပ်ကိုင်မယ့် အခြားစီးပွားရေးလုပ်ငန်းရှင်တွေနဲ့လည်း အသေးစိတ်ဆွေးနွေးဖို့တော့ ရှိသေးတယ်လို့ သိရပါတယ်။ ပြီးရင်တော့ သတင်းထုတ်ပြန်သွားမှာပါ” ဟု ဦးထွန်းထွန်းလင်းက ပြောသည်။

အသင်းတွင်ပြီးခဲ့သည့်ရာသီက ခေါ်ယူထားသည့် နိုင်ငံခြားသားကစားသမား သုံးဦးထဲမှ တိုက်စစ်မှူးစတန်လေ၊ကွင်းလယ်လူဂျူနီယာတို့နှင့် လမ်းခွဲခဲ့ပြီး နောက်ခံလူ ကလစ်ဖို့ဒ်တစ်ဦးကိုသာ ဆက်လက်ခေါ်ယူရန်ရှိကြောင်း နှင့် ထပ်မံခေါ်ယူမည့် နိုင်ငံခြားသားကစားသမားများကိုမူ အသင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီးမှသာ စီစဉ်သွားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူက ဆိုသည်။

ဟံသာဝတီ ယူနိုက်တက်အသင်း၏ အိမ်ကွင်းအဖြစ် ပဲခူးတိုင်းဒေသကြီး တိုင်းကစားကွင်းအားပြင်ဆင်မှုလုပ်ငန်းများကိုဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဦးအောင်မိုးကျော်ဥက္ကဋ္ဌတာဝန်ယူထားသည့် IBTC ကုမ္ပဏီသည် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဟံသာဝတီယူနိုက်တက် (ယခင်ဉဿာယူနိုက်တက်)အသင်းကို မြန်မာနေရှင်နယ်လိဂ်စတင်ခဲ့သည့် ၂၀၀၉ ခုနှစ်မှ စတင်ကာ တာဝန်ယူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် IBTC ကုမ္ပဏီသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား အဓိက စပွန်ဆာအဖြစ် သုံးနှစ်ဆက်တိုက် တာဝန်ယူခဲ့သည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# မန္တလေးတွင် အခြေခံအဆင့် ဘောလုံးပွဲတော် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊နိုဝင်ဘာ-၂၃**

ကျောင်းသားလူငယ်ဦးရေ ငါးရာကျော်ပါဝင်ဆင်နွှဲမည့် အခြေခံအဆင့်ဘောလုံးပွဲတော် (Grass-roots Festival)ကို မန္တလေးမြို့တွင် ဒီဇင်ဘာလ ပထမပတ်အတွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကစီစဉ်သည့်အဆိုပါဘောလုံးပွဲတော်သည် ၂၀၁၀ပြည့်နှစ်အတွင်းက ရန်ကုန်မြို့၌ပြုလုပ်ခဲ့ဖူးပြီး ယခုဒုတိယအကြိမ်အဖြစ် မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး) တွင်ပြုလုပ် သွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဒီဇင်ဘာလ ၆ ရက်တွင် ကျင်းပမည့် အဆိုပါဘောလုံးပွဲတော်၌ မန္တလေးတိုင်းဒေသကြီး အခြေခံပညာ ကျောင်းများမှ အသက် ၁၂ နှစ်အောက် ကျောင်းသားလူငယ်ငါးရာကျော် ပါဝင်ဆင်နွှဲမည်ဖြစ်သည်။

ထို့ပြင်ဖီဖာမှဘောလုံးနည်းပြဆရာဆင်မြူရယ်သည် အခြေခံပညာကျောင်းများမှ ဘောလုံးအားကစားနှင့် သက်ဆိုင်သည့် ကာယဆရာ၊ ဆရာမများကိုလည်း ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ သင်တန်းများ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

“ဆရာ၊ဆရာမဦးရေ ၂၀ နဲ့ အကယ်ဒမီက ဆရာ ၁၀ ဦးကိုဖီဖာက နည်းပြဆရာက သင်တန်းပို့ချမှာပါ။ ကလေးတွေအနေနဲ့ သင်တန်းကာလမှာလည်း ပူးပေါင်းပါဝင်မှာဖြစ်ပါတယ် ”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ပြောသည်။

ဖီဖာနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သည့် ၂၀၁၀ ပထမအကြိမ် အခြေခံအဆင့်ဘောလုံးပွဲတော်ကိုရန်ကုန်မြို့တွင် ကျင်းပခဲ့စဉ်ကလည်း ကျောင်းသားလူငယ်ပေါင်း ၄၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# လန်ဒန်ဒါဘီနှစ်ပွဲ၊ မက်ဒရစ်ဒါဘီတစ်ပွဲနဲ့ စိတ်လှုပ်ရှားစရာ ဥရောပလိဂ်ပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်ပွဲစဉ်တွေထဲမှာတော့ ပရီးမီးယားလိဂ်မှာဝက်စ်ဟမ်း-ချယ်လ်ဆီး၊ဖူလ်ဟမ်-စပါး လန်ဒန်ဒါဘီပွဲစဉ်နှစ်ပွဲကို ရှုစားရမှာက ထူးခြားနေပါတယ်။ စီးရီးအေမှာတော့ ဇယားထိပ်က ဂျူဗီတို့ တိုရီနိုနဲ့ အိမ်ကွင်းမှာကစားစဉ်မှာလာဇီယို-ပါးမားတွေ့တဲ့ပွဲကိုလည်း ကြည့်ရမှာပါ။ စပိန်လာလီဂါမှာတော့ဇယားထိပ်ကိုဘာကာတို့ပဲ ဆက်ဦးဆောင်ဖို့ရှိပြီး ဒုတိယနဲ့ တတိယနေရာကကပ်လိုက်နေတဲ့ ရီးရဲလ်နဲ့ အသလက်တီကို ထိပ်တိုက်တွေ့တဲ့ပွဲကလည်း စိတ်ဝင်စားစရာပါ။



__ပရီးမီးယားလိဂ်__

__ဒီဇင်ဘာ ၁၊ စနေ__

**ဝက်စ်ဟမ်း - ချယ်လ်ဆီး**

(ည ၇း၁၅ နာရီ)

ယမန်နှစ်ရလဒ်မရှိ

ချယ်လ်ဆီးတို့ နည်းပြသစ်ဘင်နီတက်ဇ် လက်ထဲမှာ ကစားပုံအသွင်ပြောင်းလာမလား စောင့်ကြည့်ရပါမယ်။ ဝက်စ်ဟမ်းတို့ ဒီရာသီအိမ်ကွင်းတောင့်တင်းနေတာသတိထားသင့်တယ်။ ချယ်လ်ဆီးကပ်နိုင်ဖို့ပဲ ရှိပါတယ်။ ဂိုးနည်းမယ့်ပွဲပါ။

**ဖူလ်ဟမ် - စပါး**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၃

ဖူလ်ဟမ်တို့ ယမန်နှစ်က နှစ်ကျော့စလုံးရှုံးခဲ့တာသတိရသင့်ပါတယ်။ လက်ရှိမှာလည်း စပါးဟာ အဝေးကွင်း ခြေမမှန်တာမို့ မနှစ်ကလိုတော့မဖြစ် လောက်ပါဘူး။ သရေဖြစ်နိုင်ခြေရှိသလို ဘာဘာတော့ဗ်ပါဝင်တဲ့ အိမ်ရှင်ဖူလ်ဟမ်တို့ ကပ်နိုင်ခြေလည်း ရှိတယ်။

**မန်စီးတီး - အဲဗာတန်**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၂-၀

မန်စီးတီးအိမ်ကွင်းကစားပုံအကောင်းဆုံးဖြစ်နေဆဲပါ။ တိုက်စစ်မှာ အဂူရို၊ တီဗက်ဇ်တို့ ခြေစွမ်းပြနေတာဟာ အဝေးကွင်းရလဒ်မကောင်းတဲ့ အဲဗာတန်ကိုခြိမ်းခြောက်နိုင်မှာပါ။ မန်စီးတီး နှစ်ဂိုးလောက် ရမယ့်ပွဲပါပဲ။

__ဒီဇင်ဘာ ၂၊တနင်္ဂနွေ__

**ရီဒင်း - မန်ယူ**

(မနက် ဝဝးဝဝ နာရီ)

ယမန်နှစ်ရလဒ် - မရှိ

သရေပွဲတွေများနေတဲ့ ရီဒင်းကို မန်ယူတို့ အေးဆေးအနိုင်ယူသွားပါလိမ့်မယ်။ မန်ယူတို့ နှစ်ဂိုးအသာလောက်ရမယ့်ပွဲပါပဲ။

**စီးရီးအေ**

__ဒီဇင်ဘာ ၁၊ စနေ။__

**ကာတာနီးယား - မီလန်**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် ၁-၁

ကာတာနီးယားအိမ်ကွင်းမှာမီလန်တို့ ခက်ခဲနိုင်ပါတယ်။ မီလန်တို့လတ်တလောမှာတိုက်စစ်ပိုင်းက အဝေးကွင်းရဂိုးထက် ပေးဂိုးများချင်နေပြီးသရေများနေတယ်။ သရေဖြစ်နိုင်သလို မီလန်ကပ်နိုင်ဖို့လည်း ရှိတယ်။ ဂိုးနည်းမယ်။

__ဒီဇင်ဘာ ၂၊တနင်္ဂနွေ__

**ဂျူဗင်တပ် - တိုရီနို**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် မရှိ

ဂျူဗင်တပ်တို့ ချန်ပီယံလိဂ်မှာရော စီးရီးအေမှာပါ တောက်လျှောက်ခြေစွမ်းပြနေတာပါ။ အိမ်ကွင်းရှုံးပွဲ မရှိသေးတဲ့ ဂျူဗီတို့ပဲ နှစ်ဂိုးအသာလောက်နဲ့ နိုင်သွားနိုင်ပါတယ်။

**လာဇီယို - ပါးမား**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၀

ထိပ်တိုက်တွေ့ဆုံခဲ့မှုတွေအရလာဇီယိုတို့ အိမ်ကွင်းအားသာချက်ရှိပါတယ်။ ဇယားအလယ်က ပါးမားတို့ အဝေးကွင်းအားနည်းတတ်တာလည်း အစဉ်အလာတစ်ခုဖြစ်နေတယ်။ လာဇီယိုအပြန်အလှန်သွင်းဂိုးတွေနဲ့ အောင်ပွဲခံသွားပါလိမ့်မယ်။

**လာလီဂါ**

__ဒီဇင်ဘာ ၁၊ စနေ__

**ဗလင်စီယာ - ရီးရဲလ်ဆိုစီဒက်**

(ည ၁၁း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၀-၁

ဗလင်စီယာ အိမ်ကွင်းမာကျောတာတော့အမှန်ပါပဲ။ ဘိုင်ယန်နဲ့ ချန်ပီယံလိဂ်မှာလည်း ကောင်းခဲ့တယ်။ ရီးရဲလ်ဆိုစီဒက်ကလည်း နိုင်ပွဲတချို့ရှိလာပေမယ့် အဝေးကွင်းရှုံးပွဲများနေတဲ့အသင်းပါ။ ဆိုလ်ဒါဒို၊ ဘန်နီဂါ၊ ကော်စတာတို့ရဲ့ဗလင်စီယာတိုက်စစ်ကိုပဲ ယုံကြည်ပါ။ အိမ်ရှင်နိုင်ခြေများပါတယ်။

__ဒီဇင်ဘာ ၂၊တနင်္ဂနွေ__

**ဘာစီလိုနာ - အက်သလက်တစ်**

(နံနက် ၁း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၂-၀

ဘာကာတို့ အိမ်ကွင်းနိုင်ပွဲတွေစံချိန်တင်ဦးမှာပါ။ သွင်းဂိုးအများဆုံးတိုက်စစ်နဲ့ ပွဲထွက်ပြီး အက်သလက်တစ်ကို နှစ်ဂိုးနဲ့အထက်ရသွားနိုင်ခြေရှိတယ်။

**ရီးရဲလ်မက်ဒရစ် - အသလက်တီကိုမက်ဒရစ်**

(နံနက် ၃း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၄-၁

မက်ဒရစ်ဒါဘီပွဲဖြစ်ပြီး အကြိတ်အနယ်ရှိမှာပါ။ ရီးရဲလ်တို့ အိမ်ကွင်းရလဒ်ကောင်းနေတာမို့ အသာရနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ရီးရဲလ်မက်ဒရစ်နိုင်မှာပါ။









7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012





## အင်္ဂါဂြိုဟ်ပေါ်တွင် ကြီးကျယ်သော တွေ့ရှိမှုတစ်ရပ် ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များ ပြောကြား

**နယူးယောက်၊ နိုဝင်ဘာ - ၂၄**
အင်္ဂါဂြိုဟ်ပေါ်တွင် ကြီးကျယ်သောရှာဖွေတွေ့ရှိမှုအသစ်တစ်ရပ်လုပ်ဆောင်နိုင်ခဲ့သည်ဟု အမေရိကန်အမျိုးသား အာကာသအေဂျင်စီနာဆာမှ သိပ္ပံပညာရှင်များက အရိပ်အမြွက်ပြောကြားသော်လည်း ယင်းဂြိုဟ်ပေါ်တွင် သက်ရှိများတွေ့ရှိသလားဆိုသည်ကိုမူ မပြောကြားသေးပေ။

Curiosity လှေ့လာရေးယာဉ်ထိန်းချုပ်ရေးအဖွဲ့သည်ယင်း၏အစိတ်အပိုင်းတစ်ခုမှ အချက်အလက်များ ကမ္ဘာမြေသို့ ရောက်ရှိလာမည်ကို စောင့်ဆိုင်းနေကြသည်။ SAM ဟုခေါ်သော ယင်းအစိတ်အပိုင်းမှာ အင်္ဂါဂြိုဟ်ပေါ်မှ မြေကြီးနှင့် လေနမူနာများကို ရယူလေ့လာခဲ့သည်။

“ဒီအချက်အလက်တွေဟာ သမိုင်းစာအုပ်တွေအတွက်ဖြစ်ပါလိမ့်မယ်။ အရမ်းကို အခြေအနေကောင်းနေပါတယ်” ဟုလေ့လာရေးခရီးစဉ်စုံစမ်းစစ်ဆေးရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျွန်ဂရော့ဇင်ဂါက ပြောကြားသည်။

အချက်အလက်များမှာ ကမ္ဘာတုန်သွားစေလောက်သည်ဟုပြောဆိုရုံမှ တစ်ပါး နာဆာအဖွဲ့မှာ ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေသည်။ ယင်းရှာဖွေတွေ့ရှိမှုများအကြောင်း ထုတ်ဖော်ပြောကြားရန်အတွက် ရက်သတ္တပတ်ပေါင်းများစွာကြာမြင့်ဦးမည်ဟု မစ္စတာဂရော့ဇင်ဂါကပင် ပြောသည်။

*—Ref: Nydaily*

## ခရစ်စမတ်သစ်ပင် အိမ်ဖြူတော် ရောက်ရှိ

**ဝါရှင်တန်၊ နိုဝင်ဘာ - ၂၄**
ကျေးဇူးတော်နေ့ပြီးဆုံးချိန်မှာပင် သမ္မတအိုဘားမားမိသားစုသည် ခရစ်စမတ်အတွက် ပြင်ဆင်မှုများစတင်လုပ်ဆောင်နေပြီ ဖြစ်သည်။

နိုဝင်ဘာလ ၂၃ ရက်တွင် အိမ်ဖြူတော်သို့ ခရစ်စမတ်သစ်ပင်ရောက်ရှိလာခဲ့ရာ အိုဘားမား၏ဇနီး မီရှယ်လ်အိုဘားမားနှင့် သမီးနှစ်ယောက်ဖြစ်သောမာရှာနှင့် မာလီယာတို့က လက်ခံခဲ့သည်။

၁၉ ပေမြင့်သော ခရစ်စမတ်သစ်ပင်အား မြင်းနှစ်ကောင်ဆွဲအမိုးဖွင့်ရထားဖြင့် သယ်ဆောင်လာစဉ် စစ်တီးဝိုင်းကလည်း “O Christmas Tree” သီချင်းကိုတီးမှုတ်သီဆိုခဲ့သည်။

သမ္မတကတော် မီရှယ်လ်အိုဘားမားမှာ နှင်းဆီပွင့်စကတ်ရှည်ကြီး၊ အနက်ရောင်အပေါ်အင်္ကျီလက်ရှည်အား ခါးပတ်နှင့်တွဲဖက်ဝတ်ဆင်ထား၍ယင်းမှာ ပွဲတော်တစ်ခုအတွက် ဝတ်ဆင်ထားပုံ ပေါ်နေသည်။

မိသားစုခွေး ဘိုမှာမူ အိမ်ဖြူတော်ကားဝင်ရာလမ်းပေါ်တွင် နှာတရှုံးရှုံးနှင့် ခြေဆောင့်နေသောကလိုင်ဒက်စ်လေး မြင်းကြီးများကို အနည်းငယ်ထိတ်လန့်နေပုံရသည်။

မစ္စစ်အိုဘားမားနှင့် သမီးနှစ်ဦးတို့သည် ခရစ်စမတ်သစ်ပင်အားကြည့်ရှုစမ်းသပ်ပြီးနောက် လက်ခံလိုက်ကြသည်။ ထို့နောက် မစ္စစ်အိုဘားမားက သတင်းသမားများဘက်သို့ လက်မထောင်ပြရင်း “အခုပဲ ငါတို့ခရစ်စမတ်ကျင်းပလို့ရပြီ” ဟုပြောကြားလိုက်သည်။

*—Ref: Nydaily*

## တူရကီ ဒုံးကျည်အစီအစဉ် ရုရှားသတိပေး

**မော်စကို၊ နိုဝင်ဘာ - ၂၄**
ဆီးရီးယားနိုင်ငံနှင့် နယ်စပ်တွင် နေတိုးဒုံးကျည်များ ချထားရေး တူရကီနိုင်ငံ၏ စိတ်ကူးကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးပြောကြားခဲ့ပြီး ယင်းမှာ ထိတ်လန့်စရာလက္ခဏာဟု ပြောသည်။

ပက်ထရီရော့ဒုံးကျည်များ ချထားရေးကို အဆိုပြုတင်ပြထားပြီးဆီးရီးယားနိုင်ငံနှင့် နယ်ခြားဒေသအား ကာကွယ်နိုင်ရန်အတွက်အဆိုပါဒုံးကျည်များချထားရန်လိုအပ်ကြောင်း တူရကီအစိုးရကပြောကြားထားသည်။ ဆီးရီးယားနိုင်ငံမှ သေနတ်ကျည်ဆန်များ၊ မော်တာကျည်ဆန်များမှာတူရကီနိုင်ငံ၏ အချို့ဒေသများ၌ ထိမှန်ခဲ့ပြီး ယင်းကျည်ဆန်များကြောင့် လူအချို့လည်းသေဆုံးခဲ့သည်။ ဆီးရီးယားက တူရကီစစ်ဘက်လေယာဉ်ကိုလည်း ပစ်ချဖူးသည်။

“တူရကီ - ဆီးရီးယားနယ်စပ်မှာ စစ်ရေးတိုးချဲ့တာဟာ တကယ့်ကိုထိတ်လန့်စရာလက္ခဏာပါပဲ” ဟုရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် အလက်ဇန်းဒါးလူကာရှီဗစ်က ပြောကြားပြီး ယင်းမှာ ဒေသတွင်းတည်ငြိမ်ရေးလုပ်ဆောင်မပေးနိုင်ဟု ပြောသည်။

“တူရကီက ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အကြံပေးလိုတာကတော့ အင်အားတွေထုတ်ပြပြီး အန္တရာယ်ရှိတဲ့ လမ်းကြောင်းကိုလိုက်မယ့်အစား ဆီးရီးယားအတိုက်အခံတွေအပေါ် ဩဇာကြီးမှုကို အသုံးချပြီး သူတို့ကို ဆွေးနွေးပွဲဆီ ဆွဲခေါ်သွားနိုင်ရေး ဖြစ်ပါတယ်” ဟု မစ္စတာလူကာရှီဗစ်က ပြောသည်။

တူရကီဝန်ကြီးချုပ် တေရစ်အာဒိုဂန်ကမူ ယင်းမှတ်ချက်များမှာအလွန်မှားယွင်းကြောင်း တုံ့ပြန်ပြောကြားပြီး တူရကီနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများ၌ ရုရှားနိုင်ငံကပါဝင်စွက်ဖက်လုနီးပါးဖြစ်သည်ဟုပင် ဆိုနိုင်ကြောင်း ပြောကြားသည်။ *—Ref: UPI*




# International

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

## အငြင်းပွားကျွန်းစုအရေး နိုင်ငံတကာဆုံးဖြတ်ချက်ကို ကိုလံဘီယာလက်ခံမည် မျှော်လင့်ကြောင်း နီကာရာဂွါသမ္မတပြောကြား

**မာနာဂွာ၊ နိုဝင်ဘာ - ၂၄**

ကာရစ်ဘီယံပင်လယ်ရှိ ကိုလံဘီယာကျွန်းများအနီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသောဒေသမှာ နီကာရာဂွါပိုင်နက်နယ်မြေဖြစ်ကြောင်း နိုင်ငံတကာ တရားရုံး၏ ဆုံးဖြတ်ချက်ကိုကိုလံဘီယာနိုင်ငံက လက်ခံလိမ့်မည်ဟု မျှော်လင့်ကြောင်း နီကာရာဂွါသမ္မတ ဒယ်နီယယ်အော်တေဂါက ပြောကြားသည်။




Photo - Reuters

*ဘိုဂိုတာမြို့တော်တွင် ကိုလံဘီယာပြည်သူများက နိုင်ငံတကာတရားခုံရုံးတော်အား ဆန့်ကျင်ချီတက်ဆန္ဒပြနေစဉ်။ နိုင်ငံတကာတရားရုံးသည် နီကာရာဂွာနှင့် ကိုလံဘီယာတို့အကြား အငြင်းပွားနေသော ကျွန်းငယ်များအား ကိုလံဘီယာက ပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ခဲ့သော်လည်း ယင်းကျွန်းများအနီးမှ ရေပြင်ကိုမူ နီကာရာဂွါအား ပိုင်နက်သတ်မှတ်ချက် ပိုပေးခဲ့သည်*

"ကျွန်တော်တို့ ညီအစ်ကိုတွေဖြစ်တဲ့ ကိုလံဘီယာပြည်သူတွေ၊ ကိုလံဘီယာအစိုးရနဲ့ ကိုလံဘီယာသမ္မတတို့ဒီနိုင်ငံတကာတရားရုံးရဲ့ ဆုံးဖြတ်ချက်ကို လက်ခံမယ်ယုံကြည်ပါတယ်။ အခြားနည်းလမ်းလည်း မရှိလို့ပါ"ဟု မစ္စတာအော်တေဂါက ပြောကြားသည်။

အငြင်းပွားနေသော ကျွန်းစုများအား ကိုလံဘီယာနိုင်ငံကပိုင်ဆိုင်ကြောင်း နိုင်ငံတကာ တရားရုံး (ICJ) က ဆုံးဖြတ်ခဲ့သော်လည်း ရေပြင်ပိုင်နက်ကိုမူ နီကာရာဂွါနိုင်ငံသို့ ပိုမိုပေးအပ်ခဲ့သည်။

ကိုလံဘီယာသမ္မတ ဟွမ်မယ်နျူရယ်ဆန်းတို့စ်ကမူ ပင်လယ်နယ်နိမိတ်သတ်မှတ်ချက်ပြောင်းလဲခြင်းကို ပယ်ချခဲ့ပြီး တရားရုံးဆုံးဖြတ်ချက်တွင် ချန်လှပ်ထားမှုများ၊ မှားယွင်းမှုများ၊ ရှေ့နောက်မညီညွတ်မှုများ ပါဝင်နေ၍လက်မခံနိုင်ကြောင်း ပြောကြားသည်။

ကိုလံဘီယာရေတပ် တပ်မှူးတစ်ဦးကလည်း ကိုလံဘီယာနိုင်ငံ၏ ရေကြောင်းနယ်မြေပိုင်ဆိုင်မှု၊ အချုပ်အခြာနယ်မြေပိုင်ဆိုင်မှုကို ဆက်လက်ထိန်းထားရေး အစိုးရ၏ညွှန်ကြားချက်များ ရရှိထားကြောင်း ပြောသည်။ အငြင်းပွားနေသော ကျွန်းစုများမှာ ကိုလံဘီယာနိုင်ငံမှ ၄၃၇ မိုင်ကွာဝေးပြီး နီကာရာဂွါနိုင်ငံမှ ၁၂၅ မိုင်ကွာဝေးသည်။

—*Ref: Reuters*








ဂိုမာမြို့မှ ၁၆ မိုင်အကွာ ဆာကီမြို့တွင် သူပုန်တပ်ဖွဲ့များနှင့် အစိုးရတပ်များအကြား တိုက်ခိုက်မှုများ ထပ်မံဖြစ်ပေါ်လာသဖြင့် နေအိမ်များမှ ထွက်ပြေးလာသော မိသားစုများကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်

Photo - Getty Images

# ကွန်ဂိုတွင် သူပုန်များ ဆက်လက်ချီတက်လာ၍ အရပ်သားများထွက်ပြေး

**ဆာကီ၊နိုဝင်ဘာ-၂၄**

ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် သူပုန်များချီတက်လာ၍ ထောင်နှင့်ချီသော အရပ်သားများ ထွက်ပြေးခြင်းကို မြင်တွေ့ရခြင်းကြောင့် ထိတ်လန့်တုန်လှုပ်မိကြောင်းကုလသမဂ္ဂက ပြောကြားလိုက်ပြီး အရပ်သားများအား အကူအညီပေးရန် နှစ်ဖက်စလုံးသို့ ပန်ကြားထားသည်။

ထို့အပြင် စစ်တပ်နှင့် M23 သူပုန်များအကြား တိုက်ခိုက်မှုများကို စောင့်ကြည့်ရန် မောင်းသူမဲ့ ဒရုန်းလေယာဉ်များ အသုံးပြုရေးကိုလည်း စဉ်းစားနေကြောင်း ကုလသမဂ္ဂကပြောကြားရာ ယင်းမှာ ၎င်း၏ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း၌ပထမဆုံးအကြိမ်ဒရုန်း အသုံးပြုခြင်း ဖြစ်လာနိုင်သည်။

ထိုအတောအတွင်း ဒေသတွင်း ခေါင်းဆောင်များသည်လည်း ထိပ်သီးဆွေးနွေးပွဲကျင်းပ၍ ယူဂမ်ဒါနိုင်ငံ မြို့တော်ကန်ပါလာမြို့သို့ ဦးတည်နေကြသည်။ သို့သော် သူပုန်များကို ထောက်ခံနေသည်ဟု စွပ်စွဲခံထားရသော ရဝမ်ဒါ သမ္မတ ပေါလ်ကာဂါမီကမူ ယင်းအစည်းအဝေးသို့ ၎င်းကိုယ်တိုင် မတက်ရောက်ဘဲ နိုင်ငံခြားရေးဝန်ကြီးကိုသာ စေလွှတ်ထားသည်။

သူပုန်များသည် ကီဗူးမြောက်ခရိုင်မြို့တော် ဂိုမာကို သိမ်းပိုက်ခဲ့ပြီးဖြစ်သလို ယင်းမှ အနောက်ဘက်ရှိ အရေးပါသော ဆာကီမြို့ကိုလည်း သိမ်းပိုက်ခဲ့ရာ အရပ်သား ထောင်ပေါင်းများစွာမှာနေအိမ်များကိုစွန့်ခွာထွက်ပြေးနေရသည်။

ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေ၍ ကုလသမဂ္ဂအကူအညီပေးရေးလုပ်သားများမှာလည်း အဆိုးဆုံးဒေသများသို့ အခြေခံလိုအပ်ချက် အကူအညီပင် မပေးနိုင်ဖြစ်နေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လက်ထောက်အတွင်းဝန် ဗာလာရီအာမို့စ်က ပြောသည်။

*—Ref: AFP*

# ပါလက်စတိုင်းနှင့် အပစ်အခတ်ရပ်စဲခြင်းကို အစ္စရေးနိုင်ငံသားအများစု ကျေနပ်မှုမရှိ

**တဲလ်အဗစ်၊ နိုဝင်ဘာ - ၂၄**

အစ္စရေးအစိုးရအနေဖြင့် ဟားမားစ်တို့ အုပ်ချုပ်နေသော ဂါဇာဒေသမှ ပါလက်စတိုင်းစစ်သွေးကြွများအပေါ် စစ်ဆင်ရေးများဆက်လက်လုပ်ဆောင်ခဲ့သင့်သည်ဟု အစ္စရေးနိုင်ငံသား ထက်ဝက်ကျော်က ထင်မြင်ကြောင်း စစ်တမ်းတစ်ခုအရ သိရသည်။

အမှီအခိုကင်းသော မာဂါမာဟော့စစ်တမ်းအရ စစ်တမ်းပြန်လည်ဖြေကြားသူ ၄၉ ရာခိုင်နှုန်းကအစ္စရေးအနေဖြင့် ၎င်းတို့နိုင်ငံတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်နေသည့် အဖွဲ့များကို ဆက်လက်ရှာဖွေနှိမ်နင်းသင့်သည်ဟု ထင်မြင်ကြသည်။ ၃၁ ရာခိုင်နှုန်းက စစ်ပွဲရပ်ရန် အစိုးရ၏ ဆုံးဖြတ်ချက်ကိုထောက်ခံပြီး ၂၀ ရာခိုင်နှုန်းက ထင်မြင်ချက်မပေးလိုဟု ပြန်ကြားကြသည်။

တုံ့ပြန်သူ ၂၉ ရာခိုင်နှုန်းက အစ္စရေးသည် မြေပြင်တပ်ဖွဲ့များဖြင့်ဂါဇာဒေသသို့ ဝင်ရောက်ခဲ့သင့်သည်ဟု ထင်မြင်ကြောင်းပြောသည်။ အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့သည် အပစ်အခတ်ရပ်စဲရန် နိုဝင်ဘာ ၂၁ ရက်က သဘောတူညီခဲ့သည်။

ယင်းစစ်တမ်းတွင် လူပေါင်း ၅၀၃ ဦး ပါဝင်ဖြေကြားခဲ့ပြီး အလွဲအမှားဖြစ်နိုင်ခြေ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟု သတင်းတွင်ဖော်ပြသည်။ အဆိုပါစစ်တမ်းတွင် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟု၏ လီကွတ်ပါတီနှင့် မဟာမိတ်ပါတီတို့မှာ လူထုထောက်ခံမှုအနည်းငယ်လျော့ကျခဲ့သော်လည်း သဘောထားတင်းမာသော အုပ်စုအနေဖြင့် နောက်လာမည့် အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်လိမ့်မည်ဟု စစ်တမ်းတွင်ပြသခဲ့သည်။ အစ္စရေးနိုင်ငံတွင် ရွေးကောက်ပွဲများကို ၂၀၁၃ ဇန်နဝါရီလ ၂၂ ရက်၌ ကျင်းပရန်လျာထားသည်။

*—Ref: PTI*



7 DAY NEWS JOURNAL
# International
Vol.11, No.38 • NOVEMBER 29 , 2012


Photo - Reuters

*ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာရှိ အရှုလီယာစက်မှုဇုန်တွင် တာဇရင်းဖက်ရှင်အဝတ်အထည်စက်ရုံ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူပေါင်း ၁၀၀ ကျော် သေဆုံးပြီး တိုင်းပြည်တွင် အဆိုးရွားဆုံး စက်ရုံမီးလောင်မှုဖြစ်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ဆိုသည်။ ပုံတွင် မီးလောင်မှုဖြစ်ပြီးနောက် အထည်စက်ရုံကို မီးသတ်သမားတစ်ဦးက စစ်ဆေးကြည့်ရှုနေစဉ်*

## ဘင်္ဂလားဒေ့ရှ်တွင် အထည်ချုပ်စက်ရုံ မီးလောင်မှုကြောင့် လူ ၁၀၉ ဦးသေဆုံး

### တိုင်းပြည်၏ အဆိုးရွားဆုံး စက်ရုံမီးလောင်မှုဖြစ်ခဲ့

**ဒါကာ၊ နိုဝင်ဘာ - ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံဒါကာမြို့အနီး အထပ်ကိုးထပ်ရှိသော အထည်ချုပ်စက်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်သားများကလူသေအလောင်း ၁၀၉ လောင်းကို တွေ့ရှိခဲ့သည်။ မီးလောင်နေစဉ် အလုပ်သမားများသည် ပြတင်းပေါက်များမှ ခုန်ချခဲ့ကြသည်။

ဒါကာမြို့မှ ၁၈ မိုင်အကွာ တက်စ်ရင်းဖက်ရှင်စက်ရုံ၌လောင်ကျွမ်းသောမီးမှာစက်ရုံ၏အောက်ဆုံးထပ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးသတ်သမားများက နာရီပေါင်းများစွာ အချိန်ယူမီးငြိမ်းသတ်ခဲ့ရသည်။

ယင်းစက်ရုံသည် နယ်သာလန်အခြေစိုက် C & A ကုမ္ပဏီနှင့် ဟောင်ကောင်အခြေစိုက် Fi & Fung ကုမ္ပဏီတို့အတွက် နိုင်ငံတကာ အမှတ်တံဆိပ်အဝတ်အထည်များ ထုတ်လုပ်ပေးနေသောစက်ရုံ ဖြစ်သည်။ လွတ်မြောက်ခဲ့သူများက အမျိုးသမီးစက်ရုံလုပ်သားများ မည်မျှ ထိတ်လန့်ကြောက်ရွံ့ခဲ့ရသည်ကို ပြန်လည်ပြောပြကြသည်။

စာမျက်နှာ(၄၅)သို့ »

## ရှစ်ရက်ကြာ အစ္စရေး-ဟားမားစ် စစ်ပွဲအတွင်း ဂါဇာဒေသတွင် ကန်ဒေါ်လာ တစ်ဘီလီယံဖိုး ဆုံးရှုံး

**ဂါဇာစီးတီး၊ နိုဝင်ဘာ - ၂၆**

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသအား ရှစ်ရက်ကြာ တိုက်ခိုက်မှုများကြောင့်ပျက်စီးမှုများမှာကန်ဒေါ်လာ ၁ ဒသမ ၂ သန်းကျော်ရှိကြောင်း ဟားမားစ်အစိုးရအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားသည်။

"အစ္စရေးရဲ့ရန်လိုမှုကြောင့် အပျက်အစီးစုစုပေါင်း ကုန်ကျစရိတ်ဟာ ကန်ဒေါ်လာ ၁ ဒသမ ၂၄၆ဘီလီယံရှိပါတယ်"ဟု မစ္စတာဟာ အယ်လ်နူနူက ဂါဇာစီးတီးတွင် သတင်းထောက်များအား ပြောသည်။

ဂါဇာဒေသအားအစ္စရေးက တစ်ပတ်ကျော်ကြာ ဝေဟင်မှဗုံးကြဲတိုက်ခိုက်မှုများကြောင့် တိုက်ရိုက် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ ၅၄၅ သန်းရှိပြီး တိုက်ရိုက်မဟုတ်သော ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ သန်း ၇၀၀ အထိရှိသည်ဟု ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

စာမျက်နှာ(၄၅)သို့ »

## ဗြိတိန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ လူနေအိမ်ပေါင်း ၈၀၀ နစ်မြုပ်

**လန်ဒန်၊ နိုဝင်ဘာ - ၂၆**

ဗြိတိန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့၍ အင်္ဂလန်နှင့် ဝေလပြည်နယ်တို့တွင်လူနေအိမ်ပေါင်း ၈၀၀ ကျော် ရေနစ်မြုပ်နေပြီး ဆက်လက်၍လည်း မိုးရွာသွန်းဦးမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရာရှိများက သတိပေးထားသည်။

လွန်ခဲ့သော သုံးရက်ကစ၍ မိုးသည်းထန်စွာရွာသွန်းနေမှုကြောင့် အင်္ဂလန် အနောက်တောင်ပိုင်း အီဆက်တာမြို့၌ သစ်ပင်လဲကျ၍ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး ဆမ်းမားဆက်ဒေသ၌ရေတက်လာစဉ် အမျိုးသားတစ်ဦး ကားတစ်စီးအတွင်းပိတ်မိသေဆုံးသွားသည်။

စာမျက်နှာ(၄၅)သို့ »


Photo - Getty Images

*အင်္ဂလန်နိုင်ငံ ယော့ခ်မြို့တွင် စက်တင်ဘာ ၂၆ ရက်က မြို့တော်တစ်လျှောက် Ouse မြစ်ရေလျှံမှုကြောင့် ရေကြီးစဉ် အမျိုးသမီးတစ်ဦးကို အမျိုးသားတစ်ဦးက ကူညီခေါ်ဆောင်လာစဉ်။ ဗြိတိန်အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လေပြင်းများနှင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြစ်ရေလျှံမှုများစွာ ဖြစ်ပေါ်ခဲ့သည်*

## ဘေးဒုက္ခကြီးများ ကျရောက်နိုင်ကြောင်း သတိပေးမှုဖြင့် ရာသီဥတု ဆွေးနွေးပွဲများ စတင်

**ဒိုဟာ၊ နိုဝင်ဘာ - ၂၅**

သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးကြိုးပမ်းမှုများ မအောင်မြင်ခဲ့ပါက ဆန်ဒီကဲ့သို့ စူပါမုန်တိုင်းမျိုးများ ပိုမို၍ အဖြစ်များလာနိုင်ကြောင်း သတိပေးချက်များ ထွက်ပေါ်နေစဉ်အတွင်း ရာသီဥတုဆွေးနွေးပွဲ တစ်ကျော့ပြန်စတင်လိုက်သည်။

နိုင်ငံပေါင်း ၂၀၀ နီးပါးမှ ဆွေးနွေးညှိနှိုင်းရေးမှူးများသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးကတိကဝတ်များကို ပြန်လည်သုံးသပ်ကြရန် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ရက်သတ္တပတ်နှစ်ပတ်ကြာ ဆွေးနွေးကြမည်ဖြစ်သည်။

စာမျက်နှာ(၄၅)သို့ »

**INTERVIEW**

**ဒီနေရာဟာ စွန့်ပစ်ခံရတဲ့ မိဘမဲ့ကလေးတစ်ယောက်လိုမျိုးပဲ**

ဂါဇာနှင့်အစ္စရေး ပဋိပက္ခအကြောင်း တိုင်းမ်မဂ္ဂဇင်း၏ အစ္စရေးသတင်းထောက် ကားလ်ဗစ်ခ်နှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »

**NEWS ANALYSIS**




**အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေး တာရှည်ခံမှာလား**

စာမျက်နှာ(၃၆)သို့ »

## ပြင်သစ်သို့ ရုရှားဝန်ကြီးချုပ် အလည်ရောက်စဉ် ဆီးရီးယားအရေး နှစ်နိုင်ငံပူးတွဲဖြေရှင်းသွားမည်ဟုဆို

စာမျက်နှာ(၄၅)သို့ »



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.38 • NOVEMBER 29 , 2012

# အတည်ပြုပြီး ဥပဒေကြမ်းအပေါ် သမ္မတကမှတ်ချက်ပြုခြင်းအား လွှတ်တော်ကိုယ်စားလှယ်အချို့ ဝေဖန်

**မင်းဟိန်းကျော်**
**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသောဥပဒေကြမ်းတစ်ခုအား နိုင်ငံတော်သမ္မတက သဝဏ်လွှာ ပေးပို့မှတ်ချက်ပြုခြင်းသည် ဥပဒေပြုခြင်းမဏ္ဍိုင်အား အုပ်ချုပ်ရေးမဏ္ဍိုင်နောက်တွင် ထားလိုသောသဘောဆောင်နေကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်ပြောကြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပို့လာသော ဥပဒေကြမ်းကိုနိုင်ငံတော်သမ္မတက ၁၄ ရက်အတွင်း သဘောထားမှတ်ချက်များပေး၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ပြီး ထိုသို့ပေးပို့ခဲ့သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်က ထပ်မံအတည်ပြုလိုက်လျှင် နိုင်ငံတော်သမ္မတအနေဖြင့် မှတ်ချက်ပေးခွင့်မရှိဘဲ လက်မှတ်ရေးထိုး ထုတ်ပြန်ရန်သာရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကဆိုသည်။

“လွှတ်တော် အဖွဲ့အစည်းတွေကို အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ တန်းတူရည်တူမထားချင်တာဟာ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးမဏ္ဍိုင်တွေကို အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ နောက်မှာပဲ ထားချင်တယ်ဆိုတဲ့သဘော ဖြစ်နေတယ်။ အရင်အစိုးရရဲ့ အကျင့်အတိုင်းပဲ လုပ်ချင်တဲ့ပုံပေါက်နေတယ်”ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောသည်။

၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းများနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ မှတ်ချက်နှင့် ပေးပို့လာသော ဥပဒေကြမ်းများအား ပြည်ထောင်စုလွှတ်တော်မှ ထပ်မံအတည်ပြုခဲ့သည့် ကိစ္စရပ်နှင့်ပတ်သက်၍ သမ္မတက သဝဏ်လွှာပေးပို့ မှတ်ချက်ပြုခဲ့ခြင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်အချို့က ဝေဖန်ခဲ့ကြပြီး အတည်ပြုပြီး ဥပဒေကြမ်းတစ်ခုအား ယခုကဲ့သို့ သဝဏ်လွှာပေးပို့ မှတ်ချက်ပြုခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

“နိုင်ငံပိုင်သတင်းစာတွေကနေ သမ္မတရဲ့ သဘောထားကိုဒီလို ထုတ်ပြန်တာဟာ သတင်းစာကနေပြည်သူကို စည်းရုံးတဲ့သဘောဖြစ်နေတယ်။ သမ္မတဟာပြန်ကန့်ကွက်ခွင့် မရှိတာကို ဒီလိုသဝဏ်လွှာပြန်ပို့တာဟာ အုပ်ချုပ်ရေးက ဥပဒေပြုရေးကို တစ်နည်းအားဖြင့် လွှတ်တော်ကိုစိန်ခေါ်တာပဲ” ဟု အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။

“ဥပဒေအရ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြီးသား ဥပဒေကို သမ္မတက မှတ်ချက်ပေးပြီး ပြန်ပို့ခွင့်မရှိဘူး။ ကျွန်တော်ကတော့ ဒီအတိုင်းပဲ အတည်ဖြစ်မယ်ထင်တယ်။ လွှတ်တော်အနေနဲ့ကတော့ ဘာမှဆက်လုပ်စရာမလိုတော့ဘူး”ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောသည်။

နိုင်ငံတော်သမ္မတအနေဖြင့် ဤဥပဒေကြမ်းများအား သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်မှသမ္မတထံပေးပို့ပြီး ခုနစ်ရက်အတွင်း ဥပဒေအဖြစ် အတည်ဖြစ်လာမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

“ဒီဥပဒေကို ကျွန်မတို့လွှတ်တော်ကတော့ အတည်ပြုပြီးပါပြီ။ ဥပဒေရဲ့သဘောတရားအရတော့ ပြင်ဆင်စရာမရှိပါဘူး။ သမ္မတက လက်မှတ်မထိုးလည်း ခုနစ်ရက်အတွင်း အတည်ဖြစ်ပါလိမ့်မယ်”ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုကပြောသည်။

ယခု ဥပဒေကြမ်းနှစ်ခုကို သက်ဆိုင်ရာ လွှတ်တော်များမှ နိုင်ငံတော်သမ္မတထံပေးပို့ခဲ့သော်လည်း သမ္မတမှ သဘောထားမှတ်ချက်များဖြင့် အချက်ဆယ်ချက်ကို ပြန်လည်ပေးပို့လာသဖြင့် လွှတ်တော်ကိုယ်စားလှယ်များက အချက်နှစ်ချက်ကို လက်ခံပြီး ကျန်ရှစ်ချက်ကို ပြည်ထောင်စု လွှတ်တော်၏ သဘောထားမှတ်ချက်ဖြင့်သာ ထားရှိရန် ဆုံးဖြတ်ခဲ့ခြင်းကိစ္စမှာ ပြန်လည်ပြင်ဆင်ရန် လိုအပ်မည်မဟုတ်ဟု ထင်မြင်ယူဆကြောင်း ဦးရဲထွန်းက ပြောသည်။

“သမ္မတရဲ့ အချို့အယူအဆတွေကို လက်မခံပါဘူး။ ဒီဥပဒေတွေဟာ လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ တိုင်ပင်ပြီး တစ်ပိုဒ်ချင်းစိစစ်ထားတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။ လွှတ်တော်ကဆုံးဖြတ်ပြီးသားကိစ္စရပ်တစ်ခုကို ဒီလိုထုတ်ပြန်ကြေညာတယ်ဆိုတော့ ဘယ်လိုသဘောလဲဆိုတာ မစဉ်းစားတတ်တော့ဘူး”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအုန်းကြိုင်က ပြောသည်။

အဆိုပါ ဥပဒေကြမ်းများအား ယခုနှစ်မတ်လ ၂၃ ရက်တွင် နိုင်ငံတော်သမ္မတထံပေးပို့ခဲ့ရာ အခြေခံဥပဒေပုဒ်မ ၁၀၆(က)အရ သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် မတ် ၃၀ ရက်တွင်ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သည့်အပြင် လွှတ်တော်ဆိုင်ရာကော်မတီ၊ ကော်မရှင်များသည် ပြည်ထောင်စုအဆင့် သတ်မှတ်သည့်ကိစ္စရပ်အား အခြေခံဥပဒေခုံရုံးသို့ တင်ပြအဆုံးအဖြတ်ယူခြင်းကိုပြုလုပ်ခဲ့သဖြင့် ခုံရုံးမှလွှတ်တော်များ၏ စွပ်စွဲပြစ်တင်ခံရပြီး ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နုတ်ထွက်သွားခဲ့ရသည်။

ယခု ကျင်းပပြီးစီးခဲ့သည့် ပဉ္စမအကြိမ် ပုံမှန်လွှတ်တော် အစည်းအဝေးများတွင် သမ္မတ၏ သဘောထားမှတ်ချက်များနှင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းများအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးခဲ့ပြီး မှတ်ချက်ဆယ်ခုအနက် နှစ်ခုအား သဘောတူပြီး ကျန်ရှစ်ခုအား လွှတ်တော်များ၏ မူလဆုံးဖြတ်ချက်အတိုင်း ထားရှိအတည်ပြုခဲ့ကာ ပြည်သူ့လွှတ်တော်ကလည်း အမျိုးသားလွှတ်တော်၏ သဘောထားအတိုင်း အတည်ပြုခဲ့သဖြင့် ဥပဒေအရ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုသည့်အတိုင်းဖြစ်ခဲ့ပြီး ယခုလ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် ပေးပို့ခဲ့သည်။

အဆိုပါပေးပို့ခဲ့သည့်ဥပဒေများအပေါ် နိုင်ငံတော်သမ္မတမှ ယခုလ ၂၄ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ သဝဏ်လွှာပေးပို့ခဲ့ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန် လိုအပ်သကဲ့သို့ အပြန်အလှန်ထိန်းကျောင်းမှုပြုရန်ဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်ရန်လိုကြောင်း သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြခဲ့သည်။

အခြေခံဥပဒေပုဒ်မ ၁၀၆ (ခ)နှင့်(ဂ)တို့တွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း(သို့မဟုတ်) သမ္မတ၏ မှတ်ချက်ကို လက်မခံဘဲ မူလအတိုင်း အတည်ပြုသောဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ သမ္မတသည် ဥပဒေကြမ်း ပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက် အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊ လက်မှတ်ရေးထိုးခြင်း မပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့တွင် ဥပဒေကြမ်းသည် သမ္မတလက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်ဟု ပြဋ္ဌာန်းထားသည်။

## စပါးခင်းထဲမှ ဆင်ရိုင်းမောင်းထုတ်စဉ် ဆင်ရိုင်းနင်း၍သေ

**အေးမြတ်သူ**
ရန်ကုန်၊နိုဝင်ဘာ-၂၆

တိုက်ကြီးမြို့နယ် ဒီးဒုတ်တွင်းရွာပြင် လယ်ကွင်းအတွင်း အမျိုးသားတစ်ဦး တောဆင်ရိုင်းအနင်းခံရ၍ သေဆုံးသွားကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိ သည်။

သေဆုံးသူသည်ယခုလ ၂၃ရက်ည ၁၁နာရီအချိန်တွင်စပါးခင်းထဲသို့တောဆင်ရိုင်းဝင်သောကြောင့် ဇနီးဖြစ်သူနှင့်အတူ ခြောက်လှန့်မောင်းထုတ်နေစဉ် ၎င်းအား တောဆင်ရိုင်းက အစွယ်နှင့်ထိုးကာ ဦးခေါင်းအား နင်းချေ ခဲ့သဖြင့် ဦးခေါင်းပြား၊ ဦးနှောက်ထွက်ကာ ဝဲဘက်လက်ပြင်ရိုးကျိုး၍ သေဆုံးသွားကြောင်း သတင်း ရရှိသည်။



မိုးကုတ်မြို့ရှိ ပတ္တမြားလုပ်ကွက်တစ်ခု

## အမေရိကန်၏ ဆက်လက်ပိတ်ဆို့ထားမှုကြောင့် ကျောက်စိမ်းကျောက်မျက် တူးဖော်ရောင်းချသူများ အခက်တွေ့ဟုဆို

**မိုးညို**
**ရန်ကုန်၊နိုဝင်ဘာ-၂၅**

အမေရိကန်သမ္မတ အိုဘားမား မြန်မာနိုင်ငံသို့ မရောက်မီ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော ပိတ်ဆို့အရေးယူမှု သက်ညှာခွင့်ထုတ်ပြန်ချက်တွင် မြန်မာ့ပတ္တမြား၊ ကျောက်စိမ်းနှင့် တွင်းထွက်ပစ္စည်းတင်သွင်းမှုများကို ချန်လှပ်ထားခဲ့သဖြင့် ကျောက်စိမ်း၊ ကျောက်မျက်ရတနာ တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းရှင်များ အခက်အခဲများ ကြုံတွေ့နေရသေးကြောင်း အဆိုပါ လုပ်ငန်းရှင်များက ပြောသည်။

မြန်မာနိုင်ငံ၏ ကျောက်စိမ်းကျောက်မျက် စီးပွားရေးလုပ်ငန်းများသည် ယခင်တပ်မတော်အစိုးရလက်ထက်အတွင်း အဓိက အထောက်အပံ့ဖြစ်သော သယံဇာတလုပ်ငန်းများဖြစ်ခြင်း၊ လက်ရှိလုပ်ငန်းကြီးများတွင် အဓိကလုပ်ငန်းရှင်ကြီးများမှာ ယခင်အစိုးရလက်ထက်က အထူးအခွင့်ခံ (ခရိုနီ) လုပ်ငန်းရှင်ကြီးများ လက်ဝါးကြီးအုပ်ထားခြင်း၊ ကျောက်မျက်အသင်းအဖွဲ့များတွင် အဓိက ဦးဆောင်လှုပ်ရှားသူများသည် အမေရိကန်နိုင်ငံ၏ စိုးရိမ်မကင်းသံသယရှိသူများတွင် ပါဝင်နေခြင်းစသည်တို့ကြောင့် ယခုလို ပိတ်ဆို့အရေးယူမှု သက်ညှာခွင့်တွင် မပါဝင်ခြင်းဖြစ်နိုင်ကြောင်း အမည်မဖော်လိုသူ ကျောက်စိမ်း၊ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

“ဒီလုပ်ငန်းအတွက် လျှော့ပေါ့တာဖြစ်ဖြစ်၊ ရုပ်သိမ်းတာဖြစ်ဖြစ် တစ်ခုခုကိုတော့ တောင်းဆိုလိုပါတယ်။ အမေရိကန်ရဲ့ မူဝါဒအရ ဒီလုပ်ငန်းတွေမှာ သူတို့အတွက် စိုးရိမ်စရာ စီးပွားရေးအထောက်အပံ့တွေ ဖြစ်သွားမှာလို့ သူတို့ယူဆနေကြတယ်”ဟု SP Gems & Jewellery ပတ္တမြားရောင်းဝယ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ဇင်ကလည်း ပြောသည်။

လက်ရှိအချိန်တွင် မြန်မာ့ပတ္တမြားနှင့်ကျောက်စိမ်းဈေးကွက်မှာ အဓိကအားဖြင့် တရုတ်အပါအဝင် အာဆီယံနိုင်ငံများသို့ အဓိက တင်ပို့နေသော်လည်း အရိုင်းထည်အများစုကိုသာ တင်ပို့နေရသေးသည်။ ထို့အတူ ကျောက်စိမ်းလုပ်ကွက် နေရာများဖြစ်သည့် ကချင်ပြည်နယ် ဖားကန့်ဒေသနှင့် အခြားသော မြို့နယ်များတွင် မြန်မာ့တပ်မတော်နှင့် KIA တို့၏ တစ်နှစ်ကျော်ကြာ စစ်ပွဲကြောင့် လုပ်ကွက်အချို့ရပ်နားထားရပြီး ကျောက်စိမ်းထွက်ရှိမှုပမာဏ ကျဆင်းလာခဲ့သည်ဟုမြစ်ကြီးနားမြို့မှကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ထွက်ရှိသည့် ပတ္တမြားမှာလည်း မိုးကုတ်မြို့အပါအဝင် အခြားထွက်ရှိသည့် မြို့နယ်များတွင် အထွက်နှုန်းများ ကျဆင်းလာကြောင်း မိုးကုတ်မြို့မှ ပတ္တမြား လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အမေရိကန်နိုင်ငံသည် ၁၉၈၈ နောက်ပိုင်းမှစတင်ကာ မြန်မာနိုင်ငံအား ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းအချို့ကိုစတင်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီး ယခု နိုဝင်ဘာလလယ်ခန့်က အမေရိကန်သမ္မတ အိုဘားမား မြန်မာပြည်သို့ မလာရောက်မီ နှစ်ရက်အလိုတွင် မြန်မာပြည်အပေါ် ပိတ်ဆို့မှုများကိုဖြေလျှော့ပေးခဲ့သည်။ ထိုသို့ဖြေလျှော့မှုများတွင် မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတပစ္စည်းများ တင်ပို့မှုနှင့် ပတ်သက်၍ ဖြေလျှော့မှုပါဝင်လာခြင်း မရှိသောကြောင့် သတ္တုတူးဖော်သူများအကြား ဝေဖန်သံများ ထွက်ပေါ်လာခြင်းဖြစ်သည်။

# ဂရင်းမီးရထားနှင့် FMI စင်တာကို ဖြိုဖျက်ကာ ယင်းမြေတွင် ဟိုတယ်၊ ကွန်ဒိုအပါအဝင် စီမံကိန်းသစ်များ ဆောင်ရွက်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

ရန်ကုန်မြို့လယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ ဂရင်းမီးရထား Residences နှင့် FMI စင်တာနေရာများတွင် အဆောက်အအုံသစ်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း FMI ဥက္ကဋ္ဌက ပြောကြားသည်။

အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် ဂရင်းမီးရထား Residences ကို တစ်နှစ်အတွင်း ဖြိုဖျက်သွားမည် ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောသည်။

၎င်းအဆောက်အအုံများနှင့် တစ်ဝန်းထဲရှိ မီးရထားရုံးချုပ်အဆောက်အအုံဟောင်း နေရာကိုမူ ရှေးမူမပျက် ပြန်လည်ပြုပြင်၍ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်အဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖြိုဖျက်မည့် နေရာတွင် ဟိုတယ်နှစ်လုံး၊ ကွန်ဒိုမီနီယမ် တစ်လုံး၊ Serviced Apartment တစ်လုံး၊ ရုံးခန်းတိုက်နှစ်လုံးနှင့် ရန်ကုန်မြို့၏ အကြီးဆုံး ရှော့ပင်းစင်တာတို့ ပါဝင်မည်ဖြစ်ကြောင်း ဦးသိမ်းဝေက ပြောသည်။ ယင်းနေရာမှာ အကျယ်အဝန်းအားဖြင့် ၁၀ ဧကရှိကြောင်း သိရသည်။



*မကြာမီဖြိုဖျက်မည်ဆိုသည့် ဂရင်းမီးရထား Residences* **ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)**

မီးရထားရုံးချုပ် အဆောက်အအုံဟောင်းကို ပြုပြင်မည့်အထဲတွင် အခန်းပေါင်း ၈၀ ရှိသော ကြယ်ငါးပွင့်အဆင့်ရှိသည့် ဟိုတယ်အပြင် မင်္ဂလာခန်းမနှင့် မြန်မာ့မီးရထား၏ သမိုင်းဝင် အချက်အလက်များကိုပြတိုက်အဖြစ် ပြသမည့် အစီအစဉ်များပါ ပါဝင်ကြောင်း သိရသည်။

အဆိုပါအဆောက်အအုံ၏ အောက်တွင် ကားစီးရေ ၁,၃၀၀ ရပ်နားနိုင်သော ကားပါကင်ထည့်သွင်းမည်ဖြစ်သည်ဟုဆိုသည်။

မကြာမီ စီမံကိန်း၏ ပထမအဆင့်ကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာတွင်လည်း ဖော်ပြထားသည်။

ရှေးမူမပျက် ပြန်လည်မွမ်းမံမည့် မီးရထားရုံးဟောင်း အဆောက်အအုံသည် ၁၈၇၇ ခုနှစ် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ပြီး ကိုလိုနီခေတ်ကျန် ရှေးဟောင်းအဆောက်အအုံဖြစ်ကာ Heritage Trust Zone ပါဝင်ထားသော အဆောက်အအုံဖြစ်သည်။

“မီးရထား ရုံးချုပ်ကိုတော့ ဒီအတိုင်းကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်လုပ်မယ်ပြောတယ်။ ဒါပေမဲ့ တစ်ခုစိုးရိမ်တာက နောက်ဆောက်မယ့် အဆောက်အအုံက ဒီအဆောက်အအုံကို လွှမ်းမိုးတဲ့ဟာမဖြစ်သင့်ဘူး” ဟုရှေးဟောင်းအဆောက်အအုံထိန်းသိမ်းရေးပြုလုပ်နေသောမြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောသည်။

# စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရန် ငြိမ်းချမ်းရေးနှင့် တန်းတူအခွင့်အရေးရှိရမည်ဟု တိုင်းရင်းသားခေါင်းဆောင်များပြောကြား

**အိဖြူလွင်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ငြိမ်းချမ်းရေး မရှိဘဲ မဖြစ်နိုင်သကဲ့သို့ တန်းတူအခွင့်အရေး မရှိဘဲငြိမ်းချမ်းရေးမရှိနိုင်သည့်အတွက် အချင်းချင်း ယုံကြည်မှုတည်ဆောက်နိုင်ရေး ဆွေးနွေးရန် လိုအပ်ကြောင်း ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောကြားလိုက်သည်။

ရှမ်းတိုင်းရင်းသား အဖွဲ့အစည်းပေါင်းစုံပါဝင်သောငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ဆွေးနွေးပွဲတွင် ဦးခွန်ထွန်းဦးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲကို ယနေ့နံနက်မှစ၍ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ငါးခုနှင့် ရှမ်းနိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တိုင်းရင်းသားများအရေးနှင့် တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးနှင့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးတို့အတွက် ၃ ရက်ကြာ ဆွေးနွေးကြမည်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံကြုံတွေ့နေရသည့် အကျပ်အတည်းတွင် တိုင်းရင်းသားပြဿနာသည် အဓိကဖြစ်နေပြီး တိုင်းရင်းသားပြဿနာ ပြေလည်နိုင်ရန် စစ်မှန်သည့်ဖက်ဒရယ်စနစ်တည်ထောင်နိုင်ရန်လိုအပ်သည်ဟု ဦးခွန်ထွန်းဦးက ပြောကြားခြင်း ဖြစ်သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သော ရှမ်းပြည်တိုးတက်ရေးပါတီက ၎င်းတို့၏ သဘောထားအမြင်ကို ပြောကြားရာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး ဒီမိုကရေစီအရေးနှင့် အတူ တိုင်းရင်းသားအရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုတိုင်းရင်းသားလူမျိုးအများစုလိုလားသည့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံသောဖက်ဒရယ်ပြည်ထောင်စုမူနှင့် အစားထိုးရန် လိုအပ်သည်ဟု ပါတီနာယက ဒုတိယဗိုလ်ချုပ်ကြီးစဝ်ဆေထင်က ဆိုသည်။

လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုကို ဦးဆောင်ဆွေးနွေးနေသည့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကလည်း တိုင်းရင်းသား အဖွဲ့အစည်းများကို အာမခံနိုင်သည်မှာ နိုင်ငံရေးဆွေးနွေးပွဲများကို လက်ရှိနိုင်ငံရေး ဖြစ်ထွန်းမှုများက ခွင့်ပြုသော ကိစ္စရပ်များအားလုံး၊ အနာဂတ်ငြိမ်းချမ်းရေးတည်ဆောက်မည့် လိုအပ်ချက်များအားလုံး ပါဝင်မည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ ပါဝင်နိုင်ရန် လက်တွေ့ကျသည့် နည်းလမ်းဖြင့် အစွမ်းကုန်ဆောင်ရွက်သွားမည်ဟုပြောကြားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရှမ်းပြည်ပြန်လည်တည်ထောင်ရေးကောင်စီ (RCSS)၏ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် စဝ်ဘောင်ခေးက ၎င်းတို့သည် လက်မှတ်ထိုးပြီးသည့် တစ်နှစ်ကျော်ကာလအတွင်း အစိုးရတပ်၏ တိုက်ခိုက်မှု အကြိမ် ၄၀ ခန့် ဖြစ်ပေါ်ခဲ့သည့်အတွက် လက်မှတ်ထိုးထားသည့် သဘောတူညီချက်များကို အပြန်အလှန်လေးစားလိုက်နာသင့်ပြီး အပြောတွင်တစ်မျိုး လက်တွေ့တွင်တစ်ဖုံမလုပ်သင့်ပါဟု ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် တစ်ဖက်တည်း တည်ဆောက်၍ မရနိုင်ဘဲ နိုင်ငံရေးပါတီများ၊ ပြည်သူလူထုများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ခွင့်ရမှသာ အစိုးရနှင့် ပူးပေါင်း၍ ဒီမိုကရေစီနိုင်ငံအစစ်ကို တည်ဆောက်နိုင်မည်ဟု စဝ်ဘောင်ခေးက ဆက်ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် ရှမ်းပြည်နယ် ပြန်လည်တည်ထောင်ရေးကောင်စီ (RCSS/SSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ အမျိုးသားရေးဒီမိုကရေစီ မဟာမိတ်တပ်မတော် ရှမ်းပြည်နယ် အရှေ့ပိုင်း (NDAA)မိုင်းလား၊ ရှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA ပြည်သူ့စစ်) နှင့် ရှမ်းအမျိုးသမီးလှုပ်ရှားမှုကွန်ရက် (SWAN-Thai) စသည့်လက်နက်ကိုင်အဖွဲ့အစည်း ငါးခုနှင့် ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ တိုင်းလိုင်ရ(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီစသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

# ကပ္ပလီပင်လယ်ပြင်မှ တိမ်တိုက်များကြောင့် ရန်ကုန်တွင် မိုးရွာ

**မိုးညို**

**ရန်ကုန်၊နိုဝင်ဘာ-၂၇**

ရန်ကုန်မြို့တွင် ယနေ့ရွာသွန်းနေသောမိုးမှာ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိမ်တိုက်များကြောင့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်ကပြောသည်။

“ကပ္ပလီပင်လယ်ပြင်မှာဖြစ်နေတဲ့ တိမ်တိုက်တွေကို စောင့်ကြည့်ရမယ်။ အခုမိုးရွာနေတာ နောက်ရက်တွေမှာ ရပ်သွားမယ်ဆိုရင် ပို အားကောင်းလာနိုင်တယ်။ မုန်တိုင်းအဖြစ် ပြောင်း၊ မပြောင်းကို ဆက်လက်စောင့်ကြည့်ရမယ်” ဟု ဦးချစ်ကျော်က ဆိုသည်။

ကပ္ပလီပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိမ်တိုက်ကြောင့် ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုများ ဆက်လက်အားကောင်းနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော တောင်သူလယ်သမားများ၊ ပင်လယ်ပြင်တွင် ရေလုပ်ငန်းလုပ်ကိုင်သောရေလုပ်သားများအတွက် အထူးသတိထား လုပ်ကိုင်ရမည်ဖြစ်ကြောင်း ၎င်းကသတိပေးပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များအရ ယခုနှစ်ဆောင်းတွင်း၌ ပုံမှန်မဟုတ်သော မိုးရွာသွန်းနိုင်ပြီး လာမည့်ဒီဇင်ဘာလတွင် ဘင်္ဂလားပင်လယ်အော်၌ အနည်းဆုံး မုန်တိုင်းတစ်လုံး ဖြစ်နိုင်ကြောင်း ခန့်မှန်းထားသည်။

# ပြည်သူ့လွှတ်တော်ဥပဒေသည် သမ္မတလက်မှတ် မထိုးဘဲ အတည်ပြုပြဋ္ဌာန်းသည့် ပထမဆုံးဥပဒေဖြစ်

**မင်းဟိန်းကျော်**

**ရန်ကုန်၊နိုဝင်ဘာ-၂၇**

ယခုလ ၂၆ ရက် နေ့စွဲဖြင့် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသော ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေသည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းအတွင်း ပထမဆုံးအကြိမ် သမ္မတလက်မှတ်ရေးထိုးခြင်းမပြုဘဲ အတည်ပြုပြဋ္ဌာန်းသော ဥပဒေတစ်ခုဖြစ်လာကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ၎င်း၏အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

“ဥပဒေဖော်ပြရာမှာ နိုင်ငံတော်သမ္မတ လက်မှတ်မပါတာဟာ မှားယွင်းမှုမဟုတ်ကြောင်းနဲ့ အဲဒီဥပဒေဟာပထမအကြိမ်ပြည်ထောင်စုလွှတ်တော်သက်တမ်းမှာ ပထမဆုံးသမ္မတ လက်မှတ်မထိုးဘဲ အတည်ပြုပြဋ္ဌာန်းတဲ့ ဥပဒေလည်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်” ဟု ဦးရဲထွဋ်ကရေးသားထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၆ (ဂ)အရ ပြည်ထောင်စုလွှတ်တော်မှပြန်လည်ပေးပို့သော ဥပဒေကြမ်းသည် သမ္မတလက်မှတ်ရေးထိုးခြင်း မပြုလျှင်ပင် ခုနစ်ရက်အတွင်း ဥပဒေအတည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်အရ အဆိုပါဥပဒေ အတည်ဖြစ်လာခြင်းဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သော ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းများကို ယခုလ ၁၈ ရက်တွင် သမ္မတလက်မှတ်ရေးထိုးနိုင်ရန် တင်ပြခဲ့ပြီး သမ္မတ၏ သဘောထားမှတ်ချက်များ ပါဝင်သော သဝဏ်လွှာများကို ယခုလ ၂၃ ရက်တွင်ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့ခဲ့ပြီးနောက် သမ္မတ၏ လက်မှတ်မပါဝင်ဘဲ ယခုလ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ဥပဒေဖြစ်သည်။

# ရခိုင်ပြည်နယ်တွင် ဒုက္ခသည် ခြောက်သိန်းကျော်အတွက် ကန်ဒေါ်လာသန်း ၄၀ ကျော် လိုအပ်နေ

**အောင်သူရ၊ အောင်နိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၇**

ရခိုင်ပြည်နယ်ရှိဒုက္ခသည်ခြောက်သိန်းကျော်အတွက် စားနပ်ရိက္ခာနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကူအညီ ဒေါ်လာသန်း ၄၀ ကျော် လိုအပ်နေကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

၂၀၁၂ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်တွင် ဒုက္ခသည်ဦးရေ တစ်သိန်းတစ်သောင်းကျော်၊ ၂၀၁၀ ပြည့်နှစ်အတွင်း ရေကြီးမှုနှင့် တောင်ပြိုမှုများကြောင့် ဒုက္ခသည် ၁၉,၀၀၀ ခန့်၊ ဂီရိမုန်တိုင်းကြောင့် ဒုက္ခသည် ၂၆၀,၀၀၀ ခန့်နှင့် အကြောင်းအမျိုးမျိုးကြောင့် စားနပ်ရိက္ခာ အခက်အခဲများနှင့် ရင်ဆိုင်နေရသူ နှစ်သိန်းအပါအဝင် လက်ရှိအချိန်တွင် ဒုက္ခသည်ဦးရေ ခြောက်သိန်းကျော်မှာ အရေးပေါ် အကူအညီများ လိုအပ်နေသည်ဟု နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ပြောကြားသည်။

နိုဝင်ဘာ ၂၁ ရက်က ကုန်သည်စက်မှုအသင်းချုပ်တွင် ကျင်းပသော ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ချက် ထုတ်ပြန်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

စားနပ်ရိက္ခာ၊ ရေ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အကူအညီများ ပေးအပ်ရန် ထိုပမာဏ လိုအပ်နေခြင်းဖြစ်သည်ဟု UNOCHA ပေါင်းစပ်ညှိနှိုင်းရေးတာဝန်ခံ မစ္စတာ Ashock Nigamm လည်း ထပ်လောင်းပြောကြားသည်။

"အစိုးရက သူ့လမ်းကြောင်းနဲ့ သူဆောင်ရွက်တာပေါ့။ ကျွန်တော်တို့ကတော့ ပြည်တွင်းအလှူရှင်တွေရဲ့ထောက်ပံ့မှုနဲ့ ဒုက္ခသည်တွေကို ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ရခိုင်ပြည်နယ်ကူညီစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

# ၂၀၁၂ ခုနှစ်အတွက် တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်မည့် ဩဇာလွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်စာရင်းတွင် သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် ပါဝင်

**နိုဝင်ဘာ - ၂၆**



ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းက ၂၀၁၂ ခုနှစ်အတွက် ဩဇာအရှိဆုံး ပုဂ္ဂိုလ် လျာထားစာရင်းတွင် မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်တို့ ပူးတွဲပါဝင်လျက်ရှိသည်။

အဆိုပါစာရင်းတွင် အမေရိကန်သမ္မတ အိုဘားမား၊ အီဂျစ်သမ္မတ မိုဟာမက်မော်စီ၊ မြောက်ကိုရီးယား ခေါင်းဆောင်သစ် ကင်ဂျုံအမ်တို့ပါဝင်သလို တရုတ်သမ္မတနှင့် ဝန်ကြီးချုပ်သစ်၊ ကန်သမ္မတရွေးကောက်ပွဲ စိန်ခေါ်သူ မစ်ရွမ်းနေနှင့် ပေါလ်ရိုင်ယန်တို့လည်း ပါဝင်သည်။ ထို့အပြင် ယင်းစာရင်း၌ 'Gangnam Style' သီချင်းရေးစပ်သူ တောင်ကိုရီးယားအဆိုတော်PSY၊ပါကစ္စတန်မှ အမျိုးသမီးပညာရေးလှုပ်ရှားသူ ကျောင်းသူမာလာလာ၊ ရုရှားနိုင်ငံမှ ပန့်ဂီတအဖွဲ့ Pussy Riot တို့လည်း ပါဝင်သည်။

သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့မှာ လောလောဆယ် မဲပေးထားသော စာရင်းအရ နံပါတ် ၁၄ နေရာတွင် ရောက်ရှိနေသည်။

တိုင်းမ်မဂ္ဂဇင်း စာဖတ်သူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာပုဂ္ဂိုလ်က ဒီဇင်ဘာ ၁၂ ရက် ည ၁၁ နာရီ ၅၉ မိနစ်အထိ မဲပေးနိုင်ပြီး လူထုအကြိုက်ဆုံးကို ဒီဇင်ဘာ ၁၄ ရက်တွင် ကြေညာမည်ဖြစ်ပြီး Person of the Year ဆုကိုမူ တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာများက ရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါ တိုင်းမ်မဂ္ဂဇင်း၏ လျာထားစာရင်းတွင် သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြောင်းကို တိုင်းမ်မဂ္ဂဇင်းအရှေ့အာရှနှင့် တရုတ်ဗျူရိုအကြီးအကဲ မစ္စစ်ဟန်နာဘိချ်က မိတ်ဆက်ရေးသားထားသည်။ မြန်မာသမ္မတနှင့်ဒေါ်အောင်ဆန်းစုကြည်တို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်ပေါင်း ၅၀ ခန့် စစ်ရေးအုပ်ချုပ်မှုအောက် ရောက်ခဲ့သော တိုင်းပြည်အား ပြုပြင်ပြောင်းလဲလာစေခဲ့ကြောင်းဖော်ပြထားသည်။

ထို့အပြင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ပိုမိုခိုင်မာလာစေခဲ့သည်ဟု မစ္စစ်ဟန်နာက ဆက်လက်ရေးသားကာ လူမျိုးရေးမငြိမ်သက်မှုကို ဖြေရှင်းရေးအပါအဝင် လုပ်ဆောင်စရာများစွာ ရှိသေးသော်လည်းမြန်မာနိုင်ငံမှာဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ် လမ်းမှန်ပေါ် ရောက်လာနိုင်သည်ဟု ရေးသားထားသည်။

# Sky Net က ပရီးမီးယားလိဂ်နှင့် နှစ်ရာသီစာ ထုတ်လွှင့်မှုအတွက် စာချုပ်ချုပ်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၇**

ပုဂ္ဂလိကရုပ်သံလိုင်းဖြစ်သော Sky Net က အင်္ဂလန်နိုင်ငံ ပရီးမီးယားလိဂ် ဘောလုံးပွဲစဉ်များကို လာမည့် ၂၀၁၃-၁၄ နှင့် ၂၀၁၅-၁၆ နှစ်ရာသီစာ ထုတ်လွှင့်မှုကို ရရှိသွားပြီဖြစ်ကြောင်း ယင်းရုပ်သံလိုင်း၏ အရောင်းဌာန တာဝန်ရှိသူဖြစ်သော ဒေါက်တာ သိန်းသန်းဦးက ပြောသည်။

Sky Net ရုပ်သံလိုင်းအနေဖြင့် ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်များအား လာမည့်နှစ်ရာသီစာကိုပြသနိုင်ရန်အတွက် ပရီးမီးယားလိဂ်နှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုလိုက်သည့် ပထမဆုံးပုဂ္ဂလိကရုပ်သံလိုင်းဖြစ်လာသည်ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ပရီးမီးယားလိဂ်၏ အမှုဆောင်အရာရှိချုပ် ရစ်ချက်စကူဒါမိုးက "ယခုလို မြန်မာနိုင်ငံက Sky Net ရုပ်သံလိုင်းဟာ ပရီးမီးယားလိဂ်မှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုပါတယ်။ ကျွန်တော်တို့ အနေနနဲ့လည်း ရှေ့ဆက်ပြီးတော့ မြန်မာနိုင်ငံက ပရီးမီးယားလိဂ် ပရိသတ်တွေအတွက် ပိုပြီးခိုင်မာတဲ့ တိုးတက်မှုကို ရရှိအောင် ဆောင်ရွက်သွားပါမယ်"ဟု ၎င်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

ယခုနှစ်ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်များကို ပြသနိုင်ခဲ့ခြင်း မရှိသည့်အတွက် Sky Net ရုပ်သံလိုင်းကို ဝယ်ယူတပ်ဆင်ထားသည့် ကြည့်ရှုသူများ၏ ဝေဖန်ခြင်းကို ခံခဲ့ရသည်။

ယခုလက်ရှိအချိန်တွင် ESPN, Star Sports တို့နှင့် စာချုပ်ချုပ်ဆိုထားသည့် MRTV -4 ၏ ဆက်စပ်ရုပ်သံလိုင်းများတွင်ပြသနေသော ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်များ လာမည့်နှစ်တွင် ဆက်လက်ထုတ်လွှင့်ပြသမည်၊ မပြသမည်ကို အတိအကျ မသိရှိရသေးကြောင်း ယင်းရုပ်သံလိုင်းမှ တာဝန်ရှိသူ တစ်ဦးဖြစ်သော ကိုထွန်းနေစိုးက ပြောသည်။

ထို့အပြင် ပြည်တွင်းရှိပုဂ္ဂလိကရုပ်သံလိုင်းနှစ်ခုဖြစ်သော Forever Group ကုမ္ပဏီနှင့် ရွှေသံလွင်မီဒီယာ၏ Sky Net ရုပ်သံလိုင်းတို့သည် ပရိသတ်စိတ်ဝင်စားမှု အများဆုံးဖြစ်သော ပရီးမီးယားလိဂ်နှင့် ချန်ပီယံလိဂ်ဘောလုံးပွဲစဉ်များကို ဦးသူစနစ်ဖြင့် ပြည်ပရုပ်သံလိုင်းများထံမှ ဝယ်ယူကာ ပြသနေကြခြင်းအပေါ် ပြည်တွင်းဘောလုံး ဝါသနာရှင်များက စိတ်ပျက်လျက်ရှိကြကြောင်း သိရသည်။

# သမ္မတဦးသိန်းစိန်အား ငြိမ်းချမ်းရေးမြှတ်နိုးသူဆု ချီးမြှင့်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၇**

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား International Crisis Group မှ ၂၀၁၃ ခုနှစ်အတွက် ငြိမ်းချမ်းရေးမြှတ်နိုးသူဆုကို ချီးမြှင့်မည်ဖြစ်ကြောင်းယင်းအဖွဲ့ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါဆုအားလာမည့်ဧပြီ ၂၂ ရက်တွင် နယူးယောက်မြို့၌ သမ္မတဦးသိန်းစိန်နှင့်အတူ ဘရာဇီးသမ္မတဟောင်း Luiz Inacio Lula Da Silva တို့အား ချီးမြှင့်မည်ဖြစ်ပြီး ညစာစားပွဲဖြင့်လည်း ဂုဏ်ပြုသွားမည်ဖြစ်သည်။

International Crisis Group ၏ In Pursuit of Peace ဆုသည် ကမ္ဘာတစ်လွှားဆိုးရွားသော ပဋိပက္ခများကို ကာကွယ်ခြင်းနှင့် ဖြေရှင်းရာတွင် ထူးချွန်သောသူများကို ပေးအပ်သောဆုဖြစ်သည်။

သမ္မတဦးသိန်းစိန်အား ယခုကဲ့သို့ ဆုပေးအပ်ခြင်းသည် နိုင်ငံတကာမိသားစုမှ ယုံကြည်မှုတည်ဆောက်ခြင်းဖြစ်သောကြောင့် ရရှိထားသည့် ယုံကြည်မှုများကို ခိုင်မာသည်ထက် ခိုင်မာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီက သုံးသပ်ပြောကြားသည်။

International Crisis Group သည် In Pursuit of Peace ဆုကို ချီးမြှင့်လာခဲ့သည်မှာ သက်တမ်းရှစ်နှစ်ကျော်ရှိခဲ့ပြီး ၎င်းဆုကို ရရှိထားသူများ စာရင်းတွင် အမေရိကန်သမ္မတများဖြစ်ကြသော ဝီလျံဂျက်ဖာဆင်၊ ဘီလ်ကလင်တန်၊ ဂျော့ချ်အိပ်ချ်ဒဗယ်လျူဘုရှ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Martti Ahtisaari နှင့် Ellen Johnson Sirleaf သူဌေးကြီး ဂျော့ဆိုးရော့စ် တို့ ပါဝင်သည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Northwest စိုက်ပျိုးရေးနှင့် သစ်တောတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ချီးမြှင့်ထားသည်။

လက်ရှိအချိန်တွင်လည်း ၂၀၁၂ ခုနှစ် ကမ္ဘာ့ထိပ်တန်းတွေးခေါ်မြော်မြင်သူများ (100 Top Global Thinkers 2012) စာရင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပူးတွဲပထမရရှိထားသူ ဖြစ်သည်။

ထို့ပြင် တိုင်းမ်မဂ္ဂဇင်း၏ နှစ်စဉ်ရွေးချယ်လေ့ရှိသော ကမ္ဘာ့ဩဇာအကြီးမားဆုံး ပုဂ္ဂိုလ်များ စာရင်းတွင် စကာတင်ရွေးချယ်ထားသော လူပုဂ္ဂိုလ် ၄၀ ဦးတွင် အဆင့် ၁၄ နေရာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် ရပ်တည်နေသည်။

နိုင်ငံတကာပဋိပက္ခတားဆီးရေးအဖွဲ့သည် အမြတ်အစွန်းမယူသော အစိုးရနှင့်မသက်ဆိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပြီး ပြဿနာ၊ ပဋိပက္ခများ ကာကွယ်တားဆီးရေးနှင့် ဖြေရှင်းနိုင်ရေးအတွက် အစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်သော အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့အား အကြံဉာဏ်ပေးသော အဖွဲ့ဖြစ်သည်။

အိုင်စီဂျီအုပ်စုအား ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌဖြစ်သူ မော့ခ်မက်လော့ချ်ဘရောင်း၊ အမေရိကန်သံတမန်ဟောင်း အဘရာမော်ဝစ်နှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေး နိုင်ငံတကာ ကျွမ်းကျင်သူ ဖရက်ဒ်ကူနီတို့က ၁၉၉၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

လက်ရှိတွင် အိုင်စီဂျီအုပ်စုအား ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးဟောင်းဖြစ်သူနှင့် ကနေဒါတရားရုံးချုပ် တရားသူကြီးဟောင်းဖြစ်သူနှင့် ကနေဒါတရားရုံးချုပ် တရားသူကြီးဟောင်းဖြစ်သူ မစ္စတာ လူးဝစ်အာဘာက ဦးဆောင်လျက်ရှိပြီး ရုံးချုပ်မှာ ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ထားရှိသည်။

# မကွေး သွားနှင့် သွားဆရာဝန်အသင်းခွဲ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၇**

မြန်မာနိုင်ငံသွားနှင့် သွားဆရာဝန်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းခွဲ၏ သင်းလုံးကျွတ်တွေ့ဆုံပွဲနှင့်ပညာရပ်ဆိုင်ရာဆွေးနွေးပွဲအား ဒီဇင်ဘာလအတွင်းပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာတမ်းများ ဖတ်ခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာဆေးပစ္စည်းကိရိယာများနှင့် ဆေးဝါးများခင်းကျင်းပြသခြင်းများ အပါအဝင် ကံစမ်းမဲများ ဖောက်ပေးခြင်းများပါ ပါရှိပြီး ယခင်နှစ်များကဲ့သို့ တက်ရောက်လာသော ဆရာဝန်များအား နေရေးစားရေး စီစဉ်ထားရှိထားကြောင်း သိရသည်။

ဒီဇင်ဘာ ၂၃ မှ ၂၅ ရက်အထိ မကွေးမြို့ ထိန်ထိန်သာ ဟိုတယ်နှင့် ပြုလုပ်မည့် အဆိုပါ အခမ်းအနားအတွက် အသင်းဝင်ဆရာဝန်များထံသို့လည်း ဖိတ်စာများပေးပို့လျက်ရှိပြီး အသေးစိတ်သိရှိလိုပါက ဒေါက်တာအောင်ခိုင်မော် ဖုန်းနံပါတ်-၀၉ ၅၃၄ ၁၄၀၇ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012

# ရိုဟင်ဂျာအသုံးနှုန်းနှင့် ပတ်သက်၍ ရခိုင်အမျိုးသားကွန်ရက် သမ္မတအိုဘားမားထံ အိတ်ဖွင့်ပေးစာပို့မည်

**အောင်ခိုင်၊မင်းဟိန်းကျော်**

**ရန်ကုန်၊နိုဝင်ဘာ-၂၆**

အမေရိကန်သမ္မတဘားရက်အိုဘားမားထံသို့ မေတ္တာရပ်ခံ အကြံပြုတိုက်တွန်းချက် အိတ်ဖွင့်ပေးစာတစ်စောင်ကိုနိုဝင်ဘာ ၂၇ ရက်တွင် ပေးပို့သွားမည်ဟု ရခိုင်အမျိုးသားကွန်ရက်ဥက္ကဋ္ဌ ဦးတင်ထူးအောင်ကပြောသည်။

အဆိုပါ အိတ်ဖွင့်စာတွင် နိုဝင်ဘာ ၁၉ ရက်က ရန်ကုန်တက္ကသိုလ်၌ ပြောကြားခဲ့သော မိန့်ခွန်းတွင် သမ္မတ အိုဘားမားသည် ရခိုင်ပြည်နယ်တွင်း ကိစ္စများနှင့် ပတ်သက်၍ ရိုဟင်ဂျာဟု သုံးနှုန်းသွားခဲ့ခြင်းကို စိတ်ပျက်စိုးရိမ်မိကြောင်း ဖော်ပြသွားမည်ဟုဥက္ကဋ္ဌကပြောသည်။

“သမ္မတအိုဘားမားအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အနှောင့်အယှက်ဖြစ်စေတဲ့ စကားလုံး စကားရပ်တွေကို နောက်ထပ်မသုံးနှုန်းဖို့ အထူးမေတ္တာရပ်ခံ အကြံပြုတိုက်တွန်းတာပါ”ဟု ၎င်းကဆက်လက်ပြောသည်။

ရခိုင်ပြည်နယ် ဖြစ်စဉ်များမှာ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများမဟုတ်ဘဲ အကြမ်းဖက်ဝါဒသာဖြစ်ကြောင်း၊ သန်းခေါင်စာရင်းများတွင်လည်း ရိုဟင်ဂျာဆိုသည်မှာ မပါရှိခြင်းကြောင့် တိုင်းရင်းသားလူနည်းစုများနှင့် တစ်တန်းတည်းထား ပြောဆိုသွားခြင်းကို ဝမ်းနည်းစိတ်ပျက်မိကြောင်း ဖော်ပြထားသော အိတ်ဖွင့်ပေးစာကို အမေရိကန်သံရုံးမှတစ်ဆင့် သမ္မတအိုဘားမားထံ ပေးပို့သွားမည်ဟု ဥက္ကဋ္ဌက ဆိုသည်။

“ဘာကြောင့်သုံးနှုန်းသွားလဲဆိုတာကိုပါ ခွဲခြမ်းလေ့လာသွားဖို့လိုတယ်”ဟု ရခိုင်အမျိုးသားကွန်ရက် ဒုဥက္ကဋ္ဌ ဦးကျော်ဝင်းချေက နိုဝင်ဘာ ၂၃ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

# မြန်မာနိုင်ငံ၏ လူသိအများဆုံး ကုန်အမှတ်တံဆိပ်အဖြစ် လေဆာက ၂ နှစ်ဆက်ရရှိ

**မိုးညို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၅**

၂၀၁၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ လူသိအများဆုံး ကုန်အမှတ်တံဆိပ်အဖြစ် လေဆာက ၂ နှစ်ဆက်တိုက် ရရှိသွားကြောင်း မြန်မာ့ဈေးကွက် သုတေသနဖွံ့ဖြိုးရေးကုမ္ပဏီ MMRD မှ ကောက်ယူထားသော စစ်တမ်းများအရ သိရသည်။

အဆိုပါ စစ်တမ်းမှာ မြန်မာနိုင်ငံအဝန်း မြို့ပေါင်း ၆၀ ကျော်၊ အိမ်ထောင်စုပေါင်း ၄၈၀၀ ကျော်အား ဝန်ထမ်းအင်အား ၁၀၀ ကျော် အသုံးပြု၍ ကောက်ယူသော စစ်တမ်းများဖြစ်သည်ဟု MMRD မှအထွေထွေမန်နေဂျာ ဦးသူရိန်ငြိမ်းက ပြောသည်။

လူသိအများဆုံး ကုန်အမှတ်တံဆိပ်အဖြစ် နံပါတ်တစ်နေရာတွင် လေဆာ၊ နံပါတ်နှစ်နေရာတွင် ဂေါ်ဇီလာ၊ နံပါတ်သုံးနေရာတွင် စူပါ၊ နံပါတ်လေးနေရာတွင် Family Care ၊ နံပါတ်ငါးနေရာတွင် အီလန်၊ နံပါတ်ခြောက်နေရာတွင် ကယ်ဆ(မ်)၊ နံပါတ်ခုနစ်နေရာတွင် ယမ်ယမ်၊ နံပါတ်ရှစ်နေရာတွင် အိုဗာတင်း၊ နံပါတ်ကိုးနေရာတွင် ဝမ်းတီး၊ နံပါတ်တစ်ဆယ်နေရာတွင် ALPINE တို့ ရရှိသွားကြောင်း အထက်ပါစစ်တမ်းများတွင် ဖော်ပြပါရှိသည်။

လူသိအများဆုံး ကုန်အမှတ်တံဆိပ်အများစုမှာ သွားတိုက်ဆေး၊ ခြင်ဆေးခွေနှင့် ဖျော်ရည်ယမကာများမှာ အများဆုံးပါဝင်လာပြီး ဂျာနယ်၊ မဂ္ဂဇင်း ရုပ်သံများတွင် ကြော်ငြာအင်အား ပိုမိုအသုံးပြုခြင်းကြောင့် ယခုလို လူသိအများဆုံး ကုန်အမှတ်တံဆိပ်များအဖြစ် ပါဝင်လာခြင်းဖြစ်နိုင်ကြောင်း ဈေးကွက်မန်နေဂျာတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင်စစ်တမ်းနှင့် ပတ်သက်၍ ပြုလုပ်သည့်အဖွဲ့အစည်းများ အားနည်းနေခြင်း၊ ပြည်သူလူထု၏ ပြောရဲဆိုရဲသည့် အသိအမြင်အားနည်းနေသေးခြင်း၊ မြို့ပေါ်ထက် နယ်မြို့အချို့တွင် ဈေးကွက်စစ်တမ်းများ ကောက်ယူရာ၌ ပြောဆိုရန် ခက်ခဲသည့် အခြေအနေမျိုးလည်းရှိကြောင်း အထက်ပါ မန်နေဂျာကပင်ပြောသည်။

ထို့ပြင် ပို့ဆောင်ဆက်သွယ်ရေး အားနည်းပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နယ်မြေအချို့တွင် စစ်တမ်းကောက်ယူရာ၌ ကုန်ကျစရိတ်များပြားခြင်း၊ ရုပ်သံ၊ မဂ္ဂဇင်းဂျာနယ်များ အရောက်အပေါက်နည်းသည့် ဒေသအချို့တွင် စစ်တမ်းအမှန်ရရှိရန် မလွယ်ကူခြင်းတို့ ကြုံကြိုက်နိုင်ကြောင်း ရန်ကုန်မြို့ရှိအင်န်ဂျီအိုတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသူ အမျိုးသမီးတစ်ဦးက သူ၏ အမြင်ကို ပြောသည်။

# သံဖြူဇရပ်တွင် ကောင်းကင်မှကျလာသည့် သတ္တုပစ္စည်းများ ကောင်းကင်နှင့်ဂြိုဟ်တစ်ခုခုမှကျခြင်းမဟုတ်



သံဖြူဇရပ်စခန်းကြီးကျေးရွာ ရာဘာခြံတစ်ခုအတွင်းတွေ့ရသော မီးခိုးရောင်သတ္တုလုံး

**အိဖြူလွင်**

**ရန်ကုန်၊**

**နိုဝင်ဘာ-၂၆**

သံဖြူဇရပ်မြို့နယ်အတွင်းသို့ ကောင်းကင်ပေါ်မှ ပေါက်ကွဲသံများနှင့် အလင်းတန်းများဖြစ်ပေါ်ပြီးနောက် သတ္တုပစ္စည်းများ ယခုလ ၂၃ ရက် နံနက်ပိုင်းတွင် ကျရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ပစ္စည်းများသည် သတ္တုနှင့်ပြုလုပ်ထားသော ပစ္စည်းများသာဖြစ်ပြီး အရွယ်အစားအမျိုးမျိုး ပုံသဏ္ဌာန် အမျိုးမျိုးရှိသော ပစ္စည်းများဖြစ်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က ယင်းပစ္စည်းများသည် လူလုပ်သောပစ္စည်းများသာဖြစ်သည့်အတွက် ကောင်းကင်နှင့် ဂြိုဟ်များမှ ကျရောက်သောပစ္စည်းများမဟုတ်ဘဲ လေယာဉ်သို့မဟုတ် လူအသုံးပြုသောယာဉ်များမှကျရောက်သော ပစ္စည်းများသာဖြစ်သည်ဟု ပြောကြားသည်။

ယင်းနေ့နံနက်က ပေါက်ကွဲသံများကြားရပြီးနောက် ကောင်းကင်ပေါ်တွင် လင်းထိန်သွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းသတ္တုပစ္စည်းများကို ရော်ဘာခြံများ၊ ချောင်းများထဲမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအချိန်ထိ သတ္တုလုံးငါးခုခန့်၊ သတ္တုပြားငါးခုခန့်ကို တွေ့ရှိထားသည်ဟု မြို့ခံများက ပြောကြားသည်။

ကျရောက်သောပစ္စည်းများတွင် အရှည် နှစ်ပေကျော်ခန့်ရှိသည့် သံချောင်းများကဲ့သို့ ပစ္စည်းနှင့် ဘောလုံးပုံသဏ္ဌာန်ရှိပြီး လုံးပတ် ၄၃ လက်မခန့်ရှိသည့် ပစ္စည်းများပါဝင်ကြောင်း သိရသည်။

အဆိုပါပစ္စည်းများ ကောင်းကင်ပေါ်မှ ကျရောက်ပြီးနောက် မြို့ခံများက ဂြိုဟ်တုကို ဖျက်ဆီးထားသောပစ္စည်းများ ကျရောက်ခြင်း၊ အာကာသယာဉ်များ ပေါက်ကွဲပျက်စီး၍ ကျရောက်ခြင်း စသဖြင့် ခန့်မှန်းပြောဆိုနေကြသည်။

အရာဝတ္ထုများ ကျရောက်သောအမြင့်သည်လည်း လေယာဉ်ကဲ့သို့ ယာဉ်များ ပျံသန်းသည့် အမြင့်သာ ဖြစ်နိုင်ကြောင်း၊ အာကာသထဲမှ ကျရောက်ခြင်းမျိုး မဟုတ်ကြောင်း ဦးချစ်ကျော်က ဆက်လက်ပြောကြားသည်။

ပစ္စည်းများကျရောက်ခဲ့ရာ နေရာများမှ ဒေသခံများက သက်ဆိုင်ရာ ဒေသအာဏာပိုင်များကို အကြောင်းကြားထားသည့်အတွက် တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်က အမျိုးအမည်မသိသော သတ္တုပစ္စည်းများကိုစစ်ဆေးဖော်ထုတ်မှုများပြုလုပ်ကြသည်ဟု ဒေသခံများကပြောသည်။

# ဒီမိုကရက်တစ်ပါတီ(မြန်မာ) ပါတီညီလာခံ ကျင်းပမည်

**အိဖြူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ ပထမအကြိမ် ဗဟိုညီလာခံကို ယခုလ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းသွားမည်ဟု ပါတီဥက္ကဋ္ဌ ဦးသုဝေက ပြောကြားသည်။

ပါတီညီလာခံ ကျင်းပမည့်ဆိုသော်လည်း ရပ်ကျေး၊ မြို့နယ်၊ တိုင်းအဆင့်တို့တွင် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပခြင်း မဟုတ်ဘဲ ပါတီခွဲရှိသည့် မြို့နယ်၊ တိုင်းများက ရွေးချယ်ထားသော ကိုယ်စားလှယ်များကိုသာ ညီလာခံတက်ရောက်စေခြင်းဖြစ်သည်ဟုသတင်းရရှိသည်။

ပါတီညီလာခံတွင် ပါတီသက်တမ်း သုံးနှစ်အတွင်း ပါတီ၏ အောင်မြင်မှု၊ ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှအပ ပြန်လည်ရွေးချယ်မည်ဟု သိရှိရသည်။

အလုပ်အမှုဆောင် အဖွဲ့တွင် အသက်အရွယ်ကြီးရင့်ပြီး ပါတီတာဝန် မထမ်းဆောင်နိုင်သူများလည်း ရှိလာသည့်အတွက် ၎င်းတို့၏သဘောထားကိုရယူကာ အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ပါတီပြန်ကြားရေးတာဝန်ခံ ဦးလှမြင့်က ပြောသည်။

ဒီမိုကရက်တစ်ပါတီတွင် ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၌ ဝါရင့်နိုင်ငံရေးသမားများ၊ ဝန်ကြီးချုပ်ဟောင်းများ၏ သမီးများစသဖြင့် ပါဝင်သော်လည်း ၂၀၁၀ ရွေးကောက်ပွဲတွင် ယင်းပါတီမှ ကိုယ်စားလှယ်နှစ်ဦးသာ အနိုင်ရခဲ့သည်။

ဒီမိုကရက်တစ်ပါတီမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးလည်းဖြစ်၊ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်သည့် ဒေါက်တာညိုညိုသင်းကပါတီလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးလိုသည့် အချက်များစွာရှိပြီး ပါတီကို ယခုထက်ပို၍ ပြည်သူ့အကျိုး ပိုမိုလုပ်နိုင်စေချင်သည်ဟု ပြောကြားခဲ့သည်။

ပါတီညီလာခံ ကျင်းပပြီး ပါတီမူဝါဒပြန်လည်သုံးသပ်ခြင်းနှင့် ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ပြန်လည်ရွေးချယ်ခဲ့သည့်ပါတီများတွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနှင့် ပြည်ခိုင်ဖြိုးပါတီတို့ ညီလာခံကျင်းပပြီးစီးခဲ့ပြီဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် ညီလာခံကျင်းပရန် ပြင်ဆင်နေဆဲ ဖြစ်သည်။

# မောင်တော-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ခုနစ်ရက်ဗီဇာပြန်လည်ခွင့်ပြု

**မောင်ကံ**

**မောင်တော၊နိုဝင်ဘာ-၂၅**

ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည့် ဇွန် ၈ ရက်မှ စတင်ပိတ်ထားခဲ့သည့် ခုနစ်ရက်ဗီဇာကို နိုဝင်ဘာ ၂၄ ရက်မှ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ သွားလာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မောင်တောခရိုင်လဝကနှင့် မောင်တောနယ်စပ်ကုန်သည်များအသင်းမှ သတင်းရရှိသည်။

မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်သို့ နယ်စပ်ဖြတ်ကျော်သွားလာခွင့်ကို ခုနစ်ရက်ဗီဇာနှင့် တစ်ရက်ဗီဇာများဖြင့် သွားလာခွင့်ပြုထားရာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် ဇွန်လအတွင်းက ပိတ်ထားခဲ့သည်။ ခြောက်လခန့်ကြာမြင့်ပြီးနောက် ယခုပြန်လည်ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။ “နိုဝင်ဘာ ၂၄ ရက်က သွားလာခွင့်ပြုလိုက်တာဖြစ်ပါတယ်။ လောလောဆယ်တော့ နိုဝင်ဘာ ၂၆ ရက်ထိ မောင်တောက သွားတဲ့သူ ၅၀ လောက်ရှိတယ်။ ဘင်္ဂလားဒေ့ရှ်ကလာတဲ့သူကတော့ နည်းနေသေးပါတယ်” ဟု မောင်တော နယ်စပ်ကုန်သည်များအသင်းမှ အမှုဆောင်တစ်ဦးကပြောကြားသည်။

မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်သို့ ခုနစ်ရက် ဗီဇာဖြင့် နယ်စပ်ဖြတ်ကျော်သွားလာခွင့်ကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် သွားလာခွင့်ပြုထားခြင်းဖြစ်ပြီး မောင်တောခရိုင်ပြင်ပမှသွားလာလိုသူများကိုမောင်တောနယ်စပ် ကုန်သည်များ အသင်း၏ ထောက်ခံချက်ဖြင့် သွားလာခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.38 • NOVEMBER 29 , 2012






# ရခိုင်ပြည်နယ်ရှိ ကလေးများ အာဟာရချို့တဲ့မှုအခြေအနေပိုဆိုးလာ

**မေဝင်းမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၅**

ရခိုင်ပြည်နယ်တွင်းပဋိပက္ခ အခြေအနေများကြောင့် ကလေးသူငယ်များ အာဟာရချို့တဲ့မှုပမာဏနှင့် အခြေအနေသည် ပိုမိုဆိုးရွားလာကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)မှ သတင်းထုတ်ပြန်သည်။

အောက်တိုဘာလ နှောင်းပိုင်းက ကလေးငယ် ၄,၀၆၆ ဦးကို လက်မောင်းလုံးပတ်တိုင်းတာသည့် နည်းဖြင့် စစ်ဆေးခဲ့ရာတွင် ကလေး ၄၁၃ ဦးမှာ လတ်တလော အပြင်းအထန် အာဟာရချို့တဲ့နေပြီး ၆၁၉ ဦးမှာ အတော်အတန် အာဟာရချို့တဲ့နေသည်ကိုစစ်ဆေးတွေ့ရှိခဲ့သည်။

အောက်တိုဘာလအတွင်း ရခိုင်ပြည်နယ်တွင် မငြိမ်သက်မှုများ ဒုတိယအကြိမ်ဖြစ်ပေါ်ခဲ့ရာ ထိုအချိန်က ပညာရှင်များ၏ ခန့်မှန်းချက်အရ လတ်တလောအာဟာရချို့တဲ့သည့် ကလေးပေါင်း ၂၉၀၀ ခန့်သည့် အသက်ဆုံးရှုံးဖွယ် အခြေအနေမြင့်မားနေပြီး ၉၃၀ ဦးသည် ပြင်းထန်သည့် အခြေအနေရှိသဖြင့် အစာကျွေး၍ ကုလမှုလိုအပ်နေကြောင်း သိရသည်။

အသက် ၆ လမှ ၅၉ လ အရွယ် ကလေးငယ်ပေါင်း ၁၂,၀၀၀ ခန့်နှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၅,၄၀၀ ခန့်တို့သည်လည်း အဏုအာဟာရများ အပိုဆောင်းဖြည့်စွက်ကျွေးပေးရန် လိုအပ်သည့် အနေအထားတွင် ရှိနေကြောင်း ယူနီဆက်ဖ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇွန်လက စတင်ခဲ့သည့် ပဋိပက္ခမတိုင်မီကပင် အဆိုပါဒေသမှ ကလေးငယ်များ၏ အာဟာရအခြေအနေမှာ ကောင်းမွန်ခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပြီးနောက်ပိုင်းတွင်လည်း အိမ်ခြေအတည်တကျမရှိခြင်းနှင့် လုံခြုံရေးအခြေအနေများက အာဟာရချို့တဲ့သောကလေးများဆီသို့ အကူအညီရောက်ရှိရေးအတွက် အဟန့်အတားဖြစ်နေသည်ဟု ဆိုသည်။

ဒုက္ခသည်ဦးရေ၏ ၂၉ ရာခိုင်နှုန်းသည် အောက်တိုဘာလအထိ ယူနီဆက်ဖ်နှင့် လက်တွဲဆောင်ရွက်နေသည့် အဖွဲ့အစည်းများက လက်လှမ်းမီခြင်းမရှိသေးဟု သိရသည်။

အမေရိကန်ဒေါ်လာ ၄၁ သန်း သုံးစွဲရမည့် ပြန်လည်ပြင်ဆင်ထားသော ရခိုင်ပြည်နယ်အတွက် အထောက်အပံ့ပေးရေးစီမံကိန်းကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဆိုင်ရာ လူသားချင်းစာနာမှုညှိနှိုင်းဆောင်ရွက်ရေးမှူးက ယခုလ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ လူနေမှုအခြေခံများနည်းပါးခြင်း (သို့မဟုတ်) လုံးဝမရှိသည့် ယာယီစခန်းများတွင် နေထိုင်လျက်ရှိသော လူပေါင်း ၁၁၅,၀၀၀ ခန့်အတွက် အရေးတကြီးလိုအပ်သည့် အထောက်အပံ့များကို ထိုစီမံကိန်းက ပံ့ပိုးပေးမည်ဖြစ်သည်။

ဒုက္ခသည်ပေါင်း ၁၁၅,၀၀၀ ၏ အာဟာရဆိုင်ရာလိုအပ်ချက်ကို တစ်နှစ်တာအတွက် ဖြည့်ဆည်းပေးနိုင်ရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ သန်း လိုအပ်မည်ဖြစ်ကြောင်း အာဟာရဆိုင်ရာ အကူအညီများကို ပေးနေသည့် အဖွဲ့အစည်းများက ခန့်မှန်းထားသည်။








USAID FROM THE AMERICAN PEOPLE
Australian AID
WALK FREE.ORG
MINISTRY OF HOME AFFAIRS
UNIAP
အခမဲ့တေးဂီတဖျော်ဖြေပွဲ 16 DEC
PEOPLE'S SQUARE GATES OPEN 4PM
JASON MRAZ
SLOT MACHINE•R ZARNI•PHYU PHYU KYAW THEIN
CHAN CHAN•CHIT THU WAI•LYNN LYNN•SAI SAI•PYO GYI
JUNCTION SQUARE
မြေနီကုန်း
တရုတ်တန်း
MY ASIA TICKET
1876 HOTLINE
VISIT
WWW.MTVEXIT.ORG
MTV EXIT
LIVE IN MYANMAR
END EXPLOITATION AND TRAFFICKING
BEC TERO
Channel7
7DAY NEWS




Hiruscar
Hiruscar
Hiruscar
အမာရွတ်
Hiruscar
medinova
SWITZERLAND



နေ့ရက်တိုင်းအတွက် ပြီးပြည့်စုံတဲ့အားဆေး ... ဗိုက်တာကတ်(ပ်)
VITACAP
တစ်နေ့ (၁) လုံး
VITACAP
VITAMIN & MINERAL SUPPLEMENT
MEGA
ခန္ဓာကိုယ်တစ်ခုလုံးအတွက် နေ့စဉ်လိုအပ်တဲ့ ဗီတာမင်နှင့် သတ္တုဓာတ်မျိုးစုံ ပါဝင်ပါတယ်။




DOOSAN Doosan Infracore
DOOSAN
DOOSAN MOXY
MT51
EXCLUSIVE DISTRIBUTOR
A C T AUNG CHANTHA TRADING CO., LTD.
No. 54 A, Kaba Aye Pagoda Road,
Near Nawaday Intersection,
Mayangone Township, Yangon, Myanmar.
Tel +95 1 657066, 657067 Ph : 09 8302673, 09 8631039, 09 428222666
Fax +95 1 661548
E-mail actrading@act.com.mm


DAIKIN
နေရာတိုင်းမှာ သင်နှင့် အတူ
ကမ္ဘာ့အရပ်ရပ်တွင် ထင်ပေါ်ကျော်ကြားသော ဒိုင်ကင်း (Daikin) လေအေးပေးစက် ၊ မြန်မာနိုင်ငံတွင် ရရှိနိုင်ပါပြီ။
ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် နည်းပညာကို အသုံးပြု ထားသော ဒိုင်ကင်း (Daikin) သည် မြန်မာနိုင်ငံ၏ စီးပွားရေးသုံး ၊
အိမ်သုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားပါသည်။
Air-Condition Related Products Trading Co., Ltd
Tel: +95 1 2304065
Ywar Taw International Trading Co. Ltd
Tel: +95 1 252510 / 375533 / 725712 / 09 8617430
Zeya & Associates
Tel: +95 1 502016-8 / 534846 / 525682


SAMSUNG
Samsung
GALAXY Note II
Be Creative
Android™ 4.1 Jelly Bean
Air View
Best Face
S Pen
1.6GHz Quad Core Processor
AIR VIEW | BEST PHOTO | IDEA SKETCH
Samsung Mobile Brand Shop
အမှတ်(၂၁၂)၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၂၄၂ ၅၄၂၊ ၃၇၉ ၇၂၆
အမှတ်(၁၁၈/မြေညီ)၊ ဆူးလေဘုရားလမ်း (မြို့တော်ခန်းမအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၂၅၂ ၅၁၄
အခန်း(၄၁၅၆)၊ တော်ဝင်စင်တာ (တတိယထပ်)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉-၄၃၀၅၃၁၉၀
အမှတ်(၁၁၁/၁၁၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၂၄၆ ၃၁၁၊ ၂၄၆ ၄၄၈
အခန်း(D3)၊ ၇၈ လမ်း၊ (၂၇ x ၂၈) လမ်းကြား၊ မန်းမြန်မာတိုက်ခန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း - ၀၂-၇၁၇၁၈
Coming Soon
Samsung Customer Service Plaza
အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - (၀၁) ၃၈၂၁၁၂


LipIce Sheer Color
Miss LipIce
ရွေးချယ်ပွဲ
Miss LipIce
1st Runner up Award
2nd Runner up Award
Popular Choice Award
Best Smile Award
www.facebook.com/lipicemyanmar
www.lipicemyanmar.com
mslipicecontest@gmail.com
ROHTO


မြန်မာပြည်ကိုဖုန်းဆက်ဖို့
တကယ့်ကိုအပေါဆုံး
ဟက်ပီးကနေပြီး 004 ကိုနှိပ်ပါ။
တစ်မိနစ်ကို 10 ဘတ်ထဲပါ။
အသံကြည်ကြည်ကောင်းကောင်းနဲ့ နားအနားမှာ ကပ်ပြီးပြောနေသလို
Miss Miss
နားလည်ပေးတဲ့ဟက်ပီး ... ထိုင်းကနေမြန်မာကိုဖုန်းဆက်ဖို့
ဈေးအသက်သာဆုံး ပရိုမိုးရှင်း
004 နှိပ်လိုက်ရုံနဲ့ တစ်မိနစ်ကို 10 ဘတ်ထဲပါ ။ အသံကြည်လင်စွာနဲ့ နိုင်ငံကူးပြီးပြောနိုင်ပြီ ။
ဝေးနေပေမယ့်လည်း အနီးမှာနေသလို အမြဲတမ်းပြောနေနိုင်ပြီ ။
happy